

www.burmeseclassic.com
ဂျူနက်ကြီး
www.burmeseclassic.com

www.burmeseclassic.com

ပဒ္မ ရတ်ဆ အဟံ ဝဏ္ဏမ်

## မင်းစက္က - ဂူနက်ကြီး

| | |
|---|---|
| အငုံးနွင့်ပြုချက်အမှတ် | - ၅၀၁၄၁၁၀၆၁၁ |
| စာမူနွင့်ပြုချက်အမှတ် | - ၅၀၁၁၇၃၀၆၀၉ |
| ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ မေလ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၂၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း -၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - ဦးလှနိုင် (မြိတ်စာပေ) အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀) အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။ |
| စီစဉ်သူ | - ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် ဖြန့်ချိရေး | - နဂါးစာပေ၊ (မန္တလေး) ထွန်းဦးစာပေ (မန္တလေး) |



## မြိတ်စာပေ မှ

## ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု စာရေးဆရာ မင်းစက္က၏ ထွက်ပြီးစာအုပ်များ

၁။ မောင်းနှစ်လုံးမောင်ဇီဝ ထွက်ပြီး
၂။ ဟိမဝန္တာစေတမာန် ထွက်ပြီး
၃။ မျက်နှာမည်းကြီးဇိုလိမ့်မည် ထွက်ပြီး
၄။ မတစ်တောင်သား မောင်ထိန်ဘွား ထွက်ပြီး
၅။ သေလာတောင်စွယ်ရှုံအသွယ်သွယ် ထွက်ပြီး
၆။ ဆင်ဂူတောနှင့် သပွေ့မာယာ ထွက်ပြီး
၇။ ကံရာစာနှင့် ပတ္တမြားလည်ဆွဲ ထွက်ပြီး
၈။ ကံရာစာနှင့် ပဠလက်စားညီနောင် ထွက်ပြီး
၉။ မဟူရာတောင်ကျိန်စာ ထွက်ပြီး
၁၀။ ပြဒါးရွှေ ထွက်ပြီး
၁၁။ ဒေဝယကျွစ်အိမ် ထွက်ပြီး
၁၂။ လက်ခုပ်သံလား မိုးသံလား ထွက်ပြီး
၁၃။ ဗျူဟပါလသစ္စာ ထွက်ပြီး
၁၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (၁) ထွက်ပြီး
၁၅။ ဆင်ကြီးမောင်းထိန်းနှင့် နန်းစဉ်မကိုဋ်ကြီး ထွက်ပြီး
၁၆။ သဒ္ဒါလမျက်ရှင် ထွက်ပြီး
၁၇။ ပေါ်ဒိုသအဏ္ဏဝါ ထွက်ပြီး
၁၈။ မောရိယမာယာ ထွက်ပြီး
၁၉။ ကျောက်မောင်းသံနှင့်ရွှာပျောက်ကြီး (ပ+ဒု) ထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ယခုထွက်ပြီ

**မင်းစကြာ ၏ ဆက်လက်ထွက်ရှိလာတော့မည့်ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုများ**

၀။ မြို့တော်ကြီးနှင့် သူယောင်မင်းသမီး (မင်းစကြာ) ထွက်ပြီး

၁။ သေလာဟိမသခင် ထွက်ပြီး

၂။ မီးပြတိုက်သရွှေ (မင်းစကြာ) ထွက်ပြီး

၃။ စိတြဒေဝီ ထွက်ပြီး

၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (ပူနက်ကြီး) ယခုထွက်ပြီ

၅။ သံလက်စကေရီ

၆။ ကံရာဇာနှင့် မိုက်ခဲ(၃)ယောက်

၇။ ဝက်ပါမာယာအိမ်ကြီး

၈။ မုန်တိုင်းခေါ်သံ

၉။ ရလေလိုလေ မောင်မိုးတော

၀။ မြှောမဆုံးပေါ်င်တောသုံးတောင်

# မင်းစကြာ

# ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ အနာဂတ်မျက်လုံး
၂။ မရဏလိုဏ်ခေါင်း
၃။ ပုစ္ဆာဆန်သောကြေးမုံတစ်ချပ်
၄။ မိစ္ဆာည
၅။ ထူးဆန်းသောရုပ်တု
၆။ ဂူနက်ကြီး
၇။ လိုက်လာသူ
၈။ ပေါ်တူဂီရတနာသိုက်
၉။ တစ္ဆေမလေး


# အနာဂတ်မျက်လုံး

သူသည် လွန်စွာအဖျားအနာကင်းသောသူ ဖြစ်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို အမြဲတမ်း ကျန်းမာနေသောသူတစ်ယောက်ဟု ဂုဏ်ယူလျက်ရှိသည်။ ကျွန်ုပ်က ဟိုဘဝက လူတွေရဲ့ ကျန်းမာရေးကို ဇီဝိတဒါနအဖြစ်အခမဲ့ ဆေးကုသပေးခဲ့တဲ့ ဆေးဆရာဖြစ်ခဲ့လို့လားမသိပါဘူးဗျာ၊ ကျန်းမာရေးမကောင်းတာမျိုးမဖြစ်ခဲ့ဘူး၊ ခုအချိန်ထိ နှာစေးချောင်းဆိုးတောင် မဖြစ်ခဲ့တာအမှန်ပဲ။

ဦးအာယုသည် မိတ်ဆွေအပေါင်းအသင်းများနှင့်တွေ့တိုင်း စကားစပ်မိသည့်အခါ အထက်ပါစကားမျိုးထည့်ပြီး ပြောလေ့ပြောထရှိသည်။ ကျွန်ုပ်နဲ့ သက်တူရွယ်တူတွေဆိုရင် တချို့ကွယ်လွန်ကုန်ကြပြီး တချို့ဆိုလည်း နေတာရှည်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည်တွေ၊ သွေးတိုး၊ နှလုံးရောဂါတွေစွဲပြီး ဖြစ်နေကြတာပေါ့ဗျာ၊ လေဖြတ်ပြီးအိပ်ယာထဲမှာ လဲနေကြတဲ့သူတွေလည်း ရှိကြလေရဲ့၊ ကျုပ်ကတော့ ဒေါင်ဒေါင်မြည်ပဲ၊ ဒါလည်း ကုသိုလ်တစ်မျိုးပဲပေါ့ဗျာ။

ဦးအာယုပြောမည်ဆိုလည်း ပြောစရာပင်၊ အမြဲတမ်းလန်းဆန်းတက်ကြွနေတတ်သူ၊ ဆယ့်ခြောက်နှစ်သားလေးလို ဖျတ်လတ်သွေးကြွနေသော သူ့ကိုမိတ်ဆွေအပေါင်းအသင်းများကပင် အားကျနေစရာ၊ အသက်လေးဆယ်ကျော်နေပြီဖြစ်သော်လည်း သုံးဆယ်လောက်ပဲထင်ရသည်။ အရွယ်တင်သည်။

"ဦးအာယုကြီးက အရွယ်တင်လိုက်တာဗျာ၊ အသက်ကြီးတယ်မထင်ရဘူး၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကလည်း ဒီအရွယ်ပဲ"

ဟု တယောက်ကပြောလိုက်လျှင် သဘောကျနေတတ်သည်။ သူကလေးသုံးယောက်ဖခင်ဟုဆိုသည်တိုင် လူငယ်လေးတစ်ယောက်လိုပင် ကြော့ကြော့လေးနေတတ်သည်။ စီးပွားရေးကလည်း အသင့်တင့်အောင်မြင်သည်။ သူနှပျိုနေသည်ကလည်း မည်သည့်စိတ်အနှောင့်အယှက်မှ





ခေါင်းထဲမှာ မထားတတ်သူမို့ပင်။

ဦးအာယုသည် အသက်နည်းနည်းရလာသောအခါ ထူးဆန်းသောစိတ်ကူးတစ်မျိုး ဝင်လာခဲ့သည်။ ယင်းကာ အခြားမဟုတ်၊ အနာဂတ်ကိုကြိုပြီးတော့ ဖြစ်ချင်သောဆန္ဒမျိုးပင်။

"လူသတ္တဝါ အရာဝတ္ထုတွေဟာ နိစ္စဓူဝပြောင်းလည်းနေကြတယ်. ဟင်း၊ ငါ့မိတ်ဆွေ၊ ငါ့ဆွေမျိုးအပေါင်းအသင်းဝေ ပည်း ပြောင်းလည်းနေကြတယ်၊ သူတို့ငါ့ရှေ့မှာ ကြီးပြီးတော့ ဘာဖြစ်ကြမယ်၊ ငါသိချင်လိုက်တာ၊ ငါ့ထက်အရမ်းချမ်းသာမလား၊ ကြီးပွားမလား၊ ဘာတစ်ခုပဲဖြစ်ဖြစ်၊ ငါသိချင်လိုက်တာ၊ သူတို့ရဲ့ အနာဂတ်ကို ကြိုပြီးတော့ သိနိုင်ရင် သိပ်ကောင်းမှာပဲ"

မိမိ၏ချင်းခြင်းဖြစ်မှုကို မည်သူကိုမှ မပြောပြ၊ မြိုထားသည်။ မည်သူပဲသိသိ၊ မိမိအပေါ်မှာ တစ်မျိုးဖြစ်သွားနိုင်သည်။ လူကြောင်တစ်ယောက်ဟု ထင်သွားလိမ့်မည်၊ မိမိအချစ်ခင်ဆုံး ဇနီးကိုပင်မပြောခဲ့။

မိမိကိုယ်မိမိ လွန်စွာမှ ကျန်းမာရေးကောင်းသောသူဟု ထင်မှတ်ထားသော ဦးအာယုတစ်ယောက် ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်ပြီး နှာစေး၊ ချောင်းဆိုးပင်မဖြစ်ခဲ့ဟု အမြဲတမ်း လက်မထောင်နေခဲ့သော သူ၊ တစ်ရက်တွင် နေပူထဲမှပြန်လာပြီး ရေချိုးမိလိုက်ရာ အပူရှပ်ပြီး အပြင်းဖျားလေတော့သည်။ အသည်းအသန်လူမမာသည်တစ်ဦး ဖြစ်သွားခဲ့ရသည်။

ဆေးခန်းမှ ဆရာဝန်က မနိုင်သောအခါ

"ဆေးရုံကို အမြန်ပို့ကြပါဗျာ"

ထို့ကြောင့် ဇနီးသားသမီးများကလည်း ဆွေးမျိုးအိမ်နီးချင်းက အကူအညီကိုယူ၍ ဆေးရုံကို အမြန်ပို့ကြရလေတော့သည်။ အရေးပေါ် ဌာနသို့ရောက်ပြီး သမားတော်ကြီးများက တတ်စွမ်းသမျှကုသပေးကြသည်။ အသက်လုယူကြသည်။ သို့သော် နာရီပိုင်းသာခံပြီး သေဆုံးသွားခဲ့လေတော့သတည်း။

"အမေလေး. . ကိုအာယုရဲ့၊ ကျန်းမာရေးဒေါင်ဒေါင်မြည်အောင် ကောင်းခဲ့တဲ့လူကြီး၊ နေမကောင်းဖြစ်မယ်ဖြစ်တော့လည်း အသက်ပါပါတဲ့အထိ ဖြစ်ရပါပေါ့လား၊ အဖေရဲ့၊ ဖြစ်မှဖြစ်ရလေ. ."

ဇနီး၊ သားသမီးများက ဖြေမဆယ်နိုင်အောင်ခံစားသွားခဲ့ကြသည်။ တစ်ကယ်တော့ ဦးအာယုအသက်မှာ လေးဆယ်ကျော်မျှပဲ ရှိသေးသည်။ လူလောကကြီးမှာ အသက်ရှည်စွာအနာမဲ့လို့ ကောင်းကောင်းနေလို့ရပါသေးတယ်၊ ခုတော့ မရဏသေမင်းက မမျှော်လင့်ပဲချက်ချင်းပင် ခေါ်သွားခဲ့လေပြီ။ ဝိညာဏ်ကင်းမဲ့နေသော ဦးအာယုအလောင်းကို ရေခဲတိုက်ထဲသို့ ပို့လိုက်ရလေသည်။

➤➤➤➤➤

ပတ်ဝန်းကျင်တစ်ခုလုံးသည် မြူတွေဆိုင်းလျက်ရှိသည်။ တတောလုံး တောင်ကုန်း၊ ဂမူကြီးများဖြင့် ကြီးစိုးလျက်ရှိသည်။ ဦးအာယုသည် တောကြီးမျက်မည်းထဲသို့ ရောက်နေသည်။ သူတစ်ယောက်တည်းဖြစ်သည်။ သူမည်သို့ရောက်လာခဲ့မှန်းကို မသိရပါ။ အဖော်မပါလျက် အားငယ်နေသည်။ လေကတဟူးဟူးဖြင့် တိုက်ခတ်လျက်ရှိသည်။ သူသည် အားအင်ချိနဲ့နေသည်။ လေတိုက်ခတ်ရာနောက်ကိုပင် လွင့်ပါသွားတော့မလိုဖြစ်နေသည်။ သို့သော်အားတင်းပြီးတော့ သူလျှောက်လှမ်းနေမိရသည်ကတော့ အမှန်ပင်။

အေးစိမ့်သောလေက တစ်ချက်အဝှေ့လိုက်မှာ ထူထဲသောမြူကပ်ပြီးက လွင့်ပါးသွားခဲ့သည်။ ထိုအခါ မြင်ကွင်းကြီး







www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကပေါ်လာခဲ့သည်။ များစွာသော ရုပ်တုများကို သူတွေ့လိုက်ရသည်။ ဘီလူး၊ ဇော်ဂျီ၊ နဂါး၊ ဂဠုန်၊ ဝိဇ္ဇာ၊ မနုသီဟ၊ နတ်သမီး၊ သိကြားမင်း၊ ဗြဟ္မာအစရှိသည့် ရုပ်တုများပင်။

ထိုစဉ် တစ်နေရာမှ အသံတစ်သံထွက်ပေါ်လာခဲ့သည်။

"အထဲဝင်သွား၊ မင်းဆန္ဒပြည့်ဝလိမ့်မယ်"

အသံလာရာဆီသို့ လွန်စွာမှတည်ကြည်သည့် လူတစ်ယောက်ကိုတွေ့လိုက်ရသည်။ သူ၏မျက်နှာမှာ ကြေးဝါရောင် တောက်ပနေသည်။ အဝါရောင် အုပ်ပေါင်းပေါင်းထားသည်။ အထူးခြားဆုံးမှာ သူ၏စူးသပ်နေသော မျက်လုံးများပင်ဖြစ်သည်။ ထိုမျက်လုံးများသည် လူတစ်ယောက်၏ ရင်တွင်းသို့ ထိုးဖောက်ထွင်းပြီးတော့ မြင်နိုင်သည်။

ထိုလူကြီးဝတ်ထားသော အဝတ်အစားများကလည်း အဝါရောင်ပင်ဖြစ်သည်။ ဦးအာယုသည် ထိုလူကြီးကို အံ့အားတသင့်ဖြင့် ကြည့်နေသည်။

"ငါ့မျက်လုံးတွေကို သေသေချာချာမှတ်ထား၊ ဒီနေရာမှာရပ်မနေနဲ့လေ၊ အထဲကို ဝင်သွားလို့ပြောနေတယ် မဟုတ်လား"





"ဟုတ်ကဲ့"

ဦးအာ ယုလည်းကြောက်၍ သွားခဲ့ပြီး ကျောက်ရုပ်များရှိသောနေရာ ကို ဆက်ပြီး လျှောက်သွားခဲ့လေသည်။ များပြားလှသော ကျောက်ရုပ်များသည် ခြောက်ပေမကမြင့်မား လှသည်။ ရုပ်တု ပေါင်းစုံအပြင် မဟိဒ္ဓိဆရာကြီးများ၏ ရုပ်တုများကို လည်း မြင်တွေ့ရသည်။ ရုပ်တုကြားထဲမှာ သူလျှောက်နေစဉ် စိုးရိမ်မကင်း ရှိနေသည်။ တကယ်တော့ ကျောက်သားရုပ်တု တွေက လက်ရာမြောက်လွန်လှသည်။ တကယ်သက်ရှိထင် ရှားပမာရှိနေကြသလို၊ သူတို့အားလုံးသော မျက်လုံးတွေက လိုက်ပြီးကြည့်နေသည်ဟု အထင်ရှိလာသည်။ တကယ်များ ပြုကြလေမည်လားဟု။

သို့သော် သူ့ကို မည်သူကမှတကယ်မပြုကြပါ။ ထို့ကြောင့် စိတ်အေးသလိုဖြစ်သွားခဲ့ပြီး ဆက်လျှောက်သွားခဲ့သည်။ တစ်နေရာတွင် ခေတ္တရပ်လိုက်ပြီး နောက်ကိုပြန်လှည့်ကြည့်လိုက်သောအခါ စောစောကလူကြီးသည် သူ့နောက်လိုက်လာသည်ကိုတွေ့လိုက်ရလေသည်။ ပါမြိုင်မွှေးမည်းမည်းကြီးများကို သူငေးပြီးတော့ကြည့်နေမိသည်။ အငေးသားလှမ်းပြီးကြည့်နေစဉ်မှာပင် ထိုလူကြီး၏မျက်လုံးများသည် ထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားစွာစူးထက်ပြီး အရောင်တောက်နေသည်။ လူကြီးက လက်ကိုယမ်းပြသည်။ နေရာမှာမနေဘဲ ရှေ့ကိုဆက်ပြီးသွားဖို့ဆိုလိုသည်။ ထို့ကြောင့် ဆက်လျှောက်သွားရသည်။

မကြာမီ ရုပ်တုများ၏ကြားထဲမှာ ကျောက်တုံးကြီးပင်ထူးခြားသည်က ပြောင်ချောကြီးဖြစ်သော ကျောက်သားတွင် မျက်လုံးကြီးနှစ်လုံးက ရှိနေသည်။ အသက်ဝင်နေသကဲ့သို့ စူးလက်တောက်ပြောင်နေသည်။ (မျက်လုံးထဲမှ အလင်းရောင်ထွက်နေသည်။ ယင်းမျက်လုံးတစ်စုံသည် ဖလ်ကျောက်တစ်မျိုးဖြင့် ပြုလုပ်ထားတန်တူသည်။ တကယ့်သက်ရှိ မျက်လုံးများကဲ့သို့ မျက်တောင်တဖျက်ဖျက်ဖြင့် ခက်နေသည်။ နောင်အခါ ဦးအာယုက ပြန်ပြောပြသည်မှာ သူ့အထင်ကတော့ သက်ရှိမျက်လုံးတစ်လုံးဟု မှတ်ထင်ထားသည်။)

ကျောက်တုံးကြီးမှာ ကပ်နေသော မျက်လုံးတစ်စုံသည် ဦးအာယုကို စိုက်ကြည့်နေသလိုပင်၊ ယင်းမျက်လုံးကြီးများကို ရှောင်ပြီးမျက်နှာလွှဲဖယ်မိသော်လည်းမရ၊ တန်ပြန်ပြီးကြည့်နေချင်စိတ်က ရင်ထဲမှာ တားဆီးမရအောင်ပင်ဖြစ်ပေါ်နေမိသည်။ ယင်းမျက်လုံးကြီးများသည် ထိုလူကြီး၏မျက်လုံးများနှင့်တူနေသည်ဟု ထင်နေမိသည်။ စောစောကတော့





ကြည့်ရဲ ကြည့်ရဲနှင့် ကြည့်နေမိသည်။ နောက်တော့ မိမိ၏စိတ်ကို မထိန်းနိုင်တော့၊ စူးစိုက်ပြီးပြန်ကြည့်နေမိသည်။

ဦးအာယု၏မျက်လုံးများကို မျက်လုံးကြီးတွေက သံသိုက်ပမှာ ကပ်ငြိသွားခဲ့သည်။ ထို့ကြောင့် ခြေလှမ်းတွေက တဖြေးဖြေးနှင့်အနားကို တိုးသွားခဲ့လေ၏။ မျက်လုံးချင်းကနီးတပ်စွာဖြင့် ဆုံသွားခဲ့သည်။ အလင်းရောက်တွေက သူ၏မျက်လုံးတွေထဲကို ထိုးဝင်လာခဲ့သည်။ မြင်ကွင်းသည် အဖြူထန်းကြီးအဖြစ်သို့ ပြောင်းလည်းသွားခဲ့သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ဆွတ်ဆွတ်ဖြူသွားခဲ့သည်။

သို့ရှိစဉ် စောစောကလူကြီးသည် သူ့ကျောဘက်ကိုအမှတ်မထင် ရောက်လာခဲ့သည်။ မင်းပြန်သွားတော့၊ နောက်ချသွားလိမ့်မယ်. .

ဟုဆိုကာ ကျောပြင်ကို လက်ဖြင့်တွန်းလွှတ်လိုက်ရာ၊

"အား"

သူ့တစ်ကိုယ်လုံး မျက်လုံးကြီးထဲကို ဝင်သွားခဲ့သည်ဟု ထင်လိုက်ရပါလေတော့သတည်း။

"အား"

ရေခဲတိုက်ထဲမှ အော်သံတစ်ချက်က ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အပြင်မှာရှိနေသော အစောင့်သည် ဇဝေဇဝါဖြစ်သွားခဲ့ရသည်။ အသံသည် အထဲကလာသလား၊ အပြင်ကလာသလားဟု မသဲမကွဲရှိနေရသည်။ နားစွင့်နေမိသည်။

"အား. . ကယ်ပါဦး၊ ကယ်ကြပါ၊ ကျွန်တော်မသေပါဘူး၊ ကျွန်တော့်ကို ဒီအထဲက ထုတ်ပေးကြပါ"

"ဘဂဝမ်၊ ကယ်တော်မူပါ၊ ဒီအထဲက ထွက်လာခဲ့တဲ့အသံပဲ"

အစောင့်ကုလားလေးသည် အထိတ်အလန့်ဖြင့် ထိုနေရာမှ လျှင်မြန်စွာထွက်ပြေးသွားခဲ့လေသည်။ တံခါးကို လက်ဖြင့် တဘုန်းဘုန်းထုသံများက အဆက်မပြတ်ထွက်ပေါ်လာနေဆဲ၊ ထိုအသံများက ညဉ့်လယ်ယံတိတ်ဆိတ်မှုကို ပိုပြီးတော့ ချောက်ချားစေလေသည်။

ဦးအာယုတစ်ယောက် သေဆုံးသွားပြီးမှ ပြန်ရှင်လာကာ ရေခဲတိုက်ထဲမှ ထုတ်လာခဲ့ရသည့်သတင်းသည် လူတိုင်းအတွက် အံ့အားသင့်စရာဖြစ်ခဲ့ရသည်။ မယုံကြည်နိုင်လောက်အောင်ပင် ရှိခဲ့ကြသည်။ အိမ်သို့လာရောက်ကြပြီးသတင်းမေးကြသူများက များပြားကြသည်။ ဦးအာယု၏ မိသားစုကတော့ ဝမ်းသာနေကြသည်။ ဆေးပညာအရ





ဦးအာယု၏အခြေအနေသည် သေဆုံးသွားခဲ့ပြီဖြစ်သည်။ ဦးနှောက်လည်း အလုပ်မလုပ်တော့။ ဦးနှောက်သေလျှင် လူလည်းသေပြီ။ သို့သော် ဦးအာယု ယခုလိုသေဘေးမှလွတ်မြောက်လာပြီး အသက်ရှင်ခွင့်ရလာခဲ့သည်ကိုပင် နားမလည်နိုင်ကြတော့။ ပဟေဠိသဖွယ် ဖြစ်နေသည်။ ဂမ္ဘီရဆန်နေသည်။ လျှို့ဝှက်လွန်းလှသည်။

သို့သော် မည်သို့ပင်ဖြစ်စေ၊ ရခဲလှသော လူလောကတွင်းဝယ် လူတစ်ယောက်အသက်ရှင်ခွင့် ပြန်လည်ရရှိလာခဲ့ခြင်းသည် ဝမ်းမြောက်စရာပဲမဟုတ်ပါလား။ ဦးအာယုကတော့ သူမေ့မျောနေစဉ်၊ သို့မဟုတ် (ခေတ္တသေဆုံးသွားခဲ့စဉ်) အတွင်းမှာ အိမ်မက်ပမာ တွေ့ကြုံခဲ့ရသည်များကို မည်သူ့ကိုမှ ပြန်ပြီးမပြောပြခဲ့ပါ။ ပြောပြချင်စိတ်လည်း မရှိပါ။

သည်နောက်ပိုင်းမှာတော့ ထူးခြားသည့်အခြေအနေများ ထွက်ပေါ်လာခဲ့သည်။ ယင်းကား မျက်လုံးများပင်ဖြစ်သည်။ သူ့မျက်လုံးများသည် ယခင်ကထက်ပိုပြီး တောက်ပလာခဲ့သည်။ အထူးသဖြင့် ညဘက်မှာသိသာစွာ တောက်ပနေတတ်သည်။

တစ်ရက်တွင် ဦးအာယုသည် အိပ်ယာထက်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း အိပ်ပျော်လျက်ရှိသည်။ သူအိပ်ပျော်နေစဉ်မှာ မီးခလုတ်များကို ပိတ်ထားခဲ့သည်။ အခန်းတစ်ခုလုံးသည် မှောင်အတိကျနေသည်။ အိပ်ယာကနိုးသောအခါတွင် အခန်းသည် သိသာစွာလင်းလျက်ရှိသည်။ မီးခလုတ်ကို တစ်ယောက်ယောက်က ဖွင့်ထားသည်ဟု ထင်မိလိုက်သည်။ သို့သော်မည်သူမှ ဖွင့်မထားပါ။ အခန်းထဲမှာလည်း သူ့အပြင် အခြားတစ်ဦးတစ်ယောက်မှ မရှိပါ။

သို့ရှိစဉ် စိတ်ထဲမှာ မော့မျှောနေစဉ်ကာလက အခြေအနေကို ပြန်ပြီးတော့သတိရသွားခဲ့သည်။ မျက်လုံးများသူတွေ့ခဲ့ရသည့်မျက်လုံးကြီးတစ်စုံတောက်ပ ရွှင်းလက်သောမျက်လုံးများပိုင်ရှင် လူတစ်ယောက်။

ထို့ကြောင့် ထူးဆန်းသောအသိတစ်ခုဖြင့် ပက်လက်အိပ်နေလျက်ကပင် လက်ဝါးကို သူ့မျက်လုံးရှေ့မှာ ထားလိုက်သည်။

"ဟင်"

သူအံ့သြသွားခဲ့ရသည်။ မျက်လုံးမှ အလင်းရောင်သည် လက်ဝါးပြင်မှာလာပြီး ထင်နေသည်။ ထို့ကြောင့် အလင်းရောင် မည်သည့်နေရာက ထွက်ပေါ်လာခဲ့သည်ကို





သဘောပေါက်ခဲ့ရလေပြီ။

"ငါ့မျက်လုံးထဲက ထွက်လာခဲ့တဲ့အလင်းရောင်တွေပဲ" သို့သော် မျက်လုံးအလင်းရောင်များက အမြဲတမ်းထွက်ပေါ်နေသည် မဟုတ်ပါ။ နောင်အခါ ထူးခြားချက်ဆိုသည်ကား လူတစ်ဦးတစ်ယောက်၏ ကံကြမ္မာအဆိုးအကောင်းကို မျက်လုံးတွေက သိမြင်နိုင်ခဲ့ပြီး ပြန်လည်၍ ပြောပြနိုင်ခဲ့ခြင်းပင်တည်း။

တစ်နေ့သောအခါ ဦးအာယုနှင့်လွန်စွာ ရင်းနှီးသော ဦးမြအမည်ရှိ လူတစ်ယောက်သည် သူ့ဆီကို ရောက်လာခဲ့လေသည်။ မတွေ့ရသည်မှာ ကြာခဲ့ပြီဖြစ်သော မိတ်ဆွေနှင့် အတန်ကြာအောင်စကားပြော နေမိသည်။

ထိုစဉ် ဦးအာယု၏ မျက်လုံးတွေသည် ထူးထူးခြားခြားပင် တောက်ပြောင်လက်လာခဲ့လေသည်။

"ကိုမြ. . ခင်ဗျား ခရီးထွက်ဖို့ အစီအစဉ်ရှိတယ် မဟုတ်လား"

"ဟင်. . ခင်ဗျား ဘယ်လိုသိသလဲ"

ဦးမြသည် သူ့ကိုကောက်ကာငင်ကာမေးလိုက်သော ဦးအာယု၏စကားကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးတာကိုသာ ဖြေပါဗျာ"

"ဟုတ်တယ်. ကျုပ်နောက်တစ်ပတ်အတွင်းမှာ နယ်ကိုသွားစရာရှိတယ်"

"ခရီးကို ဖျက်လိုက်ပါဗျာ၊ ခင်ဗျားမှာ အသက်ဘေး အန္တရာယ်ရှိတယ်"

"ဖျက်လို့မရဘူးဗျ၊ ကျုပ်က တာဝန်နဲ့ သွားရမှာ"

ဦးအာယု တပ်အပ်သတိပေးသော်လည်း ဦးမြမှာ လက်မခံဘဲ နေသည်။ နောက်တစ်ပတ်အကြာတွင် တာဝန်နှင့်ခရီးထွက်သွားခဲ့သည်။ ထိုရက်ပိုင်းမှာပင်လျှင် ဦးမြသတင်းဆိုးကို ကြားလိုက်ရသည်။ လမ်းခရီးမှာ မတော်တဆကားမှောက်ကာ ကွယ်လွန်သွားခဲ့သည်။ ဦးမြသတင်းဆိုး။

"တောက်ဖြစ်မှဖြစ်ရလေဗျာ၊ ကျုပ်ခင်ဗျားကို အတန်တန်သတိပေးပါတယ်ဗျာ" စိတ်ထိခိုက်တာ ယူကျုံးမရဖြစ်လေသည်။

လူတစ်ယောက်၏ ကံကြမ္မာကို မိမိအလိုလိုသိနေသည်အတွက် ကိုယ့်ကိုယ်ကိုပင် အံ့အားသင့်မိရသည်။ နှုတ်စီးသည်ဆိုသည်မှာ ဒါမျိုးပဲလား၊ သို့သော် ဦးမြခရီးမထွက်ရန် တားဆီးမိခဲ့သည့် အကြောင်းသည် မိမိတို့နှစ်ဦးတည်းပဲ





သိခဲ့ကြသည်။ ဦးမြကလည်း တစ်ဦးဦးကို ပြန်ပြောခဲ့ဟန်မတူခဲ့ တော်ပါသေးသည်။

➤➤➤➤➤

ဒီလိုနှင့် လအနည်းငယ်ကြာခဲ့သည်။ ဦးမြကိစ္စလည်း အတန့်အသင့်မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။ တစ်ညတွင် ဦးအာယုသည် အိမ်မက်တစ်ခုကို မြင်မက်သည်။ အိမ်မက်ဆိုပေမယ့် မြင်ကွင်းကထင်းနေသည်။ လင်းနေသည်။ တစ်ကယ်ပင်ဖြစ်နေသလားဟု ထင်မိရသည်။ လူတစ်ယောက်ရေနစ်နေသည်။ ထိုသူသည် ရေမကူးတတ်၊ ရေမြင်ထက်မှာ အကြောင့်အကန် ရုန်းကန်ရင်း၊ လှုပ်ရှားရင်းက ရေနက်ထဲကို တဖြေးဖြေးနှင့် နစ်မြုပ်သွားခဲ့လေသည်။

အထက်အရအိမ်မက်ကို သေချာစွာမက်ပြီးနောက် ဦးအာယုအိမ်မက်မှ လန့်နိုးသွားခဲ့ရသည်။ ထူးခြားချက်မှာ သူ၏မျက်လုံးတွေသည် ပိုမိုတောက်ပနေသည်။ အလင်းရောင်တလက်လက်ဖြင့် ထွက်နေသည်။ ထိုနောက် တဖြေးဖြေးပြန်ပြီး မှိန်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကိုသန့်ဇင်ကို သတိပေးမှဖြစ်မယ်၊ သူရေမကူး တက်ဘူး၊ ငါသိတယ်"

ကိုသန့်ဇင်သည် သူနှင့်တစ်ရပ်ကွက်တည်းသား၊ မကြာခဏလက်ဖက်ရည်ဆိုင်မှာ ဆုံတွေ့နေကြ၊ စစ်တုရင်ထိုးဖော်ထိုးဖက်၊ အရင်းနှီးဆုံး မိတ်ဆွေလည်းဖြစ်သည်။ မိတ်ဆွေရင်းများတစ်ယောက် ဘေးအန္တရာယ်တစ်ခုခုဖြစ်သွားမှာကို သူမလိုလား၊ စိုးရိမ်စိတ်က ဝင်နေမိသည်။

"ငါ ဦးမြကို သတိပေးတုန်းက တိုက်ရိုက်ကြီးပြောမိလိုက်တယ်၊ မကောင်းဘူး၊ ကိုသန့်ဇင်ကိုတော့ ဒီလိုပြောလို့ မဖြစ်ဘူး၊ သွယ်ဝိုက်ပြီးတော့ ပြောမှဖြစ်မယ်"

ထို့ကြောင့် ကိုသန့်ဇင်နှင့် ဆုံတွေ့သောအခါ

"ကိုသန့်ဇင် ခင်ဗျား၊ ရေမကူးတက်ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ရေမကူးတက်ဘူးလေ၊ ခင်များလည်း သိသားပဲ၊ ဘာဖြစ်လို့မေးတာလဲ ကိုအာယု"

"ဘာမှမဖြစ်ပါဘူးဗျာ၊ ကျုပ်ခေါင်းထဲမှာ ခင်များနဲ့ ပတ်သက်ပြီး အလိုလိုပေါ်လာလို့ မေးမိတာပါ၊ တခြားကိစ္စ မရှိပါဘူးဗျ"

"ကျုပ်က ရေဆိုရင်ကြောက်လွန်းလို့ ရေဆိုရင်





တစ်နေ့ကို တစ်ခါပဲချိုးတယ်၊ ဒါတောင် မချိုးမဖြစ်လို့၊ ကမ်းနားဘက်လည်း မသွားဘူး၊ ပေလီ၊ ချောင်းသာလည်း မသွားဘူး၊ ရေနဲ့ဝေးတဲ့နေရာမှာပဲ နေတယ်"

"ကောင်းပါ့လေ့ကွာ"

ဦးအာယုစိတ်ချမ်းသာသွားခဲ့သည်။ သို့သော် စိတ်ချမ်းသာမှုသည် တာရှည်မခံပါ၊ အကြောင်းမှာ နောက်တစ်လအကြာတွင် ကိုသန့်ဇင်တစ်ယောက် သေဆုံးသွားခဲ့သော သတင်းကိုကြားလိုက်ရသည်။ ဖြစ်ပုံက ဤသို့၊ ကိုသန့်ဇင်သည် အမွေကိစ္စတစ်ခုကြောင့် ရွာကိုပြန်သွားခဲ့သည်။ ရွာမှာ မိတ်ဆွေအပေါင်းအသင်းများက ကိုသန့်ဇင်ကို အရက်တိုက်လိုက်ကြသည်။ မျော်ကြသည်။ အရက်ဝိုင်းမှ မိမိတည်းခိုရာအိမ်ကို အပြန်တွင် မိုးချုပ်သွားသည်။ မိတ်ဆွေတစ်စုနှင့် တံတားပေါ်မှဖြတ်လျှောက်လာကြရာ ဆွေးမြေ့နေသောတံတားကြမ်းခင်းကို ကိုသန့်ဇင်မတော်တဆ နင်းမိသွားသည်။ ထို့ကြောင့် ကြမ်းခင်းပျဉ်းကျိုးကာ အောက်ကိုလူတစ်ကိုယ်လုံး ကျသွားခဲ့သည်။

တံတားအောက်မှာ ရေရှိသည်။ ချောင်းသွယ်လေး ပေမယ့် ရေကနက်သည်။ ကိုသန့်ဇင် ရေထဲသို့ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာ ငုံ့စုံနှုပ်သွားခဲ့သည်။ ပြန်ပေါ်မလာတော့ပေ။ ပါလာကြသော အဖော်များကလည်း ရေကူးတတ်သူများမို့ ပိုင်းပြီးဆယ်ကြရာ ကိုသန့်ဇင်ကို မတွေ့ရတော့။ ရေစီးထဲမျောပါသွားခဲ့တန်တူသည်။ နောက်တစ်နေ့ နေ့လည်လောက်မှ သူ၏အလောင်းကို နှစ်မိုင်လောက်ဝေးသောနေရာမှာ တွေ့ကြရသည်။ ကမ်းစပ်၌ တင်နေလေသည်။

ဦးအာယုသည် များစွာပင် စိတ်မချမ်းသာ ဖြစ်မိလေသည်။

"ငါ ကြိုပြီး တားဆီးပါလျက်နဲ့ ဖြစ်မှဖြစ်ရလေ ကိုသန့်ဇင်ရယ်၊ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ငါသိပေမယ့် သတိပေးလည်းအရာ မရောက်ပါဘူး၊ ဒါကကြမ္မာပဲ၊ ကံကြမ္မာရဲ့ အဆိုးအကောင်းကို ကိုယ်ကပြောင်းလဲလို့မရတာ ကျိမ်သေတယ်၊ ကိုဒီလမ်းကို သွားရမယ်ဆို သွားရလိမ့်မယ်၊ ရှောင်လွှဲလို့ မရဘူး၊ ပြေးလို့လည်း မလွယ်ဘူး"

"ကျွန်တော်မျိုး ကောင်းသောကံကြမ္မာကိုပဲ သိမြင်ပါရစေ၊ မည်သူတစ်ဦးတစ်ယောက်၏ ကံကြမ္မာဆိုးကိုမသိမမြင်ပါရစေနဲ့"

ဟု အလေးအနက်ထားကာ ဆုတောင်းမိလိုက်





သည်။ တစ်ရက်တွင် ဦးအာယုသည် ပက်လက်ကုလားထိုင်ပေါ်မှာ မှိန်းနေသစဉ် မျက်လုံးနှစ်လုံးသည် လင်းသွားသည်။ ချတ်တရက်ထင်မိလိုက်လေသည်။ အိမ်မက်ထဲမှာ လူတစ်ယောက်ပေါ်လာခဲ့သည်။ လူတစ်ယောက်လက်ထဲမှ ငွေစက္ကူတစ်ထုပ်ကြီးကို ထိုသူအားလှမ်း၍ ပေးနေသည်။ ထိုသူသည် ဝမ်းသာအားရစွာဖြင့် ယူလိုက်လေသည်။ သည်နောက်မှာတော့ မေ့ကနဲအိပ်ပျော်သွားသလို ဖြစ်သွားခဲ့ပြီးမှ နိုးလာခဲ့သည်။

➤➤➤➤➤

တစ်ရက်တွင် ဦးအာယုဆီကို မိတ်ဆွေတစ်ယောက်က ရောက်လာခဲ့သည်။

"ကျုပ် အမွေရစရာရှိတယ်၊ ဒါပေမယ့် ကျုပ်ရဲ့အစ်ကိုကြီးက မပေးဘဲ ညစ်ထားတယ်ဗျ၊ သူ့ဆီကိုသွားတိုင်း ဟိုလိုလို ဒီလိုလိုနဲ့ လှည့်နေတယ်"

"ဒီတစ်ခါခင်များ သွားရင် သူပေးတော့မှာပါ၊ ထိုက်သင့်တဲ့ငွေကြေးကို ပေးဖို့လည်း ဆုံးဖြတ်ထားပြီးပါပြီ."



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမောင်

"အား. . ဟုတ်ပါ့မလားဗျာ၊ ကျုပ်ရဲ့အစ်ကိုကြီးက အကြီးအကျယ်ဝတ်စားနေတာ၊ သူပေးမှာ မဟုတ်ပါဘူးဗျာ"

"ကျွန်တော်စကားကို ယုံပါဗျာ၊ ခင်ဗျားသွားမှာသာ သွားပါ၊ ခင်ဗျားကို ငွေပေးတဲ့နေ့ကျရင် ခင်ဗျားရဲ့ အစ်ကိုကြီးဟာ ခေါင်းတုံး တုံးထားမယ်၊ ပင်နီတိုက်ပုံ အနီကိုဝတ်ထားလိမ့်မယ်၊ အဲပုဆိုးကတော့ ယောလုံချည်တစ်ပတ်နွမ်းပေါ့"

"ဟာ. . ခင်ဗျားကလည်း တိကျလှချည်လား၊ အေးလေ ခင်ဗျားကနောက်ပြောင်တက်တဲ့ သူမဟုတ်ပါဘူး၊ ကောင်းသောစကားကိုပြောရင်း ကောင်းသောနမိတ်ပဲ၊ သွားကြည့်မယ်ဗျာ"

ဦးလှမောင်သည် ဦးအာယု၏စကားကို မယုံတဝက် ယုံတဝက်နှင့် ရှိနေသည်။ သို့သော် ဟုတ်လိမ့်ညား၊ သွားကြည့်ရာ ဒီတစ်ခါတော့ သူ့အစ်ကိုက စိတ်ပြောင်းပြီး အမွေခွဲပေးသည်။ ပိုပြီးအံ့အားသင့်စရာကောင်းသည်မှာ သူ့အစ်ကို ထိုနေ့က ဝတ်ထားသည့်အဝတ်အစားများသည် ဦးအာယု ပြောလိုက်သကဲ့သို့ပင်၊ ယောလုံချည်နှင့် ပင်နီတိုက်ပုံဖြစ်ပြီး ခေါင်းတုံးကိုလည်း ပြောင်အောင်တုံးထားလေသည်။





အမွေရလာသော ဦးလှမောင်သည် ဦးအာယုကို လွန်စွာမှ ကျေးဇူးတင်သွားခဲ့လေသည်။ လက်ဆောင်ပစ္စည်းများလာပေးသည်။ ဦးအာယုက ငြင်းဆန်သော်လည်း အတင်းပေးလေသည်။

"ကျုပ်ဖြင့် အံ့အားသင့်လို့မဆုံးဘူးဗျာ၊ ခင်ဗျာပြောလိုက်တဲ့အတိုင်း အားလုံးကွက်တိမှန်နေတယ်၊ ခင်ဗျာ အကြားအမြင်များ ရနေရော့သလားဗျ"

ဟု ပြန်ပြောသည်။ ယခုလို စိတ်ချမ်းသာစရာ ပုဗ္ဗနိမိတ်ကလေးတွေကို ကြိုပြီးပြောပြနိုင်တော့ မှန်သွားလျှင် ချမ်းသာမိရသည်။ အနိဋ္ဌာရုံတွေကို အာရုံမှာထင်ဟပ်လာလျှင် ဦးအာယု ဂယောက်ချောက်ချားဖြစ်မိရသည်။

တစ်ခါကလည်း လှပသောနာရီလေးတစ်လုံးကို မျက်လုံး၏အလင်းခါတ်ထဲမှာ အလိုလိုပင်တွေ့မြင်သွားခဲ့လေသည်။ မည်သူ့နာရီမှန်းမသိ၊ အကြောင်းတစ်ခုခုကို အိမ်မက်မြင်မက်တိုင်း အိမ်မက်၏သက်ဆိုင်သူ တစ်ဦးဦးက သူ့ဆီကို ရောက်လာတက်သည်။ သူအထင်မလွဲပါ၊ ထိုနေ့နံနက်မှာပင် လျှင် တစ်လမ်းကျော်မှ အသိမိန်းခလေးတစ်ဦးက ဦးအာယုဆီကို အမှတ်မထင်ရောက်လာခဲ့သည်။ မျက်နှာကလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှင်ပျချေ။

"သမီးမျက်နှာမကောင်းပါလား၊ ဘာ့များဖြစ်လာလို့လည်းကွယ်"

"ဦးရယ် စိတ်မကောင်းလွန်းလို့မပြောချင်တော့ဘူး"

"ဘယ်လိုအခက်အခဲများရှိနေလို့လည်းကွယ်၊ ဦးကိုပြောပြပါလား၊ ကူညီနိုင်လိုနိုင်ငြားပေါ့"

"သမီးရဲ့နာရီလေး ပျောက်သွားလို့ပါ၊ မွေးနေ့မှာအဖေဝယ်ပေးထားတဲ့နာရီလေးဖြစ်နေလို့၊ သမီးနှမြောနေတာ၊ ဘယ်မှာမှလည်း ရှာမတွေ့တော့ဘူး"

ဦးအာယုသည် အိမ်မက်ထဲမှ ရွှေရောင်နာရီလေးကို မြင်ယောက်မိသွားခဲ့သည်။

"သမီးရဲ့နာရီက ရွှေရောင်နာရီဟုတ်လားကွဲ့"

"ဟုတ်၊ ဟုတ်ပါတယ်"

မိန်းကလေးက အံ့အားသင့်သွားပြီး ပြန်ဖြေလိုက်သည်။

"သမီးအထားမှာတာပါ၊ သမီးရဲ့အဝတ်ဘီဒိုထဲက ပိုက်ဆံအိပ်သေးသေးလေးထဲမှာ နာရီလေးကရှိနေတယ်"

"ဟင်. ဦး ဟုတ်ပါ့မလား၊ ဦးဘယ်လိုသိသလဲ ဟင်"





"ဘယ်လိုသိတယ်ဆိုတာက အရေးမကြီးပါဘူးကွယ်၊ သမီးရဲ့ပစ္စည်းပြန်ရဖို့ အရေးကြီးတယ်မဟုတ်လား"

"ဦးပြောမှ သတိရတယ်၊ သမီးရဲ့နာရီကို အဲဒီထဲမှာများထားမိသလားမသိဘူး၊ သွားရှာကြည့်ဦးမယ်"

မိန်းကလေးက နှုတ်ဆက်ပြီး အလျင်စလို ပြန်သွားခဲ့သည်။ တစ်ခဏအကြာတွင် မိန်းခလေးသည် ရွှေရောင်နာရီကလေးကို လက်မှာပတ်ပြီး အပြေးဝင်ရောက်လာခဲ့လေသည်။ ထို့နောက် အားရဝမ်းသာစွာဖြင့်

"တွေ့ပြီ. ဦးရေ၊ ဦးပြောလိုက်တဲ့အတိုင်းပဲ၊ နာရီကဘီဒိုထဲက ပိုက်ဆံအိပ်ကလေးထဲမှာ ကိုယ့်ဘာသာကိုယ်သိမ်းထားပြီး မေ့နေတယ်၊ ဦးကနာရီလေး ဘယ်မှာရှိတယ်ဆိုတာ အတတ်သိနေတယ်၊ အံ့အားသင့်စရာပဲဦးရယ်"

ဦးအာယုကတော့ မိန်းခလေးစိတ်ချမ်းသာသွားသည်ကို မြင်လိုက်ရပြီး ပြုံးနေမိလေသည်။

လအတန်ကြာလာခဲ့သည်။ ဦးအာယုအတွက် အိမ်မက်ကြီးများမှ ဝေးလာခဲ့သည်။ လူတစ်ဦးဦး၏ကောင်းကျိုး၊ ဆိုးကျိုးများကို အိမ်မက်မှတဆင့် သိရသည်။ ကြိုပြီးတော့သိရသည်။ ကောင်းတာလည်းရှိမည်၊ မကောင်းတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အိမ်မက်ထဲမှာ ကြုံပြီးမှသိရတာ အကောင်းဆုံးဖြစ်သည်။ မည်သည့်ကိစ္စမှ အာရုံထဲဝင်ပြီး စိုးမိုးမလာခဲ့သည်ကိုပင် စိတ်ဖြေသာရာ ရမိသည်။

သို့သော် ဦးအာယု ဆုတောင်းမပြည့်ခဲ့ပါ။ တစ်ညတွင် ဦးအာယုသည် နှစ်ခြိုက်စွာ အိပ်မောကျနေခိုက် သူ့မျက်လုံးတွေသည် လင်းလင်းချင်းချင်းဖြစ်သွားခဲ့လေ၏။ စက္ကူအာရုံထဲမှာ သင်္ချိုင်းတစ်ခုက ပေါ်လာခဲ့သည်။ လမ်းမကြီးတစ်ခုပေါ်မှာ ကျောပေးပြီးရပ်နေသူ တစ်ယောက်၊ သင်္ချိုင်းက ဝိုးတဝါးဖြစ်နေသည်။ မသဲကွဲ၊ မည်သူမှန်းမသိ။ ဒီတစ်ခါတော့ မြင်ကွင်းသည် မကြည်လင်၊ ထိုသူကိုမြင်ဖူးသလိုလိုတော့ရှိသည်။ မှုံဝါးဝါးဖြစ်နေသောကြောင့် မသိနိုင်။

သည်လိုနှင့်အိမ်မက်မှနိုးလာခဲ့သည်။ အိမ်မက်ကိုသူမကျေမနပ်ဖြစ်မိသည်။ အိမ်မက်ထဲမှလူသည် မည်သူမှန်းမသိနိုင်ခဲ့ပေ။

နောက်သုံးရက်အကြာတွင် တစ်ကြိမ်မက်ပြန်သည်။ ထိုသူပင်ကျောပေးထားလျက်ပင်၊ လမ်းမပေါ်မှာလျှောက်သွားနေသည်။ ကားတစ်စီးက အရှိန်ပြင်းစွာမောင်းလာပြီး တန်းတန်းပင် ထိုသူကို ရှောင်ချိန်မရလိုက်။





"အား. ."

ဦးအာယုသည် အိပ်မက်မှ လန့်နိုးသွားခဲ့ရသည်။ လာပြန်ပြီ အနိဋ္ဌာရုံတစ်ခု၊ လူမသိ အမည်မသိ၍ မတင်းမကျကြီး ဖြစ်နေသည်။ ထို့ကြောင့် မည်သူ့အတွက် စိုးရိမ်ရမှန်းမသိခဲ့။

သည်လိုနှင့်တစ်ရက်တွင် ဦးအာယုသည် အိမ်ပေါ်မှထိုင်နေစဉ် ကားလမ်းမပေါ်မှာ ကြောင်တစ်ကောင်ကို ခွေးတစ်အုပ်စုက ဝိုင်းဆွဲနေကြသည်။

ဦးအာယုသည် အိမ်ပေါ်မှ လှမ်းမြင်သွားခဲ့လေ၏။

"ဟာ. . ငါ့ကြောင်ကို ခွေးကိုက်တော့မယ်"

စိုးရိမ်စိတ်ဖြင့် အိမ်ပေါ်မှပြေးဆင်းသွားခဲ့သည်။ ထိုစဉ်အရှိန်ဖြင့် မောင်းလာသောကားတစ်စီးက ဦးအာယုဆီကို တန်းတန်းကြီးမောင်းလာခဲ့လေရာ. .

ဦးအာယု မျက်လုံးထဲမှာ အမှောင်ကြီးကျသွားပြီးမှ မှုန်ပြီးတော့လင်းလာခဲ့သည်။ ဒီတစ်ခါ အလင်းအားကပိုပြီးတော့ တောင်းလာခဲ့သည်။ သင်္ချိုင်းတစ်ခုကိုလည်း တောင်းစွာမြင်တွေ့လိုက်ရသည်။ ထို့နောက်လဲကျသွားသည်။ ထိုသူကို ပြက်ပြက်ထင်ထင်ပင် မြင်တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုးတဝါးအိမ်မက်ထဲမှာ ကျောပေးပြီးတော့ ရပ်နေသူသည် တခြားသူမဟုတ်၊ မိမိသာလျှင် ဖြစ်နေသည်။ ထိုသူသည် မိမိပါဟု အစကတည်းက ကြိုပြီးသိနေခဲ့ပါလျှင်၊ ကံကြမ္မာကို ရှောင်တိမ်းနိုင်မှာလား လွဲဖယ်နိုင်မှာလား၊ ဦးအာယုသည် ထိုအတွေးမျိုးကို နောက်ဆုံးထွက်သက်အချိန်လေးမှာပင် ဝင်ဖြစ်အောင်ဝင်သွားခဲ့သေးသည်။

"တကယ်လို့ ဒီလူဟာ ငါပဲဆိုတာ ကြိုပြီးသိခဲ့ရင်"

သူဘာလုပ်နိုင်မည်ဆိုတာ မသိနိုင်တော့ပါ။ သူ့ရဲ့မျက်လုံးထဲမှာ အလင်းခါတ်ကြီး ပျောက်ကွယ်သွားသည်။ အမှောင်ထုကြီးက ဆီးလို့ကြိုဆိုနေပြီ ဖြစ်သောကြောင့်ပင်တည်း။



# မရဏာလိုက်ခေါင်း

ကျွန်ုပ်သည် ချင်းတွင်းဒေသဆီကို ရောက်ရှိနေခဲ့သည်မှာ ကြာခဲ့လေပြီ။ ယခုလို လာရောက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရွှေကျင်ရန်ဖြစ်သည်။ ရွှေဆို၍ တစ်ရွေးသားမှပင် မပိုင်ဆိုင်ဘူးသော ကျွန်ုပ်သည် ရွှေရှာရန် ယခုလိုရောက်ရှိလာခြင်းသည် အလိုဆန္ဒ၊ လောဘရမ္မကြောင့်ဝင်ဖြစ်သည်။ အဓိကအကြောင်းအရင်းက ချမ်းသာကြွယ်ဝလိုခြင်းကြောင့်ပင်တည်း။

ချင်းတွင်းမြစ်သည် တနိုင်းခမြစ်နှင့် ထရုံမြစ်တို့ ပေါင်းဆုံရာဖြစ်လာသောမြစ်ကြီးတစ်ခု၊ တနိုင်းခမြစ်နှင့် ထရုံမြစ်တို့သည်။ ခန္တီးအထက် ယဘူးတောင်ချိုင့်ဝှမ်း ကချင်ပြည်နယ်ကူပွန်တောင်မှ မြစ်ဖျားခံလာခဲ့သော တနိုင်းခမြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဆုံပြီး ဖြစ်ပေါ်လာသော ချင်းတွင်းမြစ်ကြီး၊ ချင်းတွင်းမြစ်ကြီး၏ အရှည်မှာ မိုင်ခြောက်ရာနီးပါးရှိသည်။

ရွှေရှိမှ ဆွေမျိုးတော်ကြမည်။ ရွှေမရှိလျှင် ဆွေးမျိုးလည်း မဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် ရွှေကို ပိုင်ဆိုင်လိုသော ဆန္ဒ၊ လူရာဝင်လိုသောဆန္ဒဖြစ်၍ ရွှေကို လက်ဝယ်ပိုင်ပိုင် ရရှိစေရန် ဤမျှဝေးလံ သီခေါင် သောအရပ်ဒေသဆီသို့ ထွက်လာခဲ့ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်၏မိသားစုများ ဆင်းရဲကြသူပါတည်း။

ရွှေကျင်သောအလုပ်ကို နွေဘက်သာ လုပ်နိုင်ကြသည်။ တစ်လ၊ နှစ်လလောက်ပဲ လုပ်ကိုင်နိုင်ကြသည်။ မိုးကျ၍ ချင်းတွင်းမြစ်ထဲ ရေစီးသန်လာခဲ့ပါက ရွှေကျင်သော အလုပ်ကို မည်သူကမျှ မလုပ်ကိုင်နိုင်တော့ချေ။ ထိုဒေသတွင် အခန့်မသင့်ပါက ငှက်ဖျားရောဂါ ရရှိနိုင်သည်။ မတော်တဆ သေဆုံးနိုင်သည်။

သို့သော် ကျွန်ုပ်သည် မိသားစုအတွက် အခက်အခဲများစွာကို ကျော်လွန်ကာ ချင်းတွင်းဒေသကို ရောက်ရှိလာခဲ့သည်။ ယခုအခါတွင် ကျွန်ုပ်သည် ရွှေ ငါးမူးသားခန့်စု ဆောင်း၍ ရရှိခဲ့လေပြီ။ တစ်လသာသာလောက်မှာ ရွှေငါးမူး





သားကို ပိုင်ဆိုင်ခဲ့ခြင်းသည် အရတော်ပေစွ၊ ကံကောင်းပေစွ၊ တစ်ချို့ကျ သူလောက် မရရှိခဲ့ကြ။ တစ်မူးသားလောက် ရရှိဖို့ပင် အနိုင်နိုင်ဟု ဆိုကြသည်။

ကျွန်ုပ်သည် လောဘမသတ်နိုင်သေး၊ ကျွန်ုပ် ရွှေကျင်သောနေရာသည် မြစ်ကွေ့တစ်ခု၏ ထောင့်ချိုးခပ်လှမ်းလှမ်းရှိ ကျောက်တုံးကြီးနှစ်တုံးမျကြားမှာ ဖြစ်သည်။ ဤနေရာကို မည်သူမျှလည်း မသိကြ၊ မတွေ့ကြ၊ ကျွန်ုပ်သာလျှင် မတော်တဆ တွေ့ရှိခဲ့ခြင်းပင် ဖြစ်သည်။ ရွှေကျင်နည်းကို သင်ပြပေးခဲ့သော ရန်ကုန်မှ အဘဦးမှန်ကို ကျေးဇူးတင်မိသည်။ သူသည် ငယ်စဉ်က ဤအရပ်ဒေသသို့ရောက်လာပြီး ရွှေကျင်ခဲ့ဖူးသည်။ တောက်လျှောက်ငှက်ဖျားရောဂါကဖိစီးခဲ့၍ မဟာန်နိုင်သောကြောင့် ရန်ကုန်ကို ပြန်လာခဲ့ခြင်းပင်။

ကျွန်ုပ်သည် ရွှေငါးမူးသားလောက်ရသည်ကိုပင် ရင်ထဲမှာ ဖော်မပြတတ်အောင် ပီတိဖြစ်လျက်ရှိသည်။ အဖော်မပါ၊ တစ်ယောက်တည်းဖြစ်သလိုနေ၊ ဖြစ်သလိုစားခဲ့သော်လည်း ကျန်းမာရေးကိုတော့ ဂရုစိုက်သည်။ ငှက်ဖျားမမိစေရန် ဆေးဝါးများကို စားသုံးသည်။ ယခုအချိန်အထိ ကျန်းမာရေးချို့တဲ့မှုက မဖြစ်သေး၊ ကံကောင်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ ထူးဆန်းသောအတွေးတစ်ခု ဖြစ်ပေါ်မိသည်။ "ငါ. . အထက်ဘက်ကိုပိုပြီး တက်သွားရင် သည့်ထက်မက များများရမှာပဲ. . စမ်းကြည့်ရင် ပိုကောင်းမယ်ထင်တယ်"

စိတ်ကူးနှင့်ဆုံးဖြတ်ချက်သည် တစ်ထပ်တည်းပင်ဖြစ်သည်။ ကျွန်ုပ်သည် အထက်ဘက်ကိုထိုး၍ တက်သွားရန် ဆုံးဖြတ်ပြီးသားဖြစ်ခဲ့လေပြီ။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်မှ မသိသော ကျွန်ုပ်သည် ရွှေကျင်သည့်နေရာလေးသို့ နှမျောစွာဖြင့် လာခဲ့ကာ ခရီးဆက်ခဲ့တော့သည်။

\>\>\>\>\>

ရွှေကျင်စဉ်၌ ကျွန်ုပ်သည် အဖော်မရှာခဲ့ပါ။ အဖော်ဟူသည် ကောင်းသလိုလိုနှင့် မကောင်းကြံတတ်သည်။ ယခုလို ရွှေနှင့်ပတ်သက်ပြီး စီးပွားရှာရသည့် ကိစ္စမျိုးဆိုလျှင် ပို၍သာ ဆိုးပေရော့မည်။ ချင်းတွင်းသို့တက်၍ ရွှေရှာကြသော ပုံပြင်များတွင် လောဘဇောတက်၍ တစ်ယောက်အပေါ်





တစ်ယောက်အကောက်ကြံကြသော သတင်းများကို မကြာခဏ ကြားနေရသည်။ ကြားဖူးခဲ့သည်။

ယခုအချိန်တွင် တိုင်ပင်ဖော်တိုင်ပင်ဖက်သည် ကျွန်ုပ်၏ ကိုယ်ပိုင်အယူအဆပင် ဖြစ်သည်။ ကျွန်ုပ်၏သံယောဇဉ်နေရာကလေးကို ခွဲခွာလာခဲ့ပြီ။ သုံးရက်မြောက်သောနေ့တွင် ဖြစ်သည်။ ခရီးလည်း တော်တော်ပေါက်လာခဲ့ပြီ။ ထူးခြားချက်တစ်ခုကို စ,ပြီး တွေ့ရလေသည်။ ကျွန်ုပ်သည် ရောက်လေရာနေရာမှာ ရွှေကျင်ခဲ့သူဖြစ်သည်။ ယခုနောက်ဆုံးရောက်ခဲ့သောအနေရာသည် ပိုပြီးတော့ အဆင်ပြေနေသည်။ အဘယ်ကြောင့်ဆိုသော် ရေပြင်သည် ရွှေရောင်တောက်ပနေသည်။ ရေအောက်မှာ ရွှေမှုံကလေးများသည် သဲမှုံများနှင့်ရောပြီး များပြားစွာပင် ရှိနေကြသည်။

ရွှေကျင်ရာတွင်လည်း ရွှေမှုံကလေးများသာမက ရွှေတုံးရွှေခဲလေးများကိုပင် ရလာခဲ့သည်။ တစ်ချို့ရွှေးစေ့ခန့်၊ တစ်ချို့ရွှေးကြီးခန့် လက်သည်းခွံလောက်ရှိ ရွှေတုံးလေးများကိုပင် ရရှိခဲ့သည်။ ကျွန်ုပ်မည်မျှအထိ ဝမ်းသာလိမ့်မည်ကို ခန့်မှန်းကြည့်ကြပါတော့။

အဖျားထက် အမှည့်စားရန်းဆိုသည့် စကားအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဆင်းရဲအပင်ပန်းခံကာ ခရီးဆက်လာခဲ့သည်။ ရိက္ခာကိုတော့ ရွှေဖြာပြီး စားရလေသည်။ ကျွန်ုပ်၏လက်ထဲမှာ ရွှေသုံးကျပ်သားခန့် စုမိခဲ့လေပြီ။ တစ်ကယ်တော့ ကျွန်ုပ်သည် ရွှေနှင့်တည့်သူ၊ ရွှေနှင့်အကျိုးပေးသူတစ်ယောက်ဖြစ်ကြောင်းကို ယခုမှသိရလေတော့သည်

တစ်ရက်တွင် ကျွန်ုပ်သည် ထမင်းစားသောက်အပြီး အိပ်ရာလေးတစ်ခုအတွင်း၌ တရေးအိပ်ပျော်လျက်ရှိစဉ်. .

"ဟေ့ကောင်. . လာစမ်း"

လေသံမာမာနှင့် အမိန့်ပေးသံတစ်ခုကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့သည်။ လူသုံးယောက်သည် ကျွန်ုပ်ကို သေနတ်နှင့်ချိန်ကာထားသည်။ ကျွန်ုပ်သဘောပေါက်သွားခဲ့လေပြီ။ ထိုသူများသည် တောတွင်းဓါးပြများပင်ဖြစ်၏။ ရွှေကျင်သမားများထံမှ ရွှေများကို မတရားလုယူတိုက်ခိုက်ကြသော ဒုစရိုက်သမားများပင်တည်း။

"မင်း. . ရွှေဘယ်လောက်ရခဲ့သလဲ၊ ငါတို့ကို ညာမယ် တော့ မကြံနဲ့နော်၊ ပေးစမ်း"

ထိုသူသည် ခေါင်းဆောင်ဖြစ်ဟန်တူသည်။ သူက သေနတ်နှင့် ကျန်နှစ်ယောက်က ဓါးရှည်၊ ဓါးဖြောင့်ကိုယ်စီနှင့်





ကျွန်ုပ်သည် ကိုယ်အစွမ်းအစနှင့် လုပ်ကိုင်မစားကြသော သူ၊ အချောင်သမားများကို ရွံ့မုန်းသူဖြစ်သည်။ ကျွန်ုပ် ပင်ပင်ပန်းပန်းနှင့် ရှာဖွေထားသော ရွှေများကို ထိုသူများ၏ လက်ထဲသို့ အရောက်မခံလို၊ ပါသွားခဲ့လျှင် မည်မျှအထိ ယူကျုံးမရ ဖြစ်လိမ့်မည်လဲ။

ကျွန်ုပ်၏ ပင်ကိုယ်သတ္တိက နည်းသည့်သူမဟုတ်၊ လူဆိုးလူမိုက်များနှင့် ပွဲလည်းကိုးဖူးခဲ့လေသည်။ ထို့ကြောင့် ဤဓါးပြသုံးဦးကို မည်သို့အနိုင်ယူပြီး တိုက်ခိုက်ရမည်ကို ချက်ချင်းပင် စဉ်းစားခဲ့ပြီး ဆုံးဖြတ်လိုက်သည်။

"ကျွန်တော်မှာ ထင်သလောက် ခရီးမပေါက်ခဲ့ပါဘူးဗျာ၊ ခုလည်းပဲ အခြေအနေမကောင်းတော့တာနဲ့ ပြန်တော့မလို့ပါ"

"မင်း. . မသွားနဲ့ ငါတို့ကို သည်လိုပတ်လို့မရဘူးကွ၊ မင်း. . ရွှေတွေရခဲ့တယ်ဆိုတာ မင်းမျက်နှာကိုကြည့်တာနဲ့ သိတယ်၊ ပေးစမ်းကွာ မြန်မြန်. . ကြာတယ်"

ထိုသူက သေနတ်တစ်ရှမ်းရမ်းဖြင့် ရှိလေရာ. .

"ရော့. . ရော သည်မှာ ကြည့်ပါဗျာ"

ကျွန်ုပ်သည် အိတ်ကိုပေးလိုက်ရာ သူ[illegible] အားနေ



www.burmeseclassic.com

www.burmeseclassic.com



သောလက် တစ်ဖက်ဖြင့် လှမ်းယူအလိုက်မှာ ရုတ်တရက် သေနတ်ကိုင် သောလက်ကို ပုတ်ချလိုက်သည်။ ထို့နောက် ထိုသူ၏ရင်ဝကို ခြေထောက်နှင့် ဆောင့်ကန်လိုက်လေ၏။

"အွတ်. . "

ထိုသူ၏ မျက်နှာကြီး ရှုံ့မဲ့သွားပြီး ပါးစပ်ထဲမှ လေများပင် အံထွက်လာခဲ့သည်။ ထို့နောက် အနားမှာ ထင်းချောင်းတစ်ချောင်းကို ကောက်ယူကာ ခေါင်းကိုရိုက်ချလိုက်လေတော့သည်။ ထိုသူသည် ပုံလျက်သား လဲကျသွားခဲ့သည်။

ကျွန်နှစ်ယောက်သည် မမျှော်လင့်မိသော အဖြစ်အပျက်ကြောင့် အံ့အားသင့်နေကြစဉ်မှာပင် ထိုသူတို့၏လက်နက်ကိုင်ဆောင်ထားသော လက်များကို ထင်းချောင်းဖြင့် ရိုက်ချလိုက်သည်။

"အား. . "

"အား. . "

ခေါင်းတွေကိုပါ ရိုက်ချလိုက်ပြီး ပုံလျက်သားလဲကျသွားခဲ့ကြသည်နှင့် ကျွန်ုပ်သည် အိတ်နှစ်လုံးကိုဆွဲယူကာ ထွက်ပြေးရလေတော့သည်။ နောက်ကြောင်းမှာတော့





မည်သို့ ဖြစ်ပျက်ကုန်ကြမှန်းမသိခဲ့ပါ။ ကျွန်ုပ်ထွက်ပြေးလာခဲ့စဉ်မှာ လူဆိုးခေါင်းဆော ၏သေနတ်သည်လည်း ပါလာခဲ့လေသည်။ ထို့ကြောင့် အံ့အားသင့်မိရသည်။ သေနတ်ကို ဆွဲမိဆွဲရာ ဆွဲလာခဲ့ခြင်းဖြစ်သည်။ လှောင့်လည်းမပစ်ချင်သောကြောင့် အသုံးရှိက သုံးနိုင်ရန်ဟု တားလိုက်ရသည်။

➢➢➢➢➢

ထိုနေရာတွင်တော့သိပ်မတူလှသော်လည်း ထူးခြားမှုတစ်ခုခုက ရှိနေသည်။ ယင်းထူးခြားမှုကား လိုဏ်ဂူကြီးတစ်ခုဝင်တည်း။ ဂူအဝသည် ငါးပေသာသာခန့်ကျယ်ဝန်းလှသည်၊ အမြင့်လည်း အတူတူပင်။ ခါးပြများက နောက်မှလိုက်လာခဲ့လျှင် ထိုဂူကြီးသည် ပုန်းအောင်း၍ အကောင်းဆုံးဖြစ်သည်။

သူတို့ကလည်း အခဲကျေကြမှာမဟုတ်၊ လိုက်လာကြမည်မှာ အမှန်ပင်။ စဉ်းစား၍မှ မဆုံးမီ တဖျတ်ဖျတ်နှင့် ပြေးလွှားလာနေကြသော ခြေသံများကို ကြားလိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂူ၏အောက်ခြေမှာ တမံတလင်းချင်းထားသကဲ့သို့ မာကျစ်ပြောင်ချောနေသည်။ အနည်းငယ် စိုစွတ်နေ၍ တစ်ခါ တစ်ရံမှာ ခြေချော်ကာ လဲကျမိမတတ် ဖြစ်သွားခဲ့သေးသည်။ ကျွန်ုပ်သည် ဂူအတွင်းဘက်ကို ရောက်နိုင်သလောက် ဝင်လာခဲ့လေသည်။ အနံ့အသက်ကား အောင့်သိုးသိုးနှင့်. .

"ဟောသည့်ဂူဝမှာ ခြေရာတွေကွ၊ သည်ကောင် အဲထဲကို ဝင်သွားခဲ့တာ ကျိန်းသေတယ်"

"ဘယ်လိုလဲလုပ်မလဲ. . ဆရာ"

"ဘယ်လိုလုပ်ရမလဲကွ၊ ငါတို့ကို စော်သွားတဲ့ကောင်၊ ဝင်လိုက်သွားရမှာပေ့ါ၊ သူ့မှာ ရွှေတော်တော်များများ စုထားမိပုံရတယ်၊ သူ့လက်ထဲက လုယူပြီးတာနဲ့ သည်ဂူထဲမှာ အပြတ်ကို ရှင်းပစ်ခဲ့ရမယ်"

ကျွန်ုပ်သည် ခေါင်းနားပန်း ကြီးသွားခဲ့ရသည်။ ကျွန်ုပ်၏ အသက်ကိုပင် ရန်ရှာကြတော့မည်ပဲ၊ ကိစ္စမရှိ ခုမှ သတိရသည်။ သေနတ်တစ်လက်က ကျွန်ုပ်၏လက်ထဲမှာ ရှိနေပြီပဲ။ သို့သော် သူတို့ကို ရှောင်နိုင်သမျှ ရှောင်ရန် အကောင်းဆုံးဖြစ်လေရာ လိုဏ်ဂူကြီးထဲသို့ ပို၍တိုးပြီး ဝင်လာခဲ့သည်။

အထဲမှာ ပို၍အေးစိမ့်လာ၏။ အလင်းရောင်နှင့်





ဝေးကွာခဲ့ပြီဖြစ်၍ အနည်းငယ်မှောင်လာသည်။ ကျွန်ုပ်သည် ဂူ၏မျက်နှာကြက်ကို မော့ကြည့်လိုက်သောအခါ ကျောက်ဝန်းဆွဲများ အောက်ကိုစိုက်ကျနေကြသော ကျောက်ချွန်ချွန်ကြီးများကို တွေ့လိုက်ရသည်။ အရောင်အသွေးကလည်း ဖြူဆွတ်နေကြ၍ အမှောင်ထဲမှာပို၍ တောက်ပနေသလိုထင်ရသည်။ ထိုကျောက်ဖြူချွန်ချွန်ကြီးများလည်း မီးစုံးခါတ်များရှိနေကြလေသည်။

ထို့နောက် ကျွန်ုပ်သည် မျက်နှာကြက်ကို မော့ကြည့်ပြီးလမ်းလျှောက်သွားခဲ့လေရာ ခြေထောက်တွေက တစ်စုံတစ်ခုကို ဝင်ပြီးတိုက်မိသည်။

"ဂလောက်. . ဂလောက်"

ကျွန်ုပ် ငုံ့ကြည့်လိုက်သောအခါ အရိုးများကို တွေ့လိုက်ရသည်။ နွားတစ်ကောင်၏ အရိုးများပင်၊ နောက်ထပ်လျှောက်သွားကြည့်ရာ အရိုးစုသုံးလေးခုကို ထပ်မံပြီးတွေ့လိုက်ရသည်။ တစ်ခုသည် လူရိုးစုပင်တည်း။

"ဟင်. . သည်တိရစ္ဆာန်တွေဟာ သည်ဂူကြီးထဲမှာ ဘယ်လိုကြောင့် လာပြီးသေနေကြတာပါလိမ့်"

အံ့အားသင့်ခြင်းနှင့်အတူ ထိတ်လန့်လာမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကျွန်ုပ်သည် လိုဏ်ဂူ၏အမိုးမျက်နှာကြက်မှ သဘာဝအလျောက်ဖြစ်ပေါ်နေကြသော ကျောက်ပန်းဆွဲချွန်ချွန်ကြီးများတို့ သက်ာမကင်း ဖြစ်လာမိသည်။ မသိစိတ်က လှုံ့ဆော်သဖြင့် ပြန်ပြီးကြည့်မိလိုက်သည်။ အချွန်ဘက်တွင် ညိုညစ်ညစ်အရောင်များ ဖြစ်ပေါ်နေသည်။ သေးများစေးကပ်ပြီး ခြောက်သွေ့လာခဲ့လျှင် ပြောင်းလဲသွားသော အရောင်မျိုးပင်။

ထို့နောက် တစ်နေရာတွင် ထူးခြားချက်တစ်ခုကို တွေ့လိုက်ရပြန်သည်။ မြေပြင်ထက်မှာ သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ဖျူသားကြီးတစ်ခု၊ သေသေချာချာကြည့်လျှင် အရုပ်ထုကြီးတစ်ခုနှင့် တူနေမိသည်။ မျက်နှာသည် လူတစ်ယောက်၏ မျက်နှာပေါက်ဖြစ်သော်လည်း အစွယ်နှစ်၊ ဟပြနေသော ပါးစပ်ကျယ်ကြီး၊ ပါးစပ်ထဲမှ ထွက်နေသော လျှာသည် တစ်ထွာခန့် ရှိမည်။

မျက်လုံးနေရာတွင် ပြူးကျယ်ဝိုင်းက်သော မျက်လုံးများကို တွေ့ရပေလိမ့်မည်။ လက်နှစ်ဖက်မှာ ကားလျက်ရှိပြီး လက်ချောင်းကလေးတွေကလည်း လက်သည်းချွန်ကြီးတွေဖြင့် တိုက်ခိုက်ရန် ခြိမ်းခြောက်နေဟန်ရှိသည်။

ထိုသဏ္ဍာန်သ်ည သဘာဝအလျောက် ဖြစ်ပေါ်နေ





သော်လည်း လူတို့လက်ရာမြောက်စွာ ထုလုပ်ထားသည့်အသား၊ ပြောင်မြောက်စွာ၊ စက်ဆုတ်စရာ ကောင်းလှသည်။ ထိုအခန်းကြီးထဲမှာနေရင်း ထိတ်လန့်သလို ကြောက်ရွံ့သလို ခံစားလာခဲ့ရသည်။

သို့သော် ကျွန်ုပ်သည် ဆက်ပြီးစပ်စုလိုစိတ်က ရှိသေးသည်။ ဤလိုဏ်ဂူခန်းထဲမှ ပြန်လည်ထွက်ချင်၊ ကျွန်ုပ်၏စိတ်တို တစ်ယောက်ယောက်က ထိမ်းချုပ်ထားသလို ညို့မြူဆွဲခေါ်ထားသလို ရှိသည်။

ထို့ကြောင့် အတွင်းဘက်ကို ဆက်ပြီး ဝင်လာခဲ့လေသည်။ ဂူလိုဏ်ကြီး၏ဘေးဘက်၊ အမိုးမျက်နှာကြက်တွင် ကျောက်ပန်းဆွဲကြီးများသည် လှံသွားသဏ္ဍာန် စူးဆောက်များသဏ္ဍာန် ရှိနေကြသည်။ အောက်တိုစိုက်ဂဘ ရှိနေကြသည်။ ရုတ်တရက် ပြုတ်ကျလာတော့မည့်အလား၊ အသည်းသားစွာဖြင့် ကြည့်နေမိသည်။

ကျွန်ုပ်သည် သတိနှင့်သွားရင်း မြေပြင်ထက်မှ တစ်စုံတစ်ခုကို ဝင်တိုက်မိသည်။ ထိုအရာသည် တလိမ့်လိမ့် ဖြင့်ထွက်သွားသည်။ ကျောက်တုံးလေးတစ်တုံး၏ပင် ဖြစ်သည်။ ကျောက်တုံးကလေး၏အရောင်က ဝါညစ်ညစ်၊ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ပြေးကောက်ကြည့်လိုက်သည်။ ကျောက်တုံး လေးကို လက်သည်းဖြင့်ခြစ်ကြည့်လိုက်ရာ ရွှေရောင်သန်း နေသည်။ ထိတ်ခနဲဆို ခံစားလိုက်ရသည်။ အဘယ့်ကြောင့် ဆိုသော် ဤကျောက်တုံးလေးသည် ရွှေတုံးလေးတစ်တုံး ဖြစ်နေသောကြောင့်ပင်တည်း၊ ဝမ်းသာသွားခဲ့သည်မှာ ပြောဖွယ် ရာမရှိတော့။

ကြက်ဥသာသာ ကျောက်တုံးလေးများသည် အနှံ့အပြား ရှိနေကြသည်။ ကျွန်ုပ်သည် လောဘဇောဖြင့် တစ်လုံးပြီးတစ်လုံး လိုက်၍ကောက်နေမိသည်။ ယင်းအရာဝတ္ထုလေးများသည် ရွှေတုံးလေးများပင်တည်း။ ကျွန်ုပ်၏ အိတ်နှစ်လုံးထဲမှာ ရွှေတုံးလေးတွေ တော်တော်များများကို ထည့်ထားမိခဲ့လေပြီ။ ကျွန်ုပ်သည် လူချမ်းသာဘဝသို့ ရောက်ခဲ့လေပြီ။ မိသားစုလည်း ပျော်ရွှင်မှုကို ရကြတော့မည်။

ဤကမ္ဘာမှာ ကျွန်ုပ်လောက်ဝမ်းသာမည့်သူ မရှိတော့လေပြီ။

ထိုစဉ်

"အား. ."





➢➢➢➢➢

ခါးသည်းဖွယ်ရာ အော်သံကြီးတစ်ခုကို ကြားလိုက်ရလေသည်။

ကျွန်ုပ်သည် အိတ်နှစ်လုံးကိုလွယ်ကာ နေရာမှ ချက်ချင်းထ,လိုက်ရသည်။ ကျွန်ုပ်ထ,လိုက်သည်နှင့် ဂူမျက်နှာကြက်မှ အောက်ကိုထိုးကျလာသော ကျောက်လုံးသွားကြီးတစ်ခု၊ ကြောက်အားလန့်အားဖြင့် ရှောင်လိုက်မိသည်။ ကျောက်ဆွားငုံ့သွား ချွန်ချွန်ကြီးသည် မြေပြင်ကို ဖြစ်ထန်စွာဖြင့် ထိတွေ့သွားပြီးမှ ပေါ်ကို ဖြန့်တက်သွားခဲ့သည်။

လွန်စွာမှ ထိတ်လန့်ဖွယ်ကောင်းလှသည်။ ဘယ်လိုမှ မှထင်မမှတ်မိ၊ မိလိုက်လျှင်တော့ မလွယ်၊ ကြည့်နေရင်းမှာပင် နောက်ထပ်လုံသွားလေးချောင်းက အောက်ကိုကျလာခဲ့ပြန်သည်။ ကျွန်ုပ်သည် အပေါ်သို့မော့ရင်း ဂူထဲမှ သေမပြေးရှင်ပြေး ပြေးထွက်ခဲ့ရသည်။

"ဝိုး. ."

ထိုစဉ် ဂူနံရံမှ ဘေးတိုက်ထွက်နေကြသော ကျောက်ချွန်ချွန်ကြီးများသည် ဘေးသို့ အရှိန်ဖြင့် ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းက ကျွန်ုပ်၏ခါးမှ ဖြတ်ထွက်သွားသည်။ သီသီကလေး ပွတ်ကာပ်ပြီး လွဲသွားသည်။

"ဝှီး. ."

နောက်တစ်ချောင်းက ဂူနံရံဘေးမှ ပစ်ဝင်လာခဲ့ပြန်လေရာ. .

"ဝှီး. ."

ကျွန်ုပ်က ထိုကျောက်ချွန်ချွန်ကြီးကို ခုန်ကျော်ပြီး ထွက်သွားခဲ့ရသည်။ ထို့နောက် ထိုကျောက်သား ချွန်ချွန်ကြီးများသည် ဂူနံရံထဲသို့ အလိုလိုပင် ပြန်ဝင်သွားခဲ့ကြသည်။ ကျောက်ချွန်များ လွတ်သောနေရာသည် မြေပြင်ထက်မှ သုံးပေလောက်ပဲ ကွာမည်။ ထို့ကြောင့် ကျွန်ုပ်သည် ပက်လက်လှန်ပြီး အိပ်ချလိုက်ရသည်။

ပက်လက်လှန်မိကာမှ ဂူမျက်နှာကြက်မှ ကျောက်သားချွန်ချွန်ကြီးများကို မြင်တွေ့လိုက်ရသည်။ ကျွန်ုပ်သည် မျက်လုံးအပြူးသားကြီးဖြင့် ကြည့်နေဆဲမှာ ဂူမျက်နှာကြက်မှ ကျောက်ပန်းဆွဲ လှံတံကြီးများသည် အောက်ကို တရှိန်ထိုး

တစ်ပြိုင်တည်းမှာပင် ဂူနံရံမှ ကျောက်ဆူးသွားကြီးများသည်လည်း အရှိန်ဖြင့် ထွက်လာခဲ့ကြသည်။





သတိကြီး စွာ ထားမိသောကျွန်ုပ်သည် ခန္ဓာကိုယ်ကို ဘေးသို့လှိမ့်ထွက် ကာ ရှောင်လိုက်ရသည်။

"ဒုတ်. . ဒုတ်"

"ဝှီး. . . ဝှီး"

ဂူမျက်နှာကြက်မှ ကျောက်သားချွန်ချွန်ကြီးများသည်၊ စောစောက ကျွန်ုပ်ရှိနေသောနေရာသို့ တဒုတ်ဒုတ်ဖြင့် ကျလာခဲ့ကြသည်။ ဂူနံရံမှ လှံသွားများသည်လည်း ကျွန်ုပ်၏ကိုယ်ပေါ်မှ ဖြတ်ထွက်သွားခဲ့ကြသည်။

ထို့နောက်မှ မိမိတို့နေရာကို လျင်မြန်စွာဖြင့် ပြန်ပြီးဝင်သွားခဲ့ကြလေသည်။

ကျွန်ုပ်သည် ပက်လက်အိပ်နေရာမှ မလှုပ်ရဲ သို့သော် အထက်ဘေးအထွက် ဂူအပြင်ကို မရောက်ရောက်အောင် ထွက်ဖို့ကြိုးစားရပေမည်။

ထိုကျောက်သွားလှံချွန်ကြီးများသည် တရစပ်ဝင်ခြင်း၊ ထွက်ကျလာခြင်းများမရှိ၍ တော်ပေသေးသည်။

ကျွန်ုပ်၏ မျက်လုံးအစုံသည် ဂူနံရံမှာကပ်နေသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူတို့သည် ကိုယ်မှာ ထုတ်ခြင်းခတ်ပေါက်ထွက်နေသော ကျောက်လှံသွားကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သေဆုံးလျက်ရှိနေကြလေပြီ။

တစ်ဦးကတော့ မြေပြင်ထက်မှာသွေးသံရဲရဲ။

သူတို့တော့ အခြားသူများမဟုတ်ကြ၊ ကျွန်ုပ်၏ နောက်ကို လိုက်လာကြသော ဓါးပြများပင်တည်း။ ကျွန်ုပ်သည် မိမိ၏လွတ်မြောက်ရေးအတွက် သေရေးရှင်ရေးအဖြစ် ကြိုးပမ်းရတော့မည်. ကိုယ်ပေါ်မှာလည်း ရွှေတုံးရွှေခဲတွေ ထည့်ထားသော အိက်နှစ်လုံးက ရှိသေးသည်။ ဤအိတ်တွေကိုထားမပစ်ခဲ့နိုင်၊ ဤအိတ်များသည် ကျွန်ုပ်၏ဘ၀ ဖြစ်သည်။

မျက်နှာကြက်မှ ကျောက်သားချွန်ချွန်ကြီးများသည် ကျောက်သားနံရံနှင့် မျက်နှာကြက်တို့ ဆက်စပ်မိသောနေရာမှ သုံးပေအကွာလောက်မှာ ရှိနေကြသည်။ ထို့ကြောင့် နံရံ၏အောက်ခြေကို ကပ်ပြီး ဂူအပြင်ကို ထွက်နိုင်အောင် ကြိုးစားရမည်။ မျက်နှာကြက်မှ ကျောက်သားချွန်ချွန်ကြီးများ ရုတ်တရက်ကျလာခဲ့လျှင်လည်း လူကို မထိနိုင်၊ ကျောက်သားနံရံမှ ဘေးတိုက်ထွက်လာကြသော ကျောက်လုံးကြီးများသည် မြေပြင်အထက် လေးပေလောက်အကွာ အဝေးမှာ ရှိနေကြသည်။

ထို့ကြောင့် မြေပြင်မှာ မှောက်ခုံဖြစ်နေသော ကျွန်ုပ်ကို





နံရံမှာကျောက်လုံးသွားများက ထွက်လာခဲ့လျှင်လည်း ကျော်ထွက်သွားနိုင်သည်။

"ဝုန်း . ."

"ဝုန်း"

"ဝုန်း"

ပြောရင်းဆိုရင်းမှာပင် ဂူအမိုးမျက်နှာကြက်မှ ကျောက်သားလုံးကြီးနှစ်ချောင်းနှင့် ဂူနံရံမှ ကျောက်လုံးနှစ်ချောင်းတို့သည် တစ်ပြိုင်တည်းကျလာကြပြီး၊ တစ်ပြိုင်တည်း ထွက်လာခဲ့ကြသည်။

ထိုကျောက်လုံးတံများသည် ကျွန်ုပ်၏ဘေးမှာ ကပ်ပြီး ကျလာကြသည်။ ကျောပေါ်မှဖြတ်ထွက်သွားခဲ့ကြသည်။ ကျွန်ုပ်သည် ကြောက်စိတ်မရှိတော့၊ အကြောက်ကြီးခဲ့ပြီးဖြစ်၍ သည့်ထက်ပိုပြီး ကြောက်စရာမလိုတော့ဟု ထင်မိသလားမသိ၊ သို့မဟုတ် ထုံသွားခဲ့လေပြီ။

ကျွန်ုပ်သည် အိတ်နှစ်လုံးကို ခေါင်းရှေ့မှာ ချထားကာ လက်နှစ်ဖက်ဖြင့် မှောက်ခုံအနေအထားက တွန့်တွန့် ပြီး သွားသွားသည်။ ကိုယ်ကိုလည်း မိကျောင်းတွားသလို တွန်းတွန်းပြီး ရှေ့ကို တွားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ လှုပ်ရှားမှုကြောင့်လားမသိ၊ ဂူ၏မျက်နှာကြက်မှကျောက်သွား ချွန်ချွန်ကြီးများနှင့် ဂူနံရံမှ ကျောက်သားလုံ့လက်နက်များသည် တဝှစ်ဝှစ်ဖြင့် ထွက်လာလိုက်၊ ကျလာလိုက်၊ ဖြန့်ပြီးဝင်သွားလိုက်နှင့် ရှိနေကြသည်။ ကျွန်ုပ်ကား တရွေ့ရွေ့နှင့်ဂူအပြင်ကို ရောက်အောင် တွားသွားကာ ထွက်လာခဲ့ရလေသည်။

"ဝုန်း . ."

ထိုစဉ် နောက်ကျောဘက်မှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် မှောက်လျက်သားမှ လှည့်ကြည့်မိလိုက်ရာ ကျောက်ဖြူမိစ္ဆာအရုပ်ကြီးသည် ကျွန်ုပ်၏အနောက်ကို ရောက်နေသည်။

"အမယ်လေး . ."

ပါးစပ်ပြဲပြဲ အစွယ်ဖွေးဖွေးနှင့် မိစ္ဆာရုပ်ကြီးသည် ကျွန်ုပ်ဆီကို တဖြည်းဖြည်းနှင့် တိုးလာခဲ့လေပြီ။ သူ၏လက်ထဲမှာ ကျောက်ဓါးမြှောင်ချွန်ချွန်ကြီးကို ကိုင်ထားသည်။ ဂူဝနှင့် လက်တစ်ကမ်းသာကွာဝေးတော့သည်။ ကျွန်ုပ် ဘယ်နည်းနှဲ့မှ အသေမခံနိုင်၊ ထို့ကြောင့် ဖြစ်လိုရာဖြစ်၊ နေရာမှာ အတင်းကုန်းထကာ ဂူနံရံမှာကပ်ပြီး တဟုန်ထိုး ပြေးလေတော့သည်။





"ဝှစ် . . ဝှစ် . . ဝှစ်"

ကျောက်လုံ့များထွက်ပေါ်လာသံများကို ကြားနေရသည်။ တချို့ ကျွန်ုပ်၏ဘေးမှကပ်ပြီး ပွတ်ထွက်သွားခဲ့ကြသည်။

ကျွန်ုပ်သည် ဂူအပြင်ကို ခုန်ပြီး ထွက်သွားခဲ့လေသည်။ အပြင်ဘက်ကို ဒလိမ့်ခေါက်ကွေးနှင့် ပစ်ကျသွားခဲ့ရသည်။ ကျွန်ုပ်ကား မရဏဂူလိုဏ်ထဲမှ လွတ်မြောက်ခဲ့လေပြီတည်း။

ထို့နောက် အိတ်နှစ်အိတ်ယဲမှ ရွှေတုံးလေးများကို စစ်ဆေးကြည့် မိရာ သိသာစွာလျော့နေသည်။ ဂူထဲမှာ သုံးလေးတုံးကို တွေ့လိုက်ရသည်။ ပြေးကောက်ပြီး မြန်မြန်ပြေးသည်။ ပြေးကောက်ပြီး မြန်မြန်ပေးလာသည်။

လိုဏ်ဂူထဲကို နောက်ထပ်တစ်ခါ ပြန်မဝင်ရဲတော့ပါ။ တတ်နိုင်လျှင်တော့ ဂူကြီးတစ်ခုလုံးကို သိမ်းပိုက်လိုက်ချင်သည်။ သို့သော် သဘာဝအလျောက် ဖြစ်ပေနေသောကျောက်သားမိစ္ဆာရုပ်ကြီးနှင့် ဂူအမိုး နံရံများဆီက ကျလာသော ကျောက်လုံ့များက ကျွန်ုပ်ကို ခြိမ်းခြောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရသလောက်သတ္တုခဲများကို ယူကာ နေရာမှ ထွက်လာခဲ့ပါတော့သတည်း။



# ပုဏ္ဏာဆန်သောကြေးမုံတစ်ချပ်

တစ်နေ့တွင် ကိုသာထူးသည် မဂိုလမ်း(ယခုရွှေဘုံသာလမ်း)ရှိ ကုလားလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ လဖက်ရည်သောက်ရန် ဝင်သွားခဲ့သည်။ (ထိုလက်ဖက်ရည်ဆိုင်သည် လက်ဖက်ရည်တစ်မျိုးတည်းကိုသာ ရောင်းသည်။ ကော်ဖီ၊ နွားနို့ စသည်များကို မရောင်းပါ။)

အထူးသဖြင့် လက်ဖက်ရည်ကို ဂျင်းနှင့်ဖျော်ထား၍ နို့စိမ်း၊ မလိုင်များထည့်ထားသောကြောင့် ဂျင်းနံ့လေးသင်းပြီး သောက်ချင်စရာကောင်းလှသည်။ (တစ်ချို့ဆို အရသာနှင့် အနံ့ကို မကြိုက်ကြပါ။ သို့သော် များသောအားဖြင့် ကြိုက်နှစ်သက်ကြပါသည်။)

ဆိုင်ပိုင်ရှင်ကာကာကြီးသည် လက်ဖက်ရည်ကို သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ဖျော်ပြီး စားပွဲမှာ ကိုယ်တိုင်လာချပေးတတ်သည်။ ပိုက်ဆံကိုလည်း ကိုယ်တိုင်သိမ်းယူလေသည်။ လူငှါးမထားပါ။ ကိုသာထူးသည် ဖောက်သည်တစ်ယောက်ဖြစ်၍ ကာကာကြီးက သိနေသည်။ ချက်ချင်းပင် ကြွေးခွက်ထဲထည့်ထားသော ဂျင်းနံ့လေးသင်းသည့် လက်ဖက်ရည်ကို လာချပေးလေသည်။ ထိုဆိုင်တွင် ဖန်ခွက်ကိုမသုံးဘဲ ကြွေးခွက်ကိုသာ သုံးလေသည်။ မည်သည့်မုန့်မှလည်း မရှိပေ။ ကာကာကြီး လက်ဖက်ရည်ဆိုင်ကိုလာကြသူများသည် ဂျင်းလက်ဖက်ရည်ကို အရသာခံပြီး သောက်လိုကြသူများပင် ဖြစ်ကြသည်။

ကိုသာထူးသည် လက်ဖက်ရည်သောက်နေစဉ် မိမိကိုယ်ကို မလုံသလို ခံစားနေရသည်။ ထို့ကြောင့် မိမိညာဘက်ဘေးသို့ လှည့်ကြည့်မိလိုက်ရာ ရှည်လျားသောမုတ်ဆိတ်မြုကြီးများရှိသည့် ကုလားအဖိုးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ပါးမြိုင်းမွေးတွေကလည်း ထူထဲလှသည်။ ထိုကုလားအဖိုးကြီးသည် ကိုသာထူးကို စိုက်ကြည့်နေသည်။ သူ့စားပွဲပေါ်မှာ လက်ဖက်ရည်ခွက်ကို မတွေ့ရပါ။

"ကာကာကြီး‚ ဟောဟိုက ဘာဘာကြီးကို လက်ဖက်ရည်တစ်ခွက်ချပေးလိုက်ပါ၊ ကျွန်တော်ရှင်းပါ့မယ်"





"ကောင်းပြီ၊ ဗကောင်ကလေး ကုသိုလ်ရပါတယ်"

ကာကာကြီးက ခရားကြီးထဲမှ ဖျော်ပြီးသား လက်ဖက်ရည်ကို ကြွေးခွက်ထဲသို့ ထည့်လိုက်ပြီး၊ ထိုကုလားအဖိုးကြီးဆီကို ယူသွားခဲ့သည်။

ထို့နောက် စားပွဲပေါ်မှာ ချပေးလိုက်လေ၏။ ထိုကုလားအဖိုးကြီးသည် လက်ဖက်ရည်ပူပူကြီးကို တစ်ချက်တည်းမော့ချလိုက်ကာ ခွက်ကိုစားပွဲပေါ်မှာ ဒေါက်ကနဲ ဆောင့်ချလိုက်သည်။ ထို့နောက် နေရာမှထ‚ကာ ဆိုင်အပြင်ကို ထွက်သွားခဲ့လေ၏။ မည်သူ့ကိုမှလည်း နှုတ်မဆက်ပေ၊ ကိုသာထူးမှာ အံ့အားသင့်ကာ ကျန်ရစ်ခဲ့လေ၏။

➤➤➤➤➤

နောက်သုံးရက်ခန့်အကြာတွင် ကိုသာထူးသည် ကာကာကြီးလက်ဖက်ရည်ဆိုင်ကို ရောက်လာခဲ့ပြန်လေ၏။ ဆိုင်ထဲမှာ လူလေးငါးယောက်ခန့်သာ ရှိသည်။ အချိန်က မနက်စောစောပိုင်း ဖြစ်သည်။ သူ လက်ဖက်ရည်သောက်နေစဉ်မှာပင် မိမိ၏နောက်ကျောမလုံသလို ခံစားလိုက်ရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လှည့်ကြည့်လိုက်သောအခါ ဟိုတစ်နေ့က တွေ့လိုက်ရသော ကုလားအဖိုးကြီးက သူ့ကို စိုက်ကြည့်နေသည်။

"ငါလာတုန်းက သူ့ကို ဆိုင်ထဲမှာ မတွေ့ပါဘူး၊ ဘယ်အချိန်က ဝင်လာခဲ့ပါလိမ့်"

လက်ဖက်ရည်သောက်ချင်၍ သူ့ကို စိုက်ကြည့်နေသည်ထင်ပြီး

"ကာကာကြီး . . ဟိုဘာဘာကြီးကို လက်ဖက်ရည်တစ်ခွက်ချပေးလိုက်ပါ"

ကာကာကြီးကလည်း ခရားထဲမှ လက်ဖက်ရည် တစ်ခွက်စာကို ကြေးခွက်ထဲသို့ထည့်ကာ ထိုကုလားအဖိုးကြီးအား သွားပေးလိုက်လေ၏။ ကုလားအဖိုးကြီးသည် လက်ဖက်ရည်ပူပူကြီးကို တစ်ချက်တည်းမော့ချလိုက်ကာ ခွက်ကို စားပွဲပေါ်ချပြီး၊ ဆိုင်ထဲမှ ထွက်သွားခဲ့လေ၏။ ကိုသာထူးသည် ထိုကုလားကြီး၏ အပြုအမူကို အံ့အားသင့်ကာ ကျန်ခဲ့ပြန်လေ၏။

➤➤➤➤➤

ထို့နောက် ထိုကုလားအဖိုးကြီးကို မတွေ့ရတော့ချေ။





ဆိုင်ကိုလည်း ရောက်မလာတော့။ တစ်လခန့်ကြာသော် ထိုကုလားအဖိုးကြီးကို မေ့မေ့လျော့လျော့ဖြစ်သွားခဲ့ရသည်။

သို့သော် တစ်ညနေတွင် ကိုသာထူးတစ်ယောက်တည်း.ကွမ်းခြံဘုတာကြီး (ရန်ကုန်ဘူတာကြီး)ဘက်ကို လမ်းလျှောက်ထွက်လာသည်။ ဘူတာကြီးရှေ့မြက်ခင်းပြင်ပေါ်မှာ ထိုင်ပြီးလေးပြင်းခံနေမိသည်။

တဖြည်းဖြည်းနှင့်မိုးချုပ်လာပြီဖြစ်သည်။ လမ်းဘေးရှိ မါတ်တိုင်များဆီက မာကျူရီမီးအလင်းရောင်က ညအဖော်မွန်အဖြစ် နေရာယူလာခဲ့သည်။ မြက်ခင်းပြင်ပေါ်မှာတော့ ခလေးတစ်သိုက်က ဆော့ကစားနေကြသည်။ မြက်ခင်းပြင်၏အလယ်မှာ ဆယ်နှစ်ပေခန့်မြင့်မားသော မီးတိုင်တစ်ခုကရှိသည်။ မီးအုပ်ဆောင်းဝိုင်းဝိုင်းကြီးက တိုင်ထိပ်မှာရှိလေသည်။ အလင်းရောင်များက မြက်ခင်းပေါ်သို့ ဖြာကျလျှက်ရှိနေကြသည်။

ထိုစဉ် သဏ္ဌာန်တစ်ခုသည် ကိုသာထူး၏အနားကို တိုးကပ်လာခဲ့သည်။

ခေါင်းငုံ့နေသော ကိုသာထူးသည် မိမိဆီကို တရွေ့ရွေ့ဖြင့် တိုးကပ်လာသော အရိပ်တစ်ခုကို မြင်မိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ခေါင်းကိုမော့ကြည့်မိလိုက်သည်။

"ဟင်. ."

ဝါကျင်သောမီးအလင်းရောင်အောက်မှာ ထိုကုလာ

အဖိုးကြီးကို မထင်မှတ်ဘဲ တွေ့လိုက်ရလေ၏။ မြင်ရုံနှင့်ပင်

ကောင်းစွာ မှတ်မိသွားခဲ့ရလေသည်။ ကာကာကြီး၏ဆိုင်မှ

သူလက်ဖက်ရည်တိုက်ခဲ့သော အဖိုးကြီးပင်တည်း။

မိမိထက်အသက်ကြီးသောသူတစ်ယောက်ဖြစ်၍ ေ

ရာမှ ထရပ်ကာ အရိုအသေပေးလိုက်လေသည်။ ကုလာ

အဖိုးကြီးသည် ကိုသာထူးကို စူးလက်သော မျက်လုံးများဖြင့်

ကြည့်လိုက်ပြီး. .

"ဘေတာ့ကို တွေ့ချင်နေတာ၊ မထင်မှတ်ဘဲ တွေ့

လိုက်ရတာ ဝမ်းသာပါတယ်"

ကုလားအဖိုးကြီးထံမှ ပီသသောမြန်မာစကားကို

ကြားလိုက်ရသည်။ ဘေတာဆိုသည်မှာ ကုလားလို 'သား

ဟု ခေါ်ဆိုလိုက်ခြင်းပင်ဖြစ်သည်။

"ကျွန်တော်လည်း ဘာဘာ့ကို လက်ဖက်ရည်ဆိုင်မှာ

တွေ့မလားလို့ မျှော်နေမိပါသေးတယ်၊ ဘာဘာမလာတာ

တော်တော်လေးကို ကြာသွားပြီနော်"





"ဟုတ်တယ်၊ ခရီးထွက်သွားခဲ့တာ၊ ဒီကနေ့မှ ပြန်

ရောက်တယ်၊ ဒါတွေ့ထားပါတော့လေ၊ ဘေတာ. ရွှေ

ဟောင်းပစ္စည်းဆို၊ အထူးအဆန်းပစ္စည်းဆိုရင် စိတ်ဝင်စား

ာက်သလား"

"ဟုတ်ကဲ့. . ကျွန်တော်စိတ်ဝင်စားပါတယ်ခင်ဗျာ၊

ှေဟောင်းပစ္စည်းဆိုရင် ဈေးချိုရင် ဝယ်ယူစုဆောင်းတတ်ပါ

ာယ်၊ ဈေးများရင်တော့ မတတ်နိုင်ဘူးပေ့ါ"

"ဒါဆို အဆင်ပြေပါတယ်၊ ငါ့မှာပစ္စည်းတစ်ခုပိုလာခဲ့

ာယ်၊ အဲဒါကတော့ မှန်တစ်ချပ်၊ ငါ့အထင်ကတော့ ရှေး

ဒီဂျစ်လက်ရာတစ်ခုလို့ပဲထင်တယ်၊ ငါသိမ်းထားတာကြာပြီ၊

ါ့ရဲ့အဖိုးက ငါ့ရဲ့အဖေကို ပေးခဲ့တာ၊ အဖေမသေမီကတည်း

ာ ငါ့ကိုပေးထားခဲ့တာ၊ ငါ့မှာသားသမီးမရှိဘူး၊ ဇနီးကလည်း

သေသွားတာကြာပြီ၊ ငါသေသွားရင်ပေးရမယ့်လူလည်းမရှိ

ူး၊ ငါ့စဉ်းစားလိုက်တော့ မင်းကိုပြေးပြီးတော့ မြင်မိလိုက်

ာယ်"

"အမှတ်တရအနေနဲ့ လက်ဆောင်တော့ပေးခဲ့ချင်ပါ

ာယ်၊ ဒါပေမယ့် ငါ့မှာငွေနည်းနည်းလိုနေလို့ ဒီမှန်လေးကို

ှပြီး မင်းတက်နိုင်သလောက်ပဲပေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာဘာ့ကို ကူညီပါ့မယ်၊ ဒါပေမယ့် ဒီမှန်လေးဟာ ဘာဘာအမြတ်တနိုးသိမ်းထားတာမဟုတ်လား၊ ပြန်ယူသွားပါ"

"မဟုတ်သေးဘူးသား၊ ငါလည်း ဘယ်သူ့ကိုမှမပေးချင်လို့ မင်းကိုပေးခဲ့တာပါ၊ မင်းဆီက စရိတ်ငွေလေးနည်းနည်းပါးပါးရရင် ခရီးတစ်ခုကို ထွက်သွားတော့မယ်၊ အကူအညီတောင်းတာလည်းပါတယ်၊ မင်းကငါ့ကို လက်ဖက်ရည်တိုက်ထားတဲ့ကျေးဇူးလည်းရှိတယ်မဟုတ်လား၊ မင်း. . ငါ့ကို ကူညီပါကွာ"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် ဘာဘာ့ကို ငွေတစ်ရာပေးလိုက်ပါ့မယ်၊ ကျွန်တော့်ကို နားလည်ပေးပါ၊ နည်းတယ်များတယ်လို့ သဘောမထားပါနဲ့"

"ငွေတစ်ရာ၊ မနည်းပါဘူးကွာ၊ ငါ့အတွက်များတောင်များနေပါသေးတယ်"

(ထိုခေတ်ကာလက လက်ဖက်ရည်တစ်ခွက် ပြားနှစ်ဆယ်၊ နံပြားတစ်ချပ် ဆယ်ပြား၊ ပဲပြုတ်တစ်ဆယ်သား ဆယ့်ငါးပြား၊ ဆန်တစ်ပြည်ပြားလေးဆယ်ဖြစ်သည်။ ငွေတစ်ကျပ်ရှိလျှင် ဈေးထဲတွင် ဆန်၊ ဆီကအစ အမဲ၊ သား၊ ငါးများကိုဝယ်နိုင်သည်။)





"ယူသွားပါ ဘာဘာ၊ ကျွန်တော် ဘာဘာ့ကို ကူညီတာပါ၊ သည့်ထက်မကကူညီချင်ပေမယ့် မတတ်နိုင်လို့ပါ"

ကိုသာထူးက အိတ်ထဲမှ ငွေတစ်ရာကို ယူကာ ရှိသေစွာပေးလိုက်လေသည်။ ကုလားအဖိုးကြီးသည် တုန်ရီသောလက်ဖြင့် ငွေကိုလှမ်းယူလိုက်လေ၏။ ထို့ကြောင့် သတင်းစာစက္ကူဖြင့်ပတ်ထားသော အရာတစ်ခုကို ကိုသာထူးအား လှမ်းပေးလိုက်သည်။

"သားကို ငါတစ်ခုတော့ မှာပါရစေ၊ ဒီမှန်ကို ဘာကြောင့်လည်း မသိဘူး ဆေးသုတ်ထားတယ်၊ မင်းမှန်သားပြင်ကိုတော့ မြင်ရမှာမဟုတ်ဘူး"

"မှန်ကိုဆေးသုတ်ထားတယ်၊ ဟုတ်လား. . ဒီလိုဆိုကြည့်လို့မရဘူးလား၊ ဘာကြောင့်လည်း ဘာဘာ"

"အဲ့ဒါတော့ ငါမသိဘူး၊ ငါ့အဖိုးရဲ့လက်ထဲကို မရောက်မီကတည်းက ဒီအတိုင်းပဲလို့ပြောတယ်၊ နောက်တစ်ခုက ဟိုးအရင်ကတည်းက ဒီမှန်ကို ညဘက်မှာမကြည့်ရဘူးတဲ့၊ နေ့ခင်းဘက်မှာပဲ ကြည့်ရတယ်တဲ့၊ နောက်ပိုင်းမှာတော့ ဘယ်လိုအကြောင်းကြောင့်လည်းမသိဘူး မှန်ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိမှာစိုးလို့ ဆေးသုတ်ထားကြတာတဲ့၊ မှန်ရဲ့ရာဇဝင်ကိုတော့ ဘယ်သူမှ အတိအကျ မသိကြရဘူး၊ သက်တမ်းကတော့ နှစ်ပေါင်းသုံးထောင်ကျော်လောက်ရှိပြီတဲ့"

"နှစ်ပေါင်းသုံးထောင်ကျော်၊ သက်တမ်းက မနည်းလှပါလား"

ကိုသာထူးအံ့အားသင့်သွားခဲ့ရသည်။ ဤမှန်သည် ရှိုးရိုးမှန်တစ်ချပ်ပဲ ဖြစ်နိုင်သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကုလားအဖိုးကြီး၏စကားကို မယုံကြည်သည်လည်းမဟုတ် ယုံကြည်သည်လည်းမဟုတ်၊ စေတနာထား၍ ငွေတစ်ရာပေးလိုက်ခဲ့လေပြီ။ ကုလားအဖိုးကြီးသည် ဝမ်းသာစွာဖြင့် ကိုသာထူးကို နှုတ်ဆက်ကာ ပြန်သွားခဲ့လေ၏။

အဆောက်ကလေးကြာသွားသောအခါ ကိုသာထူးသည် လန်ကစ္စတာလမ်း(ယခုနဝဒေးလမ်း)ရှိ အိမ်ဆီသို့ ပြန်လာခဲ့သည်။ (ထိုစဉ်က လန်ကစ္စတာလမ်းသည် ခြံဝင်းကျယ်ကြီးများရှိနေကာ တစ်ထပ်လုံးချင်းတိုက်များ၊ နှစ်ထပ်လုံးချင်းတိုက်အိမ်များ၊ နှစ်ဆောင်ပြိုင်အိမ်ကြီးများဖြင့် ရှိနေသည်။ သီးခြားခြံကျယ်ကြီးများဖြစ်နေပြီး ယခုကဲ့သို့ လူနေအိမ်များလည်း မထူထပ်ကျပေ၊ များသောအားဖြင့် မျက်နှာဖြူများ





တပြားများ၊ ဗိုလ်ကြက်ချေးများ၊ နွားနို့ရောင်းသောဟိန္ဒူကုလားများ ပေါ်များကျသည်။)

➤➤➤➤➤

ကိုသာထူးသည် မိမိအမွေရသော ခြံဝင်းကျယ်ကြီးထဲတွင် တစ်ထပ်တိုက်ကလေးဖြင့် တစ်ဦးတည်းနေထိုင်သူဖြစ်သည်။ သပ်ယပ်သောတိုက်ကလေးဖြစ်ပြီး၊ အထပ်ခိုးတစ်ခုလည်း ရှိလေသည်။ အိမ်သို့ပြန်ရောက်လာသောအခါ မှိုးအတော်ချုပ်လျက်ရှိနေလေပြီး သူနေရာသည် ရန်ကုန်ဘူတာကြီးနှင့်သော်လည်းကောင်း၊ မြို့ထဲနှင့်သော်လည်းကောင်း၊ နီးကပ်၍ အသွားအလာလွယ်ကူလေသည်။ အညောင်းပြေအညာပြေ လမ်းလျှောက်သွားလျှင်သော်မှ ရသည်။

မိဘအမွေအနှစ်များကို ရထားသူမို့ တစ်သက်စား၍ မကုန်နိုင်အောင် ရှိနေရပြီ။ မည်သည့်အလုပ်မှလည်း မလုပ်ပေ။ သို့သော် အနေအထိုင် သိုသိပ်ကျစ်လစ်သည်။ ငွေကြေးချမ်းသာသူတစ်ယောက်ဟု မထင်ရပေ။ ကြွားကြွားဝါဝါ မနေတတ်သောကြောင့်လည်း သာမန်လူတစ်ယောက်ဟုသာ



www.burmeseclassic.com

www.burmeseclassic.com

ထင်ရသည်။ ထိုသို့နေတတ်သောကြောင့် သူ့ခိုး၊ ဓါးပြများကလည်း အထင်မကြီးကြပေ။ ကိုယ့်ကိုယ်ကို ကာကွယ်ပြီးသားဖြစ်နေသည်။

ထို့အပြင် ကားလည်းဝယ်မစီးပေ။ မိမိတိုက်ကိုလည်း အပြင်ဘက်မှ ဆေးမသုတ်ထား၍ တောက်ပြောင်ခြင်းအလျှင်းမရှိ၊ သာမန်အနေဖြင့် ကြည့်လျှင် ချွတ်ခြုံကျနေသူတစ်ဦးဟုသာ မြင်နိုင်သည်။ ကိုသာထူးက ဘေးဘီမှလူများကဲ့သို့ ထင်ကြစေရန် တမင်ဖန်တည်းထားခြင်းပင် ဖြစ်သည်။ ကြွားဝါခြင်းမရှိသောသူတစ်ယောက်အနေဖြင့် ဘေးကင်းပါသည်။ ထမင်းကိုလည်း ချစ်တီးဆိုင်မှာ ဝယ်စားခဲ့ပြီးဖြစ်သည်။

ကုလားအဖိုးကြီးထံမှ ရလာခဲ့သော ပစ္စည်းကို စားပွဲပေါ်တင်ကာ အိပ်ယာထက်မှ ပစ်လှဲလိုက်သည်။ အိပ်၍မပျော်ပေ။ သူ့မျက်လုံးအစုံက စားပွဲပေါ်ရှိ သတင်းစာစက္ကူဟောင်းနှင့်ပတ်ထားသော ပစ္စည်းဆီကို ရောက်သွားခဲ့သည်။

"ငါ. . အိပ်လို့မရမယ့်အတူတူ ဒီပစ္စည်းလေးကို ထုတ်ကြည့်ဦးမှပဲ"

မှန်ချပ်ထုတ်ထားသည့် ပစ္စည်းလေးကို သူအိပ်ယာထက်မှ လှမ်းပြီးယူလိုက်သည်။ ထို့နောက် ပတ်ထားသော





သတင်းစာစက္ကူကို တစ်ထပ်ပြီးတစ်ထပ် ခွာလိုက်သည်။ အထပ်ထပ်ရစ်ပတ်ထားသည်ဖြစ်၍ ခွာရသည်မှာ စိတ်မရှည်နိုင်စရာပင်။ အားလုံးခွာပြီးသောအခါ လက်ဝါးသာသာခန့်ရှိ မှန်ချပ်ဝိုင်းလေးတစ်ချပ်က ထွက်လာခဲ့လေ၏။ မှန်ဘောင်သည် ပတ်ပတ်လည်တွင် ရွှေရောင်အဆင်းရှိသော ပန်းခက်များဖြင့် ဝန်းရံထားသည်ဖြစ်ပြီး နှင်းဆီပွင့်နှင့်တူသော ပန်းပွင့်လေးတွေက ဖောင်းကြွလက်ရာဖြစ်သည်။ မီးရောင်အောက်တွင် သေချာစွာကြည့်သောအခါ ဘေးအကွပ်များသည် ရွှေသားစစ်စစ်ဖြစ်နေကြသည်ကို အံ့အားသင့်ဘွယ်ရာ သိခဲ့ရလေတော့သည်။

"ဒါ. . ရွှေသားစစ်စစ်ပဲ၊ ဟိုကုလားအဖိုးကြီးဟာ ဒီမှန်ကို ရွှေသားစစ်စစ်နဲ့ကွပ်ထားတယ်ဆိုတာ မသိလေရောသလား၊ ဒါမှမဟုတ် သိလျက်နဲ့ ငါ့ဆီက ငွေတစ်ရာကိုသာယူပြီး တမင်ပေးထားခဲ့တာလား"

ကိုသာထူးသည် ကုလားအဖိုးကြီးကို မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။ မှန်တစ်ဖက်ကို စစ်စေးများသုတ်ကာ ပိတ်ထားသည်။ အခြားတစ်ဘက်ကို ကြည့်သောအခါမှာလည်း ပြဒါးသုတ်ကာ ပိတ်ထားသည်ကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"မှန်ကနှစ်ဖက်စလုံး ပိတ်ထားတာကိုး၊ ဘာသဘော ပါလိမ့်၊ ကြည့်မှန်တစ်ချပ်ဖြစ်လျက်နဲ့ ဘယ်သူမှမကြည့်နိုင် အောင်ပိတ်ထားတာက ဘာသဘောလဲ . . ဒီမှန်ကို ကြည့် ရင် ဘာဖြစ်သွားမှာမို့လဲ"

စဉ်းစားရင်း ကြေးမုံတစ်ချပ်ရဲ့ ပဟေဠိက ပိုမိုရှုပ်ထွေး လာခဲ့ရသည်။ စစ်စေးများသုတ်ထားသောဘက်ကို ခွာကြည့် လိုသောဆန္ဒများက ဖြစ်လာခဲ့ရလေသည်။ သို့သော် အိပ်ချင် စိတ်က ဆီးတား၍မရအောင် ဖြစ်ပေါ်လာခဲ့လေရာ၊ မနက် ကျမှပဲ ခွာကြည့်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ပြီး အိပ်ယာ ပေါ်မှာချကာ အိပ်မိလိုက်လေတော့၏။

➤➤➤➤➤

ကိုသာထူးသည် ထိုနေ့တစ်နေ့လုံး ဘယ်ကိုမှ မသွား တော့ပေ။ မှန်လေးကိုသာ စိတ်ဝင်စားနေမိသည်။ ထို့ကြောင့် အိမ်မှာပင် ဖြစ်သလိုစားသောက်ခဲ့ပြီး ဧည့်ခန်းထဲမှာ ထိုင်နေ မိသည်။ စားပွဲပေါ်တင်ထားသည့် မှန်ချပ်လေးက သူ့ကို မျက်





စပစ်ပြလျက်ရှိသည်။ ကြာတော့ သူသည် စိတ်မထိန်းနိုင် တော့။ လက်ကိုင်ပါသည့် ဓါးမြှောင်ချွန်ချွန်လေးကိုကိုင်ကာ မှန်သားပေါ်မှ စစ်စေးများကို တဖြည်းဖြည်းချင်း ခွာနေလေ တော့သည်။

သူ့ကိုတစ်ယောက်ယောက်က အမိန့်ပေးပြီး ခိုင်းနေ သလိုမျိုး ခံစားနေရသည်။ မှန်သားပြင်ကိုလည်း မထိခိုက်ရ လေအောင်ဂရုစိုက်ပြီးတော့ ခွာနေရသည်။ ထို့ကြောင့် အချိန် တ ကြာလေသည်။ နားလိုက်၊ စားလိုက်၊ သောက်လိုက်နှင့် မှန်သားပြင် မထိခိုက်အောင် စစ်စေးများကို ခွာခဲ့ရင်း နေ့လည် ခင်းသို့ ရောက်လာသောအခါ အားလုံးခွာပြီးသားဖြစ်သွား ခဲ့ရလေသည်။ ကြည်လင်သောကြေးမုံပြင်တွင် မြင်ကွင်းများ တ ကြည်လင်ပြတ်သားလျက်ရှိကြသည်။

"ဒီမှန်က ရိုးရိုးမှန်တစ်ချပ်ပါပဲ၊ ဘာမှမထူးခြားပါဘူး၊ ညဘက်မှာကြည့်တော့ ဘာတွေထူးခြားလာမှာမို့လဲ၊ ဒီအ တိုင်းပဲရှိနေမှာပဲ၊ ဟိုကုလားအဖိုးကြီးက တမင်တကာ ပြော သွားခဲ့တာပါ"

ကိုသာထူးသည် မှန်ချပ်လေးကိုကြည့်ရင်း သဘော ပေါက်လာခဲ့သည်။ ကုလားအဖိုးကြီးပြောသွားခဲ့သည့်စကား



www.burmeseclassic.com

www.burmeseclassic.com



သည် ယုတ္တိမရှိဟု ထင်ထားလိုက်သည်။ သူအိပ်ယာဝင်သောအခါ မှန်ချပ်လေးကို အိပ်ယာဘေးမှာထောင်ထားရင်း ကြည့်ကာ အိပ်ပျော်သွားခဲ့လေသည်။

➤➤➤➤➤

ညဉ့်သန်းကောင်ယံကာလဆီသို့ တဖြည်းဖြည်းနှင့်နီးကပ်လာခဲ့သည်။ ကိုသာထူးသည် အိပ်မောကျနေရာကဖျက်ကနဲဆို လန့်နိုးလာခဲ့လေသည်။ သူ၏အခန်းထဲတွင်လင်းချင်းလျက်ရှိသည်။ သူ့ကို တစ်ယောက်ယောက်ကလှုပ်ပြီးနှိုးလိုက်သလိုမျိုး ခံစားလိုက်ရသည်။ ခြင်ထောင်ကိုလည်း ချမထားမိပါ။

သူ၏မျက်လုံးအစုံသည် အိပ်ယာဘေး စားပွဲထက်ရှိနံရံမှာကပ်ပြီးထောင်ထားသော မှန်ချပ်ဆီကို ရောက်သွားခဲ့သည်။ စားပွဲပေါ်တွင် နံရံကိုမှီကာ ထောင်ထားသော မှန်သားဖြစ်သည်။ ထူးခြားသောသဏ္ဍာန်များ ထင်ဟပ်လျက်ရှိသည်။ မျက်နှာလေးဘက်နှင့်ရုပ်တုများ၊ ရွှေခွက်များ၊ ပရိဘောဂပစ္စည်းများသည် ယခုခေတ်ကာလပစ္စည်းများ မဟုတ်





ကြပေ။ ရှေးနှစ်ပေါင်းများစွာက အသုံးအဆောင်ပစ္စည်းများဖြစ်နေကြသည်။

ထို့အပြင် ထိုပစ္စည်းများ၊ ပရိဘောဂများ၊ ရုပ်တုများသည် တိုင်းတစ်ပါးမှပစ္စည်းများပင် ဖြစ်နေသောကြောင့်ပင်တည်း။

ကိုသာထူးသည် မိမိမျက်လုံးများကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။ မိမိများ အကြည့်မှားခဲ့လေသလားဟု ဖွတ်အတင်းပင် မျက်လုံးတွေကို ပြူးပြဲကာကြည့်မိလိုက်သေးသည်။ သူ့အကြည့်မမှားပါ။ မှန်ချပ်လေးထဲမှာထင်ဟပ်နေသောအရာများသည် မိမိအခန်းထဲမှ ပစ္စည်းများမဟုတ်ကြပါ။ ကျိန်းသေသည်ဟု ပြောရမည်သာပင်။ ထို့ကြောင့် ကိုသာထူးသည် ကုတင်ထက်မှ ချက်ချင်းပင် ဆင်းလိုက်ကာ စားပွဲရှေ့ရှိ ကုလားထိုင်မှာ ထိုင်မိလိုက်သည်။ မှန်ချပ်လေးထဲမှ ပစ္စည်းများအရာများကို တအံ့တဩနှင့် စူးစိုက်ကာ ကြည့်နေမိဆဲပင်။

ထိုစဉ် မြင်ကွင်းသည် ထူးခြားချက်များဖြစ် ဖြည့်စွက်လာခဲ့လေ၏။ စာအုပ်ဘီဒိုကြီးနှင့်တူသော အရာကြီး၏ဘေးမှလိုက်ကာကြီးတစ်ခုသည် လှုပ်ကနဲဆို လွန့်လူးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းခလေးတစ်ယောက်သည် လိုက်ကာကြီး၏နောက်ကွယ်မှ ထွက်လာခဲ့လေ၏။ လွန်စွာမှ ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ခေါင်းထက်မှာ မြွေနှစ်ကောင်ကြက်ခြေခတ်သဏ္ဌာန်ယှက်ထားသော ရွှေသရဖူလေးတစ်ခုကို တင်ထားလေသည်။

ကျော့ရှင်းသောလည်တံမှာလည်း တစ်လက်မခန့်အပြားခတ်ထားသော ရွှေဆွဲကြိုးကြီးတစ်ခုကို ဆွဲထားသည်။ လက်ကောက်ဝတ်နှစ်ဖက်မှာလည်း ရွှေလက်ပတ်များကို ဝတ်ထားသည်။ သူမသည် ဖြူဆွတ်သောအဝတ်အစားများကို ဝတ်ဆင်ထားလေသည်။ မျက်နှာလေးမှာ နုနယ်လှပပြီး အပြစ်ကင်းစင်လှသည်။ သို့သော် တစ်ခါတစ်ရံမှာ သောကရိပ်များက မသိမသာ ယှက်သန်းသွားခဲ့သည်။ ကိုသာထူးသည် ကြေးမုံပြင်ထဲမှ မိန်းခလေးကို မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။ သူမသည် ကိုသာထူးဆီကို ဖြည်းငြင်သော ခြေလှမ်းများဖြင့် ရောက်လာခဲ့သည်။ ကိုသာထူးနှင့်အနီးကပ်ဆုံးနေရာကို ရောက်လာခဲ့သည်။ မိန်းခလေးသည် ပထမတော့ ကိုသာထူးကို မမြင်၊ နောက်တော့မှမြင်သွားကာ အံ့အားသင့်သွားဟန်ပြလိုက်လေသည်။





"ဟင်. . ရှင်. . ရှင်က ဘယ်သူလဲ"

သူမပြောလိုက်သည့်စကားကို ကောင်းစွာပင်နားလည်မိသည်။ တစ်ကယ်တော့ သူမသည် ရှေးအီဂျစ်ဘာသာစကားဖြင့် ပြောလိုက်ခြင်းပင်ဖြစ်သည်။ မိမိဘာသာစကားမဟုတ်သည်ကို မည်သည့်အတွက်ကြောင့် နားလည်နေသလည်းဆိုသည်ကို မိမိလည်း နားမလည်မိပါ။ မိန်းခလေး၏အမေးကို မည်သို့ပြန်ဖြေရမှန်းမသိခဲ့။ ထို့နောက်မှ ပျာပျာသလဲဖြင့်

"ကျွန်. . ကျွန်တော်. . ဒီအိမ်က လူပေါ့၊ ခင်ဗျားကကော ဘယ်သူလဲ"

မိမိကလည်း ပြန်ပြီတော့မေးမိလိုက်သည်။ မိန်းခလေးကလည်း နားလည်သွားဟန်ကို ပြသည်။

"ကျွန်မနာမည်က မင်နီရာ ပါ၊ ဖာလို့ဘုရင် လပ်စဖြူလိုရဲ့သမီးပါ"

"ဖာလိုဘုရင်ရဲ့သမီးက ဘယ်လိုအကြောင်းကြောင့်ဒီမှန်ထဲကို ရောက်နေရတာလဲ"

"ကျွန်မက ခမည်းတော်ရဲ့ နန်းတွင်းရေးရာကိစ္စမှာဝင်ရှုပ်မိလို့ ဒဏ်ခတ်ခံထားရသူပါ၊ ခမည်းတော်က မော်အ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပညာကို တတ်တယ်လေ၊ တစ်ခြားသူဆိုရင် သေဒဏ်ပေးလိုက်တာကြာပြီ၊ ကျွန်မက သူ့သမီးဖြစ်နေတဲ့အတွက် သက်သက်ညှာညှာ အပြစ်ပေးထားခဲ့တာပါ"

"ခင်ဗျား ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်ပေါင်း ငါးရာရှိခဲ့ပါပြီ"

"ဘာ. . နှစ်ပေါင်းငါးရာ၊ ဟုတ်လား၊ မဖြစ်နိုင်တာ"

"ဘာလည်း. . ကျွန်မပြောတာကို ရှင်ကမယုံဘူးပေါ့လေ၊ အမှန်တွေပြောနေတာရှင့်၊ ကျွန်မ ဒီလိုချည်းနေနေရတာ မလွတ်လပ်ဘူး၊ အကျဉ်းချခံထားရတဲ့ဘဝမှာ လူရောစိတ်ပါ အမှောင်ကျနေတယ်၊ ဒီမှန်ကြီးကိုလည်း အပြင်ကနေပိတ်ထားလို့ ကျွန်မ ဘယ်သူ့ကိုမှ အကူအညီမတောင်းခံနိုင်ဘူး၊ အခုရှင်က ဖွင့်ပေးလိုက်လို့သာ ကျွန်မနဲ့ ဆုံတွေ့ရတာ"

အခြေအနေကတော့ မယုံကြည်နိုင်လောက်အောင် ပင် ဖြစ်နေခဲ့လေပြီ။ (မိမိပဲ စိတ်ဝေဒနာခံစားနေရပြီလား၊ ဦးနှောက်မမှန်ဖြစ်သွားခဲ့ရပြီလား၊ မပြောတတ်ပါ၊ မင်းနီရာဆိုသည့် မင်းသမီးလေးကတော့ သူ့ကို ဖြစ်ကြောင်းရယ်ကုန် စင်တင်ပြနေလေပြီ။)

"ကောင်းပါပြီ. . ခင်ဗျား၊ အခု ဘာဖြစ်ချင်သလည်း





ပြောပါ"

"ရှင်နဲ့ ကျွန်မဟာ ဧရစက်ရှိနေလို့ အခုလိုပြန်ပြီး ဆုံတွေ့ရတာမျိုးထင်တယ်၊ ကျွန်မကို ပြင်ပကမ္ဘာဆီကိုရောက်အောင် ခေါ်ထုတ်သွားပါ"

"ဟာ. . မဖြစ်နိုင်တာ. . ကျွန်တော်က ခင်ဗျားကို ဘယ်လိုခေါ်ထုတ်လို့ရမှာလဲ"

"ရတဲ့နည်းရှိလို့ပေါ့၊ ဒီမှာ. . ရှင် ကျွန်မရဲ့အနားကို တိုးခဲ့ပါရှင်၊ စကားပြောရတာ အားမရဘူး၊ လူမသိစေချင်တဲ့ စကားမျိုး ပြောရမှာရှင့်"

ကိုသာထူးသည် မှန်အနားသို့ ကိုယ်ကိုယွန်းငိုက်ကာ တိုးကပ်လိုက်ရသည်။ မိန်းခလေး၏မျက်နှာနှင့် လွန်စွာမှ နီးကပ်သွားခဲ့ရလေ၏။ ထိုအခါ လွန်စွာမှမွှေးကြိုင်သော ရနံ့ကို ရရှိလိုက်သည်။

(ထိုရနံ့သည် မှန်ချပ်ရှိဘောင်ကွပ်များဆီက ထွက်ပေါ်လာသည်ဟု ထင်သည်။)

"ဒီမှာရှင့်၊ ကျွန်မကို မှိုလူကြီး မင်တားက ထိမ်းချုပ်ထားတာ"

"မင်တားဆိုတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှော်ဝိဇ္ဇာကြီးတစ်ဦးပေါ့၊ သူက မကြာခဏ ကျွန်မကို လာလာပြီးကြည့်တတ်တယ်၊ ဒီနေ့က သူ့နောက်လာမယ့်ရက်ပဲ၊ ကျွန်မရဲ့ အခြေအနေကိုလာကြည့်တာပေါ့၊ ဒါပေမယ့် ကျွန်မ ဒီအထဲကနေ အပြင်ကို မထွက်နိုင်မှန်းသိတယ်လေ၊ ဝတ္ထုရားအတိုင်း လာကြည့်တဲ့သဘောမျိုးပေါ့"

"ခင်ဗျား ဘာဖြစ်ချင်သလည်း၊ ကျွန်တော်ဘယ်လို အကူအညီပေးရမလဲ"

"ဒါကိုပဲ ကျွန်မပြောချင်တာ၊ ဘယ်လိုကူညီရမလဲ ဆိုရင်"

ထိုစဉ် မင်းသမီးလေး မင်နီရာသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရသည်။ မျက်နှာအမူအရာလည်း ချက်ချင်းပင် ပြောင်းလည်းသွားခဲ့လေသည်။

"ဟင်. . ဟို. . ဟို. မင်တားဆိုတဲ့ လူကြီးလာနေပြီ၊ ရှင့်မျက်နှာသူ့ကို မပြပါနဲ့၊ သူမမြင်ပါစေနဲ့၊ သွားပုန်းနေပါ၊ မြန်မြန်သွားပါရှင့်"

မိန်းခလေးက အကြောက်အကန်ပြောနေလေရာ ကိုသာထူးလည်း ထိုနေရာမှ လျင်မြန်စွာဖြင့် ထွက်သွားခဲ့ရလေ၏။ ထို့နောက် အခန်းထဲရှိ ဘီဒိုနောက်မှကွယ်ပြီး ကြည့်





နေမိလိုက်သည်။ မကြာမီ လူကြီးတစ်ယောက်က အခန်းထဲသို့ ဝင်လာခဲ့သည်။

ထိုလူကြီးကို ကိုသာထူးမြင်လိုက်ရသောအခါ လွန်စွာမှ အံ့အားသင့်သွားခဲ့ရလေသည်။ ထိုမုတ်ဆိတ်မွေးဖွားဖွား ရှည်ရှည်နှင့်လူကြီးသည် အခြားသူမဟုတ်၊ သူ့ကို မှန်ချပ်ပေးခဲ့သော ကုလားအဖိုးကြီးဖြစ်နေသောကြောင့်ပင်တည်း။

"ဟင်. . ဒီ. . ဒီလူကြီးဟာ"

မင်တားသည် အဝတ်အစားမတူညီသည်မှအပ ရုပ်ည်ကတစ်ထေရာတည်း ရှိနေလေသည်။ မင်တားသည် င်းသမီးလေးမင်နီရာကို တွေ့လိုက်ရသောအခါ

"မင်းသမီးလေး၊ စောစောက စကားပြောသံကြား လိုက်ရပါတယ်၊ ဘယ်သူနဲ့ ပြောနေတာလဲ"

"ဒီအခန်းထဲမှာ ကျွန်မတစ်ယောက်တည်းရှိနေတာ၊ ယ်သူနဲ့ စကားပြောနိုင်မှာလဲ၊ တစ်ယောက်တည်းပြော တာလား"

"စကားပြောသံကို ငါသေသေချာချာ ကြားလိုက်ရ တယ်၊ ပြောစမ်းပါ၊ စကားပြောဖော် ရှိနေပြီလား"

မင်နီရာက မဖြေ၊ ထိုစဉ် မင်တားလည်း အခြေကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ရာ တစ်စုံတစ်ရာကို တွေ့မြင်သွားခဲ့လေသည်။

"ဟင်. . ဘယ်လိုဖြစ်တာလဲ၊ အားလုံး ဟာလာဟင်လင်း ဖြစ်နေပါလား၊ ငါ ကွယ်ထားတဲ့အတားအဆီးတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ဒါဘယ်သူ့လက်ချက်လဲ၊ ဟင် မင်နီရာ ပြောစမ်း၊ ဘယ်သူ့လက်ချက်လည်းဆိုတာ"

မင်တားသည် စိတ်ဆိုးသောအမူအရာဖြင့် ပြောလိုက်သည်။ သူ့တစ်ကိုယ်လုံးလည်း တုန်ရီလျက်ရှိသည်။

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မဘာမှမသိဘူး ကျွန်မမျက်လုံးထဲမှာ အရင်အတိုင်းပါပဲ၊ ရှေ့မှာ နံရံကြီးတစ် ကာဆီးနေတယ်၊ ဘာမှမမြင်ရဘူး၊ အို. . ဘာဆိုဘာမှ မမြင်ရဘူး"

"မင်း. . တကယ်မမြင်ရဘူးလား. . မင်နီရာ၊ ဒါမဖြစ် နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ မင်းသိကိုသိရမယ်၊ မင်းကို ပြင် က လူတွေနဲ့အဆက်အသွယ်ပေးမလုပ်ခဲ့တာ ဘယ်လော ကြာခဲ့ပြီလဲ၊ အခုမင်းက စည်းကမ်းကိုဖောက်ဖျက်တာ ဟုတ်လား၊ မင်းကိုငါ ဒီအထဲမှာ ရာသက်ပန်ထားထား ရတယ်နော်"

"ရှင် ကျွန်မကို မခြိမ်းခြောက်ပါနဲ့၊ ကျွန်မဘာမှမ





ဘူးလို့ပြောထားပြီးပြီပဲ၊ ကျွန်မမျက်လုံးထဲမှာ အုတ်တံတိုင်း မည်းမည်းကြီးတွေလိုပဲ၊ မြင်နေရတယ်. ဒါပဲ"

"တောက်. . မင်နီရာ. . မင်နီရာ. . မင်းတော် တော် လည်တဲ့မိန်းခလေးပါလား၊ မင်း ငါ့ကို လှည့်စားလို့မရဘူး နော်၊ ငါ မင်းကို ဒီအထဲမှာ သည့်ထက်မကကြာအောင် ထား လို့ရတယ်ဆိုတာ မှတ်ထားပါ"

မင်တားသည် လွန်စွာမှ စိတ်ဆိုးသောအမူအရာဖြင့် ပြောလိုက်သည်။ ထို့နောက် အပြင်ဘက်ကို လှမ်းပြီးကြည့် နေလေ၏။ ကိုသာထူးသည် ဘီဒိုအကွယ်မှနေ၍ ချောင်း ကြည့်နေသည်ဖြစ်ရကား၊ မင်တားနှင့် မင်နီရာပြောဆိုနေကြ သည့် အဖြစ်အပျက်အလုံးစုံကို မြင်တွေ့နေလေ၏။ တခဏအ ကြာတွင် မင်တားသည် တစ်နေရာကို ပြန်ထွက်သွားသည်။ တစ်ယောက်တည်းကျန်ခဲ့သော မင်းသမီးလေး မင်နီရာသည် ကိုသာထူးရှိရာဘက်ကို ငေးရီကာ ကြည့်နေပြီးမှ သက်ပြင်း တစ်ချက်ချကာ အခန်းတစ်ခုထဲကို ဝင်သွားခဲ့လေ၏။

နေ့ဘက်တွင် ကြေးမုံမှန်ထဲ၌ ထူးခြားသောမြင်ကွင်း ကို မတွေ့ရ။ မိမိအခန်းထဲရှိ ပစ္စည်းပစ္စယအသုံးအဆောင် ပစ္စည်းများသာ၊ မှန်သားပြင်ပေါ်၌ ထင်ဟပ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်သော မှန်လေးထဲမှာ မြင်ကွင်းက ရှင်းလင်းလျက်ရှိ၏။ ကိုသာထူးသည် အတော်လေး ညဉ့်နက်ပိုင်းသို့ ရောက်ကာမှ အိပ်ပျော်သွားခဲ့သည်။ မနက်မိုးလင်းလာသောအခါ စားပွဲပေါ်မှာ ထောင်ထားသည့် မှန်လေးကို ချက်ချင်းလိုလိုပင် ထ,ကြည့်မိလိုက်သည်။ မှန်ထဲမှာ ထူးခြားမှုဘာမှမတွေ့ရ။ ထိုအခါ ညကအဖြစ်အပျက်များသည် တကယ်မှဟုတ်ရဲ့လား၊ အိပ်မက်လား၊ စသည့်ဖြင့် တွေးတောစရာ ဖြစ်လာခဲ့ရသည်။ မိမိပဲ စိတ်ကူးယဉ်ဆံနေတာလားဟု သံသယဝင်လာမိခဲ့လေသည်။ ကိုသာထူးသည် အပြင်ကိုလည်း မထွက်ဖြစ်တော့ပေ။

ဤသို့နှင့် ညဘက်ကိုရောက်လာခဲ့သည်။ အိမ်ခန်းထဲကိုဝင်လာခဲ့သည်။ အိပ်ယာထက်မှာ ခေတ္တလှဲနေရင်း စားပွဲပေါ်မှာ နံရံကိုမှီကာ ထောင်ထားသောမှန်ချပ်လေးကိုသာ ကြည့်နေမိသည်။ ည ခုနစ်နာရီကျော်လာခဲ့ပြီဖြစ်သော်လည်း ထူးခြားမှုမရှိသေးပါ။

"ငါ အိပ်မက်မက်ခဲ့တာပဲနေမှာပါ၊ တကယ်တော့ ဒီမှန်ချပ်လေးဟာ သာမန်မှန်လေးတစ်ချပ်ပဲ၊ ဘာမှထားခြားမှုမရှိပါဘူးလေ"





ထို့နောက် ရယ်ချင်စိတ်ဖြစ်ပေါ်လာမိသည်။ မကြာမီ အိပ်ပျော်သွားခဲ့လေ၏။ အချိန် မည်မျှကြာသွားခဲ့သလည်း မသိ။

➤➤➤➤➤

အိပ်မောကျနေသော ကိုသာထူး၏နားထဲတွင် တစ်ယောက်ယောက်ခေါ်သံလိုလို ကြားလိုက်ရလေသည်။

"ဒီ . . ဒီမှာရှင့်"

ထို့ကြောင့် မျက်ခွံတွေကို ဖွင့်ကြည့်မိလိုက်သည်။ စားပွဲဆီကိုလည်း ခေါင်းက အလိုလိုပင် လှည့်မိသွားခဲ့လေသည်။

ကိုသာထူး၏မျက်လုံးတွေသည် ဝိုင်းစက်သွားခဲ့ရလေ၏။ ကြေးမုံမှန်ချပ်သည် ပြောင်းလည်းလျက်ရှိနေလေပြီ။ မင်းသမီးကလေး မင်နီရာသည် ကိုသာထူးလို့ခေါ်နေသည်။ ခေါ်၍မရသောအခါ စိုးထိတ်မျက်ဝန်းတွေဖြင့် မျက်နှာအမူအရာပြောင်းလျက်ရှိသည်။ ကိုသာထူးသည် ကုတင်ထက်မှ အလျင်စလိုဖြင့် ဆင်းလိုက်သည်။ စားပွဲနားကိုတိုးကပ်သွားခဲ့လေသည်။ ကြည်လင်သောကြေးမုံပြင်မှာ မိန်းခလေး၏



www.burmeseclassic.com

www.burmeseclassic.com



လှပနုနယ်သော မျက်နှာကလေးကို အနီးကပ် မြင်တွေ့လိုက်ရလေ၏။

"ခေါ်လိုက်ရတာရှင်၊ ဒါလောက်တောင် အိပ်ရသလား၊ စိတ်ပျက်လိုက်တာ"

"ကျွန်တော်စောင့်ကြည့်နေပါသေးတယ်၊ ထူးခြားမှုမဖြစ်လာတာနဲ့ စိတ်လျော့မိလိုက်တာပါ၊ ဘယ်လိုအိပ်ပျော်သွားသလည်းမသိဘူး"

"ကဲပါ . . ထားပါတော့လေ၊ အခုအရေးကြီးနေပြီရှင့်၊ မင်တား . . ဒီမှာမရှိဘူး၊ အပြင်ကိုထွက်သွားတယ်၊ ဒါကျွန်မအတွက် အခွင့်အရေးပဲ၊ ကျွန်မကို ရှင် ကူညီနိုင်ဖို့ပဲ လိုတော့တယ်"

"ကျွန်တော်က ဘယ်လိုကူညီရမှာလဲ"

"ရှင်က အဝေးကြီးကနေ မရဲတရဲနဲ့ လှမ်းပြီးမေးတယ်၊ သတ္တိကလည်း နည်းလိုက်တာရှင်"

ကိုသာထူးမှာ မှန်အနားကို ပိုပြီးတော့ တိုးကပ်လိုက်ရသည်။ ချစ်စရာကောင်းသောမိန်းခလေး၏ မျက်နှာမှာ ပိုပြီးတော့ နီးကပ်လာခဲ့သည်။

"ဒီမှာ . . သေသေချာချာနားထောင်နော်၊ ရှင်ကြည့်





နေတဲ့ မှန်ကိုကျောဘက်ကနေ ဒါလေးနဲ့ပဲ ဖြစ်ဖြစ်၊ နည်းနည်းလေးခြစ်ပစ်လိုက်ပါ၊ လက်သည်းခွံလောက်အရာလေးပဲ ဖြစ်ဖြစ်ပေါ့၊ အလင်းပေါက်လေးတစ်ခုဖြစ်သွားလိမ့်မယ်၊ အဲဒီအပေါက်လေး ကွက်ကွက်ကလေးဖြစ်သွားခဲ့ရင် ကျွန်မထွက်လို့ရပြီ"

"ဟာ ဒါလောက်တောင်ပဲ လွယ်ရသလား၊ ကျွန်တော်လုပ်ပေးနိုင်တာပေါ့"

"ကဲပါ . . ဒါဆိုရင် မြန်မြန်ကလေးလုပ်ပါ၊ ဟိုလူကြီးက စိတ်ချရတာမဟုတ်ဘူး၊ သူက သိပ်ပြီးဉာဏ်များတယ်ရှင့်"

ကိုသာထူးသည် ချက်ချင်းပင် မှန်ချပ်ကလေးကို ယူလိုက်မည်ပြုစဉ်

"ဟား . . ဟား . . ဟား . . ဟား . . မင်တားကို ဒီလိုလှည့်စားလို့ဘယ်ရမလဲ၊ ဒီလိုအခြေအနေမျိုးတွေဖြစ်လာ လိမ့်မယ်ထင်လို့ ငါ ဘယ်ကိုမှမသွားပဲ ချက်ချင်းပြန်လှည့်လာခဲ့တာ"

ရုတ်တရက် မင်တားသည် အခန်းထဲကို ဝင်လာခဲ့လေသည်။

"အို . ."



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးမှာ အံ့အားသင့်သွားခဲ့ရလေသည်။ ရုတ်တရက်အထိတ်အလန့် အမူအရာမျိုးပြောင်းလည်းသွားခဲ့ရသည်။ မင်တားဝင်ရောက်လာလိမ့်မည်ဟု သူဘယ်လိုမှ မထင်မှတ်ခဲ့ပေ။ သို့သော် မင်းသမီးလေး မင်နီရာကား မိမိ၏ ရည်ရွယ်ချက်ကို မလျှော့တော့၊ နောက်ဆုတ်မသွားတော့ပါ။

"ဒီမှာ . . ရှင် ဘာကိုမှဂရုမစိုက်နဲ့၊ ကျွန်မပြောသလို သာလုပ်ပါ"

"ဟော့ကောင်. . မင်း. . မင်း သူခိုင်းတာကို လုပ်စရာ မလိုဘူး၊ မင်းနဲ့လည်းမဆိုင်ဘူး၊ မင်းဒီနေရာက ထွက်သွားစမ်း"

မင်တားက ကိုသာထူးကို မောင်းထုတ်လိုက်သည်။ ကိုသာထူးသည် ဒေါသမထွက်စဖူး ထွက်သွားခဲ့ပါလေ၏။

"ခင်ဗျားက မိန်းခလေးတစ်ယောက်ကို မတရားညှင်းပန်းထားတယ်၊ နည်းနည်းလေးမှ သီးမခံနိုင်ဘူး၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ပြီးတော့ ခင်ဗျားက ကျုပ်ကိုလည်း မောင်းထုတ်သေးတယ်"

ကိုသာထူးသည် မှန်ကိုကောက်ကိုင်လိုက်သည်။ မင်တားမျက်လုံးပြူးသွားခဲ့ရသည်။





"ဟော့. . ဟော့ကောင်၊ မင်း မလုပ်နဲ့. . မလုပ်နဲ့ အားလုံးဒုက္ခရောက်သွားခဲ့ကြလိမ့်မယ်"

"မဟုတ်ဘူး. . သူပြောတာကို လက်မခံနဲ့၊ ကျွန်မပြောသလိုသာ လုပ်ပေးပါ၊ လုပ်ပေးပါ"

မင်နီရာကလည်း အကြောက်အကန်ပင် တောင်းဆိုသည်။ ကိုသာထူးက မင်းသမီးလေးကို ကယ်တင်ရန် လက်ထဲမှ ဓါးကို မှန်နောက်မှာခြစ်ပစ်ရန် ရည်ရွယ်လိုက်သည်နှင့် အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့သည်။ ထုတ်တန်းပေါ်မှာ ပြေးနေသော ကြွက်တစ်ကောင်သည် ကိုသာထူး၏လက်ပေါ်သို့ အမှတ်မထင် ပြုတ်ကျလာခဲ့လေရာ. .

"အား. ."

အမှတ်တမဲ့ဆိုသလို လက်ထဲမှမှန်ချပ်သည် လက်မှ လွတ်သွားကာ တမံတလင်းပေါ်ကို ပြုတ်ကျသွားခဲ့လေတော့သည်။

"ခွမ်း"

"ဟာ. ."

"ဟင်. ."

မှန်ချပ်သည် လေးပိုင်းပိုင်းကာ ကွဲသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေး မင်နီရာသည် တစ်စသောမှန်ကွဲထဲမှာ ချာချာလည်လျက်ရှိသည်။ မင်တားကတော့ ရင်ထဲမှာ မှန်စတစ်စစူးကာ လဲကျသွားသည်။

"ရှင်. . ရှင် သေသေချာချာမလုပ်ဘူး၊ အခု ကျွန်မ. . ကျွန်မ အပြင်ကိုလည်း ထွက်လို့မရတော့ဘူး၊ မျောချင်ရာကို မျောတော့မယ်၊ အ. . အမှောင်ထုကြီးက ကျွန်မကို ဆီးပြီး ကြိုနေပြီ. . ကျ. . ကျွန်မ. ."

မင်နီရာသည် သွေးရူးသွေးတမ်းဖြင့် ရှိနေသည်။ ကိုသာထူးသည် မိမိကိုယ်မိမိ ကျိန်ဆဲမိလိုက်သည်။ ကြွက်တစ်ကောင် လက်ပေါ်ကို ပြုတ်ကျရုံနှင့်ပင် ထိုမျှအထိ သွေးကြောင်သွားခဲ့ရလေသလားဟု. .

"ကျ. . ကျွန်တော် ခင်. . ခင်ဗျားကို ဘယ်. . ဘယ်လို ကူညီလို့ရဦးမလဲဗျာ. ."

"မရတော့ဘူး၊ ဘယ်လိုမှ မရတော့ဘူး၊ ကျ. . ကျွန်မ အဆုံးအစမရှိတဲ့နေရာကို သွားရတော့မယ်၊ အမှောင်ထုကြီးက ကျွန်မကို ဆီးကြိုနေပြီ၊ အား. . ကယ်ပါ"

မင်နီရာသည် စူးရှစွာအော်လိုက်လေ၏။ သူမကို မမြင်နိုင်သော ဆွဲအားတစ်ခုက ရုတ်တရက်စုတ်မြိုသွားခဲ့





သည်။ ကိုသာထူးဆီကို လက်နှစ်ဖက်ဆန့်တန်းကာ အကူအညီတောင်းသည်။ သို့သော် သူမ၏ခန္ဓာကိုယ်လေးသည် လေထဲမြောက်တက်သွားကာ ခြေထောက်အစုံက နောက်ကိုပစ်ပြီး တရွေ့ရွေ့ဖြင့် ပါသွားခဲ့လေသည်။

"ကယ်ပါ. . ကယ်ပါ. . ကယ်ပါ"

မင်နီရာ၏အသံက တိမ်ဝင်သွားခဲ့သည်။ ဝေးသထက်ဝေးသွားခဲ့သည်။ နောက်ဆုံး အမှောင်ထုကြီးထဲမှာ နစ်ဝင်ပြီး ပျောက်ဆုံးသွားခဲ့လေသည်။

"မင်နီရာ. . မင်နီရာ"

ကိုသာထူးသည် မှန်ကွဲစလေးကိုကြည့်ပြီး အသံကုန်အော်ခေါ်မိလိုက်လေတော့သည်။

"မင်နီရာ. . မင်နီရာ. . မင်နီရာ"

ကိုသာထူး အိပ်ပျော်နေရာမှ လန့်ပြီး နိုးလာခဲ့သည်။ အိပ်ယာထက်မှ ထပြီး ထိုင်မိလိုက်သည်။ သူသည် ချောက်ချားမှုဒဏ်ကို ခံစားနေရသည်။ သူ ဘာဖြစ်လို့ ဖြစ်မှန်းမသိခဲ့ပါ။ စိတ်ထဲမှာတော့ မင်နီရာ၊ မင်နီရာဟုပင် ပွဲတင်ထပ်ကာခေါ်နေမိသည်။ ထို့နောက် တစ်ခုခုကို သတိရသွားပြီး ကုတင်အောက်ကို ငုံ့ကြည့်မိလိုက်သည်။ မှန်လေးတစ်ချပ်ဟာ လေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်စိတ်ကာ ကွဲကြေလျက်ရှိ နေသည်ကို တွေ့လိုက်ရသည်။ မိမိကြုံခဲ့သည်မှာ တစ်ကယ်လား၊ အိပ်မက်လား၊ မှန်ချပ်က လေးကို စွဲလန်းပြီး အိမ်မက်တွေ့ တောက်လျှောက် မက်ခဲ့ သည်ပဲလား။ အိပ်မက်ဖြစ်စေဦးတော့၊ မင်းနီရာအမည်ရှိ အီ ဂျစ်မင်းသမီးလေး၏သနားစရာအဖြစ်ကို မေ့ဖျောက်၍မရ တမ်းတမိနေဆဲ၊ သတိရနေဆဲပင်။ ထို့အပြင် ကိုသာထူး မသိ သေးသည့်အချက်တစ်ခုက သူ့ကိုမှန်လေးတစ်ချပ် လက် ဆောင်ပေးခဲ့သော,ကုလားအဖိုးကြီးသည် နယ်မှာ ကားအက် စီဒင့်ဖြစ်ကာ သေဆုံးသွားခဲ့သည်။ ကားရှေ့ခန်းကလိုက်ခဲ့ သည်ဖြစ်၍ ကားမှန်ကွဲကာ ရင်ဝမှာ မှန်ကွဲစူးပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့သည့်အဖြစ်၊ သို့ဆိုပါလျက် ပုဏ္ဏာဆန်သော ကြေးမုံတစ်ချပ်ရဲ့ ပဟေဠိ. . . သည်ကား. . . ။ ။



# ဗိဏ္ဍာည

ကျွန်ုပ်သည် လွန်ခဲ့သော အနှစ်သုံးဆယ်နီးပါး လောက်က အလယ်ရိုးမတောနက်ကြီးထဲမှာ ဖြစ်ပျက်ခဲ့ သည်။ ယခုထက်ထိ အဖြေမှန်ကို မသိသေးဘဲ ရှိနေသည်။

ကျွန်ုပ်တွေ့ကြုံခဲ့ရသည့် သွေးဖျက်စရာညတစ်ညကို ပြန်ပြောင်းပြီး ပြောပြရသည်ရှိသော်. . .

"ဟာ. . စံကျ၊ ဆိုင်းမဆင့် ဗုံမဆင့်ကွာ၊ လာမယ်ဆို ရင်လည်း ငါ့ကိုကြိုပြီးတော့ အကြောင်းကြားလိုက်ရောပေါ့ ကွာ၊ ငါ. . ဘူတာကို လာကြိုမှာပေါ့"

ထွေးမောင်သည် ခြံထဲကို ဝင်လာသည်။ ကျွန်ုပ်ကို သူမ်းမြင်လိုသည်နှင့် ဟျာယာခတ်သွားကာ ပြေးလာကြိုသည်။ ခုံးထက်မှ အဝတ်အစားအိတ်ကို လှမ်းယူလိုက်သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် အိမ်ပေါ်ကို ခေါ်သွားခဲ့လေသည်။ ထိုနေ့ညက ထွေးမောင်ကိုယ်တိုင် ယာခင်းထဲမှာ ပစ်ခတ်ခဲ့သော တောဝက်သားဟင်းနှင့် ဝမ်းတွင်းကလီစာကြော်၊ စနိုက်ကြော်တို့ဖြင့် ထမင်းမြိန်မြိန်စားခဲ့ရလေသည်။ ထွေးမောင်၏နှမ နှင်းနှင်းလည်း လွန်စွာမှ ဟင်းချက်ကောင်းသူဖြစ်၏။

"ဘယ်နယ့်လဲ. . စက္က၊ ငါ့ညီမ နှင်းနှင်းရဲ့လက်ရာကို မင်း စားလိုက်ရတော့ လျှာလည်သွားပြီ မဟုတ်လား"

"အေးကွာ၊ နှင်းနှင်းက တော်တော်ဟင်းချက်ကောင်းတာပဲ၊ ကျွန်တော်တော့ ဆန်နှစ်လုံးချက်လောက်ကို ဗိုက်ထဲရောက်သွားသလား မပြောတတ်ဘူး"

"ကိုစက္က. . ထမင်းစားမြိန်တယ်ဆိုရင် နှင်းနှင်းဝမ်းသာပါတယ်"

နှင်းနှင်းက ချစ်စဖွယ်အပြုံးလေးဖြင့် ပြောသည်ကို ကျွန်ုပ်၏နှလုံးသားထဲမှာ စွဲမက်သွားခဲ့ရလေသည်။ သို့သော် သူငယ်ချင်းရှေ့မှာမို့ ကြွေ့ရွသိက္ခာကို ထိမ်းသိမ်းလိုက်ရသည်။ နှင်းနှင်းကလည်း ကျွန်ုပ်ကို လူအလစ်မှာ ခိုးခိုးပြီးတော့ ကြည့်တတ်သည်။

ထွေးမောင်တို့ မောင်နှမ၏ မိဘများမှာ ရွာထဲမှာ





အနေနည်းသည်။ တောင်ယာထဲမှာ အနေများ၏ ရိုးမတောင်ခြေနှင့် မနီးမဝေးမှာ တည်ရှိနေသော ရွာကလေးဖြစ်၍ ညနေဘက်ကို ရောက်လာကတည်းက အအေးဓါတ်ကပိုလာခဲ့သည်။ တရိပ်ရိပ်ဖြင့် တက်လာခဲ့လေသည်။ ညဘက်မှာ အိမ်အပြင်ဘက်တွင် မနေနိုင်ကြတော့၊ အိမ်ထဲမှာပဲ နေကြသည်။

မီးလင်းဖိုကြီးထဲမှာ မီးအရှိန်အားက ကောင်းသဖြင့် အပူဓါတ်ကို လုံလောက်စွာရနေသည်။ ကျွန်ုပ်သည် သေရည်သေရက်ကို ရှောင်ထားသောကြောင့် ထွေးမောင်က မတိုက်ဝံ့ပါ။ သူလည်း ကျွန်ုပ်နှင့် နှင်းနှင်းရှေ့မှောက်မှာ မသောက်ပါ။ နှင်းနှင်းသည် အိပ်ယာထဲ အစောကြီးဝင်သွားခဲ့သည်။ မနက်ဖက် ကျွန်ုပ်တို့တောလည်ထွက်မည့်အတွက် နံနက်စောစောထ,ပြီး ချက်ပြုတ်ပေးရဦးမည်ဖြစ်၏။ ကျွန်ုပ်တို့နှစ်ယောက်လည်း စကားကောင်းနေကြလေရာ အတော်ကာလေး ညဉ့်နက်မှ အိပ်ဖြစ်ခဲ့ကြလေသည်။

➤➤➤➤➤



www.burmeseclassic.com

www.burmeseclassic.com



မနက် လေးနာရီတွင် အိပ်ယာမှ ထကြသည်။ ရွာဦးကျော်မှ အုံးမောင်းခေါက်သံကြောင့် ဖြစ်၏။ ထွေးမောင်သည် မည်သည့်အချိန်ကတည်းက နိုးနေလည်း မပြောတတ်၊ ကျွန်ုပ်ကို မနှိုးဘဲ ထသွားသည်။ ကျွန်ုပ်ခရီးပန်းလာခဲ့၍ သက်ညာဟန်ထူပါသည်။ သို့သော် ကျွန်ုပ်သည် နေမြင့်အောင်အိပ်တတ်သူမဟုတ်ပါ။ နှင်းနှင်းကလည်း မီးဖိုခန်းထဲမှာ ချက်ပြုတ်ပြီးစီးလုပေပြီ။

အအေးဓါတ်က မိုးလင်းပိုင်းအထိ သိပ်သည်းနေတုန်း၊ ကျွန်ုပ်မှာပါလာသော အနွေးထည်နှင့်မလုံလောက်၍ မွေးပွစောင်ကြီးတစ်ထည်ကိုပင် ပတ်ထားရပေသည်။ ကျွန်ုပ်မျက်နှာသစ်ရန် နှင်းနှင်းက ရေနွေးနှင့် စပ်ပေးသည်။

နှင်းနှင်းက ငှက်ပျောဖက်နှင့် ထမင်းထုတ်ပေးသည်။ ထို့ကြောင့် ဝေလီဝေလင်းအချိန်မှာပင်လျှင် သုံးယောက်သား အိမ်မှ ထွက်လာခဲ့ကြလေသည်။ အပြင်သို့ရောက်ပြီး တစ်နာရီနီးပါးလောက် ထပ်လျှောက်မှ ယာခင်းထဲကို ရောက်လာခဲ့သည်။

မိုးလည်း လင်းလုနီးပါး ရှိခဲ့လေပြီ၊ ယာတဲအိမ်တွင် ထွေးမောင်နှင့် နှင်းနှင်းတို့၏ မိဘနှစ်ပါးနှင့်အတူ လူငယ်နှစ်





ယောက်ကို တွေ့လိုက်ရသည်။

ထွေးမောင်က မိဘနှစ်ပါးနှင့်ရော၊ လူငယ်နှစ်ဦးနှင့်ပါ မိတ်ဆက်ပေးသည်။

“အဖေ. . သူက ကျွန်တော့် သူငယ်ချင်း စက္ကပါ၊ အလုပ်ကခွင့်ယူပြီးတော့ လာလည်တာ၊ ကျွန်တော်တို့ ဒီမနက် တောလည်ထွက်ကြမလို့”

“ဟေ့. . မနေ့ကပဲ ရောက်တယ်၊ ဒီမနက်တောလည်ထွက်ကြတော့မလို့လား၊ ခရီးပန်းလာတာ၊ တစ်ရက်လောက်နားပါဦးလား”

“ရပါတယ်ဦး၊ ကျွန်တော် ညက အိပ်ရေးဝခဲ့လို့ အားရှိနေပါပြီ”

“အင်း. . မင်းတို့လူငယ်တွေက စိတ်ဆန္ဒ သိပ်ကြီးသကိုး၊ ကဲ. . ပြေည့်နဲ့ ဖိုးမောင်တို့က သူတို့နဲ့ လိုက်သွားကြပါလား၊ အဖော်ရတာပေါ့ကွယ်”

“ဟုတ်ကဲ့၊ ညည့်သည်အတွက် လိုအပ်လို့လိုက်သွားမယ်”

ထိုသူနှစ်ယောက်သည် ယာခင်းထဲဝင်ပြီး စောင့်သောက်ကြသော တောဝက်များကို ညစောင့် အိပ်ပြီး ပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ကြသူများဖြစ်ကြသည်။ သို့သော် သူတို့စောင့်အိပ်သည့်ညမှာ မှ တောဝက်က မလာကြ၊ ကျွန်ုပ်.အကဲခတ်မိသည်မှာ ပြည့် နှင့် ဖိုးမောင်တို့သည် လွန်စွာမှ အွက်လက်ပြီး၊ ဖျက်လတ် ကြသည်။ ထွေးမောင်တို့နှင့် ဆွေရိပ်မျိုးရိပ်မကင်းဟုလည်း သိရသည်။

ယာထဲမှ ကောက်ညှင်းငချိတ်ပေါင်းနှင့် ဆတ်သား ကျတ်တိုက်ကြော်ကို ရေနွေးကြည်နှင့် အဝအဆာပြေစား သောက်ခဲ့ကြပြီးသည့်နောက်. . လေးယောက်သား ထွက် လာခဲ့ကြလေသည်။ ဒူးလေးကိုယ်စီနှင့် ဖြစ်ကြသည်။ ကျည် တောက် အသီးသီးမှာ မြားတံတွေကလည်း အပြည့်ရှိကြ သည်။

တောလိုက်အတွေ့အကြုံရှိကြသူများချည်းပင် အထူးသဖြင့် တောထဲမှာ မှိုဝဲကြရန် တောအရက် သုံးပုလင်း ကိုလည်း ဖိုးမောင်နှင့်ပြည့်တို့က လူကြီးတွေမသိကြစေရန် ဝှက်ပြီးယူလာခဲ့ကြသေးသည်။ သူတို့နေထိုင်ရာ ပတ်ဝန်းကျင် နှင့် သဘာဝအရ အအေးဓါတ်ကို ကာကွယ်ရန် ယမကာမှိုဝဲ မှ အဆင်ပြေပေလိမ့်မည်။ အရက်ကြိုက်တတ်သောသူများ ကိုလည်း ကျွန်ုပ်မဝေဖန်လိုပါ။





ထွေးမောင်တို့နေထိုင်ရာ တောင်ညိုရွာကလေး သည် ပဲခူးတိုင်းထဲမှာ တည်ရှိလေသည်။ ရိုးမတောင်ကြီးကို မော့ပြီးကြည့်ရလောက်အောင်ပင် တောင်ကြီးနှင့် လွန်စွာမှ နီးကပ်လှသည်။ တောဆင်ရိုင်းကြီးများ၊ ဟင်း မျိုး(ကျား) ရဲ ကြီးများ မကြာခဏ ရွာဘက်ကို လာတတ်ကြသောကြောင့် သတိထားပြီး နေကြရလေသည်။ ရွာစည်းရိုး၊ အိမ်ခြံစည်းရိုး ကြီးများကို မြင့်မားခိုင်ခံ့စွာ ကာရံထားကြရသည်။ အထူးသ နှင့် တောဝက်များ၊ မျောက်များက ယာခင်းထဲကို ဝင်ရောက် နှောက်ယှက်တတ်ကြသည်။

တောဝက်များသည် သီးနှံများကို ဖျက်ဆီးစား သောက်ကြသည်။ မျောက်များကတော့ ကြံ၊ ပြောင်းဖူးများ ကို ကိုယ်တိုင်လည်း စားသောက်ကြသည်။ မိမိတို့ မိဘ၊ ဇနီး၊ သားသမီး၊ ဆွေမျိုးများအတွက်လည်း သယ်ဆောင်သွား တတ်ကြသေးသည်။ ထို့ကြောင့် ရွာသူရွာသားများမှာ ည အချိန်တွင် ယင်းသတ္တဝါများကို ယာခင်းထဲမှာ စောင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမြောင်းပစ်ခတ်ကြရသည်။ ထောင်ချောက်များဆင်ဖြ ဖမ်းကြလေသည်။

တောထဲသို့ ဝင်စပြုသောအချိန်တွင် မိုးလင်းလာခဲ့ ပြီဖြစ်သည်။ ကျွန်ုပ်သည် သူတို့နှင့်အတူ ခြေလှမ်းညီညီနှ ယှဉ်ပြီး လိုက်လာနိုင်သည့်အတွက် အံ့အားသင့်နေခဲ့ကြလေ သည်။ ကျွန်ုပ်ကား လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်း ခရီးကြမ်းများကို သွားလာရခြင်း စသည့်အလုပ်များကို ဝါသ နာကြီးခဲ့သည်မှာ ငယ်စဉ်ကတည်းက ဖြစ်သည်။ အလေ့အ ကျင့်လည်း ရှိနေခဲ့လေပြီ။

"ငါတို့ တာလီရိုးပေါက်ကို သွားကြမယ်၊ အဲဒီမှာ ချော်တော်တော်ပေါတယ်၊ သူတို့ကြိုက်ကြတဲ့ ဇီးဖြူသီးတွေက လည်း ရှိနေကြတာကိုး"

"ထွေးမောင်. . တာလီရိုးပေါက်ကို သွားလို့ဖြစ်ပါမ လားကွ"

"ဘာဖြစ်လို့လည်းကွ၊ ပြေည့်. . "

"ဟို. . ဟို. . ညောင်ကြက်မြောင်ကြီး နဲ့နီးလို့"

"ဟာကွာ၊ သူဖာသာသူ နီးနီးပေါ့ကွာ၊ ဒါပေမယ့် ငါတို့က တာလီရိုးပေါက်ကိုပဲ သွားကြမှာပဲဟာ"





"အေးပါကွာ၊ ညောင်ကြက်မြောင်ကြီးဘက်ကို ကျွံ မိုးရောက်မသွားရင် ပြီးတာပဲ"

"ပြေည့်ရာ. . မင်းနှယ်၊ ဖြစ်မှဖြစ်ရလေ"

ကျွန်ုပ်သည် သူတို့ပြောဆိုနေကြသည့်စကားထဲက ညောင်ကြက်မြောင်ကြီးဆိုသည့်အမည်ကို ကောင်းစွာမှတ် သားထားမိလိုက်သည်။ ထွေးမောင်က ပြေည့်ကို တာန့်လိုက် ရာတွင် ကျွန်ုပ်မသိစေချင်သည့် သဘောလည်း ပါသည်။ ညောင်ကြက်မြောင်ကြီးသည် ပြေည့်မသွားပဲ တားဆီးရ လောက်အောင် မည်သို့သော ဆိုးကျိုးများရှိနေကြလေ သနည်း။

သူတို့သုံးယောက်က ဒူးလေးကိုယ်စီ၊ ဓါးကိုယ်စီဖြ လာကြသော်လည်း ထွေးမောင်က ကျွန်ုပ်ကို ဓါးရှည်တစ် လက်ကိုသာ ပေးထားသည့်။ မည်သို့ပင်ဆိုစေ တောထဲ တောင်ထဲမှာ လက်ထဲတွင် လောက်ကိုင်ထားရသည် ဆိုလျှင် ပင် အားရှိလှပါပြီ၊ မဆိုးရှာသေး။

ကျွန်ုပ်သည် သက်လုံကောင်းရှာသူပီပီ တောထဲသို့ သုံးဖာလုံခန့်တောက်လျှောက်ဝင်လာခဲ့သော်လည်း မောပန်း သည်ဟူ၍မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ရောက်သော် ရှေ့ဆုံးမှသွားနေသော ထွေးမောင်သည် လက်ကိုထောင်ပြလိုက်သည်။ အကြောင်းထူးလေပြီ၊ ကျွန်ုပ်တို့လည်း ကိုယ်ရှိန်သတ်လိုက်ကြရသည်။

"ရှေ့မှာ . . တာလီရိုးပေါက်ပဲ၊ ခြေသံ၊ လူသံ မထွက်နဲ့၊ သတိထားကြ"

ထွေးမောင်က လေသံဖြင့်သတိပေးလိုက်သည်။ ကျွန်ုပ်သည် တာလီရိုးပေါက်ဆိုသည့်နေရာကို လှမ်းပြီးကြည့်မိလိုက်သည်။ ကျွန်ုပ်တို့ရပ်နေကြသည့် နေရာမှ ပေတစ်ရာလောက်သာ ကွာဝေးတော့သည်။ အနိမ့်ပိုင်းနေရာမှာ တည်ရှိသည်။ ယင်းနေရာတွင် တောကပိုပြီးတော့ ထူထပ်သည်။ သစ်ပင်ကြီးတွေ တစ်ပင်နှင့်တစ်ပင် ပိုပိုနီးကပ်စွာပေါက်ရောက်နေကြသည့်နေရာ . . ။

ထွေးမောင်သည် အရိပ်အခြည်ကို ခေတ္တခဏစောင့်ပြီး ကြည့်သည်။ ထို့နောက် လက်ဖန်ပြကာ ကုန်းစောင်းလေးအတိုင်း အောက်ကိုဆင်းသွားခဲ့သည်။ ကျွန်ုပ်တို့လည်း လိုက်ပြီး ဆင်းသွားခဲ့ကြလေသည်။ အောက်သို့ရောက်သော် ပိုပြီးအေးကနဲ့ စိမ့်ကနဲ အတွေ့လို ခံစားလိုက်ရသည်။ ခရီးတောက်လျှောက်နှင်ခဲ့ရ၍ ခန္ဓာကိုယ်ထဲမှာ အပူဓါတ်ရနေ၍





တော်ပေသေးသည်။

တာလီရိုးပေါက်ထဲကို ဝင်ရောက်လာခဲ့ကြလေပြီ။ ဤနေရာသည် ချောင်းသွယ်လေးတစ်ခုမသိမသာစီးဆင်းလျက်ရှိနေသည်ကို အံ့အားသင့်ဖွယ်ရာ မြင်တွေ့လိုက်ကြရသည်။ စမ်းချောင်းမဟုတ်ပေ။ ချောင်းလက်တက်တစ်ခု ဖြစ်နေသည်။

အဲတော်ခပ်လှမ်းလှမ်းတွင် မည်းမည်းသဏ္ဍာန်အချို့သည် လှုပ်ရှားလျှက်ရှိကြသည်။ ဒရယ်အချို့ ရေဆင်းသောက်နေကြခြင်းပင်။ ထို့အပြင် ကမ်းသည် နုံးတင်ကာ ခြောက်သွေ့သောအခါ ဆားပွင်းလေးများ ဖြစ်ပေါ်လာကြသည်။ ဒရယ်အချို့သည် ဆားပွင့်လေးများကို လျက်နေကြသည်။

ဤနေရာသည် တောတွင်းတိရစ္ဆာန်များအတွက် ရေသောက်ဆင်းရာနေရာ၊ ဆားလျက်ရာနေရာပင် ဖြစ်သည်။ သုံးယောက်စလုံး ဒူးလေးညှို့မှာ မြားတို့တင်ထားလိုက်ကြပြီ၊ ရှေ့ကို တွားသွားကြလေသည်။ ကျွန်ုပ်သည်လည်း ခြေသံလုံလုံဖြင့် လက်မှာလည်း ဓါးကတစ်ဖက်ကို ကိုင်ကာ တွားသွားရသည်။ သူတို့သုံးယောက်က ကျွန်ုပ်ထက်ပို့ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ကြလေသည်။ သုံးယောက်စလုံးသစ်ပင်နီးမှာကပ်လိုက်ကြသည်ကို မြင်တွေ့လိုက်ရသည်။ မကြာမီ ဒူးလေးပစ်သံများက ဆက်တိုက်လိုလိုပင် ထွက်ပေါ်လာခဲ့ကြလေသည်။

"ဖောင်း. . ဖောင်း. . ဖောင်း"

ဒရယ်နှစ်ကောင်သည် ရေစပ်မှာ တိုးကန်ပစ်လဲပြီး ကျသွားခဲ့သည်ကို ကျွန်ုပ်မြင်တွေ့လိုက်ရသည်။ ထို့ကြောင့် ခပ်လှမ်းလှမ်းမှာ နေနေသော ကျွန်ုပ်သည် ထိုနေရာကို ပြေးသွားခဲ့လေ၏။ ဒရယ်သုံးကောင်အနက် တစ်ကောင်က မပစ်ခတ်မီ ထွက်ပြေးသွားခဲ့သည်။ တစ်ကောင်းက မြားတစ်စင်းထိမှန်သွားပြီး၊ ကျန်တစ်ကောင်က မြားနှစ်စင်းထိမှန်ထားလေသည်။ ဖြစ်ပုံမှာ သုံးကောင်စီတန်းပြီး ရေသောက်နေကြရာတွင် နှစ်ကောင်က ယှဉ်ပြီးရပ်နေသလိုရှိနေကြသည်။ ထို့ကြောင့် တစ်ကောင်က အကြောင်းတစ်ခုခုကြောင့် ထွက်ပြေးသွားခဲ့ရာတွင် ယှဉ်လျက်ရှိနေသော ဒရယ်ကို မြားတံများက စုပြုပြီးတော့ ဝင်သွားခဲ့ခြင်းပင်ဖြစ်လေ၏။ မြားတစ်စင်းတည်းထိသွားသောအကောင်သည် ထွေးမောင်ပစ်လိုက်သောအကောင်ဖြစ်သည်။

"သုံးကောင်တောင်ကွ၊ တစ်ကောင်ကတော့ ကံ





ကောင်းလို့လွတ်သွားတယ်၊ ငပြည့်နဲ့ ဖိုးမောင်ပစ်လိုက်တာတစ်ကောင်တည်းကို လာမှန်ကြတယ်"

"မဟုတ်ဘူး. . ထွေးမောင်၊ အမှန်မှာ ငါက ထွက်ပြေးသွားတဲ့အကောင်ကို သေသေချာချာချိန်ပြီးသား၊ ပစ်လည်းပစ်လိုက်ရော. . အကောင်ကထွက်ပြေးတယ်၊ သူ့ဘေးနားက အကောင်က ရှေ့ကိုအတိုးမှာ ငပြည့်ရဲ့မြားက ငါပစ်လိုက်တဲ့အကောင်ကို လာထိတာပဲ၊ ဟုတ်တယ်မဟုတ်လား၊ ငပြည့်"

"အေး. . ဟုတ်တယ်၊ ဖိုးမောင်. . မင်းပြောသလိုဖြစ်သွားခဲ့တာပဲကွ"

ငပြည့်က သေဆုံးနေကြသော ဒရယ်နှစ်ကောင်၏ ဒကောက်ကြောကို ဓါးဖြင့် ဖြတ်မည်မပြုမှာ မထင်မှတ်မိသော အခြေအနေတစ်ခုကို ကြုံတွေ့လိုက်ရလေ၏။ ဒရယ်နှစ်ကောင်စလုံးသည် မြားတံတန်းလန်းနှင့်နေရာမှ ရုတ်တရက် ထ,ပြေးသွားခဲ့ကြခြင်းပင် ဖြစ်သည်။

"ဟာ သေပြီထင်နေတဲ့ ဒရယ်တွေ ထ,ပြေးသွားကြပြီ၊ သေချင်ယောင်ဆောင်နေကြတာလား မသိဘူး၊ လိုက်. . လိုက်ကြဟေ့. . မြန်မြန်. . ."



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကြောင်ပြီးကြည့်နေကြသေးသည်။ နောက်တော့မှ သတိရသွားကြကာ စုပြုံပြီး ပြေးလိုက်သွားကြရလေတော့သည်။ ကျွန်ုပ်သည် လူငယ်ပီပီ မခံချင်စိတ်နှင့် ဓါးကိုဆွဲကာ တောနင်းပြီးလိုက်ရလေတော့သည်။ ဒရယ်နှစ်ကောင်သည် ကျွန်ုပ်တို့ကို အယောင်ပြပြီး ပြေးသကဲ့သို့ ပြေးသည်။ ကျွန်ုပ်တို့သည် ဒရယ်များနှင့် မျက်ခြည်ပြတ်မသွားကြပေ။ သစ်ပင်ကြိုကြားမှာ ခြုံတွေကြားမှာ ပြေးသွားနေကြသည်ကို ကောင်းစွာမြင်နေရလေသည်။ ဆိုရလျှင် ကျွန်ုပ်တို့သည် ဒရယ်များပြေးနေကြသလောက် ပြေးနေကြခြင်းပင်၊ ဒရယ်များသည် ဒဏ်ရာကြောင့် တို့ထက်ပိုပြီး မပြေးနိုင်ကြသဘော၊ ကျွန်ုပ်တို့သည်လည်း ဒဏ်ရာရထားသော ဒရယ်များထက်ပိုပြီး ပြေးနိုင်ကြရမည်မဟုတ်သလော။ သို့သော် မပြေးနိုင်ကြ၊ မည်သည့်အကြောင်းကြောင်းကြောင့်ပါလဲ၊ စဉ်းစား၍မရနိုင်။

ထိုသို့ ပြေးရင်းလွှားရင်းဖြင့် လူစုကွဲသွားခဲ့ကြသည်။ ကျွန်ုပ်နှင့်ထွေးမောင်က တစ်ဖွဲ့ဖြစ်သွားခဲ့ရပြီ။ ပြေည့်နှင့်ဖိုးမောင်တို့က တစ်ဖွဲ့ဖြစ်သည်။ သူတို့နှစ်ယောက်သည် မည်သည့်နေရာကို ရောက်သွားကြမှန်းမသိကြတော့ပေ။





ကျွန်ုပ်တို့သည် ဒရယ်သေနှစ်ကောင်ကို ခပ်လှမ်းလှမ်းရှိ တောင်ပို့ကြီးတစ်ခုနားမှာ တွေ့လိုက်ကြရသည်။ လဲကျနေပုံများမှာ အစကနဦးက မြားဒဏ်သင့်၍ လဲကျနေပုံအတိုင်းပင်ဖြစ်သည်။ အံ့အားသင့်စရာပင်. .

"ဟိုကောင်တွေလည်း ဘယ်ရောက်သွားလဲမသိဘူး"

မောမောနှင့်အနီးရှိသစ်ပင်ကြီးတစ်ပင်အောက်မှာ ခြေပစ်လက်ပစ်ဖြစ်သွားခဲ့ကြသည်။ ထွေးမောင်သည် သစ်ပင်ကြီးကို မှီပြီးလှဲနေရာက ပတ်ဝန်းကျင်ကိုလေ့လာလိုက်သည်။ ထို့နောက် သူ အမှတ်တမဲ့ ပြောလိုက်သည်က. .

"ဒါ ညောင်ကြက်မြောင်ကြီးပဲ"

➤➤➤➤➤

"ဝူး. . ဝူး. . "

မကြာမီ တောတွင်းတစ်နေရာက ထွက်ပေါ်လာသော တဝူးဝူးနှင့်အသံများကို ကြားလိုက်ကြရသည်။ တစ်ယောက်နှင့်တစ်ယောက် အချက်ပေးကာ ခေါ်လိုက်ကြသော အသံများပင်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲတွင် လူချင်းကွဲနေကြလျှင်သော်လည်းကောင်း၊ လုပ်ငန်းခွင်သို့ပြန်လာကြလျှင်သောလည်းကောင်း၊ လူနာမည်ကို မခေါ်ကြပေ။ ဤသို့ အချက်ပေးကာ ခေါ်ကြရသည်။ အယူအဆအရ ကျတ်များက အယောင်ဆောင်ပြီး ခေါ်ကြမည်စိုးသောကြောင့်ပင်။ ဤသို့ လူနာမည်ခေါ်သည်ကို ကျတ်တွေက မှတ်သားထားပြီး လိုက်ခေါ်ခဲ့လျှင် သေဆုံးတတ်သည်ဟု ဆိုကြသည်။

"ဟိုကောင်တွေများလား မသိဘူး"

"ဟူး . . ဟူး . ."

ထွေးမောင်က လိုက်ပြီးအသံပြုလိုက်သည်။ ထိုအခါ တစ်ဖက်မှလည်း အသံပေးပြန်လေသည်။ ဤသို့ တစ်လဲစီ အသံပြုရင်းဖြင့် နီးကပ်လာခဲ့ကြလေသည်။ တခဏအကြာတွင် လူနှစ်ယောက်က တောခြုံတစ်ခုထဲမှ ဘွားကနဲဆို ပေါ်လာခဲ့ကြသည်။

"ဟုတ်တယ်ကွ . . သူတို့နှစ်ယောက်ပဲ"

ဖိုးမောင်နှင့်ငပြည့်တို့ကလည်း သူတို့ကိုတွေ့သွားခဲ့ကြသည်။ ဝမ်းသာအားရဖြစ်သွားကြဟန်တူသည်။ ခြေသံတဖုတ်ဖုတ်နှင့်ပြေးလာခဲ့ကြလေသည်။





"ငါက မင်းတို့နှစ်ယောက်ကို စိတ်ပူနေတာကွ"

"ငါတို့လည်းပဲ ခြေ့သည်ပါနေလို့ ပူနေတာပဲကွ၊ ကိုစက္က တစ်ယောက်တည်း တစ်ကွဲတစ်ပြားစီး ဖြစ်သွားရင် ဘော်တော်ရှာရခက်မယ်"

ငပြည့်က မျက်စိမျက်နှာပျက်နေသည်။ ကျွန်ုပ်တို့ ရောက်နေသည့်နေရာသည် သူတို့သတိထားပြီးပြောနေကြသော ညောင်ကြက်မြောင်ကြီးဖြစ်နေသောကြောင့်ဟု နောက်မှ သိရသည်။ ညောင်ကြက်မြောင်ကြီးကို မည်သည့်အကြောင်းကြောင့် ကြောက်နေကြရပါသလဲ။

"သတ္တဝါနှစ်ကောင်က ဒီမှာလဲနေကြတာကိုး၊ ဘော်ဘော်ဒုက္ခပေးကြတဲ့ ကောင်တွေ၊ ကဲ ငါတို့ဒီနေရာက သွားကြရအောင်"

ဖိုးမောင်က ဒရယ်နှစ်ကောင်၏ ဒကောင့်ကြောများကို လှီးဖြတ်လိုက်သည်။

ထို့နောက် ခြေဘက်များကို ပူး၍ ချည်နှောင်သည်။ ငပြည့်နှင့် ဖိုးမောင်တို့သည် ဒရယ်သေတစ်ယောက်တစ်ကောင်စီ ထမ်းလိုက်ကြသည်။ ထို့နောက် ယင်းနေရာမှ ထွက်လာခဲ့ကြသည်။ (ကျွန်ုပ်သည် အမဲကောင်များကို ရရှိခဲ့ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ပြန်ရောက်၊ ကိစ္စပြီးမြောက်ခဲ့ပြီဟု နားလည်လိုက်သည်။ သို့သော် အခြေအနေကား ထိုမျှနှင့်ပြီးဆုံးမသွားခဲ့ပါ။)

"ဟော့ကောင်တွေ. . ငါတို့ထွက်လာခဲ့တာကြာပြီ၊ ညောင်ကြက်မြောင်ကြီးထဲက တို့မထွက်နိုင်ကြသေးပါလား ကွ. . တော. ."

ထွေးမောင်က လမ်းမှာရပ်ပြီးတော့ ပြောလိုက်သည်။ ပတ်ဝန်းကျင်ကိုလည်း ဟိုဟိုဒီဒီ လိုက်ကြည့်ပြီး ကြံရာမရ ဖြစ်သွားပုံရသည်။

"ငါ. . ဟောဒီ. . တောင်ပိန္နဲပင်ကြီးကို အမှတ်အသားလုပ်ထားတာ ထွေးမောင်၊ ဒီအပင်ကြီးရဲ့အနောက် မြောက်ဘက်နားမှာက သစ်ပင်ကြီးရှိတယ်၊ အဲဒီက သစ်ပင်ကြီးရဲ့ဘေးနားက လမ်းဟာ သစ်ခုတ်သမားတွေသွားနေကြ လမ်းပဲ၊ အခုက သစ်ပင်ကြီးကိုလည်း ဒီကနေလှမ်းကြည့်ကာ မတွေ့ရဘူး"

"ဟာ. . မဟုတ်သေးပါဘူး. . ပြည့်ရာ၊ ငါလည်း ဟောဒီ တောင်ပိန္နဲပင်ကြီးကိုပဲ အမှတ်အသားလုပ်ထားတာ ပဲကွ၊ မလှမ်းမကမ်းမှာ တာလီရိုးပေါက်ကနေ ဒီဆင်းလာတဲ့ ချောင်းပေါက်ကလေးရှိတယ်၊ အခု အဲဒီချောင်းပေါက်ကလေး





ကို ရှာမတွေ့ဘူးကွ"

ထွေးမောင်ကလည်း ပြည့်ကို ပြန်ပြောလိုက်သည်။

ဖိုးမောင်က. .

"ဒါဆိုရင် မင်းတို့တတွေ ပြောနေကြတဲ့ တောင်ပိန္နဲ ကြီးနဲ့ ချောင်းပေါက်လေးက ဘယ်ရောက်သွားသလဲ၊ ငါတို့ တော့ တောမှောက်ပြီနဲ့တူတယ်"

"ဟော့ကောင်. . ဖိုးမောင်၊ မင်း လျှောက်ပြောမနေနဲ့၊ လာဟိုဘက်ကို သွားကြမယ်"

ထွေးမောင်က ဟန့်တားလိုက်ပြီး ဦးဆောင်ပြီးထွက် သွားခဲ့လေရာ ကျွန်ုပ်တို့လည်း နောက်မှ လိုက်သွားခဲ့ရလေ တော့သည်။

➤➤➤➤➤

မည်မျှပင် တောထဲအနှံ့လျှောက်ကာ တာလီရိုး ပေါက်ဘက်သို့ ထွက်သည့်လမ်းကို ရှာသည်ပဲဖြစ်စေ၊ မတွေ့ ရပါ။ ကျွန်ုပ်မှာ သူတို့နောက်ကို တကောက်ကောက်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



နေရသည်မှာ ကြာခဲ့လေပီ။ လူလည်း ခွေန်းကျကာ ပင်ပန်းလှပြီဖြစ်သည်။ မိုးလည်းချုပ်စပြုလာလှဲပြီ၊ တောထဲမှာပဲ လည်နေကြသည်။

“တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူးကွာ၊ ဒီအတိုင်းဆိုရင်တော့ ဒီညတောထဲမှာပဲ အိပ်ရတော့မယ်ထင်တယ်ဟေ့၊ စက္ကူမင်းလည်း ပင်ပန်းလှပြီကွာ၊ မင်းပါလာမှဲ့ အဆင်မပြေဖြစ်နေတာယ်၊ စိတ်မကောင်းပါဘူးကွာ”

“ဘယ်တတ်နိုင်ပါ့မလဲ ထွေးမောင်ရာ၊ ငါလည်း မင်းတို့ကို အားနာနေတာကွ”

“မနာပါနဲ့ သူငယ်ချင်းရေ ငါတို့က မင်းရောက်လာလို့ ပျော်နေကြတာကွ၊ ကဲ . . အချိန်လည်းမရှိတော့ဘူး၊ ငါတို့ တစ်နေရာမှာ နားလိုက်ကြရအောင်”

နားပြီဆိုကတည်းက ဒီဓာတ်စုအတွက် တောထဲမှာ စခန်းချဖို့ဆိုတာ နားလည်မိလိုက်သည်။ ကျွန်ုပ်၏စိတ်ထဲမှာ မည်သို့မှ မကြောင့်ကျမိပါလေ၊ လူလေးယောက်အတူတူ ရှိနေမှတော့ ကြောက်စရာလည်း မလိုဟု ထင်မိသည်။ အတွေ့အကြုံတစ်ခုကို ရလိုက်သည်ဟုပဲ ယူဆရမလိုပင်။

ဒရယ်နှစ်ကောင်ကို ဖျက်ကြသည်။ သစ်ကိုင်းတုတ်





တုတ်နှစ်ချောင်းဖြင့် တံစို့ထိုးကာ မီးကင်ကြသည်။ မနီးမဝေးရှိ စမ်းအိုင်ကြီးတစ်အိုင်မှာ ရေချိုးကြသည်။ မြေအောက်မှ တစိမ့်စိမ့်နှင့်ထွက်နေသော စမ်းပေါက်ကြီးကြောင့် စမ်းရေအိုင်ကြီး ဖြစ်ပေါ်နေသော စမ်းရေအိုင်ကြီးတစ်အိုင်ပင်တည်း။

နက်ကမှထည့်လာသော ထမင်းဟင်းများသည် မစားဖြစ်ကြ၊ သိုးလျက်ရှိနေလေပြီ။ ဒရယ်နောက်ကို တစ်နေ့လုံးလိုက်နေကြသောကြောင့်၊ နံနက်စာကို မစားဖြစ်ကြ။ တောထဲမှာ ညအိပ်ဖြစ်ကြလိမ့်မည်ဟု မည်သူကမျှ မစဉ်းစားမိခဲ့ကြ၍ ဆန်များပင် ယူမလာကြ။

သို့သော် ထွေးမောင်က သိုးစပြုနေသော ထမင်းများကို ရေသန့်သန့်နှင့် ဆေးကြောလိုက်သည်။ ဝါးကျည်တောင့်နှင့် ရေပွက်ပွက်ဆူအောင်တည်ပြီး ထမင်းများကိုထည့်ကာ ချက်သည်။ အချိန်အနည်းငယ်လောက်သာပဲ ပေးရသည်။ မူလထမင်းကောင်းအတိုင်း ပြန်ရလေသည်။ ဟင်းသိုးများကိုတော့ လွှင့်ပစ်လိုက်ရသည်။

ဒရယ်သားကင်နှင့် ထမင်းကို မနက်စာရော၊ ညနေစာအဖြစ်ပါ ပေါင်းပြီးတော့ စားရသည်။ ဒရယ်သားကင်နှင့် ကောင်သည် တံစို့ထိုးထားသည့်အတိုင်း စင်ပေါ်မှာ ဤ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပင်။ မီးပုံကြီးတစ်ပုံကို မနီးမဝေးမှာ ဖိုထားကြသည်။
မီးပုံကြောင့် အအေးဒဏ်ကိုသော်လည်းကောင်း၊
သားကောင်ကြီးများ၏ရန်ကိုသော်လည်းကောင်း၊ ကာကွယ်
နိုင်သည်။ မှတ်၊ ခြင်၊ ယင်များသည်လည်း မကပ်ရောက်နိုင်
ကြပေ။ အထူးသဖြင့် မိုးချုပ်စပြုလာခဲ့သည်နှင့် လူ့အသေးအ
သားကို စုတ်လိုကြသော ခြင်ကြီးများက အုပ်လိုက်ကြီးကို
ရောက်လာခဲ့ကြသည်။ မျက်နှာနှင့်ကိုယ်ကို ဝိုင်းတွတ်
သည်မှာ ဖွဲနှင့်ပက်ခံရသလို ခံစားကြရသည်။

ပြေည့်နှင့်ဖိုးမောင်တို့က ကျွန်ုပ်အတွက် မြက်ခြောက်
မွေ့ယာတစ်ခုကို ဖန်တည်းပေးကြသည်။ မအိပ်မီ. .

"ကဲ. . စက္က၊ ငါတို့အအေးဒဏ်ကို ခံနိုင်ဖို့အတွက်
နည်းနည်းပါးပါးတော့ လုပ်ကြမယ်ကွာ၊ မင်းလည်းလာ၊ ဆေး
ဖြစ်လိုဖြစ်ပေါ့ကွာ"

"မင်းတို့ပဲလုပ်ကြပါ၊ ငါမလုပ်ချင်ပါဘူး"

"လာပါကိုစက္ကရာ၊ ဘေးမဖြစ်နိုင်ပါဘူး၊ ကျွန်တော်
တို့နဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပေါ့ဗျာ"

ပြေည့်နှင့်ဖိုးမောင်တို့ကလည်း မရမကခေါ်ကြသည်။
ကျွန်ုပ်မှာ မနေသာတော့ပဲ ဝိုင်းထဲကို ဝင်ရလေတော့၏။ ကျွ





သို့ဖြင့် ဒရယ်သားကင်နှင့် အောက်လိုက်စားလိုက်၊ မြည်း
လိုက်နှင့် တမြည်းမြည်းနှင့် ညဉ့်နက်ပိုင်းကို ရောက်လာခဲ့
သည်။

"ကဲ. . စက္က၊ မင်း အိပ်ပေတော့၊ ငါတို့သုံးယောက်က
တစ်ယောက်တစ်လဲစီကင်းစောင့်ကြမယ်၊ ညဉ့်ဦးပိုင်းကို ငါ
အရင်စောင့်မယ်၊ ညဉ့်လည်ပိုင်းကို ပြေည့်၊ သန့်နောက်ပိုင်း
ကိုတော့ ဖိုးမောင်ပေါ့ကွာ"

"ဟာ. . ငါလည်းတစ်လှဲ့ တာဝန်ယူမယ်ကွာ၊ ဒီလိုမှ
လုပ်ပါနဲ့"

"စက္က. . မင်းအိပ်ပါကွ၊ ငါတို့ယာခင်းထဲမှာ ဝက်တွေ
စောင့်ရင်း ဒီလိုအလုပ်မျိုးတွေကို လုပ်နေကြပါ၊ ဒီတစ်ခုတည်း
ပဲကွာ၊ ငါတို့ပဲ တာဝန်ယူပါရစေ"

ကျွန်ုပ်မ မည်မျှပင် ပြောသော်လည်း ထွေးမောင်တို့
က လက်မခံကြပါ။ ထို့ကြောင့် အိပ်ယာထဲမှာပင် အသာလှဲ
လိုက်ရလေတော့သည်။ မျက်လုံးမှိတ်ထားသော်လည်း အိပ်
၍ကားမပျော်။ ခေါင်းထဲမှာ ရီတီတီဖြစ်နေသည်။ ဟိုးအဝေး
မှ ကျားသံကို အမှတ်မထင် ကြားလိုက်ရသည်။ မကြာမီ
ပင်ပန်းမှု အရှိန်ကြောင့် အိပ်ပျော်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(ထွေးမောင်၏ညဉ့်နက်ပိုင်းသို့ မရောက်မီ အတွေ့အကြုံ)

တစ်တောလုံးတိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ထွေးမောင်၏ညဉ့်ဦးပိုင်း ကင်းတာဝန်သည် မပြီးဆုံးသေး။ အချိန်ကား စက်နာရီ ၁၁နာရီ ကျော်ကျော်၊ သန်းကောင်ယံသို့နီးကပ်လာခဲ့လေပြီ။ ထွေးမောင်သည် ဓါးရှည်ကို ဘေးမှာချကာ သစ်ပင်ကြီးကို ကျောမှီပြီးထိုင်နေလျက်၊ အဖော်သုံးယောက်ကတော့ အိပ်မောကျနေကြသည်။

မီးပုံထဲသို့ ထင်းချောင်းများထပ်ဖြည့်လိုက်သည်နှင့် မီးတောက်မီးလျှံများက တမဟုတ်ချင်း တက်လာခဲ့ကြလေသည်။ ထွေးမောင်သည် အိပ်ချင်စိတ်ကို တားဆီး၍မရနိုင်အောင်ပင် ဖြစ်လာခဲ့ရလေသည်။

"ငါ ဘယ်လိုဖြစ်ပါလိမ့်၊ ဝါး. . လား. . လား"

(နောင်အခါ ထွေးမောင်ပြန်ပြောပြသည်မှာ အိပ်ငွေ့ချခြင်းခံလိုက်ရသလို အလွန်အမင်း ပြင်းထန်စွာ ခံစားသွားခဲ့ရသည်ကို စဉ်းစား၍မရနိုင်ခဲ့ဟု ဆိုသည်။)

ထွေးမောင်သည် သစ်ပင်ကြီးကိုမှီကာ အိပ်ပျော်သွားခဲ့လေသည်။ တောသည် ပိုပြီးတော့ တိတ်ဆိတ်သွားသလို





ပင်၊ ထိုအချိန်တွင် လေးယောက်စလုံး အိပ်မောကျလျက်ရှိကြသည်။ မကြာမီ ခြုံဖုတ်ကြီးများ၏အကွယ်မှ မည်းမည်းသဏ္ဌာန်အချို့သည် ထွက်လာခဲ့ကြသည်။

"ဂီး. ."

ငှက်ဆိုးတစ်ကောင်သည် သစ်ပင်ကြီးများပေါ်မှ ရှုပ်တိုက်ကာ ပျံသန်းသွားခဲ့သည်။ တရွေ့ရွေ့နှင့်လှမ်းလာခဲ့ကြသော မည်းမည်းသဏ္ဌာန်ကြီးများသည် ယင်းအကောင်ကြီးများ၏ ခြေလှမ်းများသည် နှေးကွေးလှသည်။ လေထဲမှာ ရွေ့လျားလာသလိုမျိုးဟု ထင်ရလေသည်။

>>>>>

ကျွန်ုပ်သည် အိပ်နေသော်လည်း အိပ်မပျော်သလိုခံစားနေရသည်။ မပျော်တစ်ချက်၊ ပျော်တစ်ချက်ဖြစ်နေသည်။ မျက်လုံးတွေကို ဖွင့်၍မရ၊ အိပ်ယာပြောင်းလျှင် ဒီလိုခံစားရသည်။ အိပ်မပျော်ချင်၊ ထိုစဉ် မသိစိတ်က ကျွန်ုပ်၏ဦးနှောက်ထဲကို တပ်လှန်းလိုက်သလို ဖြစ်သွားသည်။ အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတစ်ခုခုကြောင့် လှုပ်နှိုးခံလိုက်ရသလိုမျိုး ခံစားလိုက်ရသည်။ ထို့ကြောင့် လေးပင်နေသော မျက်လုံးများကို အနိုင်နိုင်ပင် ဖွင့်လိုက်ရသည်။

ထိုအခါ ကျွန်ုပ်တွေ့လိုက်ရသည်ကား တရွေ့ရွေ့ လှမ်းလာနေကြသော မည်းမည်းသဏ္ဍာန်များပင်ဖြစ်သည်။ ယင်းသဏ္ဍာန်များသည် မြင့်မားသောအရပ်များရှိနေကြပြီး ကိုယ်လုံးကိုယ်ထည်များမှာလည်း ကြီးမားတုတ်ခိုင်ကြသည်။ ထူးထဲသောအမွေးအမြင်များသည်လည်း မျက်နှာကအစ တစ်ကိုယ်လုံး ဖုံးလွှမ်းနေကြသည်။ လူဝံသော်လည်းကောင်း၊ ဝက်ဝံသော်လည်းကောင်း၊ ဤမျှမြင့်မားသော အရပ်မျိုးမရှိကြပါ။

ထိုစဉ် မီးပုံထဲမှ မီးတောက်မီးလျှံများက ဟုတ်ကနဲဆို တက်လာခဲ့ကြသည်။ ပိုတောက်ပသွားသောအလင်းရောင်ကြောင့် ယင်းအကောင်များ၏မျက်နှာ အသီးသီးကို ထင်ရှားစွာဖြင့် မြင်လိုက်ရလေတော့သည်။ မျက်နှာကြီးတွေက ပြပြ၊ ပါးစပ်ကြီးတွေကလည်း ဖြဲထားလိုက်ကြသည်မှာ အစွယ်လေးချောင်းက ဖွေးဖွေးထ နေကြသော အဖျားများပင် ကော့က်၍နေကြလေသည်။ သွားကြီးတွေကလည်း ချွန်





ည့်နေကြကာ ပါးစပ်ကိုလည်း ဖွင့်ချီ၊ ပိတ်ချီဖြင့် ရှိနေကြသသည်။ မီးရောင်အောက်မှာပင်လျှင် ကြီးမားသော မျက်ကြီးတွေက ဝင်းဝင်းတောက်နေကြသည်။ ထိုသတ္တဝါကြီးသည် တိရစ္ဆာန်များဟူ၍လည်း မပြောနိုင်၊ မည်သည့်ကောင်ကြီးတွေလည်းဟု ခွဲခြား၍မသိနိုင်။

သို့မဟုတ်လျှင် လူလော၊ နာနာဘာဝလော၊ လူဆိုင်လည်း ဤမျှအထိ ပုံပျက်ပန်းပျက် ကြောက်စရာသဏ္ဍာန်တွေမျိုးမရှိနိုင်။ ကျွန်ုပ်သည် တွေးရင်းနှင့်ကျောချမ်းသွားလသည်။ ထိုသတ္တဝါကြီးများသည် တရွေ့ရွေ့သာ လှမ်းခဲ့ကြသော်လည်း လမ်းလျှောက်လာကြသည်ဟုမထင်၊ ထဲမှာ လွင့်လာကြသည်ဟုသာ ထင်မိသည်။ (မူးယစ်ာက်စားထားသောအရှိန်ကြောင့် ကျွန်ုပ်ပဲ အမြင်မှားသားမပြောတတ်ပါ။)

ထိုအကောင်ကြီးများသည် မီးပုံကိုပတ်ဝိုင်း၍ ရောက်ခဲ့ကြသည်။ ထိုအခါကျမှ သဲသဲကွဲကွဲမြင်နိုင်ရလေတော့ည်း စုစုပေါင်း ငါးကောင်ရှိသည်။

ဒရယ်ကောင်နှစ်ကောင်ကို တွေ့သွားကြလေပြီ၊ တိုင်ပင်ကြသလိုပင် ဝိုင်းထိုင်လိုက်ကြပြီး ပုလင်းထဲမှအရက်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝါးဆစ်ခွက်များထဲထည့်လိုက်၊ တစ်ဦးစီ မော့လိုက်ကြ၊ ဒရယ်ကင်သားကို ဖဲ့စားလိုက်ကြနှင့် အံ့အားသင့်စရာပင် ကောင်းလှတော့သည်။ သို့သော် ကျွန်ုပ်သည် ထိုသတ္တဝါများကိုကြည့်ပြီး ကြောက်လာမိပြန်သည်။ နေရာမှ ထွက်ပြေးချင်စိတ်များပင် ဖြစ်ပေါ်လာခဲ့ရသည်။

ထို့ကြောင့် နေရာမှ တဖြည်းဖြည်းထကာ ခါးကိုကောက်ကိုင်လိုက်သည်။ ထိုင်လျက်ကပင်လျှင် ထွေးမောင်ကို လှုတ်နှိုးလိုက်ရလေ၏။ ထွေးမောင်လည်း ဆက်ကနဲဆိုနိုးလာခဲ့သည်။ ကျွန်ုပ်က ထိုသတ္တဝါများဆီကို လက်ညိုးထိုးပြလိုက်ရသည်။ ထိုအခါ ထွေးမောင်သည် မျက်လုံးပြူးသွားခဲ့ရလေသည်။ ထို့နောက် သူ့ရှေ့မှာ အိပ်ပျော်နေကြသော ငပြည့်နှင့် ဖိုးမောင်တို့ကို ထိုင်နေလျက်က ခြေနှင့်ကန်ပြီးတော့ နှိုးလိုက်ရသည်။ နှစ်ယောက်စလုံး နိုးလာခဲ့ကြသည်။

ထွေးမောင်က အသံမထွက်စေရန် လက်ဟန်ခြေဟန်ဖြင့် သတိပေးလိုက်ရသည်။ ထို့နောက် သတ္တဝါများဆီသို့ လက်ညိုးထိုးပြလိုက်သည်။ နှစ်ယောက်စလုံးမြင်သွားခဲ့ကြပြီး ငုတ်တုတ်ထ ထိုင်လိုက်ကြလေသည်။

ထိုသတ္တဝါကြီးများသည် ဒရယ်သားကို လောဘတ





ကြီးဖြင့် စားသောက်နေကြသည်။ တစ်ဦးလက်မှတစ်ဦးလုကာ စားကြသည်။ ဒရယ်ကိုလည်း သူ့ထက်ငါဦး လုယက်ကာ စားသောက်ကြသည်။ မျက်စိအောက်မှာပင်လျှင် ဒရယ်ကင်နှစ်ကင်ရော၊ ဒရယ်များပါ တက်တက်ပြောင်သွားခဲ့လေ၏။

"ဟာ . . ဘယ်လိုကောင်ကြီးတွေလဲ၊ ငါတို့အတွက် ချန်ထားခဲ့တဲ့ စားစရာ၊ သောက်စရာတွေကို အကုန်စားပစ်လိုက်ကြပြီ"

ငပြည့်က မကျေမနပ်ဖြင့် ပြောလိုက်သည်။ အသံထွက်သွားလ၍ ထိုသတ္တဝါကြီးများက ကျွန်ုပ်တို့ဘက်ကို အာရုံစိုက်လာခဲ့ကြသည်။ မီးပုံမှ မီးတောက်ကြီးကလည်း အလိုလို ထပြီးတောက်လာခဲ့လေရာ ယင်းသတ္တဝါကြီးများ၏ ရုပ်ဆင်းအင်္ဂါတို့ကို ပို၍ထင်ရှားစွာဖြင့် မြင်လိုက်ရလေတော့သည်။

ပါးစပ်ပြဲကြီးတွေကမဟပဲ၊ ပါးစောင်များမှ သွားရည်တွေက တမြားမြားဖြင့် ကျနေကြသည်။ မျက်လုံးကြီးတွေကလည်း အပြူးသားနှင့် မီးကျီးခဲများပမာ ရဲရဲတောက်နေကြလေသည်။ တစ်ကောင်က ကျွန်ုပ်တို့ဘက်ကို လက်ညိုးထိုးလိုက်လေရာ . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီကောင်ကြီးတွေက သူတို့စားစရာကုန်သွ
လို့ ငါတို့ဘက်ကို လှည့်လာခဲ့ပြီ၊ ကြောက်စရာကြီးတွေပါလား
သတိထားကြဟေ့၊ ငါတို့ကို ရန်ရှာကြတော့မယ်"

ကြောက်တတ်သူဖိုးမောင်က ဓါးကို ကျစ်ကျစ်
အောင်ဆုပ်ကိုင်လိုက်လေသည်။

ထိုသတ္တဝါကြီးများသည် နေရာမှထလာခဲ့ကြသည်
လက်ကားယား၊ ခြေကားယားနှင့် ကျွန်ုပ်တို့ဆီကို လျင်မြ
သောအဟုန်ဖြင့် ပြေးဝင်လာခဲ့ကြလေပြီတည်း။

"လာကုန်ကြပြီဟေ့၊ ငါတို့ကို ဘယ်လိုလုပ်ကြမလည်း
မသိဘူး၊ ကိုင်း. . ဒီအတိုင်းတော့ အသေမခံနိုင်ဘူးကွ"

ထွေးမောင်သည် ဓါးရှည်ကိုကိုင်ကာ ပြေးဝင်သွ
ပြီး သူတွေ့ ကိုယ်တွေ့ ရင်ဆိုင်တွေ့ကြပြီး သူက အရင်
အောင် ဓါးဖြင့်တအားပိုင်းချလိုက်လေတော့၏။ သို့သေ
ကျွန်ုပ်မြင်တွေ့လိုက်ရသည်မှာ ဓါးသည် သတ္တဝါကြီးကို
သွားခဲ့သော်လည်း ပြန်ခုန်ထွက်လာသလား၊ သူ့ကိုယ်ပေါ်
ချော်ထွက်သွားသလား မပြောတတ်ပါ၊ နာကျင်စွာ အေ
လိုက်သံကိုလည်း မကြားလိုက်ရပါ။ ချွန်မြည့်သောလ
သည်းရှည်ကြီးများဖြင့် ထွေးမောင်ကို ကုပ်ခြစ်မည်ပြု





အချိန်မီ ရှောင်တိမ်းလွှတ်နိုင်ခဲ့သည်။

ကျွန်ုပ်လည်း မနေသာတော့၊ ပါးစပ်ကြီးဖြဲကာ သွားရေတွေတမြားမြားဖြင့် ဝင်လာသော သတ္တဝါကြီးတစ်ကောင်ကို ဓါးဖြင့်ပြေး၍ ပိုင်းချထည့်လိုက်သည်။ ဓါးသည် မြင့်မားသောအကောင်ကြီး၏ လည်ပင်းနေရာသို့ ထိမိသွားခဲ့သည်။ ကျွန်ုပ်အထင် တွင်းတော်တော်နက်နက်ကလေး ဝင်သွားခဲ့သည်ဟုပင်။

သို့သော် သတ္တဝါကြီးဆီက နာကျည်းစွာအော်သံများသည်လည်း ထွက်ပေါ်မလာခဲ့။ တစ်ချက်တည်းသာမကပဲ၊ ဆက်ကာ ဆက်ကာ ပိုင်းချလိုက်သည်။ ဓါးက ပြန်ခုန်ပြီးတော့ ထွက်လာသည်။ သေလောက်သည့်ဒဏ်ရာမျိုးဖြစ်သော်လည်း ဓါးချက်က မနာခဲ့၊ အံ့အားသင့်စရာကောင်းလှလေတော့သည်။ သတ္တဝါကြီးသည် လက်နှစ်ဖက်ဖြင့် ကျွန်ုပ်ကို လိုက်ဖမ်းသည်။ ကျွန်ုပ်က အလန့်တကြားဖြင့် ရှောင်ထွက်သွားခဲ့သည်။

သတ္တဝါကြီး၏ကိုယ်မှ အမွှေးအမြင်များက ကျွန်ုပ်၏ကိုယ်ကိုထိကာ စူးသွားခဲ့ရသေးသည်။ အပ်ချောင်းများလောစူးသွားခဲ့ရသည်။ ငပြည့်နှင့်ဖိုးမောင်တို့သည် ထိုသတ္တဝါကြီး



www.burmeseclassic.com

www.burmeseclassic.com



များ၏အမိကို မခံကြဘဲ၊ ပါလာသည့်ရဲဒင်း၊ ဓါးရှည်တို့ဖြင့် တိုက်ခိုက်ကြသည်။ ပြေည့်၏ရဲဒင်းက ယင်းအကောင်ကြီး၏ ရင်ဘက်ကို ခုတ်မိသွားခဲ့သည်။ သို့သော် ရဲဒင်းက ကိုယ်ထဲကို ကျွံပြီးတော့ဝင်သွားခဲ့သည်။ (နောက်ပိုင်းတွင် ပြေည့်က ပြောပြသည်မှာ ရဲဒင်းသည် သစ်ခေါင်းပေါက်ကြီးထဲ ဝင်သွားသလို ဖြစ်သွားခဲ့သည်။ မိမိ၏လက်ပါ သတ္တဝါကြီး၏ကိုယ်ထဲကို ဝင်သွားသလို ထင်မိခဲ့သည်ဟုပင်)

ဖိုးမောင် ထိုးထည့်လိုက်သည့် ဓါးကလည်း ကိုယ်ထဲကို ထိုးဖောက်ဝင်သွားပြီး ကျောဘက်က ဓါးဦးပြန်ထွက်လာသည်အထိ ထုတ်ချင်းခတ်သွားခဲ့သည်။ သို့သော် လေကို ထိုးမိသွားသလို ခံစားလိုက်ရသည်ဟူ၍၊ သို့သော် သတ္တဝါကြီးကား နာကျင်မှုဝေဒနာကို ခံစားလိုက်ရဟန်မတူ။

(ဤသို့ဖြစ်ရခြင်းသည် ကြောက်ကြောက်လန့်လန့်နှင့် မှန်းထူစွာတိုက်ခိုက်ခဲ့သော ဖိုးမောင်၏စိတ်ဖိစီးမှုကြောင့်လား သေရည်သောက်စားထား၍ အလွဲလွဲအချော်ချော်ဖြစ်သွားသည်ကို တစ်ကယ်ထိမိသွားသည်ဟု ထင်သွားခဲ့ခြင်းပေလား)

အကောင်ကြီးများသည် ချွန်မြည့်သောလက်သည်းကြီးများဖြင့် ကျွန်ုပ်တို့လူစုကို လိုက်၍ဖမ်းနေကြသည်။ သူတို့လက်ထဲကိုသာ ရောက်သွားခဲ့လျှင် ဝမ်းဗိုက်ကို ထိုးဖောက်တာ အူ၊ အသည်းများ တစ်ပြုံလုံးထွက်ကျလာသည်အထိ ရမ်းကားကြမည်လားမသိပေ၊ တစ်ကိုယ်လုံး ဆုတ်ဆွဲပစ်ကြမည်ကား မသိပေ။

မီးရောင်အောက်တွင် မြင်နေရသော သူတို့၏မျက်နှာပြုပြုကြီးများ၊ ဝင်းဝင်းတောက်သောမျက်လုံးကြီးများကို မကြည့်ချင်တော့၊ ရင်မဆိုင်ရဲတော့၊ ကြောက်လန့်လာမိသည်။ ဘယ်လိုပဲတိုက်ခိုက်သော်လည်း မရနိုင်။ ကျွန်ုပ်တို့သာ ခြေကုန်လက်ပန်းကျပြီး အားကုန်သွားခဲ့လျှင် သင်းတို့၏အမဲဖျက်ခြင်းကိုမူ ချခံရတော့မည်။ ကျွန်ုပ်ကဲ့သို့ပင် လေးယောက်စလုံး ခံစားနေကြရဟန်တူသည်။ နောက်တစ်ချက်က ယင်းသတ္တဝါကြီးများသည် လွန်စွာမှ နံစော်ပြီး ဆိုးဝါးသောအပုပ်နံ့ကြီးများထွက်ပေါ်နေကြခြင်းပင်တည်း။

ထိုစဉ် မည်သို့ဖြင့်သည်လည်းမသိပါ။ ထိုသတ္တဝါကြီးများ၏ကိုယ်ကို တစ်စုံတစ်ရာသောပစ္စည်းက တဒေါက်ဒေါက်ဖြင့် ထိမှန်သွားခဲ့ကြသည်။

"အူး. ."







www.burmeseclassic.com

www.burmeseclassic.com



"အူး . . "

ထိုအခါ နက်ကျောသောအော်သံကြီးက ထွက်ပေါ်

လာခဲ့ကြလေသည်။ ယင်းအကောင်ကြီးများ၏ ထူထဲသော

အမွေးအမြင်များသည် အခိုးအငွေ့များ ထွက်ပေါ်လာခဲ့ကြ

သည်။ ထို့နောက် ဟုတ်ကနဲဆို မီးတောက်များ ဖြစ်ပေါ်လာ

ခဲ့လေတော့သည်။

"အူး . . "

"အူး . . "

သတ္တဝါငါးကောင်စလုံး မီးစွဲလောင်သွားကြလေ

တော့သည်။

"အူး . . "

"အူး . . "

နာကျင်စွာအော်ဟစ်နေကြသံများသည် တစ်တော

လုံးပင် ဆူညံသွားခဲ့ကြသည်။ မီးတောက်များလောင်ကျွမ်း

ခံနေကြရသော ယင်းသတ္တဝါကြီးများ၏ခန္ဓာကိုယ်ကြီးများ

သည် တွန့်လိမ်လျက်ရှိနေကြသည်။ လက်နှစ်ဖက်ကိုလည်း

မြှောက်နေကြကာ အစွယ်ဖွေးဖွေးနှင့် ပါးစပ်ကြီးတွေကလည်း

ပိပြီးတော့ ပြဲအာလျက်ရှိနေကြသည်။ မျက်လုံးကြီးတွေက





လည်း ပိုပြီးတော့ ပြူးလာကြသည်ဟု ထင်ရလေသည်။

ဝေဒနာခံစားနေကြရသော ကြောက်စရာအကောင်ကြီးများ

သည် ကျွန်ုပ်တို့ကို တိုက်ခိုက်ရန်မစွမ်းသာကြတော့။ နောက်

ဆုံး တောနက်ကြီးထဲကို ဝင်ပြေးသွားခဲ့ကြလေတော့သည်။

"ဟာ . . ပြေးပြီ ပြေးကုန်ကြပြီ၊ ဘယ်လိုများဖြစ်သွား

ကြပါလိမ့်"

➤➤➤➤➤

"စက္က . . စက္က၊ မင်း . . ဘာတွေယောင်ပြီးအော်နေ

တာလဲ"

ကျွန်ုပ်၏လက်မောင်းကို တစ်ယောက်ယောက်ကိုင်

ကာ လှုပ်နှိုးလိုက်သည်။ ထို့ကြောင့် ကျွန်ုပ် လန့်နိုးသွားခဲ့

ရလေ၏။ ကျွန်ုပ်၏ဘေးမှာ လူသုံးယောက်က ငုတ်တုတ်

ထိုင်နေကြသည်။

"ဟင် . . ငါ . . ငါ . . ဘာဖြစ်သွားတာလဲ"

ကျွန်ုပ်တစ်ကိုယ်လုံးမှာ ချွေးများနစ်လျက်ရှိသည်။

လူးလဲပြီး ငုတ်တုတ်ထထိုင်လိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စက္က. . မင်း အိပ်မက်မက်တာပဲထင်တယ် ဟုတ်လား"

သည်တော့မှ ကျွန်ုပ်သည် ကြောက်စရာကောင်းသော အိပ်မက်ဆိုးကြီးကို မြင်မက်ခဲ့ကြောင်း သိလိုက်ရလေတော့သည်။

"အေးကွာ၊ ငါ အိပ်မက်မက်တာပဲထင်တယ်၊ အိပ်မက်ထဲမှာ. ."

ကျွန်ုပ်က အိပ်မက်အကြောင်းကို ပြန်ပြီးပြောပြသည်။ ပြီးဆုံးသွားခဲ့သည်အထိ ချောက်ချားမှုက မပျောက်သေးပါ။

"အေးကွ၊ မင်းရဲ့အိပ်မက်က ချောက်ချားစရာပဲကွ၊ ဒါပေမယ့် အိပ်မက်ဆိုတော့လည်း ကိုယ်မက်ချင်ရာကို မက်မှာပေါ့ကွာ၊ အေး. . ငါလည်း ကင်းစောင့်ရင် အိပ်ပျော်သွားခဲ့တယ်၊ ဒီကောင်တွေလည်း တစ်ယောက်မှမနိုးကြဘူး"

"ဟုတ်ကယ်. . ကိုစက္က၊ ကျွတော်တို့လည်း စပြီးအိပ်ကတည်းက တုံးကနဲပဲ၊ တစ်ရေးမှကို မနိုးတော့ဘူး၊ ဒါလောက်လည်း အအိပ်မက်တဲ့ကောင်တွေမဟုတ်ပါဘူးဗျာ၊ ဒီတစ်ခါ ဘယ်လိုဖြစ်သလည်းမသိဘူး"





ငပြည့်ကလည်းပြောသည်။ ထို့နောက် ဖိုးမောင်က

"ပိုပြီးအံ့အားသင့်စရာကောင်းတာက ဟောဒီ မီးပုံကြီးတာ ပိုပြီးမီးတောက်နေတယ်၊ ထင်းတုံးတွေလည်း ထပ်ဖြည့်ထားတယ်၊ ပြီးတော့ ဒရယ်ကင်တွေလည်း မရှိတော့ဘူး၊ ဝလင်းထဲက အရက်တွေလည်း တက်တက်ပြောင်နေကြတယ်ဗျ"

"ဟင်. . ဟုတ်လား"

ကျွန်ုပ်လည်း အံ့အားသင့်သွားခဲ့ရလေ၏။ အားလုံးငြိမ်သက်သွားခဲ့ကြကာ တောင်တောင်အီအီ လျှောက်တွေးနေကြသည်။ မကြာမီ တောကြက်ဖများ၏ တွန်သံများကိုကြားလာခဲ့ရသည်။ မိုးလင်းတော့မည်။ လင်းရောင်ခြည်ပေါ်လာသောအခါ အမှောင်ကွယ်ပျောက်ကာ တစ်တောလုံးလင်းချင်းလာခဲ့သည်။

ကျွန်ုပ်လည်း မီးပုံနှင့်မလှမ်းမကမ်းမှာရှိနေသော ခအရာလေးများကို အမှတ်မထင် တွေ့လိုက်ရသည်။ ထို့ကြောင့် နေရာမှ ထ,သွားပြီးကြည့်သည်။ ကောက်ယူကာကြည့်မိသည်။ သပိတ်ကွဲစလေးများပင် ဖြစ်သည်။ ဤအရာလေးများသည် မည်သည့်အကြောင်းကြောင့် ဤနေရာ တို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရပါသလဲ၊ စဉ်းစား၍မရပါ။ သပိတ်ကွဲစလေး တွေငါးခု ဖြစ်ကြသည်။ ညက အိပ်မက်ထဲတွင် သတ္တဝါကြီးများကို ထိမှန်သော အရာများသည် သတ္တဝါကြီးများကို ထိမှန်သော အရာလေးများပင်ကား၊ ကျွန်ုပ်သိရသမျှဆိုလျှင် သိမ်ဝင် သပိတ်ကွဲစလေးများသည် မကောင်းဆိုးဝါးများကို နိုင်နင်းသည်ဟုပင်။

"စက္က. . မင်း လက်ထဲက ဘာလည်းကွ"

"သပိတ်ကွဲလေးတွေကွာ၊ ဘယ်လိုကြောင့် ဒီနေရာကို ရောက်နေသလည်း မသိဘူး"

"မဆန်းပါဘူးကွာ၊ တစ်ယောက်ယောက်က ယူလာတာ ဖြစ်မှာပေါ့"

ထွေးမောင်က နက်နက်နဲနဲ မစဉ်းစားဘဲ ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

"ကဲ. . ငါတို့ မျက်နှာသစ်ပြီး အပြန်လမ်းကိုရှာကြမယ်ဟေ့. ."

စမ်းချောင်းမှာ မျက်နှာသစ်စဉ် ပြေည့်က အလန့်တကြားအော်လိုက်သည်။

"ဟာ. . ဟိုမှာ တောင်ပန္နပင်ကြီးနဲ့ ချောင်းပေါက်





လးကွ၊ ငါတို့ဒါလောက်ရှာခဲ့တာ ဘာဖြစ်လို့မတွေ့သလည်း သိဘူး၊ ကြည့်ကြစမ်း"

"ဟာ. . ဟုတ်ပါရဲ့ကွာ၊ ဒီနားမှာပဲကပ်ပြီးတော့ လွဲနေတယ်၊ လေးယောက်စလုံးမျက်စိမှောက်နေကြတာအားသင့်စရာပဲဟေ့. ."

ထွေးမောင်က ဝမ်းသာအားရစွာပင် ပြောလိုက်သည်။ အပြန်လမ်းစကို တွေ့ပြီးဖြစ်၍ ဝမ်းသာနေကြသည်။ ဘြာမီ တောင်ပိန္နပင်ကြီးကို အမှတ်အသားပြု၍ ထွက်လာကြသည်။ လမ်းမှာ ကျွန်ုပ်စဉ်းစားမိလာသည်။ မုဆိုးအလုပ်လုပ်ရန် တောထဲသို့ဝင်ရာတွင် တောပိုင်၊ တောင်ပိုင်ကြီးများကို လမိုင်းမတင်ခဲ့၍ လမ်းလျှောက်ခဲ့ခြင်းမလား။ ထို့ကြောင့်ဒုက်ခတ်ခံရကာ တောထဲမှာ တစ်ညအိပ်ခဲ့ရခြင်းပေလား၊ ထွေးမောင်တို့သည် ဤထုံးတမ်းစဉ်လာကို မည်သည့်အကြောင်းကြောင့် မပြုခဲ့တာလဲ. . ။

မည်သို့ပင်ဆိုစေ. . ကျွန်ုပ်၏အိပ်မက်ထဲမှာ ကြီးစိုးသော မိစ္ဆာညကို တစ်သက်မမေ့နိုင်တော့ပါ။ ယနေ့အထိချောက်လှန့်နေဆဲပင်။

ပုဂ္ဂိုလ်မြတ်တစ်ဦးဦးက ထိုသတ္တဝါများကို သိမ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



သပိတ်ကွဲဖြင့် ပစ်ခတ်ကာ မောင်းထုတ်ခဲ့ခြင်းဖြင့် အိပ်မက်ဆိုးမှ နိုးထစေလားဟု ထင်မိခဲ့ရပါလေသတည်း။



# ထူးဆန်းသောရုပ်ကျ

သူ့အမည်က ကိုတူး၊ အသက်သုံးဆယ်ကျော်လာခဲ့သော်လည်း အလုပ်ဟူ၍ မယ်မယ်ရရမရှိ။ သူ့ဝါသနာပါသည်က လောင်းကစား။ ဖဲရိုက်သည့်အလုပ်၊ ချိန်းဝိုင်း၊ အသုဘဝိုင်းတွေမှာ ကိုတူးကို တွေ့ရတတ်သည်။ ကိုတူးမပါလျှင် ဝိုင်းမစည်၊ ကြေးကြီးသမားများပေမို့၊ ဝိုင်းရှိလျှင် ကိုတူးကို တကူးတက ဖိတ်ကြရသည်။ ငါးသိန်းအောက်လစ်မပါလျှင် ဝိုင်းထဲကိုမဝင်ရ။ ကြေးကြီးလေ၊ အကောက်များများရလေမို့ ဝိုင်းထောင်သူ၊ အသုဘရှင်တို့အတွက် အကျိုးအမြတ်ရှိသည်။

"ကိုတူးရေ. . ကျွန်တော်တို့လမ်းထဲမှာ နာရေးကိစ္စဖြစ်နေလို့ဗျာ၊ ဝိုင်းဖြစ်ချင်လို့ အကူအညီပေးပါ"

ဖဲသမားကိုသွားရောက်ဖိတ်ကြားသူက လေးလေး



www.burmeseclassic.com

www.burmeseclassic.com



စားစရာရှိရသည်။ စီးကရက်၊ အဝတ်အထည်၊ မုန့်ပုံးစသည့် လက်ဆောင်ပစ္စည်းများကို ယူသွားရသည်။

"ကောင်းပြီလေ. . ကျုပ်လူစုပြီး လာခဲ့မယ်၊ ခင်ဗျား တို့လည်း ကူရှာထားပေါ့၊ အဲ. . ငွေဖြုန်းနိုင်တဲ့ သူတွေပေါ့နော်၊ အနည်းဆုံး ဒီလောက်ပါမှ"

ကိုတူးက လက်ငါးချောင်းထောင်ပြလိုက်သည်။ ပွဲစားက ခေါင်းညိတ်လိုက်ပြီး. .

"ဟုတ်ကဲ့. . ကျွန်တော်နားလည်ပါတယ်ဗျာ၊ ဒါဖြင့် ဒါနဲ့ ဒီညနော်"

ရပ်ကွက်နာရေးကိစ္စများသာမက တိတ်တိတ်ပုန်းချိန်း ဝိုင်းမျိုးရှိလျှင်လည်း ကိုတူးကို ဒီလိုပဲ လေးလေးစားစားနှင့် လာဖိတ်ကြရသည်။ ကိုတူးခေါ်လာကြသည့်သူများကလည်း ဖဲသမားလောကမှာ တစ်ကယ့်ဒိတ်ဒိတ်ကြဲတွေ၊ ငွေကိုရေလို သဘောထားပြီး၊ သုံးနိုင်၊ ဖြုန်းနိုင်ကြသည့်သူတွေ၊ ဆယ်သိမ်း လောက်မျောသွားလည်း မဖြုံကြ၊ အပြုံးပျက်။

ကိုတူးကလည်း ဖဲနှင့်အကျိုးပေးသည်။ ဖဲနှင့်ချမ်းသာ လာသူဆိုလျှင် မမှား၊ လောင်းကစားမှုသည် ဥပဒေနှင့်ဆန့် ကျင်သောအလုပ်ဆိုပေမယ့် ကိုတူးကတော့ တရားဥပဒေ





နှင့် ပြစ်မှုကို ခေါင်းထဲမထည့်၊ အစွဲအလန်းကြီးတစ်ခုဖြစ်နေ ပြီး ဒါကိုပဲ လုပ်သည်။

"ကျုပ်ကို ဘာလုပ်ကိုင်စားလည်းလို့မေးကြရင် 'ဖဲ' လို့ပြန်ဖြေတယ်၊ ဒါကို တစ်ချို့က မယုံကြည်ကြဘူး၊ ဓါတ်သိ တွေက လုံလို့ပေါ့ဗျာ၊ ဟုတ်တယ်လေ. . ကျုပ်အလုပ်က ထကယ်တော့ 'ဖဲ'ပဲ မဟုတ်လား၊ ဒါနဲ့အသက်မွေးဝမ်း ကြောင်းလုပ်တယ်ဆိုရင် လူတွေက ကျုပ်ကို အကြည့်တစ် မျိုးနဲ့ပေါ့ဗျာ"

ကိုတူးသည် သူ့အလုပ်ကို ဂုဏ်ယူစွာနှင့် ပြောသည်။

ဝိုင်းတွင် ပါလီမန်အမတ်များ၊ မင်းကတော်များ၊ အတွင်းဝင်များ၊ လိုင်စင်သူဌေးများ၊ မျက်နှာဖြူများ၊ ဘိုကြက် များ ပါကြသည်။

တစ်ခုပြောစရာရှိသည်က ကိုတူးသည် ရိုးရိုးကံတိုက် ပြီး ကစားသည်လား၊ လက်လှည့်ပညာတတ်ထားသည်လား၊ မှော်ပဲအောင်ထားသလား ဆိုတာ မည်သူမျှ မပြောနိုင်ကြ။

ဤလောင်းကစားခြင်းနှင့်ပင် အပေါင်းအသင်း ဝင် ခဲ့ရသည်။ ပါတီ၊ ဧည့်ခံပွဲ၊ မွေးနေ့ပွဲများတွင် ကိုတူးကို တွေ့ လိမ့်မည်မှာ မလွဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတူး. . ရှင်. . ဟိုပွဲ၊ ဒီပွဲတွေတက်ပြီး လူတကာနဲ့ဆက်ဆံ၊ အရက်ကလေးတမြမြနဲ့လုပ်နေ၊ ခိုင်မာတဲ့အလုပ်ကလေးဘာလေး ရှာလုပ်ဦး"

"ဟာ. . မိန်းမကလည်းကွာ၊ ငါကမှ တစ်ခြားအလုပ်မလုပ်တတ်တာ၊ နေစမ်းပါဦးကွ၊ အခုလည်း မင်းတို့တတွေ စားရေးသောက်ရေး မပြေလည်ကြလို့လား၊ လူတန်းစေ့ထက်တောင် ပိုသေးတယ်. . မဟုတ်လား"

"ဒါတော့. . ဒါပေါ့တော်၊ ကျွန်မက ရှင် ပွဲစားလုပ်တယ်လို့ မေးတဲ့သူတိုင်း ပြောထားတာ၊ သူတို့က ရှင်ဘာလုပ်တယ်ဆိုတာ အမှန်ကိုမှမသိကြတာ"

"လူတွေကကွာ၊ ကိုယ့်အလုပ်ကိုယ်မလုပ်ကြဘူး၊ စပ်စပ်စုစု၊ အေး. ; မင်းပြောတာလည်းကောင်းတယ်၊ ဘာတဲ့. . ပွဲစား. . ဟုတ်လား၊ ဘယ်ဝိုင်းမဆို ငါအရှုံးနဲ့ ပြန်ရတာမျိုးမရှိခဲ့ဘူး၊ တစ်ပွဲပြီးတစ်ပွဲ၊ စားတဲ့ပွဲစား၊ ဟား. . ဟား. . "

သူ့အင[illegible]ကို သူသဘောကျပြီး ဟား. . တိုက်ကာရယ်မောပစ်လု[illegible]သည်။ ဇနီးဖြစ်သူကတော့ သူ့ယောက်ျားကြောင်သွားပြီဟုထင်ကာ အထိတ်တလန့်ဖြင့်ကြည့်နေလိုက်မိလေ၏။





➤➤➤➤➤

ကံတရားဟူသည်ကား. . ဆန်းကြည်လှပေသည်။ လူတစ်ယောက်၏ကြမ္မာအဆိုးအကောင်းသည် 'ကံ'တရားပေါ်မှာ မူတည်ပြီး ပြောင်းလည်းတတ်ကြောင်းကို ကိုတူးကသက်သေပြခဲ့လေသည်။ 'ဖဲ'ကို စီးပွားပမာသဘောထားခဲ့သော ကိုတူးသည် နောက်ပိုင်းမှာ ကံမလိုက်တော့ပေ။ မည်သည့်အကြောင်းကြောင်းကြောင့်လည်းမသိ။ အနိုင်ထက်အရှုံးက များနေလေတော့သည်။ ကိုတူးမှာ တစ်နေ့ထက်တစ်နေ့ ဖဲဇောကပ်ပြီး အိမ်ကိုပြန်သည်ဟူ၍ မရှိတော့။ ဝိုင်းနောက်ကိုသာလျှောက်လိုက်နေလေတော့သည်။ အိမ်ကိုပြန်ရောက်လာတိုင်း ခြုံသံပါအောင် ညည်းညူတက်လာခဲ့သည်။

"ဒီကနေ့လည်း သေလိုက်တဲ့ ဖဲ ကွာ၊ တစ်လက်မှတို့ မစားလိုက်ရဘူး၊ ငါ့ငွေတွေ သူများလက်ထဲကို ပါပါသွားခဲ့ကြတယ်. . ဝူး. . "

"ရှင်ကြည့်ရတာ၊ မသက်သာလိုက်တာ၊ ကိုယ့်အတွက်ကံကောင်းချိန်တွေရှိခဲ့ပြီးပြီပဲ၊ လူဆိုတာ တစ်[illegible]ကိုလုံး



www.burmeseclassic.com

www.burmeseclassic.com



ကံမကောင်းနိုင်ဘူး ဆိုတာ ရှင်သိပြီမဟုတ်လား၊ မရနိုင်တော့ မှန်းသိလျက်နဲ့ ရှင်က ရှေ့ကိုပဲ ဆက်ပြီးတိုးနေတော့တာကိုး"

"လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်တဲ့၊ ကံ ရာရေးက ငါ့ဘက်ကိုပြန်ပြီးလှည့်လာလိမ့်ဦးမယ်လို့ ထင်တာ ပဲ၊ ငါ နောက်မဆုတ်နိုင်တော့ဘူး၊. ."

"နောက်မဆုတ်လို့မဖြစ်ဘူး၊ ရှင့်အတွင်းပစ္စည်းတွေ ကို ထုခွဲပြီး ဖဲရိုက်ပစ်တာ အိမ်မှာ တဖြည်းဖြည်းနဲ့ ပါးရှား လာခဲ့ပြီ၊ သားသမီးတွေနဲ့ ရှေ့ရေးကိုလည်း ရှင်ထည့်ပြီး စဉ်း စားဦး၊ ခုနေရပ်တန်းကရပ်လိုက်ရင်အတော်ပဲ၊ ကျွန်မတို့ ကျန် တဲ့ပစ္စည်းတွေထုခွဲပြီး လုပ်ငန်းတစ်ခုခုထူထောင်ကြတာပေါ့"

"မဖြစ်သေးပါဘူးကွာ. ."

"ကျွန်မက ကောင်းရာကောင်းကြောင်းတိုင်ပင်တာ ကို ရှင်ကလက်မခံဘူး၊ ဖဲကို ကျွန်မထက်ပိုပြီး ခင်တါယ်နေ တယ်၊ သည့်ထက်ပါပြီး ဒုက္ခရောက်ဦးမယ်. ."

မဖူးဝေမှာ ကိုတူးအတွက် စိတ်မရှည်နိုင်တော့၊ ပြော ချင်ရာကို ပြောပစ်မိလိုက်သည်။

➢➢➢➢➢





ဖဲကံမလိုက်ခဲ့သောကိုတူးမှာ နောက်ဆုံးမှာတော့. . ဘေးကျပ်နံကျပ်နှင့်တွေကာ မိမိစီးနေသော ကားကိုပင် ရောင်းချလိုက်ရသည်။ အခြေအနေသို့ ရောက်သွားခဲ့ရလေ တော့သည်။ ဇနီးဖြစ်သူ မဖူးဝေမှာ မည်သို့မှ ပြောဆိုမရတော့ သည့်ခင်ပွန်းဖြစ်သူကို ဥပေက္ခာပြုကာနေလိုက်ရလေတော့ သည်။ ကိုတူးလည်း အတော်လေးကို စိတ်လေသွားခဲ့ရ သည်။

တစ်ညတွင် ကိုတူးသည် ဗိုလ်တစ်ထောင်ဘုရားကို ထွက်လာခဲ့သည်။ တစ်ခါမှ မကြုံဖူးသည့် ဖြစ်ရပ်တစ်ခုက ဗိုလ်တစ်ထောင်ဘုရားသို့သွားရန် တစ်ဦးတစ်ယောက်က စေ့ ဆော်တိုက်တွန်းနေသလို ခံစားလိုက်ရသည်။ ထို့ကြောင့် ကံ အားလျော်စွာပင် မိတ်ဆွေတစ်ယောက်၏ကားကြုံကိုရ၍ ဘုရားသို့ ထွက်လာခဲ့သည်။ ဗိုလ်တစ်ထောင်ဘုရားသို့ ရောက်သောအခါ ဦးချကန်တော့အပြီးမှာ ပါလာသည့်ပုတီး ကိုထုတ်ကာ ဂုဏ်တော်ကို စိတ်နေမိသည်။

ပုတီးစိတ်နေစဉ် မိမိနောက်ကျောကို မလုံသလိုခံစား နေရသည်မှာ အကြိမ်ကြိမ်ပင်၊ တစ်ယောက်ယောက်က စိုက် ကြည့်နေသည်ဟု ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပုတီးကို မြန်မြန်ပင်စိတ်လိုက်ရသည်။ ထို့အတွက် မိမိကိုယ်မိမိ မကျေမနပ်လည်း ဖြစ်မိသည်။ နေရာမှ ထ,လိုက်ပြီး နောက်ကိုလှည့်ကြည့်လိုက်သောအခါ သူ့ကို စိုက်ကြည့်နေသော ဆာဒူးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ဆာဒူးကြီးသည် ရင်ပြင်တော်ပေါ်မှာ တင်ပြင်ခွေကာ ထိုင်နေသည်။ ကိုတူးဘက်ကို မျက်နှာလှည့်ထားသည်။ ရှည်လျားသောဆံပင်များသည် လိမ်ကျစ်နေကြပြီး ကျောပြင်အထိ ကျနေကြသည်။ ရင်ရှေ့ကိုလည်း တစ်ချို့တစ်ဝက် ကျနေကြလေသည်။

ကိုထူးနှင့်မျက်နှာချင်းဆိုင်မိသွားသောအခါ ဆာဒူးကြီးက ခေါင်းဆိုက်ကာ ခေါ်လိုက်သဖြင့်. .

"ငါ့ကို ခေါ်နေတာပါလား. ."

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားခဲ့ရသည်။ သို့သော် ဆာဒူးကြီးဆီကို လျှောက်သွားခဲ့လေသည်။ အနားသို့ရောက်သောအခါ. .

"ထိုင်ပါ. , လူလေး၊ မင်းကိုစကားပြောမလို့စောင့်နေတာ"

"ဟုတ်. . ဟုတ်ကဲ့"





ကိုတူးက ခုံအားမှာထိုင်လိုက်ရာ. .

"ငါ့ရှေ့တည့်တည့်မှာ ထိုင်ပါ"

ထို့ကြောင့် ဆာဒူးကြီး၏ဆန္ဒအရ ရှေ့တည့်တည့်မှာ ရိုသေစွာဖြင့် ထိုင်လိုက်ရလေသည်။

"မင်းမှာ အဆင်မပြေဖြစ်နေတယ် မဟုတ်လား"

"ဗျာ. ."

"မင်းမှာ အခက်အခဲတွေရှိနေတယ်မဟုတ်လားလို့ မေးနေတာလေ"

ဆာဒူးကြီး၏ပီသကြည်မြသော ဂရုဏာသံကြောင့် သူ့အခက်အခဲများကို ချက်ချင်းလိုလိုပင် ပြောပြချင်စိတ်များ ဖြစ်ပေါ်လာခဲ့ရသည်။ ဆာဒူးကြီးသည် မိမိ၏မျက်နှာကိုကြည့်ကာ မှန်းဆပြီးတော့ ပြောလိုက်ချင်ပေလား။

"မင်း. . ငါ့ကို စဉ်းစားနေတာ ငါသိတယ်၊ ငါ့မေးနေတာကို မင်းမဖြေချင်ဘူးလား၊ ငါက မင်းကို အကူအညီပေးမလို့ မေးတာ"

ကိုတူးသည် ဆာဒူးကြီးက သူ့အတွေးကိုသိနေသည့်အတွက် စိတ်ထဲမှာ မလုံမလဲဖြစ်သွားခဲ့ရလေသည်။

"ဟုတ်. . ဟုတ်ပါတယ်. . ခင်ဗျာ၊ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားတဲ့အခက်အခဲတွေရှိနေပါတယ်. . ဘာဘာ၊ အဖြ အပျက်တွေကို ကျွန်တော်ပြောပြပါ့မယ်”

ကိုတူးသည် မိမိလောင်းကစားမက်သည့်အကြောင် ဖဲရိုက်သည့်အလုပ်မှလွဲ၍ မည်သည့်အလုပ်ကိုမှ မလုပ်ခဲ့သည် အကြောင်း၊ ဖဲနှင့်ပင် အကျိုးပေးခဲ့သည့်အကြောင်း၊ နောက် ဆုံး ကံတရားက မေ့မှိန်လာခဲ့သည့်အဆို စီးပွားပျက်ခဲ့သည် အကြောင်းများကို ပြောပြလိုက်လေ၏။ ဆာဒူးကြီးသည် ကိုတူးပြောပြခဲ့သည်များကို အကြောင်းမဲ့ ယုံကြည်ခဲ့လေ၏

“ကောင်းပြီ. . မင်းပြောတာကိုငါယုံတယ်၊ အမှန်တွေ ပြောနေတယ်ဆိုတာ ငါသိတယ်၊ ငါဟာ မင်းနဲ့ဘဝတစ်ခုမှာ ပတ်သက်ခဲ့ဖူးတယ်၊ ပဋ္ဌာန်းဆက်ရှိကြတယ်၊ မင်းဘာဖြစ်ချင် သလဲ၊ ဘာလိုချင်သလဲ၊ ငါ ဖြည့်ဆည်းပေးမယ်၊ လိုရာဆုတ တောင်းပါ”

ကိုတူးသည် ဆာဒူးကြီး၏စကားကြောင့် အံ့အားသင် သွားခဲ့ရလေသည်။

“မင်း ဘာဆုပဲတောင်းတောင်း ငါရအောင်ဖန်တည် ပေးမယ်”

ဟုတိယအကြိမ်သတိပေးလိုက်သောစကားသည်





ဆာဒူးကြီးအတွက် နောက်ဆုံးစကားပင်ဖြစ်သည်။ ကိုတူးထံမှ အဖြေထွက်မလာခဲ့လျှင် သူ့နေရာမှ ထ,ပြန်သွားတော့မည်။

“ကျွန်. . ကျွန်တော်. . ဖဲကစားတဲ့အလုပ်ကလွဲပြီး တစ်ခြားဘာအလုပ်မှ မလုပ်တတ်ပါဘူး ခင်ဗျား၊ ဖဲနိုင်အောင်သာ ကြိုးစားပြီး အကူအညီပေးပါ”

ကိုတူး၏စကားကြောင့် ဆာဒူးကြီး၏မျက်လုံးအစုံသည် စူးလက်တောက်ပသွားခဲ့ရသည်။ သူ မထင်မှတ်သောစကားကို ကြားလိုက်ရသောကြောင့်လားမသိပါ။ မည်သို့ပင်ဆိုစေ၊ ကိုတူးက ဘာပဲတောင်းတောင်း သူ ပေးမှာပဲဖြစ်၏။

“ကောင်းပြီလေ. . ငါ့ကတိအတိုင်း မင်းတောင်းတာတို ပေးမယ်”

ဆာဒူးကြီးသည် လက်ဝါးကိုဖြန့်လိုက်သောအခါ ဆာဒူးကြီးက သူ၏လက်သီးဆုပ်ကို ကိုတူး၏လက်ဝါးပြင်ပေါ်မှာတင်ပြီး ဖြန့်လိုက်သည်။ အရုပ်လေးတစ်ရုပ်ကျလာခဲ့လေ၏။ ယင်းအရုပ်လေးသည် လူလိုလို၊ မျောက်လိုလို၊ သတ္တဝါလေးတစ်ဦးဖြစ်ပြီး ရှည်လျားသောဆံပင်တွေရှိကြသည်။ လက်မှာခက်ရင်းသုံးခွမှိန်းတစ်ခုကို ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မှိန်းကို ပခုံးထက်မှာ တင်ထားသည်။ ကိုယ်အထက်ပိုင်းမှာ အဝတ်အစားတို့ဝတ်ဆင်ထားခြင်းမရှိ၊ အောက်တွင် နံငယ် ပိုင်းတစ်ခုကို အရှက်လုံစွာ ဖုံးအုပ်ထားသည်။

"ဒီအရုပ်လေးကို အိမ်ရောက်တဲ့အခါမှာ ဘုရားစင် အောက်နိမ့်တဲ့နေရာ ထားပါ။ သူ့ကို နေ့စဉ် မနက်တစ်ကြိမ် ညနေတစ်ကြိမ် အမွှေးတိုင်ထွန်းပေးပါ၊ သစ်သီးကပ်ပေးပါ အကျိုးပေးလိမ့်မယ်၊ ကဲ . . သွားတော့"

ဆာဒူးကြီးက သူ့ကို နှင်ထုတ်ခဲ့လေပြီ။ ထို့ကြောင့် ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိအားလျော်စွာ ရိုသေသမှုဖြင့် ကန်တော့ကာ ပြန်ခဲ့လေသည်။

➤➤➤➤➤

ဗိုလ်တစ်ထောင်ဘုရားမှအပြန်တွင် ဆာဒူးကြီး၏ ပန်းသဏ္ဌာန်နှင့်မျက်နှာကို မျက်လုံးထဲမှာ မြင်ယောင်နေမိ သည်။ အိမ်ကိုလည်း၊ မပြန်လိုသေးပေ၊ စိတ်ကလည်း လေနေ သည်။ ထို့ကြောင့် လိုင်းကားကိုစီးကာ တရုတ်တန်းဘက်သို့ လာခဲ့သည်။ (ထိုခေတ်အခါက လိုင်းကားများသည် ချက်ဗ လက်ကားကြီးများဖြစ်သည်။ သစ်သားကိုယ်ထည်များဖြင့်





တည်ဆောက်ထားသည်။ ကားခသည် ကားနဖူးစည်းမှ အမှတ်အသားများသည်လည်း နဂါးရုပ်၊ ကြံ့ရုပ်၊ ဆင်ဖြူတော် ရုပ်၊ မြင်းရုပ်၊ ကျားရုပ်များဖြစ်ကြသည်။) တရုတ်တန်းသို့ ရောက်သောအခါ (× ×)လမ်းထဲသို့ ဝင်သွားပြီး တိုက်ခန်း တစ်ခန်း၏ ဒုတိယထပ်ကို တက်သွားခဲ့လေသည်။

ယင်းနေရာသည် သူလာနေကြဖြစ်သည်။ တံခါးကို လေးလေးပင်ပင် သုံးချက်ခေါက်လိုက်သည်။ (လျှို့ဝှက်သင်္ကေ တအချိန်းအချက်ပင်)

လူတစ်ယောက်က တံခါးလာဖွင့်ပေးသည်။ ကိုတူး သ အထဲကိုဝင်လိုက်သည်။ ထို့နောက် တံခါးစောင့်တာဝန် ယူရသူက တံခါးကိုပြန်ပြီး ပိတ်လိုက်သည်။ တိုက်ခန်းထဲမှာ ဝိုင်းကဖြစ်နေသည်။ အောက်မှာတစ်ဝိုင်း၊ ထပ်ခိုးပေါ်မှာ တစ်ဝိုင်းဖြစ်သည်။ ကိုတူးသည် အိတ်ကပ်ထဲမှ ငွေကို စမ်း ကြည့်လိုက်သည်။ ငွေငါးရာပါလာသည်။ စုစုပေါင်းရာတန် လေးငါးချပ်က မိမိချမ်းသာမှု ဖြစ်သည်။ ဝိုင်းထဲမှာ ဝင်ပြီး ထိုင်နိုင်ပါ။

"ကိုတူး . . ဒီမှာတော့ လူပြည့်သွားပြီ၊ အပေါ်ထပ်ကို သွားပါလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်က ဘေးထိုးမှာပါ"

"ဩော်. ."

ထိုသူက အံ့အားသင့်သွားခဲ့ရသည်။ ကိုတူးမှာ ဝိုင်းထဲပင် မဝင်နိုင်တော့၊ ဘေးမှ ကြားထိုးရမည့်အခြေအနေမျိုးပင် ရောက်နေခဲ့လေပြီ။ ကိုတူးသည် လူတစ်ယောက်၏ဘေးမှာ ဝင်ပြီးတော့ထိုင်လိုက်သည်။ သူ့စိတ်ထဲမှာ ထိုသူနေရာမှာ ကြားထိုးချင်စိတ်က အလိုလိုပင် ဖြစ်ပေါ်လာခဲ့လေသည်။ ထို့ကြောင့် တစ်ချက်တည်း နစ်စပြုတ်၊ မိုက်မိုက်ကန်းကန်းပင် ငွေငါးရာကို ချထားလိုက်သည်။ ဖဲဝေသည်၊ သုံးချပ်ဖဲကိုးမီးဝိုင်းဖြစ်သည်။ ဖဲသုံးချပ်ဝေပြီး၍ ထိုသူက သုံးချပ်စလုံးကို ယူပြီး ဖျတ်ကနဲဆို လှန်ကာရိုက်ချလိုက်သည်။

"ဟာ. . ကိုး"

ကျန်သည့်လူတွေက အပွင့်နည်းသည်။ ထိုသူ အလျော်ရလိုက်သည်။ ကိုတူးသည် တစ်ဆတိုးကာ ငွေတစ်ထောင်ဖြစ်သွားခဲ့လေ၏။

"ကိုတူး ကံကောင်းသွားတယ်၊ ကျွန်တော်လည်း ကံကောင်းသွားတယ်ဗျို့"





ထိုသူကား အားရဝမ်းသာပြောလိုက်သည်။ ကိုတူးမှာ ပြုံးရုံသာ ပြုံးလိုက်သည်။ ကံတရားက ဘယ်လောက်အထိ အထောက်အပံ့ပေးမှာတဲ့လဲ။

စိတ်ကတော့ ထိုသူ့အိမ်မှာပဲ ဆက်ထိုးချင်စိတ်ဖြစ်ပေါ်လာမိသည်။ ဘာကြောင့်ရယ်မသိ၊ အလိုလိုလည်း ထင်နေမိသည်။ ငွေတစ်ထောင်ကို တင်လိုက်သည်။

"ကိုတူး. . လောဘမကြီးနဲ့လေ"

"သေမြေကြီး၊ ရှင်ရွှေထီးပေါ့ဗျာ"

"ဂေ ဂင်းတယ်ဗျို့၊ ဒီလိုစိတ်ဓါတ်မျိုးရှိတာ"

နောက်တစ်ကြိမ်ဖဲဝေပြန်သည်။ ကိုတူး၏စိတ်ထဲမှာ ကိုးကိုထင်နေသည်။ သို့သော် စိတ်လှုပ်ရှားမှုတော့ မရှိပါ။ ထိုသူကား သူများလို နှစ်ချပ်ညှပ်လျှင် လှန်မကြည့်တတ်၊ နောက်ဖဲဘာဆိုသည်ကို မျှော်လင့်ပြီး မမျှော်တတ်၊ သုံးချပ်လုံးပြည့်သွားမှသာ. .

"ကဲကွာ. ."

"ဖျက်. ."

"ဟာ. . ငါးပေါက်. ."

ထိုသူရော၊ ကိုတူးပါနှစ်ယောက်စလုံး စိတ်ပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ဒီတစ်ခါတော့ သွားပြီထင်သည်။ သို့သော် နောက်
အိမ်များက အံ့အားသင့်စရာများဖြစ်သွားခဲ့ကြရသည်။ မည်
သူမှ ငါးကိုမကျော်နိုင်ကြပါ။

"ဟော. . တယ်ဟုတ်ပါလား. ."

ကိုတူးထိုးသည့်အိမ်က အလျော်ရလိုက်ပြန်လေပြီ
နောက်တစ်ကြိမ်စရာတွင် ကိုတူး၏အိတ်ထဲမှာ အလိုလို
လေးလံလာခဲ့သည်။ စိတ်မပါချင်၊ ထို့ကြောင့် နှစ်ရာလော
ပဲ ထိုးလိုက်သည်။

"ကိုတူး. . နည်းလှချေလား ဗျ"

"ဒီလိုပေါ့ဗျာ"

မချိတ်ရိအပြုံးနှင့်ဖြေလိုက်သည်။ ဖဲဝေသည်။ ထင်
သည့်အတိုင်းပင် ထိုအိမ်က အစားခံလိုက်ရလေသည်။ ကိုတူး
ကို အံ့အားသင့်သွားခဲ့ကြသည်။

"ကိုတူးက ဘယ်ဆိုလို့လည်းဗျ"

"ဖဲအကြောင်းသိထားတဲ့သူဆိုတော့ ကျွမ်းနေပြီပေါ့
ဗျာ"

ဝေဖန်ကြသည်။ ကိုတူးကတော့ ပြုံးရုံသာ၊ အောင်
ထပ်မှာတင် ကိုတူးတော်တော်ကလေးကို ရသွားသည်





အပေါ်ထပ်ကို တက်ချင်စိတ်ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့်
အပေါ်ထပ်ဝိုင်းကို တက်သွားခဲ့သည်။ အပေါ်ထပ်မှာလည်း
လူကပြည့်သွားပြန်သည်။ ထို့ကြောင့် ဘေးမှာထိုင်ပြီး ကြားပဲ
ထိုးသည်။ သူထင်သည့်အိမ်ကနိုင်စမြဲ၊ မထင်လျှင် လျော့ပြီး
ထိုးသည်။ အစားခံရသည်။

သူ့စိတ်ထဲမှာ နိုင်မည်၊ မနိုင်မည်ကို ကြိုပြီးတော့ သိ
နေသည်။ (ထိုကဲ့သို့သော စိတ်မျိုး မည်သည့်အခါမှ မဖြစ်
ပေါ်ဖူးပါ။ ဤနေ့မှာ ပင်လျှင် ထူးထူးခြားခြား ဖြစ်ပေါ်နေမိ
သည်။)

ကိုတူးသည် တစ်ညလုံးပင် အပေါ်ဝိုင်းနှင့်အောက်
ဝိုင်းတစ်လှည့်စီကူးနေသည်။ ဝိုင်းသိမ်းကြသောအခါ မိုးလင်း
လုပေပြီ။ ထိုအခါကိုတူးသည် ငွေသုံးသောင်းလောက် ပိုက်မိ
သွားခဲ့ပြီဖြစ်သည်။ မိမိ၏ကံတရားကိုလည်း အံ့အားသင့်မိ
သွားခဲ့ရသည်။ (ထိုခေတ်အခါက မာစီဒီးကားတစ်စီး၏တန်
ဖိုးသည် သုံးသောင်းခွဲရှိသည်။) ကိုတူးက ကားတစ်စီး၏တန်
ဖိုးနှင့်ညီမျှသော ငွေကိုရသွားခဲ့လေပြီ။

ကိုတူးသည် ပြောင်းလည်းသွားသော ကံတရား
ကြောင့် မိမိကိုယ်မိမိအံ့အားသင့်သွားခဲ့ရသည်။ ဆာနူးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သောရုပ်တုလေးက အိတ်ထဲမှာပဲရှိသေးသည်။ စင်နှင့်ဘာနှင့် လာပြီးသေသေချာချာနေရာမပေးရသေးပေ။ ထိုတစ်ညတည်းနှင့်ပင် ငွေသုံးသောင်းကျော်ရခဲ့သည်။ တစ်ပတ်ပြန်လည်လာသော ကံတရားကြောင့်လား၊ ရုပ်တုလေးကြောင့်လားဆိုတာ မှန်းဆ၍ မရနိုင်ပါ။

အိမ်သို့ပြန်ရောက်သော် ဘုရားစင်အောက်မှာ စင်ကလေးတစ်ခုပြုလုပ်ပြီး ထိုရုပ်တုလေးကို တင်ထားလိုက်သည်။ သေသေချာချာကြည့်လိုက်သောအခါ ယင်းရုပ်တုလေးသည် ဗိုလ်တစ်ထောင်ဘုရားမှ ဆာဒူးကြီးနှင့်တူနေသည်ကို သိလိုက်ရလေသည်။ သို့ဆိုလျှင် ညကရုပ်တုလေး၏ အသင်သည် ဆာဒူးကြီးနှင့်မည်သည့်အကြောင်းကြောင့် မတူရပါသနည်း၊ ရုပ်သွင်သည် ပြောင်းလည်းသွားရသည်မှာ မည်သည့်အတွက်ကြောင့်နည်း။ (ဘုရားတွင် ညဘက်မှာ ရုပ်တုလေးကို ကြည့်မိရာ အမြင်လွဲမှားခဲ့လေသလားမသိ။)

ထိုရုပ်တုလေးကို နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် အမွှေးတိုင်ထွန်းသည်။ သစ်သီးကိုတော့ သုံးရက်တစ်ကြိမ် ကပ်လှူသည်။ ဇနီးဖြစ်သူ မဖူးဝေသည် ရုပ်တုလေးကို သေချာစွာ ကိုးကွယ်နေသော ခင်ပွန်းဖြစ်သူကို တွေ့လိုက်ရသော





အခါ. .

"ကိုတူး. . ဒီရုပ်တုလေးကို ဘယ်ကရလာတာလဲ"

"ဟာကွာ. . မင်းကလည်း စပ်စပ်စုစု၊ မမေးကောင်းဘူး၊ မပြောနဲ့"

"ဒါဖြင့်လည်းပြီးတာပါပဲတော်. . "

မဖူးဝေမှာ ကိုတူးစိတ်ညစ်နေမှန်းသိ၍ ဆက်မမေးတော့ပေ။ သို့သော် ကိုတူးတစ်ယောက် ယခုတစ်လောမှာ ဝင်ငွေပြန်ပြီးကောင်းလာသည်ကို သိနေရသည်။ သူမကိုလည်း ငွေများများ အပ်နိုင်ခဲ့လေသည်။

"ကိုတူး. . ရှင့်ကို ကျွန်မမေးချင်တယ်၊ မှန်မှန်ဖြေရမယ်နော်"

"မဝေ. . မင်းက ငါ့ကို ဘာများမေးချင်လို့လဲ"

"ရှင်. . အလုပ်အကိုင် အဆင်ပြေနေသလားလို့ပါ"

"အေး. . ဟုတ်တယ်၊ ငါ. . ပွဲစားလုပ်နေတယ်၊ အလုပ်ကကောင်းတော့ မင်းတို့ကို ငါထောက်ပံ့နိုင်တာပေါ့ကွာ၊ ကံကောင်းလာပြီလို့ ဆိုရမှာပေါ့"

"ကောင်းပါတယ်တော်. . ရှင်ဟိုအလုပ်တွေကို ပြန်ပြီးလုပ်နေသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ. . ကြံ့ကြံ့ဖန်ဖန်"

ကိုတူးသည် မလုံမလဲဖြစ်သွားခဲ့လေ၏။ သို့သော် ရုပ်တုလေးကိုတော့ အိမ်မှမထွက်မီတစ်ကြိမ်၊ ညဘက်အပြင်မှပြန်ရောက်လာလျှင် တစ်ကြိမ်၊ အမွေးတိုင်ထွန်းကာ ပူဇော်စမြဲ၊ ဘုရားကိုလည်း နံနက်၊ ည. . မှန်မှန်ရှိခိုးလေသည်။ မဖူးဝေကတော့ ကိုတူးတစ်ယောက်၊ ဘာသာရေးရိုသေကိုင်းရှိုင်းမှုများပြုလုပ်လာခြင်း၊ ကိုးကွယ်မှုများရှိလာခဲ့ခြင်းကြောင့် အံ့အားသင့်လာခဲ့ရသည်။

တစ်ရက်တွင် ကိုတူးသည် ဖဲဝိုင်းမှ ငွေငါးသောင်းကျော်နိုင်လာခဲ့လေသည်။ အပြန်တွင် လမ်းထိပ်မှ ထီဆိုင်နားမှဖြတ်ပြီး ပြန်လာခဲ့ရာ ထီထိုးချင်စိတ်ဖြစ်ပေါ်လာခဲ့လေ၏။

"ထီတစ်စောင်လောက်ထိုးလိုက်ဦးမှပဲ"

(ထိုခေတ်က ထီတစ်စောင် တစ်ကျပ် ဖြစ်သည်။) ငွေငါးသောင်းသည် တိုက်စံအိမ်တစ်လုံးကောင်းကောင်းဆောက်နိုင်လေသည်။ ထီဖွင့်သောအခါ သုံးသောင်းဆုကြီးဆင်သွားခဲ့သည်။ ကိုတူးမှာ မာစီးဒီးကားတစ်စီးကို သဘော်ကျရသော်နိုင်ခဲ့ ရုံသာမက ဘဏ်အပ်ငွေများမှာလည်း တိုးပွား





ခဲ့လေသည်။

ထီထိုးရာတွင် ထိုးတိုင်းမပေါက်သော်လည်း. . သောင်းဂဏန်းဆုများကိုတော့ မကြာခဏပေါက်သည်။ အလုပ်ကောင်း၍ တက်ပြီး လေးကောင်ဂျင် စမ်းပြီး ကစားကြည့်ရာ အနိုင်ဖက်က များခဲ့သည်။ (အရှုံးရှိသော်လည်း မဖြစ်စလောက်သာ) ကိုတူးလည်း အိမ်ကပ်သည်ဟူ၍ မရှိတော့။

ဇနီးမဖူးဝေကတော့ ပွဲစားအလုပ်လုပ်သောသတင်းကို မကြားရ၊ ကိုတူးဟာစ်ယောက် နယ်လှည့်ပြီး လောင်းကစားလုပ်နေသည့်သတင်းကိုသာ ကြားနေရလေသည်။

"ကိုတူး. . လူတွေက ရှင့်ကို လောင်းကစားဝိုင်းတွေမှာ တွေ့တွေ့နေရတယ်လို့ပြောကြတယ်. . ဟုတ်လား"

"ဟာကွာ. . မင်းကလည်း၊ ငါ. . ကားအင်ပို့လိုင်စင်ရဖို့ လျှောက်လိုက်နေရတာပါကွ၊ နယ်မှာလည်း တစ်ခြားလုပ်ငန်းတွေအတွက် ငါမကြာခဏသွားနေရတာ၊ ဒီလောင်းကစားလုပ်ဖို့ အချိန်ရှိပါ့မလား၊ ကြားစကားတွေမယုံစမ်းပါနဲ့ကွာ၊ ငါ့ကို လိုင်စင် သူ့ငွေးလို့ခေါ်နေကြတာ မင်းမကြားဘူးဘား. ."



www.burmeseclassic.com

www.burmeseclassic.com



ကိုတူးက အတည်ပေါက်ဖြင့်ပြောလိုက်သည်။ မဖူးဝေလည်း ဇဝေဇဝါဖြစ်သွားကာ နောက်ဆုံးမှာတော့ ဟုတ်မှာပါပဲလေဟု ယုံကြည်မိလိုက်လေသည်။

➤➤➤➤➤

ကိုတူးသည် နယ်လှည့်ပြီးတော့ လောင်းကစားမှုများ ပြုလုပ်အချိန်အတော်ကြာသွားခဲ့သည်။ တစ်လနီးပါးခန့် ရန်ကုန်မှာ ပျောက်သွားခဲ့ပြီးမှ ပြန်ရောက်လာခဲ့လေသည်။ ဇနီးမဖူးဝေကတော့ ဒီလိုအခြေအနေမျိုး ရှိနေပြီဖြစ်၍

"ပြန်လာသေးတယ်နော်၊ ကျွန်မက ရှင်နောက် အိမ်ထောင်ကျနေပြီမှတ်လို့"

"ဟာကွာ. . မင်းကလည်း၊ ငါ့အလုပ်အကိုင်အကြောင်းသိလျက်သားနဲ့၊ ဟောဒီမှာ ငါဖြိုးဖြိုးဖြက်ဖြက်ကလေး ရလာခဲ့တယ်"

ဇနီးရှေ့မှောက်မှာ စားပွဲပေါ်တွင် ငွေအိတ်ကြီးကို ချပေးလိုက်သည်။

ထိုစဉ် ကိုတူး၏မျက်လုံးအစုံသည် ရုပ်တုလေးတင်ထားသည့် စင်ပေါ်ကိုရောက်သွားခဲ့သည်။ သူ့မျက်လုံးပြူး





သွားသည်။ ရုပ်တုလေးမရှိတော့. .

"မ. . မဝေ. . မဝေ"

"ဘာလည်းရှင့်"

"ဟော. . ဟောဒီစင်ပေါ်က ရုပ်တုလေး ဘယ်ရောက်သွားသလဲ"

"သြော်. . ဒါလား၊ ရှင်ပြန်လာရင် မေးလိမ့်မယ်ဆိုတာ ကျွန်မသိတယ်၊ ရှင်ခရီးထွက်သွားပြီးနောက်ပိုင်းမှာ ရုပ်တုလေးကို နေ့စဉ်ကြည့်ပြီး ကျွန်မကြောက်ကြောက်လာတယ်၊ ကျွန်မကပဲ သူ့ကို မလိုလားလို့ပဲလားမသိဘူး၊ သူ့မျက်လုံးတွေက ကျွန်မကို ပြူးပြေလိုက်၊ ပါးစပ်ကြီးဖြဲပြလိုက်နဲ့ ခြောက်လှန့်နေတယ်လို့ ထင်မိတယ်"

"ဟာ ဒီလိုမဖြစ်နိုင်ပါဘူး၊ မင်းစိတ်ထဲက အလိုလို ထင်နေမိတာပါကွာ"

"မင်း. . မင်း၊ အမွေးတိုင်မပူဇော်ဘူးလား၊ သစ်သီး မကပ်ဘူးလား. . "

"ဟင့်အင်း. . ကျွန်မ သတိတောင်မရဘူး"

"ဒါ. . ဒါဖြင့်၊ မင်းဒီရုပ်တုလေးကို ဘယ်မှာထားလိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကြောက်လို့ အိမ်ရှေ့က သစ်ပင်ကြီးရဲ့ ခွကြား ပေါ်မှာ တင်လိုက်တယ်"

"ဟင်. ."

ကိုတုး သုတ်ကနဲဆို အိမ်ပေါ်မှပြေးဆင်းသွားခဲ့ သည်။ သစ်ပင်ကြီးဆီကို ရောက်သွားခဲ့သည်။ ခွကြားပေါ် ကို ရောက်သွားခဲ့သည်။ ခွကြားပေါ်ကိုလှမ်းကြည့်လိုက်သော အခါ ရုပ်တုလေးမရှိတော့၊ ကျိုးထိုးသုတ်သွားခဲ့လေသလား ကြွက်ပဲချီသွားခဲ့သလားမသိပါ. .

"ဟိုက်. . သွားပါပြီကွာ"

ကိုတုးသည် သူ့နဖူးပြင်ကို လက်ဝါးဖြင့် ဖတ်ကနဲဆို ရိုက်ကာအော်မိလိုက်လေတော့သတည်း။ ။



# ဂုနက်ကြီး

အောက်မြန်မာပြည်တစ်နေရာ တစ်ခုသောမြို့က လေးတစ်မြို့တွင် သူငယ်ချင်းနှစ်ယောက်တို့သည် အကြောင်း အရာတစ်ခုနှင့် ဆက်စပ်ပြီး တိုင်ပင်လျက်ရှိကြလေ၏။ ယင်း မြို့ကလေးသည် မီးရထားလမ်းနှင့်လည်း နီးသည်။ ရေ ကြောင်းခရီးနှင့်လည်း သွားလာနိုင်သည်။ ကားလမ်းကတော့ သိပ်မကောင်းချေ။ စစ်တောင်းမြစ်သည် တိုတောင်းသော မြစ် ဖြစ်ပြီး ရေစီးကလည်း သန်လှသည်။ သစ်ဖောင်များမျှောရန် သာ အသုံးဝင်လှသည်။ သို့သော် ဒေသသဘော်များ၊ မော် တော်များကား သွားလာမပျက်ရှိနေကြသည်။

ယခုရေးသားမည့်ဇာတ်လမ်းကို အခြေခံသောကား သည်ဒုတိယကမ္ဘာစစ်မတိုင်မီကအဖြစ်အပျက်များပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဒေးဒလိန်းတောကြီးထဲမှာ ရတနာသိုက်တစ်ခု
ရှိတယ်တဲ့၊ ကျောက်ဂူကြီးတစ်ခုထဲမှာ ရတနာတွေက အများ
ကြီးပဲတဲ့၊ ဒီဂူကြီးကို တွေ့ချင်မှတွေ့မယ်၊ ရှာရင်မတွေ့ဘူး၊ မရှာ
ဘဲနဲ့လည်း သူ့အလိုအလျောက် ပေါ်ချင်ပေါ်လာခဲ့တာတဲ့"

"အေး. . ငါလည်းလူကြီးတွေပြောဆိုနေကြတာ
ကြားဖူးတယ်၊ ကျောက်ဂူနက်ကြီးတဲ့၊ တစ်ခါက ရွာတစ်ရွာ
က မုဆိုးတစ်ယောက်မျက်စိလည်လမ်းမှားပြီး ဒေးဒလိန်း
တောနက်ထဲကို ရောက်သွားခဲ့တာ. . အဲ့ဒီဂူနက်ကြီးကို သွား
တွေ့တယ်တဲ့၊ ဒါပေမယ့် ဂူတံခါးလည်းမတွေ့ရဘူး၊ ကျပ်ပြား
ဝိုင်းသာသာအပေါက်ကလေးက ဂူနံရံမှာရှိနေတယ်၊ အဲ့ဒီ. .
အပေါက်လေးကနေ ကြည့်ရင် ရေထဲကိုမြင်နိုင်တယ်တဲ့. .
မောင်မိုးရ. .;"

"အဲဒီတော့ ဂူထဲမှာ ဘာတွေတွေ့သလဲ. . ဘရင်"

"ရတနာတွေမှ အများကြီးပဲတဲ့ကွာ၊ ကာလပ်တွေပေါ်
မှာ တင်ထားတာ၊ ပြိုးပြိုးပြက်ပြက်၊ ဝင်းဝင်းလက်လက်နဲ့တဲ့
ဂူပေါက်ကမရှိတော့. . ဘယ်လိုမှ ဝင်လို့မရဘူးပေါ့ကွာ၊ ဒါနဲ့
သူလည်း နေရာကိုသေသေချာချာမှတ်သားထားခဲ့ပြီး အိမ်
ကို ပြန်လာခဲ့တယ်၊ ရင်းနှီးတဲ့ရွာသား နှစ်ယောက်ကို တိုင်





င်တယ်၊ စူး၊ ဆောက်၊ တူ၊ ပေါက်ဆိန်တွေနဲ့ တောထဲကို
တစ်ခေါက်ပြန်ဝင်ကြတာပေါ့"

"ဒါပေမယ့်. . သူတို့အဲဒီ ဂူနက်ကြီးကို မတွေ့ရတော့
ဘူးမဟုတ်လား၊ ဒီဇာတ်လမ်းကို ငါလည်း ကြားဖူးပါပြီ ဘရင်
. . ဟုတ်မဟုတ်တော့ ငါလည်းမသိဘူး၊ ငါကတော့ သိပ်
ယုံချင်ဘူးကွာ"

မောင်မိုးနှင့်ဘရင်တို့သည် ထွေရာလေးပါးစကားများ
ဖြင့် ပြောရင်းဒေးဒလိန်းတောကြီးအကြောင်းဆီကို ရောက်
သွားခဲ့ကြခြင်းပင်။ သူတို့ မမီခဲ့သည့်ခေတ်ကာလအကြောင်း
ပုံပြင်ဖြစ်ကြပြီး၊ ကြာလာတော့ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို
ဖြစ်လာခဲ့လေသည်။ တကယ်တော့ စကားစပ်မိ၍သာ ပြော
ကြရသည်။ ဒေးဒလိန်းတောကြီးသည် သူတို့နှင့်မည်သို့မျှ ပတ်
သက်နိုင်ခြင်းမရှိပေ။ အဖြစ်အပျက်များသည် သူတစ်ဖုံ၊ ငါ
တစ်မျိုးနှင့် ပြောနေကြသည်။ ဂူနက်ကြီးထဲမှ ရတနာများဆို
သည်ကား လူတိုင်း၏ပါးစပ်ဖျားမှာ မစားရ ဝခမန်းပြောနေ
ကြသည်။ ရိုးလျက်ပင်နေလေပြီ။

သို့သော် မိမိတို့နှင့်မည်သို့မျှ မသက်ဆိုင်သော ဂူနက်
ကြီးသည် တစ်နေ့သောအခါ မမျှော်လင့်ပဲ သက်ဆိုင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ. . .

➤➤➤➤➤

"ဘရင်. . ငါ ထဖုံဘက်ကိုသွားမလို့၊ ငါ့အမျိုးတွေ ဆီးကိုလည်း မရောက်တာကြာပြီမို့ သွားလည်ချင်တယ်၊ မင်း လိုက်ခဲ့မလား"

"မင်းအဖော်လိုရင် ငါ လိုက်ပေးမယ်လေ၊ ငါလည်း အားနေပါတယ်"

ဘရင်ကလည်း လိုလိုလားလားပင် လက်ခံသည်။ ထဖုံ ဆိုသည်မှာ မြို့ကနေ နာရီဝက်ခန့် လှည်းနှင့်သွားပြီး နောက်၊ သစ်ထုတ်လုပ်ရေးစခန်းတစ်ခုကိုရောက်သည်။ မှတဆင့် တောထဲဝင်ကာ သစ်ရိပ်ဝါးရိပ်ကို ခိုလှုံပြီးသွားလျှင် တစ်နာရီလောက်သွားရသည်။ ဒါကလည်း ခြေလှမ်းသွက် သွက်နှင့်တက်သုတ်နှင်ပါမှ ခြေလျင်ခရီးကလွဲပြီး တစ်ခြား လမ်းမရှိပေ။

နောက်တစ်နေ့နံနက်တွင် မိဘများကို ကန်တော့ပြီး ကာ. . ခွင့်ပန်ကြသည်။ ထို့နောက် အမျိုးဘကြီးတစ်ယောက်





လှည်းကြုံဖြင့် လိုက်ပါလာခဲ့ကြလေသည်။

သစ်ထုတ်လုပ်ရေးစခန်းသို့ရောက်သောအခါ မိုးပင် ကောင်းစွာလင်းမလင်းသေး။ ဘရင်၏အသိ ဆင်ဦးစီး ဦးတင် မောင် နှင့်သွားတိုးသည်။

"ဟကောင်လေး. . . ဒီကိုဘာလာလုပ်ကြတာ သေးလဲကွ"

"ကျွန်တော့်သူငယ်ချင်းက သူ့အမျိုးတွေရှိတဲ့ ထဖုံ ကိုသွားမယ်ဆိုလို့ အဖော်အဖြစ်လိုက်လာခဲ့တာပါ ဦး လေး"

"ဟေ. . ထဖုံရွာကို ဟုတ်လား၊ မင်းတို့ လျှောက်နိုင် ပါ့မလား၊ အဆင်းအတက်တွေများတယ်၊ သားကောင် တွေကတော့ ဒီဘက်ရွာသိပ်မရှိပါဘူးလေ၊ မင်းတို့မျက် စည်နေကြဦးမယ်"

"ကျွန်တော် နှစ်နှစ်တစ်ခေါက်လောက်တော့ ထဖုံ ရောက်ပါတယ် ဦး. . သွားလာနေကြပါ"

မောင်မိုးက ဝင်ပြောသည်။ ဦးတင်မောင်သည် ဤ တောကြီးဝိုင်းသို့ရောက်လာခဲ့သည်မှာ တစ်နှစ်ပင်မပြည့် သေး၊ ထို့ကြောင့် မောင်မိုး ထဖုံရွာကိုတောထဲမှ ဖြတ်၍သွား



www.burmeseclassic.com

www.burmeseclassic.com



လာဖူးသည်ကို သူပြောၡ၍သာသိရသည်။ လူကြီးပိပိ သူတို့ကို အလိုလိုနေရင်း စိတ်မချဖြစ်လာခဲ့ရသည်။

"ငါလည်း အားရင်လိုက်ပို့ပါတယ်၊ အဲဒီ ဘက်တို့ သွားမယ့်လူကြုံကလည်း မရှိဘူး၊ မင်းတို့သတိထားပြီးသွား ကြကွာ၊ ဘာလက်နက်မှလည်း မပါကြဘူး"

ဦးတင်မောင်က ဝါးချွန်တစ်ခုစီပေးလိုက်သည်။ ခ နားစေပြီး ကောက်ညှင်းပေါင်းနှင့် ချေသားကြော်တို့ကိုလည်း ကြွေးလိုက်သေးသည်။ ထို့နောက် တောစပ်အထိလိုက်ပို့ သည်။

"မောင်မိုးက သွားလာဖူးတယ်ဆိုတော့ လမ်းကောင်း ကောင်းမှတ်မိမှာပေါ့၊ တစ်ချို့နေရာတွေမှာ လမ်းဟောင်းတွေ ပျောက်ပြီး လမ်းသစ်တွေ ရှိနေတတ်တယ်၊ ဒါကလည်း ချောက်ဖက်ကို နီးလို့အတွင်းဖက်ကနေသွားရင်း ဖြစ်လာတဲ့ လမ်းပါ၊ လမ်းမမှားအောင် သတိထားပြီးသွားကြ၊ လမ်းမှာ တွေ့တဲ့လူကိုလည်း မေးစမ်းပြီးသွားကြ၊ ကြားလား. ."

"ဟုတ်ကဲ့. ."

သူတို့နှစ်ယောက်သည် ကုန်းလျှောကလေးအတိုင်း ဆင်းသွားခဲ့ကြသည်။ ဦးတင်မောင်သည် မျက်စေ့တစ်ဆုံး





ကြည့်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြတော့မှ နောက် ကြောင်းကို လှည့်ပြန်ခဲ့လေသည်။

➤➤➤➤➤

မောင်မိုးနှင့် ဘရင်တို့သည် လူငယ်များပီပီ ဖျက်လက် က်ကြွနေကြသည်။ တောထဲတောင်ကဲများသို့ သွားလာ နေကြသူများပေမို့ သူတို့အတွက် မထူးခြားသလို အပန်း ည်းမကြီးလှပါ။ ယခုအချိန်တွင် သူတို့သည် ဒေးဒလိန်း တောနက်ကြီးကိုမေ့လျော့နေကြသည်။ (နောင်အခါတွင် ဆင် င်းမှုးဦးတင်မောင်သည် မောင်မိုးတို့ကို ဒေးဒလိန်းတောကြီး နှင့်ပတ်သက်ပြီး သတိကပေးမိလိုက်သည့်အတွက် မောင်မိုး တို့ကို စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်သွားခဲ့သည်ဟု ဆိုပါသည်။ ဆိုသော် ထိုအချိန်တွင် မောင်မိုးတို့သည် ထူးဆန်းသော ဖြစ်အပျက်များကို ကြုံတွေ့ခဲ့ကြပြီးလေပြီ။)

"မောင်မိုး. . ငါတော့ ဒီဘက်တောထဲကို မလာတာ ကြာလို့ထင်တယ်၊ အားလုံးဟာ အသစ်အဆန်းချည်းပဲကွ၊ ဘာငှက်ပျောပင်တွေကလည်း မှဲ့ပြီးတော့ ဝင်းနေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာကွာ၊ အခိုင်လိုက်ကို ပြွတ်သိပ်နေတာပဲ”

“ထဖုံမှာလည်း ငှက်ပျောသီးတွေ ပေါပါတယ်ကွာ
မင်းက ဆာနေပြီလား. . ”

“မဆာပါဘူးကွာ၊ ပြောပြတာပါကွ၊ ဆင်စခန်းမှာ
ဗိုက်ကားအောင်ဆားလာခဲ့တာ၊ တော်ရုံနဲ့ ဆာမှာတော့
မဟုတ်ပါဘူး”

စကားဘာပြောပြောနှင့် တက်သုတ်လိုက်ကာ
လျှောက်လာခဲ့ကြသည်။ ကိုယ်ပေါ်မှာ လွယ်အိတ်တစ်လုံး
စီကိုသာ လွယ်ထားကြသည်။ အဝတ်အစားတစ်စုံစီနှင့် လေး
ဂွတစ်ချောင်းစီကိုလည်း ထည့်လာခဲ့ကြသည်။

“မောင်မိုး. . မင်း လမ်းကောင်းကောင်းမှတ်မိတယ်
နော်”

“မှတ်မိပါတယ်ကွ၊ ဒီလမ်းကို ငါမျက်စိမှိတ်ပြီးတော့
သွားတာတောင် မမှားဘူး၊ စိတ်ချ. . ”

➤➤➤➤➤

ပြေပြစ်နေသောလမ်းသည် အနိမ့်၊ အမြင့်၊ အတက်
အဆင်းများလာသည်။ တစ်ခါတစ်ရံမှာ ကျောက်ကြီးဖြစ်နေ





ခဲယဉ်းစွာဆင်းကြရသည်။ ရေဆင်းလမ်းဖြစ်နေ၍ ရေတိုက်
စားသွားကာ အောက်ကိုနိမ့်ဆင်းသွားခဲ့ခြင်းပင်။

“ဒီလမ်းဟာ အစက ဒီလိုမဟုတ်ဘူးကွ၊ တောက်
လျှောက်ကြီးကို ဖြူးနေတာပဲ၊ အခုရေဆင်းလမ်းဖြစ်ပြီး လမ်း
တွေလည်း ပျက်စီးကုန်ပြီ”

“ကြည့်လုပ်နော်. . မောင်မိုး၊ တော်ကြာလမ်းမှားလို့
တောထဲမှာလည်နေဦးမယ်”

“မမှားနိုင်ပါဘူးကွာ. . ”

ပြောမယ့်သာပြောလိုက်ရသည်၊ သူကိုယ်တိုင်လည်း
ဂရုစိုက်နေရလေပြီ။ ဦးတင်မောင်၏စကားကို ပြန်ပြီးသတိ
ရသွားမိကြသည်။ တစ်ချို့လမ်းတွေ ပျက်ကာ လမ်းဟောင်း
တွေပျောက်ပြီး လမ်းသစ်တွေဖြစ်ပေါ်လာသည်ဟူသော အ
ကြောင်းပင်၊ မောင်မိုးကတော့ မိမိသွားဖူးလာဖူးသောလမ်း၊
ဟောင်းသတိနှင့် မှတ်ပြီးခေတ္တသွားနေရလေပြီ။ ဘရင်သည်
မောင်မိုးကို မျက်နှာရိပ်မျက်နှာကဲခတ်ကာ ကြည့်နေမိသည်။
မျက်နှာပေါ်မှာ ကြောင့်ကျမှုများကို တွေ့နေရသည်။

“မောင်မိုး. . မင်း ဟုတ်သေးရဲ့လားကွာ၊ မင်းကို
ကြည့်ရတာ စမ်းတဝါးဝါးနဲ့ သွားနေရသလိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို မလိမ်ချင်တော့ဘူး ဘရင်၊ ငါ လမ်းမှားနေပြီထင်တယ်ကွ"

"ငါလည်း ထင်သားပဲ၊ မင်းကိုကြည့်ရတာ တစ်မျိုးပါလို့ ကဲ. . လမ်းမှာ တစ်ယောက်ယောက်နဲ့ ကြုံဦးမှာပဲ၊ မေးပါများစကားရတဲ့၊ မေးကြည့်. . သိမှာပေါ့ကွာ၊ ဒါ စိတ်ပျက်စရာမလိုပါဘူး"

ဘရင်ကလည်း အားပေးသည်။ သူတို့သည် ဆက်ပြီး မလျှောက်ကြသေးပဲ၊ တစ်နေရာမှာ ရပ်လိုက်ကြသည်။ ထိုနေရာသည် လွန်စွာမှ တောထူထပ်သည်။ ရှေ့မှာ ဆီးပြီးတောခံနေသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

"တောအုပ်ကြီးကွ၊ ငါသွားလာနေကြလမ်းမှာ ဒါလောက်ကြီးမားတဲ့တောကြီး ဆီးပြီးမခံနေပါဘူး၊ ငါတို့ တကယ်ကို လမ်းမှားနေတာပဲဟေ့"

"ဲအေးကွာ. . လမ်းမှားလည်း ဘာတတ်နိုင်မှာလဲ၊ ဒီအတိုင်းရပ်နေမယ့်အတူတူ ငါတို့လမ်းမှန်ကိုလိုက်ရှာကြမယ်၊ မောင်မိုး၊ နေကုန်သွားလိမ့်မယ်ကွ"

နှစ်ယောက်သား သဘောတူညီချက်ကိုရယူပြီး လမ်း





မှန်ကိုလိုက်ရှာကြလေသည်။

"ဟေး. . မောင်မိုး၊ ဘရင်"

"ဟာ. . ဒါဆင်ဦးစီးဦးတင်မောင်ရဲ့အသံကွ၊ ငါတို့တို့ စိတ်မချလို့ လိုက်လာခဲ့တာထင်တယ်"

"ဟော့ကောင်. . မောင်မိုး၊ မင်းအရမ်းမထူးနဲ့"

ဘရင်က သတိပေးလိုက်တော့မှ မောင်မိုးလည်း သူ ါးစပ်ကို လက်ဝါးဖြင့် ပိတ်မိလိုက်လေသည်။ တောထဲ ောင်ထဲတွင် မိမိနာမည်ကိုခေါ်လျှင် အရမ်းမထူးရပေ။ တစ် ယာက်နာမည်ကိုလည်း တစ်ယောက်က မခေါ်ရပေ။ ထို့ ကြောင့် နှစ်ယောက်စလုံးငြိမ်ပြီးတော့ နေလိုက်ကြရသည်။

"မောင်မိုးရေ. . မောင်မိုး၊ ဘရင်. . မင်းတို့ ဘယ်မှာ သည်းကွ"

အသံကြီးက ထွက်လာခဲ့ပြန်သည်။ သေသေချာချာ းထောင်ကြည့်တော့ ဦးတင်မောင်၏အသံနှင့်လည်း မတူ ပေ။ မည်သည့်နေရာက ထွက်ပေါ်လာသောအသံဆိုသည် ကို မှန်းဆ၍ မရပေ။ မထူပဲ မြုံနေသောအခါ နောက်ထပ် ခေါ်သံကို မကြားရတော့ပေ။

မောင်မိုးက လေသံတိုးတိုးလေးဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်သံမကြားရတော့ဘူးကွ၊ ဦးလေး ဦးတင်မောင်သာမှန်ရင်တော့ ငါတို့မထူးမိတာ မှားတာပဲ"

"မဖြစ်နိုင်ပါဘူး မောင်မိုးရာ၊ ငါတော့ သူမဟုတ်ဘူးဆိုတာ အတတ်သိကိုနေတယ်ကွ"

"ဒါဖြင့် ဘယ်သူဖြစ်နိုင်မလဲ"

"ဝရော. . ဝရော. . ဝရော"

ထိုစဉ် တစ်စုံတစ်ရာသောအသံကို ကြားလိုက်ကြရသည်။ အသံလာရာဆီကို လှမ်းကြည့်မိလိုက်ကြသောအခါ မည်းမည်းလုံးကြီးတစ်ခုသည် ဆင်ခြေလျှောလမ်းအတိုင်း လိမ့်ဆင်းလာနေသည်ကို တွေ့လိုက်ကြရသည်။

"ဟိုမှာကြည့်စမ်း. . ဘာလည်းဟ"

"ငါမြင်တယ်. . မောင်မိုး"

ထိုမည်းမည်းလုံးကြီးသည် သူတို့အနားမှဖြတ်ပြီး အောက်ကို လိမ့်ဆင်းသွားခဲ့သည်။ သင်းခွေချပ်တစ်ကောင်ဖြစ်နေလေသည်။ ကိုယ်ထဲကို ခေါင်းငုတ်ကာ ဘောလုံးသဏ္ဌာန်လုပ်ပြီး လိမ့်သွားခြင်းပင်ဖြစ်သည်။

"လက်စသတ်တော့ သင်းကိုး"

တောင်တောထဲတွင် သင်းခွေချပ်များသည် လူအ





မည်းကို လိုက်တုပြီးခေါ်တတ်ကြောင်း သိရသည်။ ထူးမိလျှင်မကောင်းချေ။ ဒုက္ခရောက်တတ်သည်။ အသက်အန္တရာယ်ရှိတတ်သည်ဟု ဆိုကြသည်။

"ဟော်သေးတာပေါ့ကွ၊ ထူးမိရင် ဘာဖြစ်သွားမလည်းမသိဘူး"

ထိုအဖြေကို မည်သူမှမသိကြပေ။ ထို့ကြောင့် ရှေ့ဆက်ပြီး တောထဲကို ဝင်လာခဲ့ကြသည်။ (နောက်သို့ဆုတ်ရန်ကလည်း မည်သည့်နေရာကို ဆုတ်ရမည်မှန်းမသိကြပေ) တောသည် တဖြည်းဖြည်းနှင့် ကျဉ်းမြောင်းလာသလိုထင်ရသည်။ တစ်နေရာတည်းကို ဦးတည်ပြီးတော့ သွားနေသောကြောင့်ပင် ဖြစ်သည်။ သူတို့စိတ်ထဲမှာ တစ်ခြားလျှောက်လှမ်းစရာနေရာကိုလည်း မရွေးတော့၊ မရှာဖွေတော့။

➢➢➢➢➢

"ဆာလိုက်တာဗျာ၊ စားစရာပါရင်. . နည်းနည်းလောက်ကြွေးပါလား"

"ဟင်. . ဘာရင်၊ မင်း ဘာပြောလိုက်တာလဲ၊ မင်း ဆာ



www.burmeseclassic.com

www.burmeseclassic.com



ရင် လွယ်အိတ်ထဲမှာ ကောက်ညှင်းပေါင်းတွေပါလာတယ် လေကွာ၊ ယူစားပေါ့”

“ဟာ. . ငါမပြောပါဘူး၊ ငါလည်း စောစောက စကားကို ကြားမိလိုက်တာပဲ၊ မင်းပြောတာမှတ်လို့”

“ငါလည်း မပြောမိပါလားကွာ၊ နှစ်ယောက်စလုံး ကြားကြတယ်ဆိုတော့ ဘယ်သူများပြောလိုက်တာပါလိမ့်”

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြ သည်။ ထိုစဉ် သစ်ပင်ကြီးတစ်ပင်ပေါ်မှ မျောက်ကြီးတစ် ကောင်သည် သစ်ကိုင်းများကိုကိုင်ကာ၊ လွဲကာဖြင့် အောက် ကို ဆင်းလာခဲ့သည်။ သူတို့ရှေ့ကို ဖုတ်ကနဲဆို ကျလာခဲ့ လေသည်။

မျောက်ကြီးသည် ဘယ်လက်ကို နောက်သို့လွှဲကာ ဝှက်ထားသည်။ ညာဘက်ဖဝါးကိုဖြန့်ကာ အစာတောင်းလေ သည်။ မျောက်ကြီး၏သိမ်မွေ့သောအမူအရာကြောင့် အံ့အား သင့်သွားခဲ့ကြရလေ၏။ မောင်မိုးက လွယ်အိတ်ထဲမှ ငှက် ပျောသီးတစ်လုံးကို နှိုက်ကာ မျောက်ကြီး၏လက်ထဲကို ထည့် ပေးလိုက်၏။

မောင်မိုးသည် မျောက်ကြီးပေးသော ပစ္စည်းကိုကြည့်





လိုက်သောအခါ ရွှေဒင်္ဂါးပြားလေးတစ်ခုဖြစ်နေလေ၏။ တစ် ကျပ်သားခန့်ရှိလေသည်။

(ထိုခေတ်ကာလက ရွှေတစ်ကျပ်သားသည် တစ်ရာ့ ငါးဆယ်ကျပ်ရှိလေသည်။)

“ရွှေဒင်္ဂါးပါလားကွ. . မောင်မိုး၊ တော်တော့်ကိုယဉ် ပါးပြီး လိမ္မာရေးခြားရှိတဲ့ မျောက်ကြီးပဲ၊ အစာကို ရွှေဒင်္ဂါးပြား နဲ့ လဲသွားတယ်၊ စောစောက ဆာတယ်လို့ပြောတာ ဒီမျောက် ကြီးများဖြစ်နေမလား”

“ဟာကွာ၊ မျောက်က လူစကားပြောပါ့မလားကွ၊ ဒါပေမယ့် ငါတို့နှစ်ယောက်စလုံးကြားလိုက်ကြတာရော နား ကြားလည်း မလွဲနိုင်ပါဘူး”

“ထားတော့ကွာ၊ လျှောက်တွေးမနေနဲ့တော့၊ ဒီ မျောက်ကြီးဟာ ရွှေဒင်္ဂါးပြားကို ဘယ်ကရလာသလည်းမသိ ဘူး၊ လာကွာ. . ဟိုဘက်ကိုသွားကြည့်ကြရအောင် ဘရင်”

ဤတောကြီးသည် နာမည်ကြီး ဒေးဒလိန်တောကြီး ဖြစ်နေသည်ကို တဖြည်းဖြည်းနှင့်ရိပ်မိလာကြသည်။ သို့သော် နှစ်ယောက်စလုံး သတ္တိကောင်းကြသည်။ လူငယ်တွေပီ၊ အကြောက်အလန့်လည်း မရှိကြပေ။ တောထဲမှာ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားစရာတွေကို တွေ့လာခဲ့ကြရသည်။ ယခုလည်း မျောက်ကြီးတစ်ကောင်က ရွှေဒင်္ဂါးပြားတစ်ပြားကို ထူးဆန်းစွာပင် ပေးခဲ့သည်မဟုတ်ပါလား။

ရှေ့မှာ တောလမ်းလေးတစ်ခုကို အမှတ်မထင် မြင်တွေ့လိုက်ရသည်။ လမ်းက ရှင်းပြီး ဖုံနေသည်။ သဘာဝအလျောက်ဖြစ်ပေါ်နေသော လမ်းထဲသို့ပင် ထင်ရသည်။

"သွားလမ်းပါလားကွာ၊ ရွာတစ်ရွာများရှိနေမလား မသိဘူး . . ဘရင်"

"အေးကွ . . လမ်းကိုက ဖုံနေတာပဲ၊ လာကွာ . . သွားကြည့်ကြမယ်၊ ရွာတွေ့လည်း အကူအညီတောင်းရတာပေါ့ကွာ"

အစောတလျင်လျှောက်သွားခဲ့ကြသည်။ အနားကိုရောက်သော် မြေသားလမ်းမဟုတ်ဘဲ ကျောက်ချောလမ်းတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ကြရလေသည်။

"ကျောက်ချောလမ်းကွ၊ ရွာတစ်ရွာရွာက ဖောက်ထားတဲ့ လမ်းပဲဖြစ်ရမယ်"

အားတက်သွားခဲ့ကြသည်။ ကျောက်လမ်းအတိုင်း လျှောက်လာခဲ့ကြရာ၊ အောက်ဖက်ကို မသိမသာနိမ့်ဆင်း





သွားခဲ့သည်။ ဘရင်က လမ်းမှာအမှတ်မထင် တွေ့လိုက်ရသော ပစ္စည်းလေးတစ်ခုကို ကောက်ယူလိုက်သည်။ ကျောက်ငါးရုပ်လေးတစ်ကောင်ဖြစ်နေသည်။

"ကျောက်ငါးရုပ်လေးပါလားကွ၊ တော်တော့်ကို လက်ရာမြောက်တာပဲ"

ဘရင်သည် မောင်မိုး၏လက်ထဲမှ ကျောက်ငါးရုပ်လေးကိုယူပြီး အပြန်ပြန်အလှန်လှန် ကြည့်လိုက်သည်။

"မောင်မိုး . . ဒါ . . အရုပ်မဟုတ်ဘူးကွ၊ တစ်ကယ့်ငါး၊ ကျောက်ဖြစ်နေတဲ့ငါး၊ မင်းသေသေချာချာကြည့်စမ်း၊ ငါးကိုယ်ပေါ်က အကြေးခွံတွေ၊ ဆူးတောင်တွေ၊ ပါးဟက်ကအစ အားလုံးဟာ သဘာဝပဲ၊ ဓါတ်သဘောပြောင်းလည်းပြီး ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေတာ"

"အေးကွ . . မင်းပြောသလို သေသေချာချာ ကြည့်တော့မှ တကယ့်ငါးအစစ်ဆိုတာ ပိုပြီး သိလာတယ်၊ ဘယ်လိုဖြစ်လို့ ရေထဲကငါးက ကုန်းပေါ်ကို ရောက်နေတာလည်း . . ဘရင်"

"ဒါလည်း အကြောင်းရှိမှာပေါ့ကွာ၊ မင်းလည်း သာကဓါတ် စာတွေသင်နေတာပဲ၊ ပင်လယ်ပြင်ကြီးက ရေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြောင်းလဲသွားပြီး ဒီနေရာမှာ ကုန်းမြေဖြစ်လာ
နေမှာပေါ့ကွာ၊ သေသွားတဲ့ရေသတ္တဝါတွေကလည်း
ခါတ်၊ လေခါတ်ကြောင့် ပြောင်းလည်းသွားပြီး ကျောက်သ
ပကတိဖြစ်ကုန်ကြတာပေါ့"

"အေး. . ဒါတော့. . ဒါပေါ့ကွာ၊ အဲ. . ဒါပေ
ဟိုမျောက်ကြီးက ရွှေဒင်္ဂါးပြားပေးသွားတာကတော့ ထူးခြ
သကွ၊ လာကွာ. . လမ်းအတိုင်း ဆက်လိုက်သွားရအောင်

➤➤➤➤➤

ပါလာသောဝါးချွန်များကို ထောက်ကာထော
ကာ ကျောက်ချောလမ်းအတိုင်း လျှောက်လာခဲ့ကြသည်
နောက်ထပ်ကျောက်ငါးသေးသေးလေးများကို တောက်
ရရှိခဲ့ပြန်လေသည်။ ကျောက်လမ်း၏ဝဲယာတွင် မြင့်မားသေ
သစ်ပင်ကြီးများက အုပ်ဆိုင်းလျက်ရှိကြသည်။ လမ်းတစ်လ
တည်းပေါ်နေသည်ကိုက အံ့အားသင့်စရာ ကောင်းလှသည်

မောင်မိုးက ကျောက်လမ်းနှင့်မလှမ်းမကမ်းမှာ
မြင့်ထက်တွင်ပေါ်နေသော အစင်းကြောင်းကြီးတစ်ခု





လက်ညှိုးထိုးပြီးတော့ ပြလိုက်သည်။ ပြေးသွားပြီးကြည့်လိုက်
ရော. . မြေပေါ်မှာပေါ်နေသောအရာသည် အခြားမဟုတ်၊
နဂါးကြီးတစ်ကောင်ပင်ဖြစ်သည်။ အသက်ရှင်နေသော နဂါး
ကြီးမဟုတ်၊ ကျောက်နဂါးကြီးပင်တည်း။ သလင်းကျောက်
ဖြင့်ပြုလုပ်ထားသော ကျောက်နဂါးကြီးသည် အတန်းလိုက်
ကြီးကို ရှိနေသည်။ ကိုယ်ပေါ်မှ အကြေးခွံများသည် အနုစိတ်
လက်ရာများပင်တည်း။ ထုလုပ်ထားသည်မှာ လက်ရာပြောင်
မြောက်လှသည်။

"ဒါလောက် ရှည်လျားတဲ့ နဂါးရုပ်ကြီးကွာ၊ ခေါင်း
ပိုင်းကိုမတွေ့ရသေးဘူး၊ အမြီးပိုင်းကလည်း မြေကြီးထဲကို မြုပ်
နေတယ်၊ ဒီနဂါးကြီးဟာ မြေကြီးထဲကထိုးပြီးထွက်လာတဲ့
အတိုင်းပဲ မောင်မိုးရေ"

"အေးကွာ. . တော်တော့်ကို လက်ရာမြောက်လွန်း
လှတယ်၊ ကိုင်ကြည့်စမ်းချင်တယ်ကွာ"

"အေးကွာ. . ငါလည်း ကိုင်ကြည့်ချင်စိတ် ဖြစ်လာ
တယ်"

နဂါးရုပ်ကြီး၏ကိုယ်ပေါ်ကို ကိုင်ကြည့်မိလိုက်ကြ
သည်။ ထို့နောက် လက်ကိုဆက်ကနဲဆို ပြိုင်တူပင် ရုပ်မိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြလေ၏။

"ဟင်. . နဂါးရုပ်ကြီးက လှုတ်သွားသလိုပဲ. . ဘရင်"

"ဟုတ်တယ်. . ငါလည်း ဒီလိုပဲထင်လိုက်တယ်၊ ဖြစ်တော့ မဖြစ်နိုင်ဘူး၊ ဒါကျောက်ရုပ်ကြီးပဲ၊ ငါတို့စိတ်ထဲက ထင်သွားတာနေမှာပါ"

"ဒီ နဂါးကြီးဟာ ကျောက်နဂါးကြီးမှ ဟုတ်ရဲ့လား စောစောက ငါလိုပဲ ကျောက်ဖြစ်နေတာလား မသိဘူး"

"ဟာ. . မောင်မိုး မင်းကလည်း ဒါလောက်ကြီးတဲ့ နဂါးကြီးက ကျောက်ရုပ်ကြီးဖြစ်နိုင်ပါ့မလားကွ၊ စဉ်းစဉ်းစား စား ပြောစမ်းပါ"

"တကယ့်နဂါးကြီးနဲ့ တူလွန်းလို့ပါကွာ"

"မင်းက တကယ့်နဂါးကိုကော မြင်ဘူးလို့လား"

"ဟင့်အင်း. ."

➤➤➤➤➤

သူတို့၏စိတ်ထဲတွင် ကြောက်စိတ်မရှိကြတော့ပဲ၊ ဖူး စမ်းလိုသောစိတ်များသာ ရှိနေကြသည်။ နဂါးကိုယ်ထည် ကြီး အတိုင်း လိုက်သွားခဲ့လေရာ မိမိတို့လျှောက်လာခဲ့ကြသည့်





နေရာနှင့် မည်မျှဝေးကွာသွားခဲ့သည်ကိုပင် မသိကြတော့ပေ။ အတော်ကလေးလျှောက်လာကြပြီးသောအခါ မြွေနဂါးကြီး တစ်ကောင်၏ခေါင်းပိုင်းကို တွေ့လိုက်ရကြရလေ၏။

မြွေနဂါးကြီးတစ်ကောင်ပင်ဖြစ်သည်။ ပါးပျဉ်းထောင် နေသည်။ အသက်ဝင်လွန်းလှသည်၊ ရှေ့တန်းတန်းမှကြည့် ကြရာ ကြာတော့ ပါးပြင်းခွက်ကြီးက ယိမ်းထိုးနေသည်ဟု ထင်သွားခဲ့ကြပြန်သည်။ မြွေနဂါးကြီး၏ ပေအရှည်သည်။ တစ်ရာ ထက်တော့ မအောင့်။

"မောင်မိုး. . ဟိုမှာ ကြည့်လိုက်စမ်း"

မြွေနဂါးကြီးခေါင်းတည်ထားသောနေရာတွင် ကျောက်ဂူနက်ကြီးတစ်လုံးကို တွေ့လိုက်ကြရသည်။

"ဂူနက်ကြီးပါလား. . ဘရင်၊ ငါတို့မျက်စိပဲမှားကြသလားကွာ"

"ဘရင်. . ငါတို့မျက်စိမမှားဘူးကွ၊ ဂူနက်ကြီးတစ်လုံးပဲ၊ လူပြောသူပြောများနေတဲ့ ဒေးဒလိန်းတောကြီးထဲက ဂူနက်ကြီးဆိုတာ ဒါပဲဖြစ်မှာပဲ. . ဘရင်"

"အေး. . မြွေနဂါးကြီးရဲ့ခေါင်းက ဂူနက်ကြီးဆီကို ခေါင်းတည်ထားတာ ငါတို့ကို တမင်ပြနေသလိုပဲ. . မောင်မိုး"



www.burmeseclassic.com

www.burmeseclassic.com



"လာကွာ. . သွားကြည့်ကြရအောင်"

နှစ်ယောက်စလုံးမရဲတရဲနှင့် ဂူနက်ကြီးအနားကို တိုးကပ်သွားခဲ့ကြသည်။ ဂူနက်ကြီးမှာ လက်ခုပ်တစ်ဖောင်မကမြင့်မားလှသည်။ ဂူသာဆိုသည် ပတ်ပတ်လည်ကို လိုက်ကြည့်ကြသော်လည်း ဂူပေါက်ကိုမတွေ့ရပေ။ (အပေါက်ဝမရှိသော ဒေးဒလိန်းတောထဲမှာ ဂူနက်ကြီးအကြောင်းကို သူတို့နှစ်ယောက်ကြားဖူးခဲ့ကြပြီးဖြစ်သည်။)

"ငါတို့ အိပ်မက်မက်နေကြတာတော့ မဟုတ်ဘူးကွ၊ ဒါ ဂူနက်ကြီးအစစ်ပဲ၊ ဂူပေါက်စကိုတော့ မတွေ့ရဘူး. . မောင်မိုး"

"ဟာ. . ဟော့ကောင်၊ ဒီ ဂူနက်ကြီးဟာ ဂူပေါက်စမရှိပေမယ့် အပေါက်သေးသေးလေးတစ်ခုရှိတယ်လို့ ငါကြားဖူးထားတယ်"

"အေး. . ဘရင်၊ ငါလည်း ကြားဖူးထားတယ်ကွ၊ ရှာကြည့်ကြရအောင်ကွာ"

နှစ်ယောက်စလုံး ဂူကြီးကိုပတ်ချာလှည့်ကြည့်ကာရှာကြသည်။

"မောင်မိုး. . ဒီမှာ. . ဒီမှာ. . လာကြည့်စမ်း"





မောင်မိုးက ဘရင်ဆီကို ပြေးလာပြီးကြည့်ရာ အရှေ့ . . .က်ကျသော နံရံတွင်းလက်သီးဆုပ်မကျတကျရှိ အပေါက် . . .စ်ခုကို တွေ့လိုက်ကြရလေ၏။

"အေးကွ. . အပေါက်လေးတစ်ခု၊ ဂူထဲကိုကြည့်လို့ . . .တယ်"

မောင်မိုးက အပေါက်လေးထဲမှ တစ်ဆင့်ကြည့်လိုက် . . .

"ဟင်. ."

"ဘာ. . ဘာလည်းကွ. . မောင်မိုး၊ မင်းဘာတွေ့လို့ . . ."

"မင်းကြည့်စမ်း၊ အံ့အားသင့်စရာတွေပဲကွာ"

နှစ်ယောက်အတူတူ မျက်လုံးတစ်လုံးစီဖြင့်ကပ်၍ . . .ကြည့်လိုက်ရာ ဂူထဲမှာ နေအလင်းရောင်ကဲ့သို့ လင်းချင်း . . .ျက်ရှိသည်။ သံလွန်ညောင်းစောင်းတစ်ခုပေါ်တွင် ရွှေက . . .ပ်များ၊ ရွှေလင်ဗန်းများပေါ်မှာ ရတနာပစ္စည်းမျိုးစုံနှင့် ရွှေ . . .င်းပြားများကို တွေ့လိုက်ကြရလေသည်။

➤➤➤➤➤



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ပိုပြီးတော့ ထူးခြားသည်က အရိုပ်လို [illegible] သဏ္ဌာန်များသည် ဂူနံရံကိုဖြတ်သန်းက သွားလာနေ [illegible] သည်။ လူလိုလိုသဏ္ဌာန်များပင်ဖြစ်ကြသည်။ သူတို့သ [illegible] အထိတ်အလန့်ဖြင့် မျက်နှာတွေကို လွှဲပစ်လိုက်ကြသည် [illegible]

"ကိုယ့်မျက်လုံးတွေကိုတောင် မယုံချင်တော့ဘူး [illegible] ရတနာတွေမှအများကြီးပဲ၊ ငါတို့ . . ဒါလောက်ဆင်းရဲနေ [illegible] တာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက ဝိုင်းပြီးမ [illegible] ရင် ကောင်းမှာပဲ . . ဘရင်"

ထိုသို့ပြောလိုက်ကြသည်နှင့် ထူးခြားမှုတစ်ခုက [illegible] ပေါ်လာခဲ့သည်။ မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွား [illegible] သည်။ မြွေနဂါးကြီးသည်လည်း ကိုင်ထည်ကြီးပါ တွန့်လ [illegible] သွားကာ လှုပ်ရှားသွားသလားဟု ထင်မိလိုက်ကြရသည်။ [illegible] ယောက်စလုံး မတ်မတ်မရပ်နိုင်ကြပဲ လဲကျသွားခဲ့ [illegible] လေ၏။

ထိုစဉ်

"ချလွမ်း . . ချလွမ်း . . ချလွမ်း"

ဂူနံရံလက်သီးဆုပ်အပေါက်လေးထဲမှ ရွှေဒင်္ဂါး [illegible] များက ရေသွန်ချလိုက်သလို တစ်ပြားပြီးတစ်ပြား ကျလာ [illegible]





တော့သည်။

အံ့အားသင့်ကာ မှင်တက်မိနေကြထဲမှာပင် ဆက်မကျတော့ဘဲ ရပ်သွားခဲ့ကြလေသည်။ နှစ်ယောက်စလုံး အပြေးအလွှားသွားကြည့်ကြသည်။

"ရွှေဒင်္ဂါးပြားတွေ အများကြီးပဲ၊ အများကြီးပဲ၊ ဒီအပေါက်လေးထဲက ကျလာခဲ့လာကွ"

"အေးကွာ . . ဆန်းလိုက်တာ မောင်မိုးရ၊ ဒါငါတို့ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးတွေက မေတ္တာနဲ့ကူညီလိုက်ကြတာပဲကွ၊ ကျေးဇူးတင်ရမယ်"

"ငါတို့ ကုသိုလ်ပေါ့ကွာ၊ အလှူလည်းလုပ်ပြီး သူတို့သာဓုခေါ်နိုင်အောင် အမျှအတန်းလေးဝေကြရမယ် . . ဘရင်ဝမ်းသာလိုက်တာကွာ"

ရွှေဒင်္ဂါးများကို သူငါးပြား၊ ကိုယ်ငါးပြား အပြားတစ်ရာစီရကြလေသည်။ အပိုပါလာသောအဝတ်အစားများထဲသို့ သိုသိပ်ချာညှပ်ထည့်လိုက်ကြသည်။ သူတို့ဝမ်းသာလုံးဆို့နေကြသည်။

"ခတ်တာက ငါတို့ဒီပစ္စည်းတွေနဲ့ ထမုံကိုလည်း သွားလို့မဖြစ်တော့ဘူး . . ဘရင်၊ အိမ်ကိုပဲ ပြန်ရင်ကောင်းလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ငါလည်း အံ့သလိုပဲတွေးမိတယ်၊ ဒါပေမယ့် ဘယ်ကိုပဲသွားသွား၊ ငါတို့ကလမ်းလျှောက်နေတာပဲ မဟုတ်လား"

"ဟုတ်ပါရဲ့ကွာ၊ အဲဒါမှ အခက်ပဲ ဟင် . . ဘရင်၊ ဟို ကြည့်စမ်း . . နဂါးကြီးရဲ့ခေါင်းက စောစောကလိုမဟုတ်တော့ဘူး၊ အနောက်မြောက်ဘက်ကို လှည့်နေပါလား"

"ဟင် . . ဟုတ်ပါရဲ့ကွာ၊ ဘာဖြစ်လို့ ဒီလိုဖြစ်သွားခဲ့ရတာပါလိမ့်၊ ဒီကျောက်ရုပ်ကြီးကတော့ အသက်မဝင်နိုင်ပါဘူး၊ တစ်ခုတွေ့ရှိတယ်၊ စောစောက လျှောင်လှုပ်သလိုလိုဖြစ်သွားတော့ ကျောက်ရုပ်ကြီးလည်း နေရာရွှေ့သွားသလားမှ မသိတာ . . မောင်မိုး"

မြွေနဂါးရုပ်ကြီးခေါင်းလှည့်ထားသောနေရာတွင် လမ်းလေးတစ်လမ်းပေါ်နေသည်ကို အမှတ်မထင်တွေ့လိုက်ကြရသည်။

"ဒီလမ်းကို ငါတို့စောစောပိုင်းက မမြင်မိပါဘူး၊ ငါတို့ပဲ မျက်စိမှားသလား မပြောတတ်ဘူး၊ ဟင် . . လမ်းပေါ်မှာ ဟိုမျောက်ကြီးပါလား"

မျောက်ကြီးတစ်ကောင်ကိုလည်း တွေ့လိုက်ရသည်။





ယင်းမျောက်ကြီးသည် အခြားမဟုတ်၊ ရွှေဒင်္ဂါးပြားတစ်ပြားပေးခဲ့သော မျောက်ကြီးပင်တည်း။

"မောင်မိုး . . ငါတို့ဒီလမ်းအတိုင်းသွားရင် . . လမ်းမှန်ကိုရောက်သွားလိမ့်မယ်လို့ထင်တယ်"

"အေး . . ငါးလည်း မင်းလိုပဲ ထင်နေမိတယ်၊ လာ သွားကြရအောင်"

လွယ်အိတ်ကို ဂရုစိုက်ကာလွယ်ပြီး ထွက်လာခဲ့ကြသည်။ လမ်းပေါ်ကိုရောက်သောအခါ ဂူနက်ကြီးကိုပြန်ပြီး လှည့်ကြည့်မိလိုက်ကြသည်။ စိတ်ထဲမှာ ဝမ်းသာမှုနှင့်အတူ ကျေးဇူးတင်နေမိကြလေသည်။ လမ်းပေါ်ကိုရောက်သည်နှင့် မျောက်ကြီးက သူတို့ကိုမစောင့်ပဲ၊ ရှေ့က ထွက်သွားသည်။ မျောက်ကြီးက သူတို့ကိုလမ်းပြနေသည်ဟုပဲ ထင်နေမိကြသည်။ ထို့ကြောင့် ယုံကြည်စွာပင် နောက်ကလိုက်သွားခဲ့ကြသည်။ မျောက်ကြီးသည် သူတို့ကိုလှည့်မကြည့်တော့ပဲ သွားမြဲတိုင် သွားနေသည်။ မကြာမီ . . လမ်းက အထက်ကိုမော့တက်သွားသည်။

မျောက်ကြီးတက်သွားသည်ကို မြင်နေရသည်။ တောင်ကုန်းလေးထိပ်ကိုရောက်သွားခဲ့သော မျောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် သူတို့ကိုလှည့်ကြည့်ပြီး ရပ်နေသေးသည်။ ထို့နောက် အောက်ကိုဆင်းသွားခဲ့လေသည်။ မောင်မိုးတို့တောင်ကုန်းလေးထိပ်ကိုရောက်သောအခါ မျောက်ကြီးကို မတွေ့ရတော့ပါ။

"မျောက်ကြီးကို မတွေ့ရတော့ဘူးကွာ"

"အေး. . ဘယ်ရောက်သွားသလည်း မသိဘူး"

ဟို. . ဒီ လိုက်ရှာကြသေးသည်။ အရိပ်အယောင်သော်မှ မမြင်ရတော့။

"လာပါကွာ. . ဒီလမ်းအတိုင်းပဲ ဆက်သွားကြမယ်"

တောင်ကုန်းဆင်းလမ်းလေးအတိုင်း ဆက်လျှောက်သွားခဲ့ကြသည်။ မပျောက်လမ်းအတိုင်း ဆက်လျှောက်လာခဲ့ကြရာ ကွမ်းတစ်ယာညပ်ခန့်အကြာတွင်. .

"ဟင်. . ဘရင်၊ ဒါ. . ငါတို့ရွာဘက်ကိုသွားတဲ့လမ်းပဲကွ"

"ဟာ. . ဟုတ်တယ်ဟ၊ ဘယ်လိုဖြစ်တာလဲ၊ ဒါလောက်တောင် မြန်ဆန်မရှသလားကွ၊ မျက်စိတော့ မမှားတန်ကောင်းပါဘူးနော်"

"မမှားပါဘူးကွာ၊ ဟို. . ထန်းညီနောက်က ငါတို့ရွာ





ထိပ်က အမှတ်အသားလေ၊ သူ့နံဘေးနားက ကသစ်ပင်ကြီးမဟုတ်လား. . ဘရင်"

"အေး. . ဟုတ်တယ်"

သူတို့ဝမ်းသာသွားခဲ့ကြသည်။ ခြေလှမ်းတွေက ပိုပြီးတော့ သွက်သွားခဲ့ကြသည်။

"ငါတို့ရဲ့ အဖြစ်အပျက်ကို ခုနေ ဘယ်သူ့ကိုမှ မပြောပြနဲ့ဦးကွ၊ ပြောပြဖို့လည်း မသင့်ဘူး၊ ယုံကြမှာလည်း မဟုတ်ဘူး. . ဘရင်"

"ဟာ. . ပြောပြလို့ ဘယ်ဖြစ်မှာလည်းကွ၊ ငါတို့ ထဒုံကိုသွားမယ်ဆိုပြီး ရောက်မသွားခဲ့ကြတာ လူကြီးတွေမေးရင် ဘယ်လိုပြောကြမလဲ. . မောင်မိုး"

"မသွားဖြစ်ဘူးပေါ့ကွာ၊ တစ်ခြား ဘာအကြောင်းမှ မပြနဲ့၊ ဟုတ်ပြီလား"

မိမိတို့လွယ်ထားကြသော လွယ်အိတ်များကို မသိမသာလက်ဖြင့် ခပ်လိုက်ကြသည်။ ဆင်းရဲတွင်းထဲက လွတ်မြောက်ခဲ့ကြပြီဟူသော အသိကြောင့် ဝမ်းသာနေမိကြသည်။ မိမိတို့ရွာသွားသည့်လမ်းပေါ်ကို အချိန်တိုတိုဖြင့်ရောက်လာခဲ့ကြသည့်အတွက် အံ့အားသင့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူနက်ကြီးကိုသော်လည်းကောင်း၊ သဘောကောင်းသော မျောက်ကြီးကိုသော်လည်းကောင်း၊ မြင်ယောင်နေမိကြသည်။ ယုံတမ်းစကားပမာပြောနေကြသော ဂူနက်ကြီးနှင့် အမျှော်လင့်ပဲဆုံခဲ့ကြရသည့်အတွက် ယခုထက်တိုင် မယုံကြည်နိုင်သေး၊ ရွာအဝင်အကိုရောက်သည်နှင့် ခြေလှမ်းတွေက ပိုပြီးတော့ သွက်လာခဲ့ကြလေသည်။



# လိုက်လာသူ

ဒီရေတက်လာခဲ့ပြီဖြစ်သည်။ ဒီရေတက်လာသံကို တဝုံးဝုံးကြားနေရသည်။ သောင်ပြင်ပေါ်မှာ နားနေကြသည့် ဗျိုင်းတစ်သိုက်သည် ရုတ်တရက်ထပျံသွားခဲ့ကြသည်။ ပင်လယ်ဘက်မှတက်လာသော ဒီရေသည် ဖြူဖွေးသောဒီခေါင်းကြီးကို အမှတ်အသားပြု၍ ဦးဆောင်လာခဲ့သည်။ ဒီခေါင်းကြီးထဲမှာ ငါး၊ ပုဇွန်အကောင်ကြီးများပါလာခဲ့ကြသည်။ မြူးတူးပြီးပါလာခဲ့ကြသော ရေသတ္တဝါကြီးများသည် ပေါ်ကို မြောက်မြောက်ပြီး တက်သွားခဲ့ကြသည်။ ထို့နောက် ရေပြင်ပေါ်ကို တဖနပြန်ပြီးကျသွားခဲ့ကြလေသည်။

စောစောက ဆားပွင်များတက်ကာ နေရောင်အောက်မှာ တလက်လက်ဖြင့်တောက်ပနေသော သောင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည် တက်လာသောဒီရေကြောင့် မကြာမီမှာပင် ရေပြင်ကြီး အတိ ဖြစ်သွားခဲ့ရသည်။ လှိုင်းများတဝေါဝေါ တဟဲဟဲဖြင့် တန်ဆာဆင်ကာ လှုပ်ခတ်နေကြလေတော့သည်။

ချောင်းထဲတွင် ရေပြည့်သွားသောအခါ တံငါလှေများသည် ရွက်များကိုတပ်ဆင်ကာ ဟိုမှ သည်မှ ထွက်လာခဲ့ကြသည်။ ရွက်တိုက်ပြီးထွက်လာခဲ့ကြသောလှေသမ္ဗာန်များထဲတွင် မောင်ဒီ၏လှေသည်လည်း အပါအဝင်၊ မောင်ဒီသည် မုသင်ရွာသားဖြစ်သည်။ မုသင်ရွာမှ တံငါလှေအုပ်စုသည် ရေပြင်ထက်မှာ ရွက်တိုက်ပြီးသော ပင်လယ်ဝဘက်ကို ဦးတည်ပြီးသွားနေကြသည်။

တချို့ လှေ၊ သမ္ဗာန်များထဲတွင် လူနှစ်ယောက်ပိုကြသော်လည်း မောင်ဒီ့ လှေငယ်မှာတော့ တစ်ယောက်တည်း လူတစ်ယောက်၊ ပိုက်တစ်စုံ၊ လှော်တက်၊ ထိုးဝါး၊ ဓါးအိုးစားခွက်၊ ဆေးဝါးထည့်ထားသောလွယ်အိတ်၊ ဒါတွေပဲဖြစ်၏။

မောင်ဒီသည် တစ်ယောက်တည်း ကြိုးစားပမ်းစားအလုပ်လုပ်တတ်သည်။ အဖော်ခေါ်တတ်သူ မဟုတ်ချေလေလာ၍ လှေသမားများ၊ သမ္ဗာန်သမားများက သက်သာနေကြသည်။ လေအကူဖြင့် ရွက်လွှင့်ပြီးသွားနိုင်ကြသည်။





ဒဲ့ကို ထိမ်းပေးရုံသာ၊ မနေ့က ပင်လယ်ထဲမှာ မုန်တိုင်းကျသည်ဟု သိရသည်။ တံငါလှေအချို့ မုန်တိုင်းထဲပါသွားကြသည်။ တစ်ချို့သည် မိန်က်မှာ ပြန်ရောက်လာခဲ့ကြသည်။ တစ်ချို့ ပြန်ရောက်မလာကြသေး၊ ပျောက်ဆုံးနေကြသူတွေလည်း ရှိကြသည်။

မည်သို့ပင်ဆိုစေ တံငါသမားနှင့် မုန်တိုင်းသည် တွဲဖက်များဖြစ်ကြသည်။ ပင်လယ်ထဲမှာ မုန်တိုင်းတစ္ဆေက အမြဲတစေရှိနေတတ်သည်။ စောင့်ကြိုနေတတ်သည်။ အခန့်မသင့်လျှင် ရင်ဆိုင်တွေ့တတ်သည်။ ရှောင်လွှဲ၍မရပါ။ ထိုအခါ မုန်တိုင်းနှင့်လူသား၊ သူတစ်ပြန် ကိုယ်တစ်ပြန် အကြိတ်အနယ်ယှဉ်ပြိုင်ရတတ်သည်။

မနေ့က ပင်လယ်ထဲမှာ မုန်တိုင်းကျခဲ့သည်ကို သိပင်သိငြားသော်လည်း သည်ကနေ့မှာ တံငါသည်များသည် ခရီးထွက်ကြရသည်။ ရှောင်တိမ်းနေ၍ မဖြစ်ပါ။ ဝမ်းရေးပေမို့လား. . မောင်ဒီ့ မိခင်ကြီးသည် မောင်ဒီကို မလွှတ်ချင်သော်လည်း မတားဆီးနိုင်ပါ။ မောင်ဒီကလည်း မုန်တိုင်းကြောင့် နေမနေပါ။ ဝမ်းရေးကြောင့်၊ လောဘကြောင့် အချိန်တန်လျှင် အိမ်ကထွက်ရစမြဲ၊ မိမိတစ်ဦးတည်းသာမဟုတ်၊ ဘဘဦးသ



www.burmeseclassic.com

www.burmeseclassic.com



မားတွေ အများကြီးနှင့်အတူ. .

➤➤➤➤➤

တံငါလေ့များသည် မိမိတို့နှစ်သက်ရာ ကျွန်းမှာ ရပ်နားကြသည်။ ကျောက်ချကြသည်။ ထို့နောက် မိမိတို့သည် သတ်မှတ်ထားရာနေရာများတွင် ငါးဖမ်းထွက်ကြသည်။ တန်းပိုက်ချကြသည်။ ကွန်ပစ်ကြသည်။ ရလာခဲ့သည် သား ငါးများကို ဖျက်ကာ ဆားလူးပြီး ငါးခြောက်လှမ်းကြသည်။

မောင်ဒီသည် မည်သူမှမနားသော ကျီးမနားကျွန်း မှာရပ်နားသည်။ မည်သည့်အကြောင်းကြောင့်လည်းတော့ မသိ၊ ကျီးမနားကျွန်းဆိုသည့်အတိုင်း ကျီးတစ်ကောင်သော် မှပင် မတွေ့ရချေ။ ကမဲချောင်ဘက်မှာ ဟိုတစ်ခေါက်တ တည်းက ငါးများများရခဲ့သည်။ မောင်ဒီ ဖြိုးဖြိုးမြက်မြက် လိုက်သည်။

ထိုနေရာကို သူကောင်းစွာမှတ်သားထားသည်။ ထို နေရာကို မည်သူမှ မသိကြ၊ မောင်ဒီသည် ကျီးမနားကျွန်းမှ တစ်ညအိပ်သည်။ နောက်တစ်နေ့ နံနက်တွင် လှေကိုလှော်





ကာ ကမဲချောင်ဘက်ကို ထွက်လာခဲ့လေသည်။

ကမဲချောင်ကိုရောက်တော့ မောင်ဒီဝမ်းသာခဲ့ရသည်။ မည်သူတစ်ဦးတစ်ယောက်မှမရှိချေ။ အနီးအနားမှာသည်း မရှိကြချေ။ မောင်ဒီ ကွန်ရေလေးငါးချက်ပစ်လိုက်ရုံနှင့် ငါးတော်တော်များများရလိုက်သည်။ ကျီးမနားကျွန်းကို ပြန်သယ်သည်။ ငါးခြောက်ခွဲကာ၊ နေလှမ်းသည်။ စင်ထိုးပြီး ငါးခြောက်လှမ်းကာ ဒီအတိုင်းထားခဲ့၊ နောက်တစ်ကြိမ် ကမဲချောင်ကို တစ်ခေါက်ပြန်သွား၊ ငါးရှာပြီး ပြန်လာသည်။ မိမိနေလှမ်းထားသော ငါးခြောက်တွေက သည့်အတိုင်းပင်၊ မည်သူမှ ယူမည့်သူမရှိ။

မောင်ဒီက ကျွန်းပေါ်မှာ တစ်ယောက်တည်းနေလည်း ကြောက်တတ်သူမဟုတ်ပေ။ မိမိရှာထားသော ငါးများထဲမှ တချို့ကို ချက်ပြုတ်၊ ကြော်လှော်သည်။ ညနေစာထမင်းစားပြီး မအိပ်မီ ငါးကြော်အမြည်းနှင့် ချက်အရက်ကိုသောက်သည်။ မူးအောင်သောက်ပြီးမှ အိပ်သည်။

➤➤➤➤➤



www.burmeseclassic.com

www.burmeseclassic.com



ငါးရက်မြောက်သောနေ့တွင် ကျိုးမနားကျွန်းကို ရှာ[illegible] ကိုလူကျော် ရောက်လာခဲ့သည်။

"လာ. . ကိုကြီးကျော်"

"ဟာကွာ. . မင်းကလည်း၊ ဒီနာမည်ခေါ် လိုက်တော့[illegible] ပညက်သွားရာ ဓါတ်သက်ပါဆိုသလို ဖြစ်နေပြီ၊ မင်း ငါ့ကို[illegible] အရက်တိုက်ရလိမ့်မယ်"

"တိုက်ပါ့ဗျာ၊ ဟောဒီမှာ ကြိုက်သလောက်သောက်[illegible] ရွာမှာဆို မသောက်ရဘူးဗျ၊ အမေက မကြိုက်ဘူးလေ၊ ဒီ[illegible] ရောက်မှ အဝသောက်ရတာ"

"သိပ်လည်း သောက်မနေနဲ့ဦး မောင်ဒီ၊ မင်းက ကျွန်း[illegible] ပေါ်မှာတစ်ယောက်တည်းနေနေတာ၊ တစ်ခုခုဖြစ်သွားရင် ဘယ်သူမှသိကြမှာမဟုတ်ဘူး၊ ငါတို့နေရာနဲ့လည်း တော် တော်လှမ်းတယ်"

"ကျွန်တော် အလွန်အကျွံတော့ မလုပ်ပါဘူး ကိုကြီး[illegible] ကျော်၊ ကျွန်တော့်အကြောင်းလည်း သိသားနဲ့"

"အေး. . ငါက မင်းကိုစိတ်မချလို့လာသတိပေး တာ"

ကိုလူကျော်သည် မောင်ဒီနှင့်အတော်ကြာနေပြီး. .

"ငါတို့ ဒီညနေ ပြန်ကြမယ်၊ မင်း. . ငါတို့နဲ့အတူ ပြန်[illegible]





[illegible]ိုက်မလားလို့လာမေးတာ"

"ကျွန်တော် မလိုက်သေးဘူး ကိုကြီးကျော်၊ မနက်ကျ[illegible] [illegible]ပဲ ပြန်တော့မယ်၊ ဒီနေ့ညနေမှာ ဟင်းစားထပ်ရှာလိုက်ဦး[illegible] [illegible]ယ်"

"မင်းက လောဘသားပဲကွ၊ လောဘဆိုတာ တော် [illegible]ပဲကောင်းတယ်၊ အလာတုန်းကလိုပဲ၊ အစုအဝေးနဲ့ပြန်ရင် [illegible]မကောင်းဘူးလား၊ အေးလေ. . မင်းသဘောပဲပေါ့၊ ငါမှာ [illegible]သွားခဲ့တာမမေ့နဲ့နော်. . မောင်ဒီ၊ အလွန်အကျွံမသောက်နဲ့"

"ဟုတ်ကဲ့ပါ. . "

ကိုလူကျော်လည်း မောင်ဒီကိုခေါ်၍မရသည့်အဆုံး [illegible] မှာစရာရှိသည်များကို မှာကြားခဲ့ပြီး ပြန်သွားခဲ့လေသည်။

ကျိုးမနားကျွန်းကို မည်သူမှလာရောက်မနေကြခြင်း [illegible] ဤကျွန်းပေါ်တွင် နာနာဘာဝများ ခေတ္တခဏ လာရောက် [illegible]နားတတ်သည်။ ကြာကြာမနေဘဲ၊ ပြန်သွားတတ်သည်။ [illegible]စ်ခါတစ်ရံမှာ ကျွန်းပေါ်မှာရှိနေကြသူများကို အနှောင့်အ [illegible]ှက်ပေးတတ်သည်။ ထိုပရောဂများကြောင့် ကျိုးသတ္တဝါ [illegible]ားပင် မနေကြဟု ဆိုကြသည်။ နာနာဘာဝများရှိလျှင် ကျိုး [illegible]ားက သိကြသည်။ တိုက်ဆိုင်၍ အကြောင်းပေါ်လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျီးပြိုတက်သည်။ (ကျီးများတဟုန်ထိုး အစုလိုက်အပြုံလိုက် ထ,ပျံပြီး တအာအာနှင့် အော်မြည်နေတတ်သည်ကို ဆိုလို သည်။ ထိုအကြောင်းသည်လည်း အနိဋ္ဌာရုံအကြောင်း ကြောင့်ပဲဖြစ်သည်။) ယခု ဤကျွန်းကို ကျီးများသည်ပင် စွန့် ခွာပြေးကြလေပြီ၊ မည်သည့်ကျီးမှ မနားခိုကြပါ။

မောင်ဒီသည် ဤအကြောင်းတွေကို မသိမဟုတ်၊ သိ သည်။ သူကား ကြောက်စိတ်ရှိသူမဟုတ်၊ တစ္ဆေသရဲကို မယုံ ကြည်သူလည်းမဟုတ်၊ ယုံသည်လည်းမဟုတ်၊ သို့သော် ဤ ကျီးမနားကျွန်းပေါ်ကို သူရောက်ခဲ့သည်မှာ အကြိမ်ကြိမ်ရှိခဲ့ လေပြီ။ မည်သည့်အန္တရာယ်မှ မတွေ့ခဲ့ပါ၊ မကြုံကြိုက်ခဲ့ပါ။

ထိုညက ကိုလှကျော်တို့ တံငါအုပ်စုသည် ထိုညနေ နေမဝင်မီကပင် တံငါလှေတွေတစ်ခုတစ်ဝေးကြီးဖြင့် ပြန်သွား ခဲ့ကြလေပြီ။ ထူးခြားဖြစ်ရပ်တစ်ခုမှာ ထိုညက ပင်လယ်ပြာ မှာ မုန်တိုင်းကျခဲ့သည်။ သန်းကောင်ယံအချိန်လောက်မှာပင် မုန်တိုင်းက ကျခဲ့ခြင်းပင့်ဖြစ်သည်။

"ဂျိမ်း. . ဂျိမ်း"

➤➤➤➤➤





မိုးခြိမ်းသံများကြောင့် မောင်ဒီလန့်နိုးလာခဲ့သည်။ လျှပ်နွယ်များက ပင်လယ်ပြင်ပေါ်ကို တဝင်းဝင်းတလက် လက်နှင့် ကောင်းကင်ထက်မှကျဆင်းလျက် ရှိနေကြသည်။

လေပြင်းတွေကလည်း တိုက်ခတ်နေကြသည်။ လှိုင်း လုံးကြီးတွေက တလူးလူးတလဲလဲ ထကြွနေကြသည်။ မောင်ဒီ ကျွန်းပေါ်တွင် အိပ်ပျော်နေရာက လန့်နိုးသွားခဲ့ရသည်။ ပင် လယ်ဘက်မှ တိုက်ခတ်လာသောလေသည် ကျီးမနားကျွန်း ဆီကို ရောက်လာသောကြောင့်ပင် ဖြစ်သည်။

"ဟင် . မုန်တိုင်းကျနေပါလား။ ဒါပေမယ့် . ကိုကြီး ကျော်တို့က ညနေကတည်းကပြန်သွားကြတယ်ဆိုတော့ သူတို့မုန်တိုင်းနဲ့ မကြုံပဲ လွတ်မြောက်သွားကြမှာပါ"

ကိုလှကျော်တို့အတွက် စိတ်ကို ဖြေသိမ့်လိုက်သည်။ နည်းနည်းတော့ထင်နေဆဲပင်၊ မောင်ဒီပြန်ပြီးတော့ အိပ်ပျော် သွားခဲ့သည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပါ။ လှိုင်းလေက ပင်လယ်မှတလိမ့်လိမ့်နှင့်တက်လာကြပြီး ပြန် ဆင်းသွားခဲ့ကြသည်။ နောက်ထပ်လှိုင်းတစ်ကြိမ်တက်အလာ တွင် မည်းမည်းသဏ္ဌာန်တစ်ခုက ပါလာခဲ့လေသည်။ လှိုင်း လည်း ထိုသဏ္ဌာန်ကို ကမ်းပေါ်မှာတင်ထားရစ်ခဲ့ပြီးမှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားခဲ့လေသည်။

မောင်ဒီသည် နိုးတဝက်၊ ပျော်တစ်ဝက်နှင့် ပြန်ပြီး တော့ နိုးလာခဲ့သည်။ ပတ်ဝန်းကျင်က ကြယ်ရောင်အောက်တွင် မှောင်ရိုးတဝါး၊ ချမ်းစိမ့်စိမ့်ဖြစ်လာမှ ထင်းခြောက်များကို စုပုံပြီး မီးရှို့လိုက်သည်။ မီးတောက်ကြီးတစ်ခုဖြစ်ပေါ်လာခဲ့လေသည်။ မီးအလင်းရောင်သည် ပတ်ဝန်းကျင်ကို ပျံ့နှံ့သွားခဲ့သည်။ လေက သိပ်မတိုက်တော့ပါ။ ပင်လယ်ပြင်မှာလည်း မှုန်တိုင်းအရိပ်အယောင်ကို မမြင်ရတော့ပါ။ အခြေအနေ အေးစေးသွားပြီဟု ထင်ပါသည်။

အချမ်းဒဏ်ကိုခံနိုင်စေရန်အတွက် ပုလင်းထဲမှ အရက်တစ်ခွက်ကို ငှဲ့ကာ တစ်ချက်တည်း မော့ချလိုက်သည်။ ခန္ဓာကိုယ်ထဲမှာ လည်ပတ်နေသော သွေးတွေကပါ ပြီးတော့ ပူလောင်သွားခဲ့ကြလေသည်။

ထိုစဉ်

မောင်ဒီသည် သူ့နောက်ကျောကို မလုံတလုံခံစား လိုက်ရသည်။ ထို့ကြောင့် လှည့်ကြည့်လိုက်ရာ ကြက်သီး မထ စဖူး ထသွားခဲ့ရလေသည်။ မိန်းခလေးတစ်ယောက်က သူ့ ဆီကို လျှောက်လှမ်းလာနေသည်။ မီးရောင်အောက်မှ





အထင်းသားမြင်တွေ့နေရသည်။ မိန်းခလေးသည် တစ်ကိုယ်လုံးရေတွေစိုရွှဲလျက်ရှိသည်။ မောင်ဒီ အံ့အားသင့်သွားခဲ့လေသည်။ သူ အချိန်မတော်ကြီးမှာ ကျွန်းပေါ်ကိုရောက်လာခဲ့သော မိန်းခလေးတစ်ယောက်ကို မြင်လိုက်ရသောအခါ အံ့အားသင့်သွားမိသည်။ မီးရောင်အောက်မှာ ညိုစိမ်းစိမ်းအသားရေနှင့် နုနယ်သောမိန်းခလေး၏မျက်နှာကို မတွေ့ခဲ့ပါလား။

"ကျ. . ကျွန်မ လှေပျက်ပြီး ဒီကျွန်းပေါ်ကို ရောက်လာခဲ့တာပါရှင့်၊ လှိုင်းနဲ့အတူပါလာပြီး ကျွန်းစပ်မှာ တင်နေတာပါ"

"ဟင်. . ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ၊ မသေကောင်း မပျောက်ကောင်း၊ ကဲကဲ မီးပုံနားကို တိုးလာခဲ့၊ မီးလှုံလိုက်ပါဦး၊ ဒါမှ အချမ်းသက်သာမှာ အဝတ်အစားတွေလည်း ခြောက်သွားလိမ့်မယ်"

မိန်းခလေးသည် မီးပုံနှင့်သုံးပေအကွာလောက်မှာ ကျုံ့ကျုံ့လေး ထိုင်လိုက်သည်။ မောင်ဒီက သူ့အရက်သောက်ထားသဖြင့် စကားကို သိပ်မပြောချင်၊ အနံ့ထွက်မည်စိုး၍ အားနာနေမိသည်။ မိန်းခလေးက ခေါင်းလေးငုံ့ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်နှာလေးက ညိုးငယ်နေသည်။ ထို့နောက် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးပါလေတော့သည်။

"ဟင်း. . . ဟင်း. . . ဟင်း. . ."

"ဟင်. . ခင်ဗျား ဘာဖြစ်လို့ ငိုရတာလဲ"

မောင်ဒီသည် ခြေမကိုင်မိ၊ လက်မကိုင်မိ ပျာယာသလဲ ဖြစ်သွားခဲ့ရသည်။

"ကျွန်မ အိမ်ကိုပြန်ချင်တယ်၊ အိမ်ကိုပဲ ပြန်ချင်တယ်၊ လိုက်ပို့ပေးပါ"

"ဟာ. . ဒီအချိန်ကြီး အိမ်ကိုပြန်လို့ ဘယ်ဖြစ်မှာလဲ၊ ဒါလောက်မှောင်နေတာ၊ မိုးလင်းမှပြန်ပါ၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"ဟင့်အင်း. . ဟင့်အင်း. . ခုပဲပြန်ချင်တယ်၊ ကျွန်မ တံငါလှေနဲ့လိုက်လာခဲ့တာ၊ အဖေလည်းပါတယ်၊ မုန်တိုင်းမိတော့ လှေမှောက်သွားတယ်၊ အဖေလည်း သေသလား၊ ရှင်သလား မသိဘူး၊ ရှင်ကို ကျွန်မအကူအညီတောင်းတာပါရှင်၊ ခုချက်ချင်း အိမ်ကိုပြန်ချင်တယ်၊ လိုက်ပို့ပေးပါနော်. . ပို့ပေးပါနော်"





"ခုတ်တော့တာပဲ၊ အလင်းရောင်မရှိဘဲ ဘယ်လိုလှေလှော်မလဲ၊ မနက်မှပဲ အေးအေးဆေးဆေး ပြန်ပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"မဖြစ်လို့ပါရှင်. . အဖေ သေသလား ရှင်သလား မသိရရင် ကျွန်မ ဒီမှာနေပြီး စိတ်ပြောင်းမှာမဟုတ်ဘူး၊ ကြယ်ရောင်နဲ့သွားလည်း ရပါတယ်၊ လမ်းကမြင်သာထင်သာပါတယ်၊ ဘာလည်း ရှင်က မုန်တိုင်းကိုကြောက်နေသလား၊ မုန်တိုင်းက ပြီးသွားပြီရှင့်၊ ဒီလမ်းကို ညဘက်လည်းသွားဖူးပါတယ်၊ ဟုတ်တယ် မဟုတ်လား၊ မိုးမလင်းမီ ကျွန်မပြန်ရောက်မှ ဖြစ်မှာမို့ပါရှင်၊ ကူညီပါနော်၊ ကူညီပါ"

ဇွတ်တရွတ်ပြောလာသည်။ မောင်ဒီ အကြပ်ရိုက်သွားသည်။ မိန်းခလေးက သနားစဖွယ်တောင်းပန်နေသည်။ သူ ဘာလုပ်ရမည်နည်း။ တစ်ခါက ရေပြင်ကိုဖြတ်သန်းလာခဲ့ရင်း လှေကွဲ၍ နီးရာကျွန်းတစ်ကျွန်းမှာကပ်ကာ လှေကွဲကိုဖာထေးရင်း မိုးချုပ်သွားသည်။ အိမ်ကိုရောက်ချင်ဇောဖြင့် ညကြီး မင်းကြီးမှာလည်း ကြယ်ရောင်ကို အမှီပြုပြီး ပြန်ရသည်။ မိန်း ခလေးက ရှင်. . ဒီလမ်းကို ညဘက်လည်း သွားဖူး ပါတယ်၊ ဟုတ်တယ်မဟုတ်လားဆိုသည့်စကားကို



www.burmeseclassic.com

www.burmeseclassic.com



သူအံ့အားသင့်သွား ခဲ့ရသည်။ သူမက ဘယ်လိုသိခဲ့သလဲ၊ သူ့ကိုကော သိနေ၍ လား. .

"ကျွန်မကြောင့် ရှင်. . အနှောင့်အယှက်ဖြစ်သွားသလား. . ဟင်၊ မဖြစ်ပါနဲ့၊ ရှင်တတ်နိုင်တဲ့ ကိစ္စမို့လို့ ကျွန်မကတောင်းပန်တာပါ။ ကြယ်ရောင်လည်းရှိပါတယ်၊ လမ်းကိုလည်း မြင်သာပါတယ်၊ ကျွန်မက ဒါလောက်ဥပေက္ခာပြုနေတာတောင် ရှင်က မတုန်မလှုပ်နဲ့၊ မလိုက်လျှောနိုင်လို့လားဟင်"

မီးလင်းဖိုမှ အလင်းရောင်က သူမ၏မျက်နှာကို ထင်ဟပ်လျက်ရှိသည်။ မျက်ရည်စီးကြောင်းက ပါးပြင်ပေါ်ကို ယိုစီးပြီးတော့ ကျနေသည်။ သောကကြောင့် မျက်နှာလေးကလည်း ညှိုးနွမ်းနေသည်။ သူ့ကို ကြည့်နေသော မျက်ဝန်းတွေသည် အသနားခံနေသယောင်၊ မောင်ဒီသည် ခေါင်းကိုခါယမ်းလိုက်သည်။

ဒီလို အချိန်ကြီးမှာ သူပြန်ဖို့ခတ်နေသည်ကတော့ အမှန်၊ ပရိဒေဝမီးတောက်လောင်နေသော မိန်းခလေး၏ မျက်နှာကိုလည်း မကြည့်ရက်၊ ဥပေက္ခာလည်း မပြုရက်၊ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာဖြင့် ချမိလိုက်ရသည်။





"ကဲ. . ကျွန်တော် ကူညီပါ့မယ်"

"ဝမ်း. . ဝမ်းသာလိုက်တာရှင်၊ ဒီ. . ဒီကျေးဇူးကို ကျွန်မ မမေ့ပါဘူး၊ နောင်ဘဝမှာ ပေးဆပ်ပါ့မယ်"

မောင်ဒီသည် တချို့ပစ္စည်းများကို လှေပေါ်သို့တင်နေသည်။ မိန်းခလေးသည် အကူအညီမပေးဘဲ၊ မှောင်ရိပ်ကျနေသော နေရာမှာ ရပ်ကြည့်နေလေသည်။

"ကဲ. . လှေပေါ်ကို တက်ပါ၊ သွားကြရအောင်"

"ဟုတ်ကဲ့. . "

မိန်းခလေးသည် လှေပေါ်တက်ကာ လှေဦးမှာ ပုံပုံလေးထိုင်လိုက်လေ၏။

➤➤➤➤➤

ညကား မှောင်၍ ကောင်းဆဲ၊ လှေသည် ကျိုးမနားကျွန်းမှ ထွက်လာခဲ့သည်။ လှေပေါ်မှာ ငါးခြောက်များ၊ သံစည်ပိုင်းထဲမှာလှောင်ထားသည်။ ငါးသည် အဆိုလည်းပါလာခဲ့ကြသည်။ လေကမလာ၍ တက်ဖြင့်ကူပြီးလှော်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင်မအောက်မှာ ရေပြင်သည်။ ခဲပုတ်ရောင် သန်းနေသော်လည်း အရောင်တလက်လက်ထွက်နေသည်။

ကျွန်းကြီးကျွန်းကြားမှ ဖတ်ထွက်ပြီး လှော်လာသည်။ ကျွန်းရိပ်ကကျနေ၍ တချို့နေရာများမှာ မှောင်နေသည်။ မှန်းဆပြီး လှော်ရသည်။ မိန်းခလေးကတော့ ဒီလုံးကိုမျက်နှာမူကာ လိုက်ပါလာခဲ့သည်။

"တက်တစ်ချောင်း အပိုပါသလား"

"ဘာလုပ်မလို့လဲ၊ ရပါတယ်၊ ကျွန်တော်တစ်ယောက်တည်း ဖြစ်ပါတယ်"

"ဒီလိုမပြောပါနဲ့၊ ကျွန်မကူလှော်ပေးတော့ ရှင်သက်သာတာပေါ့၊ ပေးပါတက်"

"ခင်ဗျား . . ဘေးနားမှာပဲ"

ဖွတ်တရွက်နိုင်လှသော မိန်းခလေးကို လိုက်လျောလိုက်ရသည်။ မိန်းခလေးက မောင်ဒီကို ကျောပေးပြီးလှော်သည်။ နှစ်ယောက်လှော့ခတ်တော့ လှေအရွေ့နှုန်းက မြန်လာသည်။ မောင်ဒီသည် မပင်ပန်းတော့၊ မိန်းခလေး၏မျက်နှာကိုလည်း သူမမြင်ရတော့၊ မိန်းခလေးသည် နောက်ထပ် စကားမဆိုကြတော့ပဲ တက်ကိုကိုင်ကာ တစ်ချက်ချင်း လှော်





လာခဲ့သည်။

ကျင့်သားရနေပြီးဖြစ်သော မောင်ဒီ မျက်လုံးတွေက သွားလာနေကြလမ်းမျိုး အခက်အခဲမရှိဘဲ ကောင်းစွာပင် လှော်ခတ်လာနိုင်ခဲ့သည်။ မိန်းခလေးက စကားမပြောပဲ ငြိမ်သက်နေသည့်အတွက် မောင်ဒီ မနေတတ်ပဲ ရှိလာခဲ့ရသည်။

"မင်းက ဘယ်ရွာမှာ နေတာလဲ"

"တံသာရွာ"

အဖြေက တုံးတိတိ၊ မဖြေချင်သလို၊ ဖခင်၏သဘောကြောင့်ဖြစ်မည်ထင်သည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

မောင်ဒီက နာမည်လေးကိုတော့ သိရမှဖြစ်မည်ဟု ဆုံးဖြတ်တာ မေးမိလိုက်သည်။

ထိုစဉ် လေကတဝူးဝူးဖြင့် တိုက်ခတ်လာသည်။ မောင်ဒီသည် ရွက်ကိုမြင်ကာ တပ်လိုက်လေသည်။ လှေသည် ရွက်တိုက်ပြီး တစ်ဟုန်ထိုး ပြေးသွားပြန်သည်။ လှူလည်း သက်သာသွားခဲ့လေသည်။ မိန်းခလေး၏နာမည်ကိစ္စကိုလည်း မေ့လျော့သွားခဲ့ရလေသည်။ (မိန်းခလေးသည်လည်း မောင်ဒီမေးသည်ကို ကြားလျက်နှင့် ပြန်မဖြေခဲ့တာလား၊



www.burmeseclassic.com

www.burmeseclassic.com



မကြားမိ၍လား မပြောတတ်ပါ။)

"လေကြောင်းမိတော့ လူလည်းသက်သာသွားခဲ့တာပေါ့ နော်"

"အင်း. ."

မောင်ဒီက စကားမရှိစကားရှာပြီးတော့ ပြောလိုက်သည်။ မိန်းခလေးက နောက်ကိုမကြည့်ဘဲ 'အင်း' လိုက်လိုက်သည်။ မောင်ဒီသည် မိန်းခလေးနှင့် အတူလိုက်ပါနေရသည်ကို ကျေနပ်နေသည်။ ပျော်နေမိသည်။

"ခင်ဗျားရဲ့ အဖေက ခုလောက်ဆို ရွာကိုရောက်ချင်ရောက်နေမှာ၊ ဒါပေမယ့် ၊ သူက ခင်ဗျားကိုတော့ စိတ်ပူနေမှာပေါ့လေ၊ ဒါပေမယ့် . . ခင်ဗျား မသေမပျောက်ပဲ ပြန်ရောက်လာတာကိုတွေ့ကြရရင် သူ့တို့လည်း ဝမ်းသာသွားကြမှာပဲ"

သည်တစ်ခါတော့ မျက်နှာလေးကိုငုံ့စောင်းပြီးတော့ ပြောသည်။ လှိုင်းတစ်ချက်အပင့်မှာ လှေကငြိမ့်ကနဲဆိုဖြစ်သွား၏။ မောင်ဒီ သတိထားမိလိုက်သည်။ လှိုင်းအလှုတ်မှာ မိန်းခလေး၏ခန္ဓာကိုယ်ကို မတွေ့လိုက်ရတော့သလို၊ မျက်စိရှေ့မှောက်မှာ ရုတ်တရက်ပျောက်ကွယ်သွားသလိုပင်၊ ရေထဲ





များကျသွားခဲ့လေသလားဟု သူစိတ်ပူသွားမိခဲ့သည်။ သို့သော် သူထင်သလိုမဟုတ်ပါ။ မိန်းခလေးသည် သူ့ရှေ့မှောက်မှာ ရှိနေဆဲ၊ အမြင်လွဲမှားသွားခဲ့ခြင်းသာဖြစ်သည်ဟု ထင်မိလိုက်သည်။ (ညဥ့်ဦးပိုင်းကလည်း ပင်ပန်းမှုဒဏ်ကိုခံနိုင်စေရန် ယမကာ မှိုဝဲထားသေး၍ အရှိန်မပြေသေးဟု မိမိကိုယ်မိမိ ထင်မိလိုက်သေးသည်။

➤➤➤➤➤

ယခုလို လှေတစ်စီးထဲမှာ မိန်းခလေးတစ်ယောက်နှင့်အတူ ခရီးသွားရသည်ကိုပင် နှစ်သက်လာမိသလိုလိုပင်။

"ကျွန်တော် ကံသာရွာကိုလာလည်ရင် ရမလား"

"လာလည်ပေါ့. ."

"ခင်ဗျား နာမည်. . ဘယ်လိုခေါ်သလဲ"

မောင်ဒီက ဒုတိယအကြိမ် မေးမိလိုက်ပြန်သည်။

"ဟော. . ဟိုမှာ. . ရွာကို ရောက်တော့မယ်"

မိန်းခလေးထံမှ အားတက်သရောပြောလိုက်သည့် အသံကို သူကြားလိုက်ရသည်။ မှန်သည်၊ ရှေ့ကွမ်းတစ်ယာ



www.burmeseclassic.com

www.burmeseclassic.com



သုပ်လောက်ခရီးမှာ မီးရောင်တလက်လက်နှင့် တွေ့လိုက်ရသည်။ ကံသာရွာ၏ လယ်ကွင်းထဲမှ ရိုးပြတ်ခြောက်များကို မီးရှို့ထားသည်။ ထိုနေရာမှ အလင်းရောင်တွေက ထွက်နေခြင်းပင် ဖြစ်သည်။ လှေသည် လေကြောင်းသင့်ပြီး မြန်မြန်ဆံဆံရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ ကံသာရွာကို လွန်သွားမှ မုံသင်ကိုရောက်မည်။

မိန်းခလေးသည် လှုတ်လှုတ်ရှားရှား ဖြစ်သွားသည်။ မိမိနေရပ်ကိုရောက်ခဲ့ပြီဖြစ်၍ စိတ်ဂဏှာမငြိမ် ဖြစ်သွားဟန်တူပါသည်။

"ခင်ဗျား . . သိပ်ပြီး စိတ်လှုပ်ရှားနေတယ်ထင်တယ်။ စိတ်ငြိမ်ငြိမ်ထားပါ။ ကံသာရွာကိုရောက်တော့ အကျိုးအကြောင်း သိရမှာပေါ့။ ခင်ဗျား . . အဖေ . . ဘာမှမဖြစ်နိုင်ပါဘူး"

"အို . . ကျွန် . . ကျွန်မ"

သူမသည် လှေပေါ်မှ ရုတ်တရက်ထ,ရပ်လိုက်သည်။ လှေသည် တစ်ချက်လူးသွား၏။

"ဟေ့ . . ဟေ့ . . မထနဲ့လေ၊ ရေထဲကျသွားလိမ့်မယ်"

မောင်ဒီက ဟန့်တားလိုက်သည်။ ထိုစဉ် မိမိ၏ကျော





မြင်ထဲမှာ စိမ့်ကနဲဖြစ်သွားသည်။ လက်အေးကြီးနှင့် အစမ်းခံလိုက်ရသလို ဖြစ်သွားခဲ့ရ၍ ကျောချမ်းသွားပြီး နောက်ကို လှည့်ကြည့်လိုက်ရာ ဘာမှမတွေ့ရ။ ထို့နောက် တစ်ဖန်မျက်နှာကိုပြန်ကြည့်လိုက်ရာ မိန်းခလေးလည်း မရှိတော့ . .

"ဟင် . . ဘယ်ရောက်သွားပါလိမ့်"

မောင်ဒီ အံ့အားသင့်သွားခဲ့ရသည်။ လှေဦးမှာထိုင်ပြီး လိုက်ပါလာသည့် မိန်းခလေးကို မစဉ်းစားတတ်အောင် ဖြစ်သွားခဲ့ရသည်။ ရေထဲကို ခုန်ချလိုက်လျှင်လည်း အသံကြားရမည်။ သို့သော် အကြောင်းမဲ့ကြီး ခုန်ချပါ့မလား၊ ကမ်းနှင့်ကလည်း အတန်ငယ်လှမ်းသေးသည်။ စိတ်စောပြီး လှေပေါ်မှ ချက်ချင်းဆင်းသွားခဲ့သည်ကို မိမိမသိလိုက်လေရောသလား၊ သည်လိုလည်း မဖြစ်နိုင်၊ ဘယ်လိုနားလည်ရမှန်းမသိ၊ သည်လိုနှင့် ကံသာရွာဆီကိုလှေက ရောက်လာခဲ့သည်။ ယင်းအချိန်သည် ဝေလီဝေလင်း ဖြစ်ခဲ့လေပြီ။

ကံသာရွာ၏ကမ်းစပ်ကို လှေက ဆိုက်ကပ်လိုက်သည်။ မိန်းခလေးနှင့်ပတ်သက်ပြီး သူစုံစမ်းမှ ဖြစ်မည်ဟုထင်သည်။ ကမ်းပေါ်ကိုတက်လာခဲ့သည်။ မိုးကတဖြည်းဖြည်း လင်းလာခဲ့သည်။ ရှေ့မှာ လူတစ်စုကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အုတ်အုတ်ကျက်ကျက်နှင့် ရှိနေကြသည်။ စကားပြော
သံတွေက ထွက်ပေါ်နေကြသည်။

“ခလေးမလေးဗျာ. . ဖအေနဲ့အတူ ပင်လယ်ထဲ ငါး
ရှာထွက်သွားတာ၊ မုန်တိုင်းမိပြီး ဖအေက ပြန်ရောက်လာ
တယ်၊ သမီးကတော့ သေရှာခဲ့ပြီးမှ ဖအေနောက်ကလိုက်
လာတယ်၊ ကိုယ့်ရွာကိုယ် အသက်မရှိတဲ့ ခန္ဓာကိုယ်နဲ့ ပြန်
ပြီး ရောက်လာတာ၊ အံ့ပါရဲ့ကွာ၊ သနားလည်း သနားစရာ
ပါ”

“ဟုတ်ပါရဲ့တော်၊ ဝင်းရီလေးက သူ့ဖအေကို တော်
တော် ချစ်တာ၊ မိတဆိုးမလေး ဖအေနဲ့အတူ ဘဝကို ရုန်း
ကန်နေကြရတာ၊ ခုတော့ သွားရှာပြီ”

ရွာသားနှစ်ယောက်က ပြောပြီးထွက်သွားခဲ့ကြသည်။
မောင်ဒီ စိတ်ဝင်စားသွားခဲ့သည်။ မုန်တိုင်းမိ၊ လှေပျက်ပြီး
မျောပါလာသူ မိန်းခလေးတဲ့၊ ကြည့်ချင်စိတ်ဖြစ်ပေါ်လာသည်
နှင့် လူအုပ်ထဲ တိုးဝင်သွားပြီး ကြည့်လိုက်ရာ. .

လူကြီးတစ်ယောက်သည် မိန်းခလေးတစ်ယောက်ကို
ပွေ့ဖက်ထားကာ ငိုလျက်ရှိသည်။ မိန်းခလေး၏မျက်နှာက
ကောင်းစွာ မြင်နေရသည်။





“သမီးရယ်. . ဖြစ်မှဖြစ်ရလေ၊ သမီးသေမယ့်အစား
အဖေပဲသေလိုက်ပါတော့၊ ဒါလောက်ဝေးတဲ့နေရာက အဖေ့
ဆီကို လိုက်လာခဲ့ရသလား သမီးရယ်. . ဟီး. . ”

ကြားရသူဖြစ်ကြရသတိုင်း ကြေကွဲစရာပင်ဖြစ်
သည်။ လူကြီးက ချုံးချပြီးတော့ ငိုနေသည်။ မောင်ဒီလည်း
ရင်ထဲ မှာ မကောင်းတော့။

ထိုစဉ် မောင်ဒီသည် ငြိမ်သက်နေသော မိန်းခလေး
၏မျက်နှာကို သေချာစွာ မြင်လိုက်ရသောအခါ အံ့အားသင့်
သွားခဲ့ရသည်။ တုန်လှုပ်သွားခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် ထိုမိန်းခလေးသည် အခြား
သူမဟုတ်၊ ညကသူနှင့်အတူ လှေပေါ်မှာလိုက်ပါလာသော
မိန်းခလေးပင် ဖြစ်နေသောကြောင့်ပင်တည်း။

“ဟင်. . ငါ. . ငါနဲ့အတူလိုက်လာတဲ့ မိန်းခလေးပါ
လား”

မောင်ဒီ နှလုံးသားသည် အေးစက်သွားခဲ့ရသည်။
ဝင်းရီဆိုသော မိန်းခလေးသည် သူ့လှေပေါ်က လက်တ
လာခုန်ဆင်းသွားပြီး ရေနစ်သေဆုံးသွားသူမဖြစ်နိုင်၊ ဖခင်
နှင့်အတူ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး၊ လှေပျက်သေဆုံးသော



www.burmeseclassic.com

www.burmeseclassic.com



ကံသာရွာဆီသို့ ပြန်လည်ပြီး မျှောပါလာခဲ့လေသလား အကြောင်းနှစ်ခုက တစ်ခုပဲ မှန်လိမ့်မည်။

သို့ဆိုလျှင် သူ့လှေပေါ်မှာလိုက်ပါလာခဲ့သည့် မိန်းခလေးသည်.......။



# ပေါ်ကူဂီရတနာသိုက်

ဤအဖြစ်အပျက်သည် နှစ်ပေါင်းများစွာ ကြာခဲ့ပြီးဖြစ်သော် ကျွန်ုပ်သည်ပင် ဇရာဒုလ္လဘကဲ့သို့ ချည်းနင်းဝင်ရောက်ကာ အသက်ရှစ်ဆယ်ပင်ပြည့်တော့မည်။ သို့သော် ငယ်စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခုသည် ယခုထက်တိုင် မမေ့နိုင်သေး။ ပြန်စဉ်းစားလိုက်တိုင်းမှာ မနေ့တစ်နေ့ကပင် ဖြစ်ပျက်ခဲ့သလို မှတ်မှတ်ရရရှိနေဆဲ၊ ကျွန်ုပ်သည် လူကအိုပြီဖြစ်သော်လည်း မှတ်ဉာဏ်က မအိုသေးပါ။

ကျွန်ုပ်၏မျက်လုံးများထဲ ပင်လယ်လှိုင်းလုံးကြီးများ၊ သင်္ဘောများ၊ ရတနာရွှေငွေများကို ရောထွေးကာ ပြန်ပြီးမြင်ယောင်ခဲ့ရသည်။ ထို့နောက် လူတို့၏အတောမသက်နိုင်သော လောဘ၊ ဒေါသ၊ မောဟတွေ၊ ဘယ်သောအခါမှ မမေ့နိုင်

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ကြသည်။ လောဘကြောင့် ဒုက္ခရောက်ခဲ့ကြသည်များသည် ဆင်ချင်တွေးတောတတ်လျှင် တရားရစရာများသာတည်း။

➤➤➤➤➤

"ယုဂန် အိပ်ယာက မနိုးသေးဘူးလားကွ"

အိမ်ရှေ့မှ အော်ခေါ်လိုက်သော ကိုမိုးသီး၏အသံကြောင့် ယုဂန်ပြေးထွက်လာသည်။

"ကျွန်တော် အားလုံးပြီးစီးနေပါပြီ. . အစ်ကိုမိုး၊ အစ်ကိုမိုးကို စောင့်နေတာပါ"

"အေး. . မင်းက ဝီရိယကောင်းတယ်၊ ငါလည်း မင်းအဆင့်သင့်ဖြစ်နေလောက်ပြီလို့. . ၊ ကဲ. . လာ သွားကြမယ်၊ မင်း. . မိဘတွေကိုကော နှုတ်ဆက်ပြီး ပြောဦးမလား"

"မနိုးတော့ပါဘူး. . ညဦးကတည်းက ပြောပြီးပါပြီ၊ သူတို့လည်း အိပ်ရေးပျက်ထားကြတယ်၊ သွားမယ်. . အစ်ကိုမိုး"

သို့သော် မိခင်ဖြစ်သူ ဒေါ်ရင်သည် မီးခွက်ကိုကိုင်





ကာ အိမ်ထဲမှ ထွက်လာခဲ့သည်။

"လင်းကြက်မတွန်သေးဘူး. . သွားကြတော့မလို့လားကွယ်"

"ဟုတ်. . အမေ နိုးလာပြီကိုး"

"ဟုတ်ကဲ့. . ဒေါ်ဒေါ်ရင်၊ မိုးမလင်းမီ ထွက်ကြမှ ဖြစ်မယ်၊ ကျွန်တော်တို့က ကျရေနဲ့ လိုက်ကြမှာမို့ပါ၊ သောင်ကြီးကို နေမပူခင် ရောက်သွားတော့ လူလည်း သက်သာတာပေါ့"

"အေး. . အေး၊ သားတို့ ဂရုစိုက်ပြီးခေါ်သွားပါကွယ်၊ သားကလည်း လမ်းမှာ ပြောမှားဆိုမှားမရှိစေနဲ့၊ မိုးသီးစကားကို နားထောင်. . ကြားလား"

"ဟုတ်ကဲ့ပါ. . အမေ၊ သားကို စိတ်ချပါ"

"ယုဂန်အတွက် စိတ်ချပါ၊ အဒေါ်ရဲ့၊ ကျွန်တော် သူ့ကို စောင့်ရှောက်သွားမှာပါ"

ပြောပြီး မှောင်ထဲမှာ နှစ်ဦးသားထွက်သွားခဲ့ကြသည်။ သွားနေလာနေကြပါ။ အမှောင်လမ်းကို လျှောက်ရသည်မှာ ကျင့်သားရနေကြသည်။

ကြယ်ရောင်ကလည်း ရှိနေတော့ သိပ်အမှောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒတော့ မဟုတ်ပါ။

ခြေလှမ်းတွေက စုရပ်ဆီကို ခပ်သွပ်သွပ် . .

➤➤➤➤➤

စပါးတရောဆန့်သည့်သဗ္ဗာန်ကြီးသည် ဒီရေအကျများရေစုန်ကို ဆင်းလျက် တရွေ့ရွေ့မျောပါနေသည်။ ရွက်အကူကလည်းပါသဖြင့် လူလည်း မပင်ပန်းချေ။ ပဲ့ကိုထိန်းပေးရုံသာ. .

လှေပေါ်မှာ မိုးသီး၊ ယုဂန်၊ မီးခဲနှင့် ငွေတိုး တို့ လေးယောက်ပါလာကြသည်။

သူတို့သည် မြောက်ဘက်မှ မိုင်သုံးဆယ်ခန့်ကွာဝေးသော သောင်ကြီးဆီကို ဦးတည်ပြီးသွားနေကြခြင်းပင် ဖြစ်သည်။ သောင်ကြီးသည် ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။ သစ်ဝါးများ ပေါသည်။ တော်ရုံလူများ သောင်ကြီးကို မသွားကြ၊ ခရီးဝေးသောကြောင့် ဖြစ်သည်။ သို့သော် သောင်ကြီးဝါး၊ သစ်များက လူကြိုက်များသည်။

ထို့အပြင် ဘယဆေးဖော်ရန် ဆေးပင်တွေကလည်း





ရှိသည်။ မိုးသီးက သစ်ဝါးအကြောင်းလည်း နားလည်သည်။ ဆေးပင်၊ ဆေးဥ၊ ဆေးမြစ်တွေအကြောင်းကိုလည်း သိသည်။ ဝါးများကို ဖောင်ဖွဲ့ပြီး၊ အပြန်တွင် ဆေးပင်များကိုလည်း ရှာဖွေမည်။ မြို့သို့တက်ရောင်းလျှင် ဈေးကောင်းရသည်။

သောင်ကြီးကို ယုဂန်က တစ်ခေါက်ရောက်ဖူးသည်။ မိုးသီးနှင့် ကျန်လူများကတော့ သုံးလေးကြိမ်မက ရောက်ဖူးခဲ့ပြီ။

ယုဂန်သည် အသက်ဆယ့်ခုနှစ်ကျော်ကျော်ပဲ ရှိသေးသည်။ ဆင်းရဲသော မိသားစုမှ မွေးဖွားလာသူ၊ အစ်ကိုတစ်ယောက်နှင့် အစ်မနှစ်ယောက်က အိမ်ထောင်အသီးသီးကျ ြီး အိမ်ခွဲကာ ဆင်းသွားခဲ့ကြသည်။

ယုဂန်တစ်ယောက်တည်း သားကျန်ခဲ့သည်။

ဖခင်ကြီးကလည်း ယခုနှစ်မှာမှ လေဖြတ်သလိုဖြစ်ကာ အိပ်ယာထဲလဲနေ၍ မိသားစုစားဝတ်နေရေးသည် ယုဂန် တာဝန်ဖြစ်လာခဲ့လေသည်။

သူတစ်ပါး၏လယ်မှာ အကူဆင်လုပ်ရင်း ယခုလို ားသည့်အခါမှာ သစ်တိုက်၊ ဝါးတိုက်၊ အဖော်အဖြစ်လိုက် ည်။ မိုးသီးသည် ယုဂန်နှင့် ဝမ်းကွဲညီအစ်ကိုတော်စပ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်အပေါ်မှာလည်း သံယောဇဉ်ရှိသည်။ ဆင်းရဲသောကြောင့်လည်း ပို၍စေတနာထားသည်။

အချိန်မှာ အဲရှေ့ပြဋ္ဌာအရပ်တွင် ရောင်နီပေါ်ထွက်စမဲမှောင်နေသော ပင်လယ်ဖြစ်သည်။ တဖြည်းဖြည်းနှင့်နီရောင်သန်းလာခဲ့လေပြီ။ ရေစီးအားကြောင့် နေ့လည်သာသာလောကအချိန်တွင် သောင်ကြီးကျွန်းဆီကို ရောက်လာခဲ့ကြသည်။

ကျွန်းပေါ်ကိုရောက်ပြီး တစ်အောင့်တနားနားကာ ဝါးများကို ခုတ်သည်။ အရွက်၊ အခက်၊ အလက်များကိုသင်သည်။ ပြီးတော့ ထမင်း စားသောက်ကြသည်။

မီးခဲနှင့် ငွေတိုးတို့က တစ်အောင့်တစ်နား အိပ်ကြသည်။

"ယုဂန်. . မင်းအိပ်ချင်သလားကွ. ."

"ကျွန်တော် မအိပ်ချင်ပါဘူး၊ သည်မှာ တစ်ည၊ နှစ်ညကြာဦးမှာပဲ၊ ညကျမှ အိပ်လည်း ရတာပဲ"

"အေး. . ဒါဆို မင်းနဲ့ငါ ဟိုဘက်ကို သွားကြအောင်"

ယုဂန် နားလည်လိုက်ပြီ။ မိုးသီးက အမဲလိုက် ဝါသနာပါသည်။ သူသွားလေရာမှာ ဒူးလေးတစ်လက်က အမြဲပါသည်။ ဤတောမှာ ချေ၊ ဒရယ်၊ တောကြက်များ ပေါများသည်။ ယုဂန်ကလည်း မိုးသီးနှင့်သာ အတူသွားရလျှင် အကျိုးမယုတ်မှန်းသိသည်။

"သွားလေ. . အစ်ကိုမိုး"

"တော့ကောင်. . မီးခဲ၊ ငါတို့ဟိုဘက်တောသွားမလို့ မင်းတို့အိပ်ချည်းမနေကြနဲ့၊ သတိလေး ဘာလေး ထားပြီး အိပ်ကြ"

"အေးပါကွာ. . သွားမှာသာသွားကြပါ"

မီးခဲက အိပ်ချင်မူးတူး အသံနှင့် ပြောသည်။ ငွေတိုးကတော့ တရှူးရှူးနှင့် အိပ်မောကျနေသည်။

➤➤➤➤➤

တောကနက်လှသည့်မဟုတ်၊ ချေတစ်ကောင်ကို တွေ့သည်။ မျောက်တစ်ကောင်၏ အော်သံကြောင့် ချေက လန့်ပြေးသွားသည်။ မိုးသီး မချင့်မရဲဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

ချေနောက်ကိုလိုက်ရင်း တောကြက်တစ်အုပ်ကျလာ







www.burmeseclassic.com

www.burmeseclassic.com



၍ မိုးသီးက ဒူးလေးဖြင့် ပစ်သည်။ ယုဂန်က လေးခွဖြင့် ပစ်သည်။ တောကြက်လေးကောင်ရလိုက်သည်။

ယုဂန်သည် တစ်နေရာဆီကို လက်ညှိုးထိုးပြလိုက်သည်။ စော်စောက ချေကိုပြန်တွေ့ရသည်။ ကိုက်နှစ်ဆယ်အကွာအဝေးလောက်မှာ မိုးသီးက မျက်နှာရိပ် မျက်နှာကဲဖြင့် လိုက်ကြမည်ဟု ပြောသည်။ ချေနောက်ကို သစ်ပင်များအကာအကွယ်ယူ၍ ဘေးကနေမှန်းပြီးလိုက်ကြသည်။

ချေသည် ဇီးဖြူသီးများကိုသာ မဲပြီးစားနေသည်။ ရန်သူ လိုက်လာသည်ကိုမသိ။

ဆယ်ကိုက်အကွာလောက်တွင် မိုးသီးသည် သစ်ပင်ကြီးတစ်ပင်သို့ ပြေးကပ်ကာ ဒူးလေးဖြင့် ပစ်ထည့်လိုက်သည်။

"ဒေါင်. ."

ချေ၏လက်ပြင်တည့်တည့်ကို မှန်သွားသည်။ သို့သော် ချေက နေရာမှလဲကျမသွား၊ သွေးရူးသွေးတန်းနှင့် ထွက်ပြေးသည်။

"လိုက်. . လိုက်. . ယုဂန်၊ ပြေးပြီ မျက်ခြည်မပျက်စေနဲ့"

နှစ်ဦးသား ချေထွက်ပြေးရာဆီကို ပြေးလိုက်သွားကြ





သည်။ ချေသည် သွေးရူးသွေးတမ်းဖြင့် ပြေးရင်း ကမ္ဘားတစ်ခုပေါ်မှ အောက်ကို ပြုတ်ကျသွားသည်။

ကမ္ဘားက သိပ်မနက်၍ လမ်းပြေပြေကိုရှာပြီး ဆင်းလိုက်သွားကြသည်။ ကမ္ဘားအောက်မှာ စမ်းချောင်းတစ်ခုက စီးဆင်းနေသည်။ ချေသည် ရေစပ်မှာ လဲကျကာ သေဆုံးလျက်ရှိသည်။

သူတို့ချေကို အမြေးအလွှား သွားကောက်ကြသည်။

"အစ်ကိုမိုး. . ဟိုမှာ. . ကြည့်စမ်း"

ယုဂန်လှမ်းပြလိုက်သည်က ကျောက်ဂူကြီးတစ်ခုအတွင်းဆီသို့။ သဘော်ဦးလိုလို အရာတစ်ခုသည် ဂူအဖြစ်သို့ အနည်းငယ် ထွက်နေသည်။

"လာ. . ယုဂန်၊ ငါတို့သွားကြည့်ရအောင်"

ထိုနေရာသို့ အမြေးအလွှားရောက်သွားခဲ့ကြသည်။ ဂူအောက်ခြေသို့ ရေစီးကြောင်းတစ်ခုက ဖြတ်စီးပြီး အတွင်းသို့ ဝင်နေလျက်၊ သူတို့အဝေးကနေလှမ်းပြီး မြင်လိုက်ရသော အရာသည်။ ရှေးဟောင်းသင်္ဘောကြီးတစ်စင်း၏ ပဲ့ပိုင်းသာ ဖြစ်သည်။ သင်္ဘောဦးမဟုတ်။

ဂူထက်မှ အောက်ကို တွဲလောင်းကျလျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်များက ရစ်ဖုံးလျက်ရှိသည်။

နှစ်ဦးစလုံး အံ့အားသင့်နေကြတာ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြသည်။ သဘော်ကြီးမှာ ဆွေးမြေ့သည့်နေရာများက ဆွေးမြေ့လျက်ရှိပြီး အချို့အစောင်အတန်ကောင်းနေသေး၏။

ရေစပ်ကိုဖြတ်ကာ သဘော်ပေါ်သို့ ခဲရာခဲဆစ်တွယ်တက်ကြသည်။ သဘော်ပေါ်မှာ လူရိုးခြောက် သုံးလေးခုကို တွေ့လိုက်ကြရသည်။ သူတို့၏ဘေးမှာ ဓါးကောက်များ၊ ဓါးရှည်များ၊ ခေါင်းပေါ်မှာဆောင်းထားသော ဦးထုပ်များကို တွေ့ရခြင်းအားဖြင့် မိမိတို့လူမျိုးများ မဟုတ်နိုင်၊ စာပေဗဟုသုတကို အတန်အသင့် လိုက်စားနေသော မိုးသီးက. .

"ဒါ ပေါ်တူဂီ တွေပဲကွ၊ သူည်ကောင်တွေက ငါတို့နိုင်ငံကိုလည်း ကျူးကျော်ဝင်ရောက်ပြီး ကောင်းကျိုးမပေးခဲ့ဘူး၊ မဟုတ်မှလွဲရော သည်ကောင်တွေက ပေါ်တူဂီဓါးပြတွေပဲ. . ယုဂန်၊ ငါတို့ကုသိုလ်ကံကောင်းကြရင်တော့ ချမ်းသာဘို့ ဖြစ်လာကြမှာပဲကွ. . "

ယုဂန်က မိုးသီးပြောသည်ကို နားမလည်ပေ၊

"ဘာကိုဆိုလိုတာလဲ. . ကိုမိုးသီး"





"သဘော်ပေါ်မှာ ထူးခြားတာမတွေ့ရင် ဂူထဲမှာဆက်ပြီး ရှာကြမယ်ကွာ"

မိုးသီးက ယုဂန်၏အမေးကိုမဖြေပဲ သူပြောချင်ရာကိုပြောပြီး သဘော်ပေါ်က ဆင်းသွားခဲ့သည်။

ယုဂန်လည်း နောက်မှ ဆင်းလိုက်သွားခဲ့ရလေ၏။

➤➤➤➤➤

သဘော်ကြီး၏ကိုယ်ထည်သည် ရှည်လျားလှသည်။ သူတို့နှစ်ဦးသည် ဂူထဲတွင် လိုက်၍လေ့လာကြရာ. .

"သဘော်ဟာ ဂူထဲကို အပြင်ကနေ ဝင်လာတဲ့ သဘောမျိုး တွေ့ရတယ်ကွ၊ သည်နေရာဟာ အရင်က ပင်လယ်နဲ့ဆက်နေတဲ့ ရေနက်ကြီးတစ်နေရာဖြစ်ခဲ့လိမ့်မယ်၊ နောက်မှ ချောင်းကော၊ မြစ်ကော သွားပြီးတောကြီးဖြစ်လာတာနဲ့တူတယ်ကွ၊ ဂူပြင်မှာရှိနေတဲ့ စမ်းချောင်းဟာ အရင်က ရေပြင်ကြီးတစ်ခုရဲ့ အစိတ်အပိုင်းဖြစ်နိုင်တယ်ကွ"

မိုးသီးက ရှင်းပြရာ ယုဂန်သည် ဒုံးမဝေးသူမို့ တဖြည်းဖြည်းနှင့် နားလည်သဘောပေါက်စ ပြုလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တူဂီ ဓါးပြတွေဆိုရင် သူတို့ဓါးပြတိုက်လို့ရထဲ့ ရတနာပစ္စည်းတွေကို တစ်နေရာရာမှာ ဝှက်ထားရမှာပေါ့

"အေး.. မင်းပြောတာမှန်တယ်၊ ငါ အခုလိုက်ရှာနေတာ အဲဒါပဲပေါ့ကွ၊ ရတနာတွေက သင်္ဘောပေါ်မှာမရှိရင် အောက်မှာရှိနိုင်တယ်၊ သူတို့ တွင်းတူးပြီး မြှုပ်နှံထားခဲ့လိမ့်မယ်လို့ မျှော်လင့်ရတာပေါ့ကွာ၊

"သည်ရတနာတွေရရင် ကျွန်တော်တို့ ချမ်းသာတော့မှာပေါ့နော်.. အစ်ကိုမိုး"

"အေးပေါ့ကွ.. တွေ့ပါစေသော ဆုတောင်း၊ ငါတို့မှချချမ်းသာကြရမယ်၊ တစ်ခုတော့ရှိတယ်၊ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ်၊ မင်း နှုတ်လုံမှဖြစ်မယ်၊ ဟိုကောင်တွေနှစ်ကောင်မသိကြစေနဲ့၊ ဘာဖြစ်လို့လည်းဆိုတော့ သူတို့က မတရားလောဘတွေတက်ပြီး ငါတို့အသက်ကိုတောင် ရန်ရှာနိုင်တယ်ကွ"

"အင်းပါ.. ကျွန်တော် သဘောပေါက်ပါပြီ"

ပြောရင်းဆိုရင်း ရေထဲကို ဖြတ်လျှောက်လာခဲ့ကြရာ ဂူတွင်းတစ်နေရာ အနည်းငယ်မြင့်သော ကုန်းကမူလေးထက်ဝယ် သေတ္တာကြီးတစ်လုံးကို တွေ့လိုက်ကြရလေသည်။





"ယုဂန်.. ရော၊ ငါထင်တဲ့အတိုင်းပဲကွ၊ ကဲ.. ဖွင့်ကြည့်ကြရအောင်"

သေတ္တာကို သော့ခတ်ထားသည်၊ ခဲရာခဲဆစ်ရိုက်ချိုးပြီး ဖွင့်ကြရာ..

"ဖြောင်း.."

နောက်ဆုံးမှာတော့ သော့ပျက်သွားသည်။ သေတ္တာအဖုံးကိုမဖွင့်မီ နှစ်ဦးစလုံး ရင်တထိတ်ထိတ်နှင့် ရှိနေကြသည်။ မိုးသီးက သေတ္တာအဖုံးကို ဖွင့်သည်။ သံချေးများကိုက်နေ၍ အဖုံးပတ်ပတ်လည်ကို ကျောက်ခဲဖြင့် ထုပေးရသည်။ သံချေးများကွာသွားသောအခါ အဖုံးကို နှစ်ယောက်အတူ အားစိုက်ပြီး မ,လိုက်ကြသည်။

"ကျွိ.. ကျွိ.. ကျွိ"

"ဟင်.."

"ဟာ.."

နှစ်ဦးစလုံး၏နှုတ်မှ အာမေဋိတ်သံများက တပြိုင်တည်း ထွက်သွားခဲ့ကြရသည်။ များပြောင်လှစွာသော ရတနာများ၊ ရွှေဒင်္ဂါးများကို မျက်လုံးတွေကိုမှ မယုံကြည်နိုင်အောင် တွေ့လိုက်ကြရသော ကြောင့်ပင်..။



www.burmeseclassic.com

www.burmeseclassic.com



"ယုဂန်. . ရှေ့ ငါထင်တဲ့အတိုင်း ဖြစ်လာတာပဲ၊ ငါတို့ နှစ်ယောက်တော့ သည်တစ်သက်မှာ သုံးမကုန်အောင် ချမ်းသာကြတော့မယ်ကွ"

"ဝမ်းသာလိုက်တာ. . အစ်ကိုမိုးရာ၊ ကျွန်တော်တို့ မိသားစုဆင်းရဲနေကြတာ၊ ခုတော့. . ချမ်းချမ်းသာသာနဲ့နေနိုင်ကြတော့မယ်ဗျ"

မိုးသီးသည် ရွှေဒင်္ဂါးများကို မရဲတရဲဖြင့် ကိုင်ကြည့်ပြီး အသံတုန်တုန်ဖြင့် ပြောလိုက်လေသည်။

"ယုဂန်. . သည်ကိစ္စ မင်းနဲ့ငါ နှစ်ယောက်တည်း သိကြပစေနော၊ ဟိုကောင်နှစ်ကောင်ကိုသွားပြီး မပြောလိုက်နဲ့"

"ဘာဖြစ်လို့လည်း အစ်ကိုမိုး၊ သူတို့က ကျွန်တော်တို့နဲ့ လုပ်ဖော်ကိုင်ဖက်တွေပဲ မဟုတ်လား"

"မင်းက လျှာရှည်လိုက်တာကွာ၊ သူတို့နှစ်ယောက် အကြောင်း မင်းက ဘာသိလို့လဲ၊ သည်ကောင်တွေက သစ္စာမရှိဘူးကွ၊ ပြီးတော့ နှုတ်လည်းမလုံဘူး၊ သည်ပစ္စည်းတွေအကြောင်းသာ ဖွင့်ပြောလိုက်ရင် တစ်ချိန်မှာ ငါတို့ကိုတောင် သက်ချင်သတ်ပစ်ကြမှာ"





"ဟင့်. . ဒါလောက်တောင်ပဲလား. . အစ်ကိုမိုး"

"ဒါထက်တောင် ဆိုးသေးတယ်၊ မီးခဲနဲ့ ငွေတိုးတို့ဟာ ရွာမှာ ဓါးပြမှုတွေနဲ့ သက်သေမကင်း အဖြစ်ခံနေကြရတဲ့ကောင်တွေ၊ သည်ကောင်တွေ ချေရာပျောက်ချင်လို့ ငါတို့နဲ့လိုက်လာခဲ့ကြတာ၊ ငါက သိပ်ခေါ်ချင်တာမဟုတ်ဘူး၊ ဒါပေမယ့် ငါက ရွာလူကြီးတွေကို လျှို့ဝှက်အသိပေးပြီးမှ ခေါ်လာတာ၊ ခု ငါပြောတဲ့စကားတွေကိုလည်း မပေါက်ကြားစေနဲ့. . ယုဂန်"

"ကျွန်တော် နှုတ်လုံပါတယ်ဗျာ၊ သူတို့ကို သည်လိုမှန်းမသိလို့ ပြောမိတာပါ"

"အေး. . မင်း သတိတော့မလစ်စေနဲ့၊ သည်ပစ္စည်းတွေကို တစ်နေရာရာ ဝှက်ထားကြရအောင်၊ သည်သင်္ဘောကြီးကိုလည်း တစ်ချိန်ချိန်မှာ ဘယ်သူမဆို တွေ့သွားနိုင်တယ်ကွ"

သူတို့သည် ရတနာသေတ္တာကြီးကို ဂူ၏ပြင်ပ တစ်နေရာမှာ ဝှက်ထားလိုက်ကြလေသည်။

➤➤➤➤➤



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးနှင့် ယုဂန်တို့သည် တောကြက်များနှင့် ချေကောင်ကို သယ်ပိုးကာ စခန်းသို့ပြန်ရောက်လာခဲ့ကြသည်။

"ဟာ. . ငါ့ကောင်ပြန်လာကြပြီ၊ သည်ဝါးတွေကို မင်းတို့ အခက်အလက်တွေ မသင်ကြရသေးပါလား"

"ဖြည်းဖြည်းပေါ့. . မိုးသီးရာ၊ ငါတို့က သည်မှာ တစ်ည အိပ်ကြဦးမှပဲ၊ ဘယ်အချိန် လုပ်လုပ်ရပါတယ်ကွ"

မီးခဲက စောဒကတက်လိုက်သည်။ အနားမှာလည်း အရက်ပုလင်းနှင့် ဖန်ခွက်နှင့် ပဲကြီးလှော်အမြည်းများကို တွေ့လိုက်ကြရသည်။ ငွေတိုးက

"ဟာ. . တောကြက်တွေကော၊ ချေကော ရလာခဲ့တာကိုး၊ အတော်ပဲဟေ့၊ ဒါတွေကို ကင်ပြီး အရက်နဲ့ မြည်းရမယ်"

"ကဲ မင်းတို့တာဝန်ပဲဟေ့၊ ငါတို့တော့ ချေ နောက်ကို လိုက်ရတာနဲ့ပ ခြေကုန်လက်ပန်းကျသွားပြီ၊ စားဦးစားဖျား ကိုလည်း တောပိုင်တောင်ပိုင်ကြီးတွေကို ပူဇော်ပသကြဖို့ မမေ့ကြနဲ့"

မိုးသီးသည် သစ်ပင်ကြီးတစ်ပင်အောက်မှာ ခြေပစ်လက်ပစ် လှဲချလိုက်ပြီး အနားယူလိုက်သည်။ ယုဂန်ကတော့





ယူငယ်ပီပီ အကင်းပါးသည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား သမားလေးဦးဆိုတာ အကဲခတ် မိလိုက်သည်။

➢➢➢➢➢

ရွာထဲတွင် ယုဂန်နှင့်မိုးသီးတို့သည် ဟန်မပျက်နေကြသည်။ သို့သော်သူတို့တွင် ငွေစလေးများ ရှင်လျက်ရှိနေကြသပြီ။ ထိုအချိန်ကာလအတွင်းမှာ ယုတ္တိရှိအောင်လည်း သူတို့နှစ်ဦးစလုံး ဇလုပ်ကို ပိုကြိုးစားကာ လုပ်ကိုင်ပြကြသည်။

အများအမြင်ကတော့ ယုဂန်တို့သည် အလုပ်ကိုကြိုးစား၍ ချောင်လည်လာကြသည်ဟု. .

ထိုအတောအတွင်းမှာ မီးခဲနှင့် ငွေတိုးတို့သည် သူတို့ကိုယ်တိုင် ကျူးလွန်ခဲ့ကြသည့် ပစ်မှုများကြောင့် ပုလိပ်များက နောက်ကြောင်းခံလိုက်နေကြ၍ ရွာမှပြေးနေကြရသည်။

အချိန်ကား နယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်သော ကာလပင်ညည်း။

မိုးသီးနှင့်ယုဂန်တို့သည် အပင်ပန်းခံကာ တော့သို့



www.burmeseclassic.com

www.burmeseclassic.com



တက်ကြသည်။ ဝါးများကိုခုတ်ကာ ဖောင်ဖွဲ့ကြသည်။ တောထဲမှဆေးပင်များ၊ ဆေးဥများ၊ ဆေးမြစ်များကိုပါ ဖောင်ပေါ်တင်ကြသည်။ ထိုအပင်များကိုစုစည်းကာ ကြားထဲမှာ ရွှေဒင်္ဂါးအိတ်အချို့နှင့် ရတနာအချို့ကို ညှပ်ပြီး လျော်ကြိုးများနှင့် ချည်နှောင်ကြလေသည်။

ထို့နောက် ဆရာတပည့်နှစ်ဦး ဝါးဖောင်ကိုမျောပြီး လိုက်ပါလာတတ်ကြစမြဲ မိုးသီးကား ယုဂန်တို့မိသားစုအပေါ်မှာ သံယောဇဉ်ကြီးမား လွန်းလှသည်။

ယုဂန်၏မိဘနှစ်ပါးဖြစ်ကြသော ဦးကြာအုံနှင့် ဒေါ်ရင်တို့သည်လည်း အခြေအနေကို နားလည်လာကြသူများပီပီ၊ ယခင်ကလိုပင် ဟန်မပျက် နေထိုင်ကြသည်။

ဦးကြာအုံဆိုလျှင် လေဖြတ်ထား၍ ခြေတစ်ဖက်ဆွံ့နေသည်။ လက်တစ်ဖက်ကလည်း သိပ်မသန်ချင်၊ သို့သော် တောင်း၊ ပလုံး၊ ခြင်းများကို ယက်ကာ အလုပ်ကိုလုပ်သည်။ ဝမ်းမဝ၍ သူပါ တစ်ဖက်တစ်လမ်းက ဝင်ငွေရှာသည့်အသွင်မျိုး. .

သို့သော် မိုးသီးနှင့် ယုဂန်တို့သည် ရန်ကုန်လိုနေရာမျိုးသို့တက်ခါ ခြံကျယ်ကြီးတစ်ခုနှင့် အိမ်တစ်လုံးစီကို ဝယ်





သွားပြီးကြလေပြီ။ ယုဂန်သည်လည်း မိုးသီး၏ ကူညီစောင့်ရှောက်မှုကြောင့် မြို့သို့သွားတတ်လာတတ်ကာ ဗဟုသုတများ တိုးပွားနေခဲ့သည်။

သူတို့ကို ရွာသူရွာသားများက သံသယမရှိခဲ့ကြပေ။ အနေအထိုင်ကလည်း ပိရိကြသောကြောင့် ဖြစ်ပေ၏။

➤➤➤➤➤

ယုဂန်နှင့်မိုးသီးတို့သည် ပေါ်တူဂီရတနာသိုက်ကို ရှာဖွေတွေ့ရှိခဲ့သည့်အကြောင်း မည်သူကိုမှ ဖွင့်မပြောခဲ့ကြ၊ ရေငုံနှုတ်ပိတ်နေခဲ့ကြသလို ရတနာပစ္စည်းများကို တတိတတိနှင့် ကဲ့ယူခဲ့ကြရာ သုံးပုံတစ်ပုံခန့်သာ ကျန်တော့သည်။

"ယုဂန်. . ငါတို့ ကျန်တဲ့ပစ္စည်းတွေကို အပြီးသယ်ယူကြရမယ်၊ သယ်ပြီးတာနဲ့ မင်းတို့မိသားစု၊ ငါတို့မိသားစု မြို့ကို ပြောင်းပြီး အခြေချကြမယ်"

"ဟုတ်ကဲ့. . အမေနဲ့အဖေတို့ကလည်း အစ်ကိုမိုးနဲ့တွေ့ပြီး အဲ့သလို စကားမျိုးနဲ့ တိုင်ပင်မယ်လို့ပြောထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ကောင်းတယ်"

➤➤➤➤➤

မီးခဲနှင့်ငွေတိုးတို့သည် သူတို့ကျူးလွန်ခဲ့ကြသည့် ခါးပြမှုများကြောင့် အဖမ်းမခံပဲ တပြေးတည်း ပြေးနေကြရသည်။ ရွာကိုလည်း ပြန်မကပ်နိုင်ကြ၊ ကပ်လျှင်လည်း သူကြီးက ဖမ်းမှာမလွဲ။

သူတို့အတွက် တဖြည်းဖြည်းနှင့် နယ်ကျဉ်းလာခဲ့လေပြီ။

ပုလိပ်များသည် သူတို့နှစ်ယောက်၏သတင်းကို ရခဲ့သည်နှင့် လိုက်ဖမ်းကြရာ၊ တောထဲတောင်ထဲသို့ ဝင်ပြေးကြသည်။ ယခုသောင်ကြီးကျွန်းနှင့် မနီးမဝေးရှိ ကျွန်းတစ်ခုပေါ်မှာ ရောက်နေကြလေပြီ။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် . . ဘာလိုလိုနှင့် ရက်သတ္တပတ်ပြည့်တော့မည်။

"တောက် . . ငါတို့မှာ တောထဲက သစ်မြစ်၊ သစ်ခုတွေ စားကောင်းတဲ့ အသီးတွေရော၊ မစားကောင်းတဲ့အသီးတွေရော စားနေရတာ၊ ထမင်းမစားရလို့ လူလည်းဘာရုပ်ပေါက်နေပြီလည်း မသိဘူး"

"ငွေတိုး . . ငါတို့သည်လိုပဲ တောထဲမှာ နေသွားလို့ မဖြစ်ဘူးကွ၊ ကြာရင် အစာပြတ်ပြီး မတ်တပ်က လဲကြလိမ့်မယ်"

"တောထဲမှာ မနေပဲ ဘယ်သွားနေကြမလဲ မီးခဲ၊ ငါတို့ကို ပုလိပ်တွေက မျက်ချည်မပျက် လိုက်နေကြတာ မင်းသိတာပဲ၊ လူသတ်မှုကော၊ ခါးပြမှုကော ပေါင်းလိုက်ရင် ကြိုးစင်တက်ရဖို့ ကျိန်းသေတယ်၊ အဲ့သည်လို အဲသက်မခံရဘဲ၊ တောထဲမှာ အစာငတ်ခံပြီး သေသွားရတာကမှ ကောင်းဦးမယ်"

"မဟုတ်သေးဘူးကွာ၊ ငါတို့ နည်းလမ်းတစ်ခုတော့ ရှာကြရဦးမယ်"

မီးခဲသည် ခါးမြှောင်ကို စိတ်ပေါက်ပေါက်နှင့် သစ်ပင် ပင်စည်မှာ စိုက်ချလိုက်လေ၏။

➤➤➤➤➤







www.burmeseclassic.com

www.burmeseclassic.com



မိုးသီးနှင့်ယုဂန်တို့သည် သောင်ကြီးကျွန်း၏ အောက်လှိုဏ်ထဲကို ရောက်နေကြသည်။ ပေါ်တူဂီသင်္ဘောပျက်ရှိရာ ဂူကြီးနှင့် မလှမ်းမကမ်းရှိ ခြုံထဲတွင် အလုပ်ရှုပ်နေကြသည်။

သေတ္တာထဲမှ ရွှေဒင်္ဂါးများနှင့် ရတနာပစ္စည်းများကို အထုတ်နှစ်ထုတ်ခွဲပြီး ထုတ်လို့နေကြသည်။ သေတ္တာထဲမှာ ဘာမှမကျန်တော့ပေ။

မိုးသီးသည် အထုတ်နှစ်ခု၏ပတ်ပတ်လည်တွင် ဆေးပင်များကို ရစ်ပတ်ကာ လျော်ကြိုးများဖြင့် ချည်နှောင်ပြီး ပုံဖျက်လိုက်သည်။

အမှတ်တမဲ့ကြည့်လျှင် ဆေးပင်အစည်းကြီးနှစ်ခုဟုသာ ထင်နိုင်စရာရှိသည်။

မိုးသီးကပဲ ထိုအစည်းများကို တံပိုးမှာ ဦးပွဲထမ်းကာ လှိုဏ်အထက်သို့ တက်လာခဲ့သည်။ ယုဂန်က ဝါးမတစ်ချောင်းကို ကိုင်ကာ ဘေးဘီဝဲယာကို ကြည့်ရင်း လိုက်ပါလာလေ၏။

ကမ်းစပ်တွင် ဝါးများကိုခုတ်၍ ဖောင်ဖွဲ့ထားသည်က အဆင်သင့်၊ ဖောင်နောက်မှာ လှေတစ်စီးကို တွဲ၍ချည်နှောင်ထားသည်။ ဆေးပင်များသည် လှေပေါ်ကို ရောက်နေခဲ့လေပြီ။





ဖောင်ပေါ်တွင် သူတို့နှစ်ယောက်စလုံးလည်း ရောက်နေခဲ့ကြလေပြီ။ ဖောင်ကြိုးကို ဓါးဖြင့် ဖြတ်တောက်လိုက်ကာ ကမ်းခြေကို ထိုးဝါးနှစ်လုံးစီဖြင့်ထိုး၍ ကမ်းမှ ခွာခဲ့ကြသည်။

"ဟော့. . ဟော့. . မိုးသီး နေပါဦးကွ. ."

သူတို့ဆီကို ပြေးလာကြသူနှစ်ဦး၊ မီးခဲနှင့်ငွေတိုး၊ မိုးသီးတို့သည် သူတို့ကို တွေ့လိုက်ရသောအခါ မျက်စိမျက်နှာပျက်သွားခဲ့ကြရသည်။

"ဟာ. . ဝရမ်းပြေးနှစ်ယောက်ပါလား၊ ပြဿနာပဲ၊ ငါတို့ကို ဒုက္ခပေးဖို့များနေပြီ"

"ကြုံကြုံဖန်ဖန် လာတွေ့ရတယ်ဗျာ"

သူတို့နှစ်ဦးသည် ရွေ့လျားနေသော ဖောင်ပေါ်ကို ခုန်တက်လာခဲ့ကြသည်။

"ဟော့ကောင်တွေ၊ မင်းတို့ကို ပုလိပ်တွေက လိုက်ဖမ်းနေကြတယ်ကွ၊ ပုလိပ်အင်စပက်တော်လည်း ရွာကိုရောက်လာသေးတယ်"

"အဲ့ဒါ ဘာဖြစ်သလဲကွ၊ ငါတို့လည်း သူတို့ဖမ်း မမိအောင် ပြေးနေကြတာပဲ"

"ဒီမှာ မီးခဲ၊ ဖောင်ပေါ်မှာ မင်းတို့နှစ်ယောက်ကို ငါတို့



www.burmeseclassic.com

www.burmeseclassic.com



နဲ့အတူတူတွေ့သွားကြရင် ငါတို့ကိုပါ အထင်လွဲနိုင်တယ်ကွ"

"မဆိုင်လိုက်သကွာ၊ မင်းက. . အချင်းချင်း မကူညီတဲ့အပြင် သည်လိုစကားမျိုးပြောသလား"

ငွေတိုးက ဝင်ပြောသည်။

"မီးခဲကလည်း မဟုတ်ပေး ပါဘူးကွာ၊ ငါက မင်းတို့ကို ဘာကူညီနိုင်မှာမို့လို့လဲ၊ မင်းတို့က တရားဥပဒေကို ချိုးဖောက်ထားကြတဲ့သူတွေပဲ၊ တော်ကြာ ငါတို့ပါ မင်းတို့နဲ့ ပူးတယ်ဆိုပြီး အရေးယူခံနေကြရဦးမယ်"

"ဘယ်သူမှ မထင်ကြပါဘူးကွာ၊ ငါတို့ကလည်း ရွာအထိ မလိုက်ပါဘူး၊ တစ်နေရာရာမှာ ဆင်းခဲ့ကြမှာပါ"

"ဒါနဲ့ ဘာစားစရာပါသလည်းကွ၊ ငါတို့ ထမင်းမစားရတာကြာပြီ"

"ဘာစားစရာမှ မရှိတော့ဘူး၊ ငါတို့ အိမ်ကိုပြန်ကြမှာပဲ၊ ရေပဲပါတယ်၊ သောက်ချင်ရင် အိုးထဲမှာ ခပ်သောက်"

မီးခဲသည် ဖောင်နှင့်တွဲပြီပါလာသည်။ လှေဆီကို မျက်စီက ရောက်သွားခဲ့သည်။

"မင်းတို့တွေက တောကြက်တွေကိုလည်း ပစ်လာခဲ့ကြတာကိုးကွ၊ အတော်ပဲ ဖောင်ပေါ်မှာ ကင်စားမယ်ကွာ"





ဆေးပင်တွေနှင့် ရောနေသော တောကြက်အသေများကို တွေ့သွားခဲ့သည်။ မီးခဲသည် ဖောင်အစပ်မှာ ဒူးထောက်လိုက်ကာ လှေထဲသို့ လက်နှိုက်လိုက်သည်။

တောကြက်နှစ်ကောင်ကို ဆွဲယူလိုက်ပြီး

"ရော့. . ဟော့၊ ငွေတိုး မီးကင်ကွာ"

ထို့နောက် မီးခဲသည် ဆေးပင်တွေကြားထဲကို လက်နှိုက်လိုက်သည်။ စားစရာ တစ်ခုခုများ တွေ့ရမလားဟု၍. .

သူစမ်းမိသည်က အဝတ်ထုတ်၊ မာမာတောင်တောင် အရာတစ်ခု၊ အချွန်အတက်တစ်ခုက အဝတ်ထုတ်ကို ဖောက်ထွက်နေ၍ လက်ကိုစူးသွားခဲ့လေ၏။

"အား. . ဘာပါလိမ့်"

ပထမတော့ ဆူးစူးသည်ဟု ထင်မိခဲ့သည်။ အဝတ်ကို ဖောက်ထွက်နေသော လက်ဝတ်ရတနာတစ်ခု၊ ဒေါင်းဘယက်တစ်ခု၏အစိတ်အပိုင်း ဖြစ်သည်။ တစ်လက်မခန့် စွန်းထွက်နေပြီး ရွှေရောင်ဝင်းဝင်း လက်လက်နှင့် ဖြစ်သည်။

"ဟာ ရွှေတွေပဲ၊ မင်းတို့ဘယ်က ရလာတာလဲ၊ အိတ်ထဲမှာ အများကြီးပဲ"

"ဘယ်ကရလာရမှာလည်းကွ၊ တောထဲက ရလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြေးနတ်ရုပ်တု၊ ငါတို့ ရောင်းစားမလို့ အိတ်နဲ့ထည့်လာခဲ့တာ"

"ဟေ့ကောင်. . မိုးသီး၊ မင်း ငါတို့ကို မလိမ့်တာပတ်လုပ်လို့မရဘူးကွ၊ ကြေးလား၊ ရွှေလားဆိုတာ ငါခွဲခြားပြီးသိတယ်၊ မင်းတို့ ဘယ်ကရလာသလဲ၊ ပြော"

မီးခဲသည် ရှုးရှုးရှားရှား ဖြစ်သွားခဲ့ရသည်။ ငွေတိုးလည်း မီးခဲစကားကြောင့် ဆာတာတွေမင် ပျောက်ကုန်သည်။

"မီးခဲ. . ဒီကောင်တွေ တောထဲမှာ သိုက်တစ်ခုခုကိုတွေ့ထားခဲ့ပြီထင်တယ်၊ ခုလို ကဲ့နေတာကြာပြီလား မသိဘူး၊ ကဲ. . မိုးသီး၊ မင်း ငါတို့ကို ဝေစုပေးရမယ်၊ မပေးရင် မင်းတို့နှစ်ယောက်စလုံး ပြန်လမ်း မရှိတော့ဘူးလို့ သာမှတ်"

"ငွေတိုး၊မင်းတို့ပြောတာ တစ်ခုမှမဟုတ်ဘူး၊ မယုံရင်အဲ့သည့်အထုတ်တွေကို ဖြည်ကြည့်ကွာ"

မိုးသီးက ခပ်တည်တည်နှင့်ပြောလိုက်သည်။ ယုဂန်သည် အခြေအနေကို စောင့်ကြည့်နေ၏။ မိုးသီးက တစ်ခုခုအချက်ပေးခဲ့လျှင် သူလှုပ်ရှားရတော့မည်။

"မင်းနဲ့ငါ ဖောက်ကြည့်မယ်၊ ငါထင်တဲ့အတိုင်း ဟုတ်ရင် တော့လားကွာ"





မီးခဲက လှေကြီးကိုဆွဲပြီး လှေထဲကိုဆင်းမည်ပြုလိုက်သည်နှင့် မိုးသီးက ဓါးရှည်ကိုဆွဲပြီး ရုတ်တရက် ခုတ်ချလိုက်သည်။ သို့သော် သူတို့၏အနားမှာ ရှိနေသည့် ငွေတိုးက ဓါးမြှောင်ဖြင့် ဆီးပြီးခံလိုက်သဖြင့် သံသံချင်းထိခတ်သွား ခဲ့ရသည်။

"ထန်"

"ထန်"

မီးခဲသည်လည်း လှေထဲကို မဆင်းဖြစ်တော့ပဲ မိုးသီးတို့ကို တိုက်ခိုက်ရန် နေရာမှ ရုတ်တရက်ထ,ရပ်လိုက်သည်။ ခါးကြားထဲမှ ဓါးမြှောင်ကိုဆွဲထုတ်ပြီး မိုးသီးဆီကို ပြေးအဝင်မှာ. .

ယုဂန်က ဓါးဖြင့် ပိုင်းချလိုက်သည်။ မိုးသီးသတိမလစ်၊ ဓါးမြှောင်ဖြင့် ဆီးခံလိုက်သည်။

"ထန်"

သို့သော် ဓါးဦးက မီးခဲ၏လက်မောင်းကို ချော်ပြီးထိုးမိသွားခဲ့သည်။

"အား. ."

မီးခဲသည် ဒေါသတကြီးဖြင့် ယုဂန်ကို အသေတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်သည်။ ယုဂန်ကလည်း မီးခဲ၏ဓါးချက်မမိစေရန် ရှောင်ရင်း တိမ်းရင်း တိုက်ခိုက်ရင်း . .

ရေစီးကြောင်းတစ်လျှောက် မျောပါနေသာ ဖောင်ပေါ်တွင် လူလေးယောက်တို့၏ လောဘ၊ ဒေါသ၊ မောဟတို့နှင့် အပြိုင်အသက်လုပွဲ၊ မီးခဲနှင့်ငွေတိုးတို့သည် မိုးသီးနှင့်ယုဂန်တို့၏ တအားဖိကာတိုက်ခိုက်မှုကို အလူးအလဲခံနေကြရသည်။ အားပြတ်နေကြ၍လည်း ထိရောက်စွာမတိုက်ခိုင်နိုင်ကြ။

ထို့ကြောင့် တစ်ကြိမ်တွင် နှစ်ဦးစလုံးချော်ချော်ပြီး ဖောင်ပေါ်မှ ကျသွားခဲ့ကြသည်။

"ဝုန်း . ."

"ဝုန်း . ."

သို့သော် ဖောင်အစွန်းနှစ်ဖက်ကို သတိကြီးစွာဖြင့် ဖက်တွယ်ထားနိုင်၍သာ တော်ပေသေးတော့သည်။ သူတို့ ဖောင်ပေါ်သို့ တွယ်တက်ရန် ကြိုးစားနေကြစဉ် ယုဂန်က ဓါးနှင့် ပိုင်းချမည်အပြု . .

"ယုဂန် . . မလုပ်နဲ့၊ လှေထဲကို မြန်မြန်ဆင်း"

မိုးသီး၏သတိပေးချက်ကြောင့် လှေထဲကို အမြန်ဆင်းလိုက်ကြရသည်။ မိုးသီးလည်း ဆင်းလိုက်သည်။ ထို့နောက် လှေနှင့်ဖောင် ဆက်သွယ်ထားသည့် ကြိုးကို ဓါးဖြင့်ခုတ်ကာ ဖြတ်တောက်လိုက်သည်။

ယုဂန်က ထိုဓါးဖြင့် ဖောင်ကိုတွန်းထိုးလိုက်သည်။ ဖောင်သည် လှေမှကွာထွက်သွားပြီး တဖြည်းဖြည်း ဝေးသွား၏။

"ဟေ့ကောင်တေါ့ . . ဟေ့ကောင်တွေ၊ မင်းတို့ ဒါဘာလုပ်တာလည်းကွ"

ဖောင်ပေါ်မှာ ထိုးဝါးမှပါပဲ သူတို့ မည်သို့ဆက်ပြီး စခန်းသွားကြမည်နည်း၊ မီးခဲနှင့်ငွေတိုးတို့သည် လှော်တက်တစ်ချောင်းစီဖြင့် ကမ်းဘက်ကိုကပ်၍ လှော်သွားခဲ့ကြ၏။

ထို့နောက် ရိုးတစ်ခုထဲကို ဝင်ကာ ပျောက်ကွယ်သွားခဲ့ကြလေသည်။

➤➤➤➤➤

မီးခဲနှင့်ငွေတိုးတို့သည် မိုးသီးတို့ကို ဒေါပွရင်း ကျွန်ခဲ့ကြသည်။ သူတို့ကို ရေစီးကြောင်းတစ်လျှောက်မှာ

www.burmeseclassic.com



အထိမ်းမရှိဘဲ သယ်ဆောင်သွားခဲ့သည်။

ထိုစဉ် သဗ္ဗန်တစ်စီးသည် ရိုးတစ်ခုထဲမှ ရုတ်တရက် ထွက်လာခဲ့ကြရသည်။

"ဟေ့ကောင်တွေ.. မင်းတို့ဖောင်ကို ရပ်လိုက်ကြစမ်း"

"ဟာ ပုလိပ်တွေ၊ ငါတို့သတင်းကို ရသွားပြီထင်တယ်"

ဖောင်ကို မည်သို့မျှ ရပ်နိုင်စွမ်းမရှိပေ။

"ဒိုင်း.."

"ဒိုင်း.."

ဝိုင်းပြီးပစ်ခတ်ကြသောကြောင့် အကာအကွယ်မဲ့သောဖောင်ပေါ်မှာ ရှောင်ရတိမ်းရခက်လှသည်။ တစ်ကြိမ်တည်း သူတို့နှစ်ဦးစလုံးကို ထိမှန်သွားခဲ့လေသည်။

"ဒိုင်း.."

"ဒိုင်း.."

"အား.."

"အား.."

ဖောင်ပေါ်မှလွင့်စင်ပြီး ကျဆင်းသွားခဲ့ကြသည်။





"ဘွမ်း.."

"ဘွမ်း.."

ကျွန်းတစ်ခုပေါ်မှာ ရပ်နားနေကြသော မိုးသီးနှင့်ယုန်တို့သည် မီးခဲနှင့်ငွေတိုးတို့၏ ဇာတ်သိမ်းမကောင်းကြပုံကို အစမှအဆုံးအထိ မြင်တွေ့သွားခဲ့ကြသည်။

ပုလိပ်အဖွဲ့များ လိုက်ပါလာကြသော သဗ္ဗန်လွန်မျောက်သွားပြီးမှ လှေကို ဝှက်ထားရာမှ ထုတ်လိုက်သည်။ ပြီးနောက် ရွာဆီကို မှန်းပြီးလှော်ခတ်လာခဲ့ကြသည်။

လေးကြောင်းသင့်သောအခါ ရွက်တိုက်လာခဲ့ကြသည်။ သူတို့သည် လမ်းမှာ မိမိတို့၏ကံတရား၊ ဆန်းကြယ်သော ကြမ္မာနှင့် မီးခဲနှင့်ငွေတိုးတို့၏အကြောင်းကို မစဉ်းစားမနေနိုင်ကြဘဲ လိုက်ပါလာခဲ့ကြလေသည်။

ဤအဖြစ်အပျက်သည် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ ပြီးသော်လည်း ကျွန်းပ်မှာ မနေ့တနေ့ကဖြစ်ပျက်ခဲ့သလိုပင် နေရဆဲရှိသည်။ ထိုစဉ်က တရားခံပြေးများဖြစ်ကြသော ခဲနှင့်ငွေတိုးတို့သည်လည်း ကျွန်ုပ်တို့ပေါ် တူဂီရတနာများ တဲ့သို့ ရခဲ့ကြသည်ကို သိမသွားခဲ့ကြပေ။ သူတို့အဖြစ်နှင့် ကြမ္မာ ဒဏ်ခတ်ခဲ့ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အစ်ကိုတစ်ဦးပမာ ခင်မင်ရင်းနှီးခဲ့ရသော ကိုမိုးသီးသည်လည်း ဆုံးပါးခဲ့လေပြီ။ ကျွန်ုပ်သည်လည်း အသက်ရှစ်ဆယ်အရွယ်သို့ ရောက်ခဲ့ရပြီဖြစ်သည်။ ကံတရားကြောင့် ချမ်းသာစွာနေခဲ့ကြရသော်လည်း ကျွန်ုပ်၏သားသမီး၊ မြေးမြစ်များမှာ ကျွန်ုပ်ယုဂန် ပေါ်တူဂီရတနာသိုက်ကို တွေ့၍ချမ်းသာလာခဲ့ကြောင်းကို မည်သူမှ မသိကြပါ။

လူသည် ဆင်းရဲသောသူဖြစ်လျှင်လည်း မိဘကိုရိုသေစွာ လုပ်ကျွေးသူ၊ စိတ်ထားဖြူစင်သူ၊ ကံငါးပါးကို လုံခြုံအောင် ထိမ်းသိမ်းသူဖြစ်ခဲ့လျှင် ကံတရားက တချိန်ချိန်မှာ မျက်နှာသာပေး၍ ချမ်းသာလာတတ်ကြောင်း၊ ကြီးပွားရန်စီးပွားတတ်လာတတ်ကြောင်းကို ကျွန်ုပ်၏ ကိုယ်တွေ့အဖြစ် တင်ပြအပ်ပါသတည်း. . . .။



၂က်

၁လည်း

။

ထိုပြဿနာ

ရောင်းချကာ

ကား

# ကာရွှေမလေး

ဤအိမ်ကြီးကို ဝယ်လိုက်သည့်အချိန်ကစ၍ ရန်ကို မိသားစုက ဝိုင်းပြီး အပြစ်တင်ကြသည်။ မည်သူကမှ သဘောမကျကြပေ။

"သား. . လူသူဝေးတဲ့နေရာ၊ မြစ်ကမ်းနဖူးမှာ ထီးတည့်တည့်တည်ဆောက်ထားတာ၊ ရန်ကုန်နဲ့အသွားအလာမနီးတဲ့အပြင် အထဲရောက်အောင် တော်တော်လေး ဝင်ရသေးတယ်၊ ပြီးတော့ သည်အိမ်ကြီးဟာ လူပြောသူပြောများနေတာ၊ သားမို့လို့ကွယ်"

မိခင်ဒေါ်ထားထားက သားဖြစ်သူကို စိတ်တိုင်းမကျသလို ပြောသည်။

"ဟုတ်တယ်. . သား၊ အဖေလည်း ဘဝင်မကျဘူး၊



www.burmeseclassic.com

www.burmeseclassic.com



"သက်သာတာတော့ အမှန်ပါရဲ့၊ ဒါပေမယ့် အိမ်အနေကိုမှ ကိုကြည့်ပြီး စိတ်ထဲမှာလည်း ခြောက်ကပ်လာသလိုပဲ"

အသက . ခင် ဦးနိုင်ထန်းသည်လည်း အိမ်ကြီးနှင့်ပတ်သက်ကြောင့် ခဲ့သည်။

သမီး၊ မြေးမြှ်နေရာက ပင်လယ်လမ်းခြေနဲ့လည်းနီးတယ်၊ တွေ့၍ချမ်းအေးလည်း ရှိလို့ပါ. . အဖေ၊ ပြီးတော့ သားရဲ့မာရေးအရ လေကောင်းလေသန့်ရတဲ့နေရာမျိုးမှာ ခြောက်လတန်သည်၊ တစ်နှစ်တန်သည် သွားနေသင့်တယ်လို့ သမားတော်ကြီးတွေက အကြံပေးထားဖူးတယ်"

"အေးပေါ့လေ. . သားနေချင်တယ်ဆိုလည်း သဘောပဲပေါ့။ သားစိတ်ချမ်းသာဖို့က အရေးကြီးပါတယ်၊ ဒါပေမယ့် သားတစ်ယောက်တည်း မနေရဘူး၊ အဖော်တစ်ယောက်လောက်က သားရဲ့အနားမှာ အမြဲရှိနေရမယ်"

မတတ်သာတော့သည့် အခြေအနေတွင် မိဘများမှာ ရန်နိုင်ကို လိုက်လျောခဲ့ရလေသည်။ ထို့ကြောင့် သူ၏အနားတွင် ဖိုးခွေးသည် အမြဲတမ်း ရှိနေခဲ့သည်။

ထို့အပြင် ဤအိမ်ကြီးနှင့်ပတ်သက်သည့် သတင်းသည် မဝယ်မီကတည်းက ကြားပြီးတော့ သိနေခဲ့သည်။ တချို့





ခြောက်သည်၊ ကိုယ်ယောင်ပြသည်။ ကိုယ်ထိလက်ရောက်စော်ကားတတ်သည်။ ထိုသူများကို လိုက်ဖမ်းသော်လည်း လက်ဆုပ်လက်ကိုင်မမိ၊ ပျောက်သွားတတ်သည်။

ယခင် ဝယ်ခဲ့ဖူးသော အိမ်ရှင်များသည် ထိုပြဿနာများကို ကြုံဖူးခဲ့သည်များကြောင့် ရသည့်ဈေးနှင့် ရောင်းချကာ ပြေးခဲ့ကြရသည်။

ရန်နိုင်သည် သူများအပြောနှင့်တဖက်သတ်စကားကို မယုံသူဖြစ်သည်။ သူမှာ သွေးအားနည်းသောရောဂါ၊ အသက်ရှူမဝသောရောဂါက ရှိနေသည်။ ထို့ကြောင့် ပင်လယ်ကမ်းခြေဘက်မှာ တည်ဆောက်ထားသည့် ဤနေရာမျိုးသည် သူနှင့်အသင့်တော်ဆုံးဟု ယူဆခဲ့သည်။ ဆားငါတ်ပါသောလေကို ရှူရှိုက်ခြင်းဖြင့် သူ၏ကျန်းမာရေးကောင်းမွန်လာနိုင်သည်။ သမားတော်ကြီးများကလည်း ထိုအတိုင်း အကြံဉာဏ်ပေးလေသည်။

ရဲတိုက်ကြီးတမျှ ခိုင်ခန့်လှသော ဤအိမ်ကြီးတွင် သူရောက်၍ တစ်ပတ်အကြာအထိ ဘာမှထူးခြားမှုမရှိခဲ့။ ရှစ်ရက်မြောက်သောနေ့တွင်ကား. . .

အချိန်ကား ညသန်းကောင်ယံကျော်ကျော် ရန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည် အောက်ထပ်ရှိ သူ၏အခန်းထဲမှာ နှစ်ခြိုက်စွာဖြင့် အိပ်မောကျလျက်ရှိသည်။ ဖိုးခွေးကတော့ မီးဖိုခန်းဘက်ရှိ အခန်းတစ်ခန်းတွင် အိပ်သည်။

ထိုညမှာပင် ပင်လယ်ဘက်မှလေများက မရပ်မနားတိုက်ခတ်လာသည်။ လှိုင်းလုံးကြီးများကလည်း လူလှိမ့်ထ,ကြွနေကြသည်။ ကမ်းခြေဘက်ကို တစ်လုံးပြီးတစ်လုံး လိမ့်၍ လိမ့်၍ လာနေကြသည်။

"ဝုန်း . . ဝုန်း . ."

တံခါးများကို အလုံပိတ်ထားသော်လည်း လှိုင်းသံလေသံများကိုတော့ နားထဲမှာ သဲ့သဲ့ကြားနေရသည်။ ရန်နိုင်သည် ကောင်းကောင်းအိပ်မပျော်၊ အိပ်ယာထဲမှာ နားထောင်နေသည်။

"ခစ် . . ခစ် . . ခစ် . . ခစ်"

"ဟင်း . . ဟင်း . . ဟင်း . . ဟင်း"

သူ့နားထဲကို တိုးညင်းစွာဖြင့် ဝင်လာသည့်အသံ၊ ရန်နိုင် နားကိုစွင့်ထားမိလိုက်သည်။ စိတ်အထင်လား၊ တကယ်ကြားလိုက်ရတာလား . .

"ဟင်း . . ဟင်း . . ဟင်း . . ဟင်း၊ ငါ့နေရာကိုလာရဲ





တဲ့သူကတော့ တော်တော်သတ္တိကောင်းတဲ့သူပဲ"

လေသံမိုးသံတွေကြားထဲမှာ ပီသကြည်မြသည့်အသံကို ကောင်းစွာကြားလိုက်ရသည်။ ရန်နိုင် အိပ်ယာမှငေါက်တနဲ ထ,ထိုင်မိလိုက်လေ၏။

သူထိုင်မိလိုက်သောအချိန်မှာ အခန်းတံခါးကတဖြည်းဖြည်းနှင့် ပွင့်လာခဲ့လေ၏။

"ကျွီ . . ကျွီ"

တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော အဝတ်များကို ဝတ်ဆင်ထားသည့် မိန်းခလေးတစ်ယောက်သည် အခန်းထဲသို့ တဖြည်းဖြည်းနှင့်ဝင်လာခဲ့သည်။ အသားပျော့သောထမီနှင့် အင်္ကျီကို ဝတ်ဆင်ထားသည်ဖြစ်၍ တစ်နေရာမှ ထိုးဖောက်ဝင်ရောက်လာသော လေကြောင့် တဖျက်ဖျက်နှင့် လွင့်နေကြသည်။

ပြူတင်းမှန်ချပ်ကို ဖြတ်သန်းကာ ဝင်ရောက်လာသော အလင်းရောင်သည် သူမ၏ကိုယ်ပေါ်ကို ကျရောက်နေသည်ဖြစ်၍ ကျော့ရှင်းပြောင့်စင်းသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထင်ရှားစွာဖြင့် မြင်တွေ့နေရသည်။ သူမ၏ မျက်နှာလေးသည်ပင် နုနယ်ချောမွေ့နေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအကြည့်တွေက အနည်းငယ်တင်းမာခက်တန်နေသယောင်ရှိသည်။

ရန်နိုင်သည် ထူးခြားလှသည့်မြင်ကွင်းကြောင့် မှင်တက်မိကာ ထိုင်လျက်ကပင် ငေးရီပြီးတော့ ကြည့်နေမိသည်။ မိန်းခလေးသည် ရွရွခြေလှမ်းများဖြင့် လျှောက်လာပြီး အခန်းအလယ်လောက်မှာ ရပ်လိုက်သည်

"ရှင်. . သည်နေရာကနေထွက်သွားပါ၊ သည်အိမ်ကို ဘယ်သူမှလာနေပိုင်ခွင့် မရှိဘူး"

တင်းမာသယောင်ထင်ရသော်လည်း အသံလေးကကြည်လင်နေသည်။

"ငါက ဘယ်ကိုသွားရမှာလဲ၊ သည်အိမ်ဟာ ငါ့အိမ်ဖြစ်သွားပြီ၊ ငါထင်လိုက်ပြီ၊ မင်းက ဘယ်သူလဲ"

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း၊ သည်အိမ်နဲ့ သက်ဆိုင်တဲ့သူပဲပေါ့။ ဒါပဲနော်၊ ရှင်. . ကျွန်မပြောတာကို လက်မခံရင် နောက်တော့မှ အဆိုးမဆိုနဲ့"

သူမသည် သူ့ကို ခတ်ထန်သလို ခြိမ်းခြောက်သလိုမျက်နှာမျိုးဖြင့်ပြောပြီး အခန်းထဲမှ လှည့်ထွက်သွားခဲ့သည်။

"ဟင်. ."





ရန်နိုင်သည် ကုတင်ထက်မှဆင်းကာ အခန်းအပြင်ကို အပြေးတစ်ပိုင်းလိုက်ပြီး ထွက်သွားသည်။ မိန်းခလေးကို မတွေ့ရတော့၊ ချက်ချင်းလိုလိုပင် ပျောက်ကွယ်သွားသည်။ နေရာအနှံ့လိုက်ရှာသော်လည်း မည်သည့်နေရာမှာမှ မတွေ့ရတော့ပေ။

ဖိုးခွေး၏အခန်းဘက်မှ ငြိမ်ချက်သားကောင်းနေသည်။ သူ့ကိုနှိုးရန် စဉ်းစားမိသော်လည်း မနှိုးဖြစ်တော့။ မကျေမနပ်နှင့် အိပ်ယာထဲလှဲကာ ဆက်၍အိပ်သည်။ နိုးတစ်ဝက်အိပ်မက်နှင့် ပျော်လိုက်၊ မပျော်လိုက်၊ သည်လိုနှင့် မိုးလင်းကာနီးမှသာ အိပ်ပျော်သွားခဲ့သည်။

➤➤➤➤➤

"ဆရာ. . ညက အိပ်ပျော်ရဲ့လား"

"ပျော်ပါတယ်ကွ၊ ဘာဖြစ်လို့ မေးတာလဲ"

"ကျွန်တော်တော့ မပျော်ဘူးဆရာ၊ ညသန်းကောင်ကျော်ကျော်လောက်မှာ အခန်းအပြင်ဘက်မှာ လှုပ်ရှားမှုတစ်ခုခုရှိနေတယ်ထင်လို့ ထွက်ကြည့်မိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ့သလည်းကွ"

"မိန်းခလေးတစ်ယောက် . . ဆရာ၊ ခပ်လှမ်းလှမ်းက နေဖြတ်လျှောက်သွားတာ၊ ကျောကုန်းပဲမြင်လိုက်ရတယ်၊ လှမှ လှပဲ . . ဆရာ"

"ဟာကွာ . . မဖြစ်နိုင်တာ၊ မင်း အိပ်မက်မက်နေတာ ဖြစ်မှာပါ"

ဖိုးခွေးက ခေါင်းကို ယမ်းလိုက်ပြီး . .

"အိပ်မက်တော့ မဖြစ်နိုင်ဘူး . . ဆရာ၊ ကျွန်တော် သေသေချာချာကို မြင်လိုက်ရတာပါ"

"ကဲပါကွာ . . အိပ်ခါနီး အစာစားမိရင်လည်း အစာ မကြေတော့ သည်လိုပဲ ဖြစ်တတ်တာပဲ၊ ဒါတွေပြန်စဉ်းစား မနေနဲ့တော့"

"ကျွန်တော် မကြောက်တတ်ပါဘူး . . ဆရာ၊ ဒါပေ မယ့် အိပ်မက်မဟုတ်တာကတော့ သေချာတယ်"

ဖိုးခွေးက အိပ်မက်မဟုတ်ကြောင်း ထပ်မံ၍ငြင်းဆို နေလေသည်။

➤➤➤➤➤





ရန်နိုင်သည် ဖိုးခွေးကို ငြင်းလိုက်ရပေမယ့် သူလည်း ပဲ အိပ်မက်လို့ထင်နေရာက အိပ်မက်မဟုတ်ကြောင်း ညက အဖြစ်အပျက်တွာ ထင်ရှားသွားခဲ့သည်။

"သည်အိမ်ကြီးက တစ္ဆေခြောက်တယ်ဆိုပြီး လူပြော သူပြောများနေတယ်၊ သူတို့တတွေ ပြောခဲ့ကြတဲ့အတိုင်း ဖြစ်နေပြီလား။ ညက မိန်းခလေးဟာ လူလား၊ တစ္ဆေလား၊ ဥစ္စာစောင့်လား၊ အဲဒါတွေကတော့ တစ်ကယ်ရှိနိုင်လို့လား။

ဖိုးခွေး ဖျော်တိုက်သည့်ကော်ဖီခါးခါးနှင့် မုန့်ကိုစား ပြီးသောအခါ ရဲတိုက်ဆန်သည့် အိမ်ကြီးထဲမှ လမ်းလျှောက် ထွက်လာခဲ့သည်။ ပင်လယ်ကမ္ဘီးပင်များကို ဖြတ်တိုက်လာ သောလေသည် မွှေများတွန်နေကြသလို တရှီးရှီးနှင့်မြည်နေ ကြသည်။

ပင်လယ်မှလာသောလေကို သူ တဝကြီးရှူမိလိုက် သည်။ အဆုပ်ထဲသို့ တဝကြီးဝင်သွားသောလေသည် အား အင်များကို ပြည့်သွားစေခဲ့သည်။ သူ ကမ်းစပ်အတိုင်းဆက် ၍ လျှောက်လာခဲ့သည်။ တစ်နေရာကိုအရောက် နောက် ပြန်လှည့်ကြည့်သောအခါ ကုန်းမြင့်ထက်မှာ သူ၏ရဲတိုက်ဆန် သော အိမ်ကြီးကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းစပ်တစ်နေရာတွင် လူတစ်ယောက်ကို လှေတစ်စီး၏အနီးမှာတွေ့လိုက်ရသည်။ ခမောက်စောင်းကာ သူ့ကိုကျောပေးပြီး လှေထဲတစ်ခုခုနှိုက်နေသည်။

ခြေသံကြားသွားဟန်တူသည်။ နောက်ကိုဆက်ကနဲ လှည့်ကြည့်လိုက်သည်။ အသက်ငါးဆယ်အရွယ် လူကြီးတစ်ယောက်၊ မျက်လုံးတစ်ဖက်က တိမ်လုံးလုံး ဖုံးနေသည်။

"မောင်ရင်က ဘယ်ကလဲ၊ ညှော်သည်လား၊ သည်ဘက်မှာ တစ်ခါမှမမြင်ဖူးပါဘူး"

သူ့လေသံက အနည်းငယ်ဩသည်။ အသံဩဇာရှိသည်။

"ကျွန်တော် ဟောဟို အိမ်ကြီးကို ပြောင်းလာတဲ့သူပါ"

"ဩ . . သည်အိမ်ကြီးကို ဝယ်လိုက်တဲ့သူဆိုတာ မောင်ရင်ကိုး"

လူကြီးသည် တစ်လုံးတည်းသာကောင်းသော မျက်လုံးနှင့်သူ့ကို စိတ်ဝင်စားစွာ ကြည့်လိုက်သည်။

"ဦးက သည်နားမှာပဲနေတာလား"

"ဟောဟိုက ခွကလေးမှာ ကျုပ်နေတာပေါ့၊ ကျုပ် အလုပ်က တံငါ၊ ငါးဖမ်းတယ်"

ထိုလူကြီး၏လက်များကိုကြည့်လိုက်သည်။ ကြမ်းတမ်းမနေပဲ၊ လက်မောင်းလေးတွေက သွယ်လှနေ၏။ တံငါသည်တစ်ဦး၏လက်မျိုးမဟုတ်၊ ပြီးတော့ အသားကလည်း ဖြူသည်။ နဖူးကျယ်သည်။ ဥပတိရုပ်လည်း ရှိသည်။

"ဦးရဲ့နာမည်လေး သိပါရစေ ခင်ဗျာ"

"မင်းရဲမောင် တဲ့၊ မှတ်ထားပေါ့"

"ကျွန်တော်က ရန်နိုင်ပါ၊ ကျွန်တော်က ကျန်းမာရေး ကြောင့် သည်မှာ လာနေရတာပါ"

"ဩ . . ဟုတ်လား၊ သည်အိမ်ကြီးရဲ့အကြောင်းကို မင်းကိုဘယ်သူကမှ မပြောကြဘူးလား"

"ဘာကိုလည်း . . ခင်ဗျ"

"သည်အိမ်မှာ မိန်းခလေးတစ်ယောက် သေဆုံးခဲ့ဖူးတယ်၊ ရိုးရိုးသေခဲ့တာမဟုတ်ဘူး၊ ကြိုးဆွဲချပြီးသေသွားခဲ့တာ၊ လာသမျှလူကို ခြောက်လှန့်ပြီး လွှတ်တတ်တယ်တဲ့၊ ဘယ်သူမှ မနေရဲကြလို့ ပြောင်းပြေးကြတာချည်းပဲ၊ မင်းကော အခြောက်ခံရသေးသလား"

"ဟင့်အင်း . . ကျွန်တော်တော့ တစ်ခါမှ အခြောက်







www.burmeseclassic.com

www.burmeseclassic.com



မခံဖူးပါဘူး"

ဦးမင်းရဲမောင်သည် ရန်နိုင်၏စကားကြောင့် မျက်မှောင်ကုပ်ပြီးတော့ ကြည့်လိုက်သည်။

"အခြောက်မခံရသေးဘူး . . ဟုတ်စ၊ အေးလေ အဲသည့် တစ္ဆေက မင်းကို အခုအချိန်ထိ မျက်နှာသာပေးနေ သေးသားပဲ၊ အင်း . . ဒါပေမယ် အခုအခြောက်မခံရသေးရင် လည်း နောက်တော့ အခြောက်ခံရမှာပဲ"

ထိုသို့ပြောပြီး လှေကိုလှော်ကာ ထွက်သွားခဲ့လေ၏။

"ဘယ်လိုလူကြီးပါလိမ့်"

ရန်နိုင်သည် တရွေ့ရွေ့နှင့်ဝေးကွာသွားသော လှေကို ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

➤➤➤➤➤

ညကတွေ့ခဲ့သော မိန်းခလေးသည် လူလား၊ တစ္ဆေ လားဆိုတာ သူ စဉ်းစား၍မရနိုင်။ တစ္ဆေဆိုရင်၊ အခြောက် ခံရသူသည် ကြက်သီးမွေးညင်းများ ထသွားတတ်သည်။ တု လှုပ်ချောက်ချားသွားတတ်သည်ဆို၏။ အဲ့သည်ညက 





မိန်းကလေးကိုမြင်လိုက်သည်နှင့် သူ့ကိုယ်ပေါ်က ဘယ်လို မှ မထူးခြားခဲ့။

နောက်ပြီး မိန်းခလေးသည် အိမ်ထဲကိုဘယ်လို ဝင် လာနိုင်ခဲ့သလဲ၊ အိမ်တံခါးများသည် ကြေးတံခါးကြီးများ ဖြစ် ကြသည်။ အတွင်းမှ မင်းတုတ်ချသွားပြီဆိုလျှင် လူမပြောနှင့် ကြွက်တစ်ကောင်သော်မှ အပြင်ကနေ မဝင်နိုင်။

အိမ်မက်လားဟူ၍လည်း စဉ်းစားမိသေးသည်။ အိပ် မက် မဟုတ်သည်ကိုလည်း သူသိသည်။

နောက်ထပ်နှစ်ညခန့်လွန်မြောက်သွားသည်၊ ဘာမှ မထူးခြားခဲ့၊ သူ ကမ်းခြေဘက်ကို လမ်းလျှောက်သည်။ ပင်လယ်လေကို တဝကြီးရှူသည်။ သုံးလေးရက်အတွင်း မှာပင် သူ၏ကျန်းမာရေးသည် သိသာစွာ ကောင်းမွန်လာ သည်ဟုထင်၏။

ရန်နိုင်သည် အိမ်ကြီး၏အပေါ်ထပ်ကို တစ်ခါမှ တက်မကြည့်ဖူးသေးပေ။ တစ်ညက သူ အခန်းထဲမှာ အိပ် ပျော်နေစဉ် အပေါ်ထပ်မှခြေသံ များကြားနေရသည်။ ပထမ တော့ ကြွက်တိုးသံတွေဟု ထင်မိသေး၏။

ထိုနောက် ရယ်သံလိုလို၊စကားပြောသံလိုလိုကြား



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ ပထမတော့ ကျူတောကြီးကို ဝင်လယ်လေက ဖြတ်တိုက်လာ၍ ထွက်ပေါ်လာသည့် အသံတွေများလားဟု ထင်မိသေးသည်။ မနက်ဖြန်မိုးလင်းသောအခါ. .

"ဆရာ၊ ညက အပေါ်ထပ်မှာ. . ရယ်သံလိုလို စကားပြောသံတွေလိုလိုကြားနေရတယ်၊ ဆရာကော ကြား မိသေးသလား. ."

"အေး. . ကြားတော့ကြားမိတယ်၊ ဒါပေမယ့် ကြွက်ပြေးသံ၊ ကြောင်ကိုက်သံတွေနေမှာပါကွာ"

"ကြောင်က. . ရယ်မလားဆရာရဲ့၊ လူရယ်သလိုကို ရယ်တာ၊ ကြောင်ကလည်း သည်အိမ်ကိုရောက်ကတည်းက ကျွန်တော် တစ်ယောက်မှ မတွေ့ဖူးသေးပါဘူး"

"ဩော်. . မင်းကလည်းကွာ အနီးအနားပတ်ဝန်းကျင်က ရောက်လာတဲ့ ကြောင်လည်း ဖြစ်နိုင်တာပဲကွာ"

ဖိုးခွေးသည် ဤနေရာနှင့်နှစ်မိုင်သာသာမျှဝေးကွာသော ရွာတစ်ရွာဆီကို ကြက်၊ ဘဲ၊ စသော ဟင်းအတွက် ပစ္စည်းများသွားဝယ်နေစဉ် ရန်နိုင်သည် အိမ်အပေါ်ထပ်ကို တစ်ဦးတည်းတက်လာခဲ့လေ၏။

အပေါ်ဘက်မှာလည်း အခန်းဆက်နှစ်ခန်းခန့်ရှိ





သည်။ ဤအိမ်ပေါ်မှာ သေဆုံးခဲ့သည်ဆိုသော မိန်းခလေးသည် မည်သည့်အခန်းမှာ သေဆုံးခဲ့သနည်း။

သို့မဟုတ် အောက်ထပ်မှာလား၊ အပေါ်ထပ်မှာလား၊ ရန်နိုင်သည် လသာဆောင်ဘက်ကို ထွက်ရန် ခြေလှမ်းလိုက်စဉ် ကြမ်းပြင်၌ မမျှော်လင့်သော အရာများကို တွေ့သွားခဲ့ရသည်။

"ဟင်. . ခြေရာလေးတွေ"

ဖဝါးကျရာ ညက်ညက်နှင့် သေးသွယ်သောခြေရာလေးတွေ. .

သူ့အံ့အားသင့်သွားခဲ့ရသည်။ မိန်းခလေးတစ်ယောက်၏ခြေရာများ ဖြစ်နေသည်။

"ဟင်း. . ဟင်း. . ဟင်း. . ဟင်. ."

ညည်းသံတစ်ချက်ကြာလိုက်ရသည်။ သူ ကြက်သီးမွေးညှင်းများ ထ,သွားခဲ့ရသည်။ တစ်ပြိုင်နက်တည်းမှာပင် ကြိုးကွင်းတစ်ခုသည် သူ့လည်ပင်းပေါ်ကို ကျရောက်လာသည်။ လည်ပင်းကို စွပ်ပြီးသား ဖြစ်နေသည်။

"ဟင့်. ."

ရန်နိုင်သည် လည်ပင်းမှာလာစွပ်နေသည့် ကြိုးကွင်း



www.burmeseclassic.com

www.burmeseclassic.com



ကို လျှင်မြန်စွာဖြုတ်ပစ်လိုက်လေ၏။ ကြိုးဆွဲချသတ်သေသောသူ အသုံးပြုသည့် ကြိုးကွင်းသဏ္ဍာန်. .

"တောက်. . ဘယ်ကရောက်လာပါလိမ့်"

သူ့မှာ ကြောက်စိတ်အချင်းမရှိချေ။ မခံချင်စိတ်သာရှိသည်။

"နေ့ခင်းကြောင်တောင်ကြီးကွာ၊ သည်လိုလုပ်ရသလား၊ ငါ့ကို ခြောက်လို့ကြောက်လိမ့်မယ်ထင်သလား"

"ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . ငါ့အကြောင်းသိစေရဦးမှာပေ့ါ. . စောဥမ္မာ တဲ့၊ ငါသေသလို နင်လည်းအဲ့သည်လို ပဲသေရမယ်"

အသံသည် မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိ။ အခန်းတံခါးတွေကို တစ်ခုပြီးတစ်ခု လျှောက်ထွက်ကြည့်သော်လည်း မတွေ့ရချေ။

➤➤➤➤➤

တံငါလူကြီး မင်းရဲမောင်သည် ပလိုင်းကို ပခုံးထက်မှာလွယ်ကာ သူ့ဆီကို လျှောက်လာသည်။





"ဦး. . ငါးတော်တော်ရခဲ့တယ်မှတ်တယ်"

လူကြီးသည် တစ်လုံးတည်းတာ ကောင်းသော မျက်လုံးဖြင့် ရန်နိုင်ကို စူးရဲရဲကြီး စိုက်ကြည့်နေလိုက်သည်။

"မင်း. . ကြည့်ရတာ၊ ဟိုတစ်နေ့ တွေ့ကာစနဲ့တောင် မတူဘူး၊ ကျန်းမာရေး ပိုကောင်းလာပုံရတယ်"

"ဟုတ်တယ်၊ ရန်ကုန်မှာထက် သည်မှာက ပိုပြီးနေထိုင်ရတာ အဆင်ပြေပါတယ်၊ ပင်လယ်လေကို ရှူရလို့လားသိဘူး ခုမှ စားလို့ကောင်း၊ အိပ်လို့ကောင်း"

"မင်းကို ဘယ်သူတွေကမှ အနှောင့်အယှက်မပေးကြဘူးလား"

"ဘာကိုဆိုလိုတာလည်း. . ခင်ဗျာ၊ ဟင့်အင်း အေးအေးဆေးဆေးပါပဲ၊ ဘယ်သူမှ အနှောင့်အယှက်မပေးကြပါဘူး"

"အေးလေ. . မင်းရဲ့ကံတရားက တော်တော်ကောင်းတာပဲ၊ တချို့ဆိုရင် သည်အိမ်ကြီးမှာ တစ်လတောင်မနေနိုင်ဘူး၊ ပြေးကြတာပဲကွ"

ထိုလူကြီးသည် သူပြောချင်ရာကိုပြောပြီး နှုတ်မဆက်ဘဲ ထွက်သွားခဲ့လေ၏။ ရန်နိုင်သည် ပင်လယ်လေကို အားပါး



www.burmeseclassic.com

www.burmeseclassic.com



တရ ရှုရှိုက်မိလိုက်လေသည်။

➤➤➤➤➤

မသိစိတ်ကပဲ နိုးဆော်လေသလားမသိ၊ စ,ပြီးအိပ်ယာဝင်ကတည်းက စိတ်ထဲမှာ အလိုလိုပင် ထင်နေမိသည်။

ကြောက်စိတ်ရယ်လို့မဖြစ်ပေါ်မိပဲ အရာရာကိုစိတ်ဝင်စားနေမိသည်ကသာ အဓိက ဖြစ်နေသည်။ တစ္ဆေမလေးလား၊ ဥစ္စာစောင့်မလေးလား၊ ရောက်လာလျှင်တော့ မိအောင်ဖမ်းပြလိုက်ဦးမည်။

စဉ်းစားနေရင်းက မေးကန်ဆို အိပ်ပျော်သွားမိသည်။ မည်မျှကြာသွားသလည်းမသိ၊ နားထဲမှာ အဝတ်လှုတ်ခတ်သံလိုလိုမျိုး ကြားလိုက်ရသည်။ သူ့မျက်လုံးတွေကို မေးမေးဖွင့်ကြည့်မိလိုက်သည်။ တစ်ကိုယ်လုံး အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် မိန်းခလေးတစ်ယောက်၊ သူ့အခန်းထဲကို မည်သို့မည်ပုံ ရောက်နေမှန်းမသိ။

ပါးလွှာသောအဝတ်အစားများကြောင့် သူမ၏ကိုယ်ခန္ဓာအချိုးအဆက် ကျနပါသည်။ စွဲမက်စရာပဲ ဖြစ်သည်။



သူမသည် စောဥမ္မာသည် တစ္ဆေဘဝဖြင့် သူ့ဆီကိုခြောက်လှန့်ရန် သူ့ဆီကို တရွေ့ရွေ့ဖြင့် လှမ်းလာနေလေသည်။

ကုတင်အနားသို့ရောက်သောအခါ ရန်နိုင်၏မျက်နှာကို ငုံ့ကြည့်နေသည်။ ရန်နိုင်၏မျက်လုံးတွေသည် မျက်ကန်းဆိုပွင့်လာခဲ့သည်။

"ဟင်. ."

စောဥမ္မာသည် မျက်ဝန်းအစုံဝိုင်းစက်သွားခဲ့ရသည်။ တစ္ဆေမလေး လန့်သွားသည်

ထို့နောက် လှည့်ပြေးမည်အပြုမှာ ရန်နိုင်က လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဟင်. . ရှင်. . ရှင်. . လွှတ်ပါ. . လွှတ်ပါ"

သူမသည် အကြောက်အကန်ပင်ရုန်းသည်။ နွေးထွေးသောလက်ကို ကိုင်မိထား၍ တစ္ဆေမဟုတ်ဘူးဆိုတာ သိသွားခဲ့ရသည်။ တစ္ဆေဆိုလျှင် သူမ၏အသားသည် အေးစက်နေရမည်။ သို့မဟုတ် ပျောက်ကွယ်သွားမည်သာ။

"မင်း. . ငါ့ကို ဘာဖြစ်လို့ တစ္ဆေယောင်ဆောင်ပြီး လာနှောင့်ယှက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မ . . မဟုတ်ဘူး၊ ဉမ္မာ နှောင့်ယှက်တာမဟုတ်ဘူး၊ လွှတ်ပါ၊ လွှတ်ပါလို့ဆိုနေ"

သူမသည် လူးလွန့်ပနေသည်။ သူကလည်း လုံးဝ မလွှတ်ပဲ တစ်ကိုယ်လုံးကို ဖက်တွယ်ထားသည်။ ထို့ကြောင့် သူ့ရင်ခွင်ထဲကို လုံးဝရောက်သွားခဲ့ရလေသည်။

"ဟင် . . လာဖြစ်လို့ငိုနေတာလဲ၊ ငါ မင်းကို ဘာမှမ လုပ်ပါဘူး၊ ဖမ်းလည်းမထားပါဘူး၊ ငါ သိချင်တာတစ်ခုပဲရှိ တယ်၊ မင်း . . မှန်မှန်ကန်ကန်ဖြေရင်တော့ ငါ ပြန်လွှတ်ပေး မယ်"

သူမသည် ရန်နိုင်ကို ဝိုင်းစက်သောမျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်သည်။ ပါးမို့မို့ထက်မှာ မျက်ရည်စီးကြောင်း တွေ့၊ ရန်နိုင်သည် မရည်ရွယ်ပဲနှင့် မျက်ရည်စီးကြောင်းများ ကို ပုဝါစဖြင့် သုတ်ပေးမိလိုက်သည်။ သူမ၏မျက်ဝန်းတွေက မှိုပြီးအံ့အားသင့်သွားသည့်အသွင် . .

"ကဲပါ . . ညီမရယ်၊ ကိုယ်ကိုလည်း မကြောက်နဲ့၊ ဖြေ သင့်တယ်ထင်တဲ့စကားကိုပဲ ကိုယ်ကမေးမှာပါ"

သူမသည် ရန်နိုင်ကို ယုံကြည်အားကိုးတဲ့အကြည့် ဖြင့် ကြည့်လာခဲ့သည်။





"မေးပါ . . အစ်ကိုရယ်၊ ဉမ္မာ ဖြေပါ့မယ်"

သူမ၏လက်ချောင်းနှစ်ဖက်ကို ဆုပ်ကိုင်ကာ နှစ်သိမ့် စေလိုက်ပြီးမှ . .

"သည်အိမ်မှာ မိန်းခလေးတစ်ယောက် ကိုယ့်ကိုယ်ကို သက်သေသွားတယ်ဆိုတာ တစ်ကယ်လား"

"အမှန်အတိုင်းဖြေရရင် မဟုတ်ပါဘူး အစ်ကိုရယ်၊ တမင်တကာ လုပ်ကြံပြီးပြောတာပါ"

"ကိုယ်လည်း ထင်မိတာပဲ၊ မင်းက ဘာဖြစ်လို့ ဟောဉမ္မာဆိုတဲ့ တစ္ဆေယောင်ဆောင်ရတာလဲ"

"သည်အိမ်မှာ ဘယ်သူမှ မနေနိုင်အောင်လို့ ဘယ်သူ က ခိုင်းတာလဲ"

"သည်အိမ်မှာ ဘယ်သူမှမနေနိုင်အောင်လို့ တမင် ခြောက်လှန့်တာပါ"

"မင်းသဘောနဲ့ တော့မဟုတ်ဘူးထင်တယ်၊ ဘယ်သူ ကခိုင်းတာလဲ"

စောဉမ္မာမပြောပဲ ခေါင်းလေးငုံ့နေသည်။ ရန်နိုင် သည် သူမ၏မေးဖျားလေးကို လက်ညှိုးလေးဖြင့် ပင့်တင် လိုက်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါကွယ်. . ညီမက တစ်ယောက်ယောက်ကို ခြောက်နေတယ်နဲ့တူတယ်"

"ဟုတ်. . ဟုတ်တယ်အစ်ကို၊ ဥမ္မာပြောလိုက်ရင် အရိုက်ခံရလိမ့်မယ်"

"ညီမကို လက်ဖျားနဲ့တောင် မတို့စေရဘူး၊ အစ်ကို အကာအကွယ်ပေးမှာပေါ့"

"အစ်ကို့ကို ယုံကြည်ပါတယ်၊ အားလည်းကိုးပါတယ်၊ ဥမ္မာရဲ့ဦးကြီးက ခိုင်းတာပါ၊ သူက အဖေ့ညီပါ၊ ဥမ္မာမှာ မိဘတွေမရှိကြတော့ပါဘူး. . အစ်ကို၊ ဦးကြီးတို့ပဲ အားကိုးအားထားပြုပြီးနေရပါတယ်၊ ညီမက သူခိုင်းတဲ့အတိုင်း ခြောက်လှန့်ခဲ့တာများပါပြီ၊ သည်အိမ်မှာ ဘယ်သူမှလည်း ကြာကြာမနေရဲကြပါဘူး၊ အားလုံးထွက်ပြေးကုန်ကြတာပါပဲ"

"သူက ဘယ်လို ရည်ရွယ်ချက်နဲ့ လူတွေကို သည်အိမ်ကြီးမှာ မနေစေချင်ရတာလဲ"

"အဲဒါတော့ ဥမ္မာမသိဘူးအစ်ကို၊သူခိုင်းတာကိုမလုပ်ရင် ကြာပွတ်နဲ့ရိုက်လို့ ကြောက်ပြီးလုပ်နေရတာပါ၊ဥမ္မာလည်း သူများကို ဒုက္ခမပေးချင်ပါဘူး. ."

"ညီမ. . တံခါးအလုံပိတ်ထားတဲ့ သည်အိမ်ကြီးထဲ





ကို ဘယ်လိုဝင်လာတာလဲ"

"သည်အိမ်ကြီးဟာ ရှေးက မင်းမျိုးမင်းနွယ်တွေနေခဲ့တဲ့ အိမ်ကြီးတဲ့၊ သူတို့မှာ အရေးအကြောင်းရှိရင် ထွက်ပြေးလို့ရအောင် လျှို့ဝှက်လမ်းတွေလုပ်ထားတယ်တဲ့၊ အဲသည့်လမ်းတွေကို ဦးကြီးကသိထားတယ်၊ ဥမ္မာကိုလည်း ပြထားတယ်"

"သြော်. . ဒါကြောင့်ကိုး၊ ကဲ. . ကိုယ့်ကိုပြပါဦးကွယ်"

စောဥမ္မာသည် အိပ်ခန်းထဲရှိ ရှေးဟောင်းဘီရိုကြီးဆီကို လျှောက်သွားသည်။ ဘီရိုတံခါးကိုဖွင့်လိုက်ပြီး ဘီရိုကျောနံရံကို လက်ဖြင့်တွန်းလိုက်ရာ လည်ထွက်သွားပြီး အပေါက်ကြီးတစ်ပေါက်ပေါ်လာခဲ့လေသည်။ အောက်ကိုဆင်းသော အုတ်လှေကားထစ်များကို တွေ့လိုက်ရသည်။

သူမသည် အားကောင်းသော လက်နှိပ်ဓါတ်မီးသေးသေးလေးဖြင့် အောက်ကိုထိုးပြလိုက်ရာ လှေကားထစ်များက ကွေ့ကောက်ပြီးဆင်းသွားသည်။ စောဥမ္မာသည် ဤနေရာက တက်လာခဲ့သည်။

"ညီမအတွက် အန္တရာယ်များပါတယ်ကွယ်၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှောင်မှောင်မည်းမည်းကြီးထဲကနေ အမြဲလာနေရသလား"

"ဘယ်တက်နိုင်မလည်း. . အစ်ကို၊ သူ့ကိုကြောက်တော့ ခိုင်းတာကို လုပ်ရတာပေါ့"

"အစ်ကို. . ညီမကို စိုးရိမ်တယ်ကွယ်၊ မိန်းခလေးတစ်ယောက်ကို မညှာမတာခိုင်းတာ သူ့မှာ ဘာရည်ရွယ်ချက်များ ရှိနေလို့လဲ"

"အဲဒါတော့ ညီမလည်း မသိဘူး၊ သူလည်း အိမ်ကြီးထဲ ဘယ်သူမှမရှိတဲ့အခါ ဝင်ဝင်ရှာတတ်တာပဲ၊ ဘာတွေရှာမှန်းတော့မသိခဲ့ဘူး"

"အဖိုးတန်ပစ္စည်းတစ်ခုခုကို ရှာတာပဲဖြစ်မှာပေါ့၊ တခြားဘာရှာစရာ ရှိဦးမှာလဲ"

"ဦးကြီးဟာ. . ထောင်ထွက်ကြီးအစ်ကို၊ တစ်ချိန်ကဓါးပြမှု၊ လူသတ်မှုတွေနဲ့ ထောင်ကျခဲ့ဖူးတယ်တဲ့၊ သူဟာခုလည်း တံငါအလုပ်ကို လုပ်သလိုလိုနဲ့ စိတ်ကတော့ သည်အိမ်ကြီးထဲမှာပဲ ရှိနေတယ်၊ အစ်ကို သတိထားပါနော်၊ သူသည်ကို ရောက်လာပြီး ရှာလား၊ ဖွေလားလုပ်ရင်း အစ်ကို့ကို အန္တရာယ်ပြုမှာလည်း စိုးရတယ်"





"အန္တရာယ်ပြုစရာမလိုပါဘူး၊ သူလိုချင်တဲ့ပစ္စည်းရှိရင်လည်း လွတ်လွတ်လပ်လပ် ရှာခွင့်ပြုလိုက်မှာပေါ့"

"အစ်ကိုရယ်. . ဥမ္မာ. . အစ်ကို့ကို ဘာဖြစ်လို့စိုးရိမ်နေမှန်းမသိဘူး"

"အစ်ကိုလည်း ညီမကို စိုးရိမ်နေမိတာပဲ၊ မိန်းခလေးတစ်ယောက်ဖြစ်ပြီး သည်အိမ်ကြီးထဲကို အရဲစွန့်ပြီး လာရတာမကောင်းဘူး"

စောဥမ္မာသည် သူ့ကိုတွေတွေလေး ကြည့်နေမိသည်။

"တကယ်ပါကွယ်၊ ညီမကို မြင်မြင်ချင်း ခင်မိတယ်၊ ဟို. . တကယ့်တစ္ဆေမလေးဖြစ်နေရင်တောင် ခင်မင်နေမိမှာပဲ"

"ဖြစ်ရလေ အစ်ကိုရယ်၊ ဥမ္မာ. . အစ်ကို့ကို ခြောက်လှန့်ခဲ့တာ တကယ်မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ တစ္ဆေမလေးက သိပ်လှပြီး သိပ်ချစ်စရာ ကောင်းနေလို့"

"ဟွန်း. . ဥမ္မာကို မကြောက်တာ ‹ အစ်ကိုတစ်ယောက်တည်း ရှိတယ်၊ ဥမ္မာသွားတော့မယ်နော် အစ်ကို၊



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးက အပြင်ကနေ စောင့်နေမှာ"

"အစ်ကို လိုက်ပို့ပေးမှာပေါ့"

"မပို့ပါနဲ့ အစ်ကိုရယ်၊ ဦးကြီးတွေသွားရင်. . "

"မတွေ့အောင် နေမှာပေါ့"

စောဉမ္မာ သက်ပြင်းချလိုက်ပြီး. .

"ကဲ. . ကဲ. . အစ်ကို့သဘောပဲ၊ ဒါပေမယ့် အစ်ကို ဘာကိုပဲ မြင်မြင် ဘာမှမပြောရဘူးနော်"

ရန်နိုင်သည် သူမ၏စကားကြောင့် တစ်ချက်တွေဝေသွားခဲ့သည်။ ပြီးတော့မှ. .

"အေးပါကွယ်. . ဘာပဲမြင်မြင်၊ အစ်ကို ဝင်မစပ်စုပဲ သည်အတိုင်းပဲ ကြည့်နေပါ့မယ်"

လှို့ဝှက်တံခါးဖြစ်သော ဘီရိုကြီးထဲမှ ထွက်ကြသည်။ စောဉမ္မာသည် မကြာခဏအဝင်အထွက် ပြုလုပ်နေရ၍ လမ်းကို ကောင်းစွာ ကျွမ်းနေလေပြီ။

လှေကားအတိုင်းဆင်းသွား၍ အောက်ကိုရောက်သော မြေသားဉမင်လိုဏ်ခေါင်းရှည်ကြီးတစ်ခုကို ဖြတ်သန်းသွားရသည်။ စိုစွတ်အေးစိမ့်၍ အနံ့အသက်က အောင့်သိုးသိုးနှင့်ဖြစ်သည်။





စောဉမ္မာသည် မိန်းခလေးဖြစ်သော်လည်း မကြောက်မရွံ့နှင့် လာနေရရှာသည်။ သူမသည် သူ့၏ဦးလေးကို ဘာယ်လောက်အထိ ကြောက်နေရသနည်း။

ထွက်ပေါက်နေရာတွင် ကျောက်တံခါးတစ်ချပ်ကို ခပ်ဟဟလေးဖွင့်ထားသည်။ အလင်းရောင်တစ်ခုသည် ပြင်ပမှ ဝင်နေလျက် ကြယ်ရောင်၊ လရောင်ပဲ ဖြစ်ပေလိမ့်မည်။

"အစ်ကို လက်နှိပ်ဓါတ်မီး မထိုးပါနဲ့"

စောဉမ္မာက သတိပေးလိုက်သည်။ ထို့ကြောင့် ရန်နိုင်သည် လက်နှိပ်ဓါတ်မီးနှင့် ဟိုထိုး သည်ထိုးမလုပ်တော့၊ စောဉမ္မာသည် လူတစ်ကိုယ်သာသာ ထွက်နိုင်သော ကျောက်တံခါးကြားနားသို့ အရောက်တွင် ရန်နိုင်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

"အစ်ကို. . ဉမ္မာ အစ်ကို့ဆီကို နောက်တစ်ခါလာလို့ ရဦးမလား. . ဟင်"

ရန်နိုင်သည် စောဉမ္မာ၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူမက မရည်ရွယ်ပဲ ရှေ့ကို အနည်းငယ်တိုးလာ၏။ ကိုယ်ချင်း၊ မျက်နှာချင်းက နီးနီးကပ်ကပ်. .

"လာနိုင်ပါတယ်ကွယ်. . အစ်ကိုလည်း ညီမ်တို့ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



မျှော်နေမိမှာပါ"

စောဥမ္မာသည် ရန်နိုင်ကို သိမ့်မွေ့သောအကြည့်ဖြင့် ကြည့်ပြီး လှည့်ထွက်သွားခဲ့သည်။ စောဥမ္မာပြေးသွားသည်ကို ရန်နိုင်က နောက်မှမျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ သူမကို လူတစ်ဦးက ဆီးကြိုကာ စောင့်နေသည်။

ထိုသူသည် ဦးမင်းရဲမောင်၊ ရန်နိုင်သည် အံ့အားမသင့်မိတော့ပါ။

➤➤➤➤➤

"ဖိုးခွေး. . မင်းကတော့ ကုလားသေကုလားမော အိပ်နေ၊ သည်အိမ်ကြီးထဲကို သူခိုးဝင်လို့ဝင်မှန်းလည်း မင်းသိမှာမဟုတ်ဘူး"

"ဟာ. . ဆရာကလည်း၊ ကျွန်တော် ညညကျရင် အိပ်မပျော်ပါဘူး၊ ခြေသံတွေ၊ စကားပြောသံတွေ ကြားကြားနေရလို့ နိုးနေပေမယ့် အိမ်အပြင်ကိုတောင် မထွက်ရဲဘူး သည်အိမ်ကြီးထဲမှာ တစ္ဆေရှိတယ်ဆိုတာ ဟုတ်မယ် ဆရာ"

"အေး. . ငါလည်း မင်းလိုပဲ၊ အဲသည့်အသံတွေကို





ကြားနေရသလားလို့၊ ဒါပေမယ့် တစ္ဆေက ငါတို့ကို အနှောင့်အယှက်မပေးပါဘူးကွာ"

"ဆရာလည်း သတိထားနော်၊ တံခါးကို လုံခြုံအောင် ပိတ်ပြီးမှ အိပ်၊ သည်အိမ်မှာ ခြောက်တာ မိန်းခလေးတစ္ဆေဆို၊ တော်ကြာ ဆရာ အခန်းထဲရောက်လာပြီး၊ ဆရာကို ဘလက်ကာယ ပြုသွားဦးမယ်"

"ဟာကွာ. . သည်ကောင် ပေါက်တရတွေ လျှောက်ပြောနေတယ်"

သို့သော် ဖိုးခွေး၏စကားကြောင့် မသိမသာပြုံးမိလိုက်ရသေးသည်။ တစ္ဆေမလေး စောဥမ္မာသည် သူ့ဆီကို တစ်ကယ်ရောက်လာခဲ့သည်မဟုတ်လား၊ သူနှင့်ကျွမ်းရင်းခဲ့ပြီမဟုတ်ပါလား။

➤➤➤➤➤

ရန်နိုင်သည် သည်ကနေ့ညလည်း တစ္ဆေမလေး ရောက်လာသေဦးမလားဟု မျှော်နေမိသည်။ သူ၏တံခါးကို အထဲမှ လုံခြုံအောင် ပိတ်ထားကာ ဒရင်းဘက်မှာထိုင်ရင်း စောင့်နေမိသည်။ ည ၈နာရီထိုး၍ မှေးကနဲဖြစ်သွားစဥ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာမှ မွှေးကြိုင်သောအနံ့တစ်ခုကို သူရလိုက်သည်။

သူသတိရသွားပြီး မျက်လုံးတွေကို ဖွင့်ကြည့်မိလိုက်သောအခါ . .

"ဟင် . . ညီမ"

စောဥမ္မာသည် အခန်းထဲကို ရောက်နေလေပြီ။ ဖြူသွယ်သောအဝတ်အစားနှင့်ပင် သူ၏ရှေ့မှာရပ်လျက်ရှိသည်။ သူ့ကိုပြုံးပြုံးကြီးကြည့်နေသည်။

"အစ်ကို . . အိပ်ပျော်နေသလား . . ဟင်"

"ဟုတ်တယ် . . ညီမကို စောင့်နေရင်းက အိပ်ပျော်သွားမိတာ"

"ဥမ္မာ့ကို စောင့်နေတာ . . ဟုတ်လား"

"ဟုတ်တယ် . . လာမယ်ထင်လို့ မျှော်နေတာ"

"ညီမ့လည်း . . အစ်ကို့ဆီကို မလာပဲမနေနိုင်ပါဘူး"

ရန်နိုင်သည် နေရာမှထကာ စောဥမ္မာ၏လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"အစ်ကိုလေ . . ဘာကြောင့်လည်းမသိဘူး၊ ညီမကိုမြင်မြင်ချင်း သံယောဇဉ်ဖြစ်မိတယ်၊ ပြီးတော့ ချစ်လာမိတယ်"

"အစ်ကိုရယ် . . ညီမလည်း အစ်ကို့လိုပဲ ခံစားမိတယ်





ဒါပေမယ့် ညီမနဲ့အစ်ကိုဟာ အဆင့်အတန်းကွာခြားလှပါတယ်၊ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ၊ အစ်ကိုက ညီမကို တကယ်လက်ထပ်မယ်ဆိုရင်တော့ . ."

"မဟုတ်သေးပါဘူးအစ်ကို . . တကယ်ပြောတဲ့ စကားလား၊ စိတ်ကူးယဉ်ပြီး ပြောတဲ့စကားလားဆိုတာ၊ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ပါဦး၊ ညီမမှာဘာစွဲမက်စရာရှိလို့လဲ အစ်ကိုရယ် . ."

". ရင်ထဲက အမှန်အကန်လာတဲ့စကားပါကွယ်၊ အစ်ကိုချစ်တာဟောသည့်မျက်နှာလေးကိုပါ၊ ရိုးသားတဲ့မျက်နှာလေးက စိတ်ထားဖြူစင်မှုကိုပြနေပါတယ်၊ အဆင့်အတန်းဆိုတာမျိုးကို ထည့်ပြီးမပြောပါနဲ့ကွယ်၊ အစ်ကို့မှာ အဲ့သလိုခွဲခြားမှုမျိုးမရှိပါဘူး . ."

"အစ်ကိုရယ်၊ ဥမ္မာတို့တွေ့ကြတာဘာမှမကြာသေးဘူး၊ မစောလွန်းဘူးလား . . ဟင်"

"ဘဝဟောင်းက ရေစက်ပါလာလို့ ခုလိုဆုံတွေ့ကြတာ၊ တွေ့ကြရတဲ့အချိန်က နောက်တောင်ကျနေသေးတယ်၊ အစ်ကိုက သိပ်အပြောတတ်တာပဲ . . ဟွန်း . ."



www.burmeseclassic.com

စောဥမ္မာသည် မျက်စောင်းလေးခဲကာ ပြောမိလိုက်ရင်း သူ၏ရင်ခွင်ထဲကို တိုးဝင်သွားခဲ့လေ၏။

တစ္ဆေမလေးစောဥမ္မာသည် ရန်နိုင်ဆီကို ညတိုင်းလိုလိုရောက်လာခဲ့သည်၊ ရန်နိုင်သည် ချစ်စရာကောင်းသောတစ္ဆေမလေးကို မကြောက်တော့ပါ။

တစ္ဆေမလေးကလည်း ရန်နိုင်ကို ပိုမိုစွဲမက် လာကာ မခွဲနိုင်မခွာနိုင် ဖြစ်ခဲ့ရလေပြီ။

"အစ်ကို၊ ဥမ္မာကို. . ပစ်ပြေးမသွားရဘူးနော်၊ အစ်ကိုသာ ပစ်ပြေးသွားခဲ့ရင်တော့၊ ဥမ္မာတစ်ကယ်သေပစ်လိုက်မှာ၊ အဲ့ဒါမှ တစ်ကယ့်တစ္ဆေမလေးဖြစ်သွားပြီး အစ်ကိုကိုတစ်ကယ်လာခြောက်မှာ. ."

"ညီမ့်ရယ်၊ သိပ်ပြီးစွဲမက်စရာကောင်းတဲ့ ကိုယ့်ရဲ့ချစ်သူကို အစ်ကိုက ပြစ်ပြေးသွားမတဲ့လား. ."

"အော်. . ဥမ္မာက အညတြမလေးဆိုတော့၊ စိုးရိမ်ပြီးပြောမိတာပါ အစ်ကိုရယ်. ."

အခန်းထဲမှာ တိတ်ဆိတ်မှုများက ပို၍ကြီးစိုးသွားခဲ့ရသည်၊ သက်ပြင်းချသံလေးတွေက တစ်ခါတစ်ခါမှာ ထွက်ပေါ်လာခဲ့ပါ၏။





➤➤➤➤➤

ဖိုးခွေး ဈေးဝယ်ထွက်သွားသောအချိန်တွင် ရန်နိုင်သည် သူ၏အခန်းထဲမှ ဘီရိုကိုဖွင့်ကာ လျှို့ဝှက်တံခါးမှတဆင့်မြေတိုက်ခန်းထဲကိုဆင်းလာခဲ့သည်။ ဥမင်လမ်းထဲမှာ သိပ်မမှောင်ပဲ မှိုဝါးဝါးလင်းလျက်ရှိသည်။ သို့သော် လက်နှိပ်ဓါတ်မီးကိုတော့ သုံးရသည်။ ရန်နိုင်သည် ဘူမိဗေဒဘွဲ့ကိုရယူထားသူဖြစ်သည်။ ပထဝီမြေသားအကြောင်းကို ကောင်းစွာနားလည်သည်။

ဦးမင်းရဲမောင်သည် တစ်ခါတစ်ခါ သည်အိမ်ထဲတိုင်ပြီး ရတနာများကို ရှာဖွေလိမ့်မည်။ ရှေးမြန်မာမင်းအစဉ်အဆက်တို့၏ အရာထမ်း၊ အမှုထမ်းများနေထိုင်ခဲ့သော အိမ်ကြီးထဲမှာ ရတနာပစ္စည်းများ ကျန်ရစ်ခဲ့သည်ဟု သူသိထားနှတား အထင်နှင့်ပဲလား၊ သူမတွေ့မချင်း ရှာဖွေနေဦးရသည်။

ရန်နိုင်သည် ဥမင်လိုဏ်ကြီးထဲမှာ လိုက်လံကြည့်ရှုရင်း တစ်နေရာသို့ရောက်သွားသောအခါ မြေနံရံကို သတိထားပြီး ကြည့်မိလာသည်။ သဘာဝမြေနံရံမဟုတ်သော

www.burmeseclassic.com



သဘာဝမြေနံရုံနှင့်တဆက်တည်း၊ တဆက်တည်းရှိနေသော လူတို့ဖန်တီးထားသည့် မြေနံရံသာဖြစ်သည်။

သူ တော်တော်လေးကို စိတ်ဝင်စားသွား၏။ လက်နှိပ်ဓါတ်မီးတစ်လက်နှင့် လိုက်ထိုးကြည့်ရာ မြေနံရံတွင် လေးထောင့်သဏ္ဍာန်ရှေလေးတစ်ခုကို တွေ့ရသဖြင့် ပါလာသည့် ဓါးမြှောင်ဖြင့်ကော်ပြီး ထိုအတုံးလေးကို ဆွဲထုတ်ကြည့်လိုက်သည်။

တွင်းဖြစ်သွားသောနေရာတွင် ကြေးလက်တံလေးတစ်ခုကို တွေ့လိုက်ရသည်။ ထိုလက်တံလေးကို ဆွဲချလိုက်ရာ တံခါးပေါက်ကြီးတစ်ခုက ပေါ်လာခဲ့လေ၏။

ရန်နိုင်သည် အခန်းထဲမှ အော့သိုးသိုးအနံ့များကို မရှူရှိုက်မိစေရန် နောက်ကိုဆုတ်သွားခဲ့ရသည်။

တခဏအကြာ အားကောင်းသောလက်နှိပ်ဓါတ်မီးဖြင့် အထဲကိုထိုးကြည့်လိုက်ရာ သေတ္တာသုံးလေးလုံးဖြင့် ထည့်ထားသည့် ရတနာများပဲဖြစ်သည်။ အဖိုးတန်ရှေးဟောင်းပစ္စည်းများပင်ဖြစ်၏။

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . ငါ့အနှစ်နှစ်အလလကတည်းက လိုက်ရှာနေတဲ့ ပစ္စည်းတွေ





ကို အခုမှပဲ တွေ့ရတော့တယ်"

နောက်ကွယ်မှ ရယ်မောသံကြီးနှင့်အတူ အားပါးတရ ပြောလိုက်သည့် စကားသံက ထွက်ပေါ်လာခဲ့သည်။ သူ လှည့်ကြည့်လိုက်ရာ. .

"ဩ. . ဦးကြီးကို"

"အေး. . မင်းက ငါ့ကို မှတ်မိသားပဲ၊ မင်းကို သည်အိမ်ကြီးမှာမနေအောင်လို့ ငါ့တူမကို လွှတ်ပြီး ခြောက်လှန့်ခိုင်းခဲ့တယ်၊ မင်းက ခေါင်းမာတယ်၊ ငါ့တူမကိုတောင် ဖြန်ဖြီး စည်းရုံးလိုက်သေးတယ်"

"အင်း. . ဒါပေမယ့် မင်းကြောင့် သည်ရတနာပစ္စည်းတွေကို ဖော်ထုတ်နိုင်ခဲ့တာ ကျေးဇူးပြန်တင်ရဦးမှာပေါ့ကွယ်"

"ဦးကြီး. . သည်ပစ္စည်းတွေက ရှေးဟောင်းပစ္စည်းတွေပါ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်ပါ၊ ဦးကြီးမမက်မောပါနဲ့"

"ဘာကွ. . မမက်မောပါနဲ့ ဟုတ်လား၊ ဒါလောက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ငါက ဥပေက္ခာပြုရမှာလား စော်ကားရမယ်ကွ၊ ဒါ ငါ့ပစ္စည်းတွေ ငါယူမယ်"

ဦးမင်းရဲမောင်သည် ဂူထဲကိုဝင်မည်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်သည် ရှေ့မှကာဆီးထားလိုက်၏။

"ဦးကြီး သည်ပစ္စည်းတွေကို လက်ဖျားနဲ့တောင် မထိနဲ့၊ ကျွန်တော်တောင်းပန်ပါတယ်၊ ဦးကြီး လိုချင်တယ်ဆိုရင် ကျွန်တော်ပေးပါ့မယ်၊ ကျွန်တော်မှာ ပေးနိုင်တဲ့ အရည်အချင်း ရှိပါတယ်"

"မင်း . . ငါ့ကို မတားနဲ့၊ ဒါတွေအားလုံးဟာ ငါနဲ့ဆိုင်တယ်၊ ငါ့ပစ္စည်းတွေ၊ အေး . . မင်းက ငါ့ကို တားဆီးလေတော့ ငါကလည်း ခလုတ်ကန်သင်းတွေကို အရင်ရှင်းပစ်ရမှာပေါ့ကွာ"

ဦးမင်းရဲမောင်သည် ဝါးရင်းဒုတ်ကြီးဖြင့် ရိုက်ချလိုက်သည်။

"ဦး . ."

ရန်နိုင်က ရှောင်လိုက်သော်လည်း ချိုစောင်းကို ပွတ်ပြီး ထိသွားသည်။

"ခွပ် . ."

"အား . ."

"ဟင် . . ဦးကြီး သည်လိုမလုပ်ပါနဲ့၊ အစ်ကို့ကို မရိုက်ပါနဲ့"





ပြေးဝင်လာသူက စောဥမ္မာ၊ ဦးမင်းရဲမောင်၏လက်ထဲမှ တုတ်ကို ဝင်ဆွဲသည်။

"ဖယ်စမ်း . . နင်ကပါ ငါ့ကို ဆန့်ကျင်နေသလား"

စောဥမ္မာကို တွန်းလွှတ်လိုက်ရာ လဲကျသွားခဲ့သည်။ သူမသည် ရန်နိုင်ကို ပွေ့ယူကာ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

"အစ်ကို . . အစ်ကို"

"ညီမ . . အား၊ ကျွတ် . . ကျွတ်"

ရန်နိုင်က ညည်းတွားလိုက်သည်။ ဦးမင်းရဲမောင်သည် လောဘကို ထိမ်းချုပ်၍မရတော့၊ ရန်နိုင်လွှတ်ကျသွားသော လက်နှိပ်ဓါတ်မီးကို ကောက်ယူကာ အခန်းထဲသို့ ဝင်သွားခဲ့သည်။

"ရ . . ရတနာတွေ၊ ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ၊ အားလုံး ငါ့ပစ္စည်းတွေ၊ ငါပိုင်တယ်၊ ငါနဲ့ဆိုင်တယ်၊ ဘယ်သူ့အတွက်မှမဟုတ်ဘူး၊ ငါ့အတွက် မဆိုင်သူတွေ မကပ်ကြနဲ့ . . ဟေ့"

သူ၏အသံကြီးသည် အခန်းအပြင်ကို ထွက်လာခဲ့သည်။ တခဏအကြာ၌ . .



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

"အား. . ."

အော်သံတစ်ချက်ကြားလိုက်ရသည်။ ရန်နိုင်နှင့်စောဥမ္မာတို့သည် ထိတ်လန့်သောမျက်နှာများဖြင့် အထဲကို ချောင်းကြည့်လိုက်ကြသည်။

ဦးမင်းရဲမောင်သည် အခန်းထဲမှ အပြင်ကို ပြန်ထွက်လာ၏။

သို့သော် သူ၏ကျောပြင်မှ ရင်ပတ်အထိ ထုတ်ချင်းပေါက်ထွက်နေသော မြားနှစ်စင်း။

သူ၏မျက်နှာကြီးသည် ကြောက်စရာကောင်းလောက်အောင် ရှုံ့မဲ့နေ၏။ မျက်လုံးအစုံသည်လည်း ပြူးထွက်နေ၏။

"မင်း. . မင်းတို့ ကံကောင်းသွားကြတယ်၊ ငါ. . ငါတော့"

သူသည် ဒူးထောက်ပြီးနံဘေးသို့လဲကျသွားခဲ့လေ၏။

"အမလေး. . ဦးကြီး. . ရဲ. ."

စောဥမ္မာသည် အလန့်တကြားဖြင့် အော်ဟစ်လိုက်သည်။ ဦးမင်းရဲမော်သည် အခန်းထဲမှာ လျှို့ဝှက်တပ်ဆင်ထား





သော အန္တရာယ်ယန္တယား လက်နက်စာ မိသွားခဲ့လေပြီ။

➤➤➤➤➤

ပြဿနာမဟုတ်သည့် ပြဿနာတစ်ခုသည် ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်သည်။

ရန်နိုင်သည် ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်အတွက် သူမှာတာဝန်ရှိသည်ဟုဆိုကာ သက်ဆိုင်ရာတို့အကြောင်းကြားရသည်။

သက်ဆိုင်ရာက ရောက်လာပြီး၊ အဖြစ်အပျက်များကို မေးမြန်းလေသည်။

ရန်နိုင်သည် စောဥမ္မာနှင့်ပတ်သက်သည့်များသည် အမှုအတွက် အရေးမကြီးဟု ယူဆကာ ပတ်သက်သည့်များကို မျက်မြင်အခြေအနေအတိုင်း ရှင်းပြလိုက်လေသည်။

ရတနာပစ္စည်းများကိုလည်းရှေးဟောင်းသုတေသနဌာနသို့ အပ်နှံလိုက်သည်။ သက်ဆိုင်ရာမှ ကျေးဇူးတင်စကားပြောကာ ထိုက်တန်သည့် ဆုလာဘ်များကို ရရှိစေမည်ဖြစ်သည်။

"ဥမ္မာမှာ အားကိုးစရာဆိုလို့ အစ်ကိုပဲရှိပါတော့တယ်၊ ဦးကြီးကိုလည်း သူ့ရဲ့မတရားလောဘတဏှာက



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပါပြီ"

"အားမငယ်ပါနဲ့ ညီမရယ်၊ ညီမရဲ့ဘဝရှေ့ရေးအတွက် အစ်ကိုတာဝန်ယူပြီးသားပါ၊ အစ်ကို ညီမကို သိပ်ချစ်တယ်ဆိုတာ မယုံဘူးလား . . ဟင်"

"ညီမ . . အစ်ကို့ကို ယုံပြီးသားပါ၊ အစ်ကို့ကိုလည်း အားကိုးပါတယ်၊ ဒါပေမယ့် . ."

"ဒါပေမယ့် . . ဆိုတာက ဘာကိုလည်း ညီမ . ."

"အစ်ကို့မိဘတွေက ညီမနဲ့သဘောတူပါ့မလား . . ဟင်"

"ဪ . . အစ်ကို့ရဲ့မိဘတွေက အဆင့်အတန်း မခွဲခြားတတ်ကြပါဘူး၊ အစ်ကို့ရဲ့ကျန်းမာရေးကို ပျောက်ကင်းအောင် ကုသပေးခဲ့တဲ့ အချစ်ဆိုတဲ့ ဆေးနဲ့ ကုစားပေးခဲ့တဲ့ ဟောဒီကတ္တမလေးကို သူတို့ကလည်း ကျေးဇူးတင်ပြီး ပိုပြီးတောင် လက်ခံကြဦးမယ်"

"ဘာတစ္ဆေမလေးလည်း လူကို . . ဟွန်း"

စောဥမ္မာ၏မျက်စောင်းလေးက ရန်နိုင်၏နှလုံးသားကို ထိုးဖောက်ပြီးဝင်သွားခဲ့သည်။

ဖိုးခွေးကလည်း ရောက်လာပြီး . .





"ဆရာ . . ကျွန်တော့်ကို ညာတယ်၊ သည်အိမ်ကြီးမှာ တစ္ဆေမရှိဘူးဆိုပြီး အဲသည့်တစ္ဆေမလေးနဲ့ ညဘက်မှာ ချိန်းပြီး စကားပြောတယ်"

"တစ္ဆေမလေးက ချစ်စရာကောင်းတော့ ငါလည်း ကြောက်ရမှန်းမသိဘဲ ချစ်သွားမိလို့ပါ . . ဖိုးခွေးရာ . ."

"ကျွန်တော်ကတော့ ညဘက် စကားပြောသံတွေ ကြားရလို့ကြောက်ပြီး အခန်းတံခါးပိတ်၊ စောင်ခေါင်းမြီးခြုံထားရတာ၊ ဆရာကတော့ ဇိမ်တွေ့လို့"

"ဟော့ကောင် . . မင်းဘာတွေ လျှောက်ပြောနေတာလဲ . ."

ရန်နိုင်က ငေါက်လိုက်တော့မှ ဖိုးခွေးမှာ အနားမှထွက်ပြေးသွားခဲ့သည်။

"ကိုဖိုးခွေးကလည်း ဘာမှန်းလည်း မသိဘူး"

"သူပြောတာတော့ မမှန်လို့လား . . ညီမရယ် . ."

"အစ်ကိုနော် . . အစ်ကို . . ဟွန်း"

စောဥမ္မာသည် အရှက်သဲသော မျက်နှာဖြင့် သူ့ရင်ခွင်ထဲမှာ ခေါင်းလေးထိုးကာ မျက်နှာကို ဖွက်ထားလိုက်လေသတည်း . . . . . ။

. . . ပြီးပါပြီ . . .



www.burmeseclassic.com